# မမသဒ္ဒါမောင်

## လရောင်လွှမ်းသည့်လင်းလက်ကြယ်



## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၆၊ မတ်လ။
ထုတ်ဝေသူ - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုတော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုတော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ဈေး - ၁၅၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅ • ၈၃
မမသဒ္ဒါမောင်
လရောင်လွှမ်းသည့် လင်းလက်ကြယ်/ မမသဒ္ဒါမောင် - ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။
၂၈၈ - စာ ၊ ၁၂ • ၃ x ၁၈ စင်တီ။
(၁) လရောင်လွှမ်းသည့် လင်းလက်ကြယ်


# မမသဒ္ဒါမောင်

## လရောင်လွှမ်းသည့် လင်းလက်ကြယ်

# အခန်း (၁)

Bathroom ထဲ ရေစိမ်ချိုးနေရာမှ ရပ်လိုက်ပါ၏။ ခန္ဓာကိုယ်ပေါ်မှာ မွေးပွဝတ်ရုံအဖြူကို ဝတ်လိုက်ပြီး ရေချိုးခန်းထဲမှ ထွက်လိုက်ပါသည်။ မျက်နှာကို Towel အလတ်လေးဖြင့် ခပ်ဖွဖွသုတ်လိုက်ရင်း မှန်တင်ခုံရှေ့ ရပ်လိုက်မိ၏။ ခေါင်းထက်အုပ်ပေါင်းထားပါသည့် ပန်းနုရောင် တဘက်လေးကြောင့် နုဖတ်နေသည့် မျက်နှာပြင်ကို ခပ်ရှင်းရှင်း မြင်နေရလေသည်။

မျက်လုံးမျက်ဖန်လှလှလေးထက် မျက်တောင်ရှည်ကော့ကော့လေး ရှိနေတာကိုက ပုရိသတို့ကို ညှို့ခေါ်ယူစေသလိုပဲတဲ့လား။ ဒီနှာတံပေါ်ပေါ် ဒီနှုတ်ခမ်းဖူးဖူးလေးတွေကလည်း ဆန့်ကျင်ဘက်

လူသားတွေကို ဆွဲဆောင်စိတ်လှုပ်ရှားစေသောတဲ့လေ။ ဒါဖြင့် ရှည်သွယ်နေပါသည့် လည်တိုင်ကရော မလှလို့လား။

အတွေးဖြင့် ပြုံးလိုက်ရင်း ချစ်စရာဖြစ်သွားသည့် မျက်နှာကြောင့် ရယ်ချင်လိုက်မိတော့၏။ တစ်သက်နှင့်တစ်ကိုယ် ကိုယ့်ကိုယ်ကိုယ် သတိမထားဖြစ်တဲ့ အချိုးပြည့်လှမှုတွေနှင့် အလုပ်ရှုပ်နေရပါသည့် 'လင်းလက်ကြယ်စင်' ကို ရူးနှမ်းနှမ်းအတွေးတို့က မည်သို့ဝင်လာစေပါသလဲ။

"တူ! တူ! တူ! တူ!"

Alum ပေးထားပါသည့် လက်ပတ်နာရီထံမှ အသံသဲ့သဲ့မျှ ထွက်လာလေ၏။ နှုတ်ခမ်းကို အသာဟလျက် လေမှုကို မှုတ်ထုတ်လိုက်မိတော့သည်။ အချိန်ရှားပါးလွန်းသည့် လူမို့ တစ်နေ့တာ အချိန်ဇယားအတိုင်း လူက စက်ရုပ်လေးလို လှုပ်ရှားနေရတာ မဟုတ်ပါလား။

မျက်နှာထက် ဖိတ်ကပ် Cream ပါးပါးလေး လူးလိုက်ကာ Puff ဖြင့် ခပ်ဖွဖွပုတ်လိုက်ပါ၏။ မျက်ခုံးကို မျက်ခုံးမွေးဆွဲခဲတံဖြင့် ခပ်ပါးပါးလေးခြယ်ကာ brush နုနုဖြင့် ပြန်ခြစ်လိုက်ပါသည်။ နှုတ်ခမ်းထက် ပန်းနုရောင်ဖျော့ဖျော့ Lip gloss ကို ဖိရုံလေး ဆိုးလိုက်သလို လက်တံတို့မှာ အနံ့ဖျော့ဖျော့သာရသည့် skin lotion ကို ခပ်မြန်မြန်





လေး လူးလိုက်၏။

မှန်တင်ခုံမှ ထရပ်ကာ အဝတ်ဗီရိုကို ဖွင့်လိုက်ပါ၏။ ဒီနေ့ ဝတ်သွားရန် ဝတ်စုံကို မီးပူတိုက်ပြီး hanger ဖြင့် ချိတ်ထားပြီးသားမို့ အောက်ခံ Under wear တို့ကို အရင်ဝတ်လိုက်ပြီးမှ ချိတ်ဖြုတ်ယူဝတ်လိုက်ပါသည်။ မှန်ရှေ့မှာ နောက်တစ်ခေါက် ပြန်ရပ်ကာ ခေါင်းပေါင်းထားပါသည့် တဘက်ကို ဖယ်လိုက်၏။

ပျော့အိဖြောင့်စင်းနေပါသည့် ဆံနွယ်တို့၏ အဝါဖျော့ဖျော့ blouse ထက် ပုံခနဲ ပြေကျသွားလေ ပခုံးသာသာသာခန့်သာ အရှည်ထားထားတာမို့ ခေါင်းဖြီးရလွယ်ကူပြီး ရှင်းရစည်းရ သက်သာလှပါသည်။ ဘီးအကျဲဖြင့် ဖြီးကာ Hair coat အနည်းငယ်လူးပြီး ခေါင်းစည်းကြိုးအမည်းဖြင့် ခပ်ရိုးရိုးလေးသာ စည်းနှောင်လိုက်ပါ၏။

တခြားမိန်းကလေးတွေနှယ် အလယ်ခွဲတာ၊ ဘေးခွဲတာ၊ ဆံမြိတ်ချတာတို့ တမင်မလုပ်ဖြစ်ပါဘဲ အုပ်လုံးသိမ်းလှန်းဖြီးကာ မျက်နှာကို ခပ်ရှင်းရှင်းမြင်ရစေတာ 'လင်းလက်ကြယ်စင်'၏ ကိုယ်ပိုင် style ပါပဲ။ ဒါတောင်မှ ရိုးရင်းစွဲ အသက်ထက်ပို၍ မျက်နှာက နုနယ်နေသတဲ့လေ။ ရှေးဘဝက ကုသိုလ်တွေကြောင့် ဆုတောင်းပြည့်ခဲ့လို့ပဲ ထင်ပါရဲ့။

ခုတင်ထက် ကြိုတင်ပြင်ဆင်ထားပါသည့် မှတ်စုစာအုပ်၊

Pen, Note pad, ရှူဆေးဗူးနှင့် ဆေးရုံသုံးပစ္စည်းတို့ကို slimbag ထဲ ထည့်လိုက်ပါ၏။ မှန်တင်ခုံထက် တင်ထားပါသည့် ပိုက်ဆံအိတ် အလတ်လေးနှင့် Charging သွင်းထားပါသည့် phone ကို ပလပ် ဖြုတ်ကာ ဘေးအိတ်ဇစ်ဖွင့်လျက် ထည့်လိုက်ပါသည်။

ပြီးနောက် လက်ပတ်နာရီကို လက်မှာ ပတ်ဝတ်လိုက်ပြီး အခန်းထဲမှ ထွက်လိုက်၏။ အိမ်မှ ကောင်မလေးတွေ အခန်းရှင်းလင်းမှာမို့ တံခါးကို lock မချဖြစ်ဘဲ စေ့ရုံသာ စေ့ထားခဲ့ပြီး လှေကားထစ်တို့ကို ခပ်သွက်သွက် ဆင်းလိုက်ပါသည်။ မနက်စာ breakfast စားရန်အတွက် ထမင်းစားခန်းသို့ ဝင်ခဲ့စဉ် ဒက်ဒီက အရင်ရောက်နှင့်နေပြီး သူမကို နှုတ်ဆက်လိုက်လေ၏။

"Good morning, sweety. How are you today?"

"Morning, Daddy. I'm fine And you"

"Best! ငါ့သမီးမျက်နှာလေး ပြည့်လာသားပဲ Night duty ဆက်တိုက်ဆင်းနေရလို့ ပင်ပန်းနေပြီထင်တာ"

"ဒီလိုပဲ ကျင့်ရတာပေါ့ ဒက်ဒီ၊ ပင်ပန်းတိုင်း ဆေးကုစရာ မလိုအောင် အလိုလိုကျင့်သားရနေပါပြီ"

ဒက်ဒီ ခေါင်းညိတ်ပြလေ၏။ ပါရဂူကြီးနှင့် သာမန်ဆရာဝန် ပေါက်စလေး၏အလုပ်က မတူပါလေ။ ဒက်ဒီက အချိန်ပိုင်းလောက်





သာ တာဝန်ယူရပြီး သူမတို့ ဆရာဝန်တွေကဖြင့် ဆေးရုံမှာ အချိန်ပြည့် ရှိနေရတာပါ။ Operation ဝင်ရသည့်အခါ ခွဲစိတ်ဆရာဝန်တွေ နှင့်အတူ အရံအဖြစ်တာဝန်ယူရသလို ဝိုဒ်တွေတိုင်း ဟိုပြေးဒီပြေးဖြင့် အလုပ်ရှုပ်ရသည်ကလည်း သူမတို့လို ဆရာဝန်ပေါက်စတိုင်း၏အလုပ် ပါ။

"ကြိုးစားတာလည်း ကြိုးစားပေါ့။ ကိုယ့်အတွက်လည်း ကိုယ်ကြည့်ဦး Sweety"

"ဘာကိုပြောတာလဲ ဒက်ဒီ"

"သမီးအသက်ကို မေ့မထားနဲ့လို့ ပြောနေတာလေ။ သမီး မာမီ မရှိတော့တာမို့ ဒီတာဝန်ကိုလည်း ဒက်ဒီပဲ ယူရမှာမဟုတ်လား"

သတိပေးနေပြီမို့ သူမမျက်နှာ ပန်းရောင်သန်းသွားရပါ၏။ အသက် (၂၄) နှစ်ဆိုတာ သိပ်များကြီးနေလို့လား။ ဒီခေတ်ကြီးမှာ အရွယ်ငယ်ငယ်နှင့် ဘာမှမစဉ်းစားဘဲ အိမ်ထောင်ပြုတတ်ကြသည့် သူငယ်တွေကိုကြည့်ပြီး သူမ ရင်မောနေမိတာ အမှန်ပါ။ မိဘတွေ နောက်ခံကောင်းသည့် မိသားစုက သိပ်ပြဿနာမရှိလှပါ။ ဘာမဆို မိဘတွေပဲ ကြည့်စီစဉ်ပေးသွားတာ မဟုတ်ပါလား။

မပြည့်စုံသည့် မိသားစုမှာဖြင့် ပြဿနာအလုံးအရင်းဖြင့် ရင်ဆိုင်ကြရတာလေ။ ကလေးတွေက ပညာမတောက်တခေါက်ဖြင့်

ဘာမှမစဉ်းစား မဆင်ခြင်ကြတာကို။ ချစ်တာတစ်ခုတည်းဖြင့် ဘဝကို တည်ဆောင်ချင်ကြတာမို့ သူတို့အနာဂတ်အတွက် ရင်မောစရာတွေ ချည်းသာ ရှိကြတာပါ။

ဒီကြားထဲ မဆင်မခြင်ဖြင့် သားသမီးယူပြီး သားဆက်ခြားဖို့ ကာကွယ်ဖို့တွေ လုံးဝစိတ်မကူးကြပြန်ပါ။ အရွယ်ဖြင့် မရောက်သေးပါဘဲ ကလေးအမေ၊ ကလေးအဖေဘဝရောက်မှတော့ ခက်သားပါလား။ ကလေးကို မည်သို့ရှိုးထိန်းပေးရမှန်းမသိတဲ့ ဆေးရုံမှ ဆရာဝန်တွေ၊ သူနာပြုတွေပါ ပြန်သင်ပေးလိုက်ရတာလေ။

“အကြည်ဆုံးတာလည်း သုံးနှစ်ကျော်ပြီမို့ ဒီကိစ္စကို စဉ်းစားသင့်ပြီလို့ ဒက်ဒီယူဆတယ်”

“သမီးကို တိုက်တွန်းတာထက် ဒက်ဒီသာ စဉ်းစားရင်ကော မကောင်းဘူးလား”

“Ok! သမီး မရှာနိုင်တော့လည်း ဒက်ဒီ ရှာပေးရုံပေါ့”

“No! No! ... သမီးပြောတာ ဒက်ဒီ့အတွက်ပါ”

‘ဒေါက်တာလင်းနောင်’ အံ့သြသွားရပါ၏။ သမီးဖြစ်သူကို အိမ်ထောင်ပြုဖို့ တိုက်တွန်းနေကာမှ သမီးက မိမိကို မြားဦးလှည့်လိုက်လေပြီ။ တစ်ဦးတည်းသောသမီးမို့ ကိုယ့်ကိုယ်ကိုယ် ထိန်းမတ်နိုင်ဖို့ ယုံကြည်စိတ်ထားတတ်ဖို့ လမ်းညွှန်သင်ကြားပေးခဲ့တာ မဟုတ်





ပါလား။ ခပ်ထက်ထက်မာကြောကြောလေး ‘ဒေါက်တာ လင်းလက်ကြယ်စင်’ က ခုတော့ဖြင့် အပျိုကြီး တစ်ကိုယ်တည်း နေသွားဖို့များ ဆုံးဖြတ်ထားလေသလား ... စိုးရိမ်ရလေပြီ။

“ဒက်ဒီ့အသက်က (၅၀) စွန်းနေပြီ, Sweety၊ ဒီကိစ္စ စဉ်းစားဖို့မှ မလိုတာ”

“အသက်ကြီးလာလေ ဘေးမှာ ပြုစုစောင့်ရှောက်ဖို့ အဖော် လိုအပ်လေပဲ မဟုတ်လား, ဒက်ဒီ”

“ဆေးပေးမီးယူသဘောနဲ့ အိမ်ထောင်ပြုစေချင်တာပေါ့လေ”

“ဟင်းဟင်း ... မီးယူဆေးပေး ခေါင်းအုံးလေးလို့ သဘောသားမှပေါ့ ဒက်ဒီရဲ့”

ဒက်ဒီနှင့်အတူ ရယ်ဖြစ်လေ၏။ လူနာတွေနှင့်ဆုံတိုင်း မျက်နှာမှာ အပြုံးရှိပေမယ့်၊ သာမန်အချိန်မှာဖြင့် သူမ၏မျက်နှာက အတည်သာ ရှိနေတတ်ပါသည်။ စကားကတည်းက အနေအေး စကားနည်းလွန်းပြီး တစ်ယောက်တည်း နေကျင့်သာ ရှိပါ၏။ သူငယ်ချင်း အပေါင်းအသင်းလည်း ရှားပါးကာ ‘လင်းလက်ကြယ်စင်’ ကို အပေါ်ယံကြည့်လျှင်ဖြင့် မာနခပ်ကြီးကြီးဟုသာ ထင်ကြမည်သာ။

“သမီးပြောတာ မှားလို့လား, ဒက်ဒီ”

"သမီးက ဒီလိုပဲ တစ်ယောက်တည်း နေသွားချင်လို့လား"

"အဲဒီလိုတော့ မနေပါဘူး။ ကံကြမ္မာဆိုတာ ကိုယ်ဖြစ်ချင်တဲ့အတိုင်း ဖြစ်လာတာမှ မဟုတ်ဘဲ၊ အဲဒါကြောင့် ဒက်ဒီ့ကို တစ်ယောက်တည်း မရှိစေချင်လို့ပါ"

"ပြောင်းပြန်တွေးပေးနေတာပါလား၊ Sweety။ တကယ်ဆို ဒီစကားမျိုးပြောရမှာက ဒက်ဒီပါ"

"သမီးအတွက် မပူပါနဲ့ ဒက်ဒီ၊ အချိန်တန်ရင် ဖြစ်လာပါလိမ့်မယ်"

"ဘာလဲ ... သမီးတို့ဆေးရုံမှာ တွေ့နေပြီလား"

"မဟုတ်ပါဘူး။ ဒက်ဒီကလည်းလေ"

"မပြောတတ်ဘူးလေ။ သမီး မရှာနိုင်ရင် သမက်လောင်းကို ဒက်ဒီ ရှာပေးရမှာမဟုတ်လား"

ဆေးရုံကတဲ့။ ရင်ထဲ ထိတ်သွားမိပေမယ့် ဣန္ဒြေဆည်လိုက်ရပါ၏။ ဒက်ဒီပြောတာက အမှန်ဖြစ်နေလျှင် ဘယ့်နှယ်လုပ်ရပါ့မလဲ။ တကယ်လည်း သူမတို့ဆေးရုံမှာ လူကြိုက်များ ရေပန်းစားပြီး ပို့စ်တိုင်း ကြိုက်သည့် နှင်းဆီနိုင်က ရှိနေတာပဲကိုး။ ဆရာဝန်မလှလှလေးတွေ၊ နာ့စ်လှလှလေးတွေ၏နှုတ်ဖျားမှာ 'ဒေါက်တာဇေရဲထက်' ဟူသည့် အမည်က Up date ဖြစ်နေတာပါလေ။





"ဒက်ဒီက တွေ့ထားလို့လား"

"ဆိုပါတော့"

"ဟင်! ... ဘယ်တုန်းက တွေ့ထားလို့လဲ"

"ကြာပဲ ကြာလှပြီ၊ အခုဆို လုပ်ငန်းရှင်ဖြစ်ရင် ဖြစ်နေရောပေါ့၊ သမီးမာမီရဲ့အချစ်တော်လေးပဲဟာ"

"မာမီ့အချစ်တော်"

"ဟုတ်တယ်လေ"

'မာမီ့အချစ်တော်' ဆိုသည်နှင့် ဦးနှောက်က ဖျတ်ခနဲ သတိရသွားပါသည်။ ငယ်စဉ်က အိမ်နီးချင်းဖြစ်ခဲ့ပြီး တကျက်ကျက် နှိမ်ဖြစ်ခဲ့ရပါသည့် ဝိန်တာရိုးကောင်လေးပါလေ။ လူကိုမြင်သည်နှင့် 'Twinkle Twinkle Litte Star' ဟူ၍ သီချင်း စောင်းဆိုတော့တာ မဟုတ်လား။ လူကို မည်သို့မည်ပုံ ချောက်ရမည်၊ စရမည်ကိုသာ အမြဲတစေ တွေးထားပြီး ပြဿနာရှာတတ်သည့်အရွယ်ထုပ်လေးပါပဲ။

"ဒက်ဒီပြောတာ 'လွှမ်း' ကိုလား"

"ကြည့်စမ်း! ... ငါ့သမီး ခုထိ မမေ့သေးပါလား"

"အာ ... လွှမ်းတော့ လုံးဝမဖြစ်ဘူး ဒက်ဒီ၊ လုံးဝဆို လုံးဝပဲ၊ တွေးရင်းနဲ့ ကြက်သီးတောင် ထတယ်၊ လွှမ်းနဲ့သမီးက ငယ်ငယ်ကတည်းက ကျွှရန်ဖြစ်ခဲ့ကြတာပါ"

"အဲဒါ ကလေးတုန်းကပါ သမီးရာ ... အမှတ်ထားစရာလား"

"အမှတ်ရနေတာတော့ မဟုတ်ပါဘူး။ အဲဒီကောင်လေးလောက် မနာလိုစိတ်ရှိတာ၊ အူပုပ်တာ၊ အငြိုးအတေးထားတတ်တာ မရှိတော့ဘူး။ သူနဲ့သာ အတူရှိနေရင် သမီး အသက်တို့မှာ"

"ဘယ်လိုဖြစ်ပြီး အကြောက်အကန်ငြင်းနေတာလဲ၊ Sweety။ ဒက်ဒီက သဘောပဲပြောရသေးတာပါ။ အတင်းကြီး မစီစဉ်ပါဘူး"

"ဒီအသက်ဒီအရွယ်ရောက်မှတော့ သူလည်း နံပါတ်ရှိနေမှာပေါ့၊ ဒက်ဒီတို့ အဆက်အသွယ်ရှိနေလို့လား"

"မရှိပါဘူး ... ကိုရောင်စဉ်က နဂိုကတည်းက Captain နဲ့ ကမ္ဘာပတ်နေတဲ့ဟာ၊ လွှမ်းတောင် သင်္ဘောသားလုပ်နေပြီလား မသိဘူး"

သင်္ဘောသားတဲ့လား။ ငယ်ငယ်ကတည်းက မည်းမည်းဝိ
ဝိန်လေးဖြစ်ခဲ့တာနဲ့ လူကောင်ကြီးလာလည်း ကျွဲပေါက်စလောက်သ
ရှိနိုင်တာပါ။ ဒေါသခပ်ကြီးကြီးနှင့် လူကောင်သာ ထွားနေလျှင်ဖြ
Danger ပင် မဟုတ်ပါလား။ လူတကာ အဘယ်မျှ အမြင်ကပ်ကြမ
ပါလိမ့်။ ဒီလိုပုံစံ ထောင့်မကျိုးသည့် ကောင်လေးကို ဖူးစာဖက်အဖြ





ရွှေဖို့များ ယောင်လို့တောင် အိပ်မက်မမက်ခဲ့ပါလေ။

"အန်တီသော်က သူ့သားနဲ့ ခွဲနိုင်တာမှ မဟုတ်တာ၊ နိုင်ငံရပ်ခြား လွှတ်ပါ့မလား"

"ဒါလည်း ဖြစ်နိုင်တာပဲ၊ သမီးတောင် ဆေးမှတ်ဝင်သေးတာပဲ၊ သူလည်း ဆရာဝန်မဖြစ်ဘူးလို့ ပြောနိုင်မလား"

ဘုရားရေ! ... ဖြစ်နိုင်မှာတဲ့လား။ ဉာဏ်ကောင်းတာ, စာတော်တာလည်း အတူတူနီး သူမနှင့် သူက တကယ့်စာပြိုင်ဘက်, ငြင်းခုန်ဘက်, အဆင့်လုဘက်ဖြစ်ခဲ့တာလေ။ ကြာတော့ ကြာခဲ့ပါပြီ။ သို့သော် ပြန်တွေးလိုက်တိုင်း မနေ့တစ်နေ့ကလို သူ့အပေါ် ဒေါသ ထွက်လာမိတာ အမှန်ပါပဲ။

"ဘာပဲဖြစ်ဖြစ် သမီးဘက်ကတော့ No ပဲ၊ အစောကြီး ပြောထားပါရဲ့"

"သမီးလည်း မှူးသော်တာကို ချစ်တယ် မဟုတ်လား"

"အန်တီသော့်ကို ချစ်တာက ချစ်တာပဲလေ၊ အမေ့ကို ချစ်တာနဲ့ သားကိုပါ ချစ်ရမှာလား။ အဲဒီဝိန်တာရိုးကို နည်းနည်းမှ ကြည့်မရပါဘူးဆိုနေမှပဲ, ဒက်ဒီရာ"

ဒက်ဒီက သူမကို ပြုံးပြီး ကြည့်နေလေ၏။ သားအဖနှစ်ယောက်တည်းသာ ရှိတာမို့ ဒက်ဒီက သမီးဖြစ်သူကို အမေလို အဖေလို

နှင့် သူငယ်ချင်းလိုပါ ပွင့်လင်းစွာ ပြောစေလေသည်။ ပွင့်ပွင့်လင်းလင်း ပြောနိုင်မှသာ သားအဖနှစ်ယောက်ထဲအတွင်းရေးကိစ္စကို ဆွေးနွေး နိုင်မည်ကို။

ဘယ်တော့မဆို အမေဖြစ်သူ၏စကားကို အမြဲနားထောင် ခဲ့တာ မှန်ပေမယ့် အိမ်ထောင်ရေးကိစ္စကိုတော့ ဒက်ဒီ့သဘောအတိုင်း ခေါင်းမညိတ်ချင်ပါ။ နှလုံးသားကို အမိန့်ပေးလို့ရတာမှ မဟုတ်တာ လေ။ ရင်ခုန်စိတ်လှုပ်ရှားတတ်သည့်အရွယ်မှာ စာကိုသာ အားစိုက် ကြိုးစားခဲ့ရတာမို့ ရင်ခုန်ဖို့ မေ့လျော့ခဲ့ရတာ မဟုတ်ပါလား။ အခုရော ရင်ခုန်တတ်ပါပြီးမလား၊ 'လင်းလက်ကြယ်စင်'။

❑ ❑ ❑



## အခန်း (၂)

ကားကို ဆေးရုံဝင်းထဲသို့ ချိုးကွေ့ဝင်လိုက်ပြီး ကားပါကင် နေရာမှာ နေရာရှာ၍ ရပ်လိုက်ပါ၏။ Dashboard ပေါ်တင်ထားပါ သည့် လက်ကိုင် Slimbag ကို လှမ်းယူလွယ်လိုက်ပြီး ကားတံခါး ဖွင့်ရန် ပြင်လိုက်စဉ် သူမ ကား၏မျက်နှာချင်းဆိုင်မှာ ဝင်ရပ်လိုက်ပါ သည့် ခဲရောင်ကားလေးကို မြင်လိုက်ရလေသည်။

အလို! ... ဘယ်လိုဖြစ်ပြီး သူမလာသည့်အချိန်နှင့် တိုက် ဆိုင်ပြီး 'ဒေါက်တာဖေရဲထက်' ရောက်လာတာပါလဲ၊ ကားပေါ်မှ သူမ မဆင်းဖြစ်ဘဲ တံခါးကို အသာကိုင်ထားစဉ် သူက ဘေးဘီကို မကြည့်ဘဲ ကားပေါ်မှ ဆင်းလိုက်လေ၏။ ပြီးနောက် သူမကို ကျော

ပေးလျက် ဆေးရုံရှိရာဆီ လျှောက်သွားလေတော့သည်။

သူ အတော်ခပ်လှမ်းလှမ်းရောက်သွားမှပင် ကားပေါ်မှ ဆင်းကာ သော့ခတ်လိုက်ပါ၏။ Duty coat ကို လက်မှာ အသာတင်၍ လျှောက်ခဲ့စဉ် ရှေ့မှာ လျှောက်နေသည့်သူက ဆတ်ခနဲ နောက်ပြန်လှည့်လိုက်လေသည်။ မျက်နှာချင်းမဆိုင်မိအောင် နောက်ကျပြီး လိုက်လာကာမှ တည့်တည့်တိုးရပြန်လေပြီ။

"Hello!"

"Morning ပါ, ဒေါက်တာ"

"လင်းလက်ကားက အရင်ရောက်တာ မဟုတ်လား"

"အဲ!"

ရုတ်တရက်မို့ သူမ ဘာပြောရမည်မှန်းမသိဘဲ ကြောင်သွားမိစဉ် သူက ညို့ယူဆွဲငင်သည့် အပြုံးမျိုးဖြင့် ပြုံးလိုက်လေ၏။ အမယ်လေးနော် ... အဲဒီလိုအကြည့်မျိုး၊ အပြုံးမျိုးနဲ့ မတိုးချင်လို့ တမင် နောက်ကျပြီး လိုက်လာကာမှပဲ ကြုံရတယ်လို့။ တခြားမိန်းကလေးတွေ မြင်လျှင် မည်သို့ဖြစ်မည်မသိနိုင်သော်ငြား သူမရင်ထဲမှာဖြင့် တဒိတ်ဒိတ်အခုန်မြန်သွားရတာပါလေ။

"ခဏစောင့်နော်"

"ရှင်!"





ဘာပြန်ပြောရမှန်းမသိဖြစ်နေစဉ်မှာပင် သူက ကားတံခါးကို ဆွဲဖွင့်ကာ အထဲမှ တစ်စုံတစ်ခုကို လှမ်းယူလိုက်လေ၏။ ပြီးမှ ကားတံခါးပြန်ပိတ်ကာ သူမရပ်နေသည့်နေရာဆီ ပြန်ရောက်လာလေသည်။ အလို! ... ဘယ်လိုဖြစ်ပြီး သူစောင့်ခိုင်းသည့်အတိုင်း သူမ ရပ်စောင့်နေမိပါလိမ့်။ အတော် အူကြောင်ကြောင်နိုင်သည့်လုပ်ရပ်ကို လုပ်မိလေပြီ။

"ဒါလေးကိုင်ပေးပါလား, Please !"

"ဒါက ..."

"ဒီနေ့ Surgery Doctor တွေ, ပါရဂူတွေ ထပ်ရောက်မယ်ဆိုလို့ ယူလာတာလေ၊ အသက်အကြီးဆုံးလူကို ပေးရမှာဆိုတော့ Man ဆိုရင် လင်းလက်ကမ်းရမယ်၊ Woman ဆိုရင်တော့ ကိုယ်ပေးရမှာပေါ့ ... မဟုတ်ဘူးလား"

လက်ထဲရောက်လာသည့် ဂန္ဓမာအဖြူနှင့် ကြယ်တာရာပန်းရောစည်းထားပါသည့် ပန်းစည်းကြီးကို ပိုက်ထားလိုက်ရပါ၏။ လက်သေတ်တော့ ပန်းစည်းမကိုင်ချင်တာမို့ သူမကို ခိုင်းတာပါလား။ ရင်ထဲမှာ အောင့်သက်သွားပေမယ့် ကိုယ့်အထက်လူကြီးမို့ မပြောဘဲ ငြိမ်နေလိုက်ရလေသည်။

"Duty coat ကိုင်ပေးမယ်လေ"

"ရပါတယ် ဒေါက်တာ"

"ကျေသွားမှာစိုးလို့ပါ ... ပေးလိုက်လေ"

ဘယ်ဘက်လက်ကို ဆန့်ပေးလိုက်သဖြင့် သူက သူမ၏ duty coat ကို ယူလိုက်လေ၏။ ဘာလဲ ... အလေးအပင် မ,မချင်လို့ သူမအင်္ကျီကို အားနာစိတ်ဖြင့် ယူလိုက်တာများလား။ ရင်ထဲမှာ ရော၊ မျက်နှာမှာပါ ပူနွေးသွားရပါသည်။ သူမတို့ ဆရာဝန်ပေါက်စတွေ မျက်စိကျနေပါသည့် 'ဒေါက်တာဇေရဲထက်' မှာ ဤသို့ တင်းစီးတတ်သည့် စိတ်မျိုးရှိနေပါလား။

Lift ရှိရာဆီ လျှောက်ခဲ့စဉ် လူအများ၏ နှုတ်ဆက်ခြင်းကို သူက ခေါင်းညိတ်ပြရုံသာ လုပ်ပြီး စကားလုံးဝမပြောပါချေ။ Lift ခလုတ်ကို နှိပ်ကာ အပေါ်ထပ်သို့ တက်ခဲ့ပါသည်။ ဆရာဝန်များ နားနေခန်းဆီသို့ ခြေလှမ်းကျဲကြီးဖြင့် သူ့နောက်မှလိုက်ခဲ့ရတာမို့ ချွေးပင်စို့လာလေပြီ။

"ဟော! ... လင်းရဲ့မွေးနေ့လား"

"ဘယ်ကလာ"

"ဒါဖြင့် ဘာအစီအစဉ်လဲကွ"

ရုံးခန်းထဲဝင်လိုက်သည်နှင့် လုပ်ဖော်ကိုင်ဖက် ဆရာဝန်တွေ၏တစ်ယောက်တစ်ပေါက်မေးခွန်းတွေကို ရှောင်လို့မရတော့ပါလေ။





သူမက သူထိုင်ရသည့် စားပွဲပေါ်သို့ ပန်းစည်းကို အသာလေးတင်လိုက်ပါသည်။ မျက်နှာညိုချင်လာတာကို ဣန္ဒြေဆည်ထားလိုက်ရပါ၏။ ဘာမဟုတ်တာလေးနှင့် စိတ်ခုစိတ်ကွက်တာမျိုး၊ သူမ မဖြစ်ချင်လို့ပါပဲ။

"လင်းလက်"

"ရှင်, ဒေါက်တာ"

"Coat ယူသွားဦးလေ"

လှမ်းပေးနေပါသည့် coat ကို ယူလိုက်ရပါသည်။ ဘာသဘောနှင့် ပါလဲဟူသည့် အကြည့်တို့ကို မမြင်ယောင်ဆောင်လျက် သူမတို့အုပ်စုထိုင်ရာ ထောင့်ဆုံးရုံဆီ ခပ်သွက်သွက်လှမ်းလိုက်ရပါ၏။ 'နီလာ' က မေးဆတ်ပြပေမယ့် ခေါင်းကိုသာ ခါပြလိုက်မိလေသည်။

"လင်း"

"ဘာလဲ"

"နင်နဲ့ဒေါက်တာဇေရဲထက်က ဘာလဲ"

"ဘာလို့မေးတာလဲ၊ တစ်ဆောင်လုံးထဲ တာဝန်ကျနေတဲ့ ဆရာဝန်တွေပေါ့၊ အထူးအဆန်းလုပ်ပြီး မေးစရာလား"

"ထူးဆန်းတာပေါ့၊ သူနဲ့နင်က တစ်နေ့နေလို့ စကားတစ်ခွန်း

ပြောတာမျိုး အကြည့်ဆုံတာမျိုးတောင် မရှိဘဲနဲ့၊ အခုတော့ အကျ
ကိုင်ပေးတဲ့အဆင့်ထိ ရင်းနှီးနေပြီပေါ့လေ"

"ဟုတ်တယ် ... ငါတို့ကို မလျှို့ထားနဲ့နော်၊ Peace ဖြစ်နေ
ပြီဆိုလည်း ဟုတ်တယ်ပြောမှပေါ့"

ရော်! ... ခက်တော့တာပါပဲ။ 'မိုးသူ' ကပါ 'နီလာ့' ဘက်
လိုက်ပြီး အထင်မှားနေလေပြီ။ ပန်းစည်းကြိုးဝိုက်လာတာကိုတော့
သနားစရာမမြင်ဘဲ ဒီအကျီပေါ့ပေါ့လေးကိုင်လာသည့် သူ့ကိုတော့
မြင်ကြသတဲ့လား။ မိန်းကလေးတိုင်း မျက်စိကျနေသည့် ဒီလိုလူနှ
ပတ်သက်ဖို့ကို ဘယ်လိုမှ မစဉ်းစားဘဲ ရှောင်နေတတ်ပါသည့် သူ
ကိုမှ အခြေအနေက တိုက်ဆိုင်နေရတယ်လို့။

"မဟုတ်ပါဘူး မိုးရယ် ... ပန်းစည်းကြိုး သူ မကိုင်ချ
လို့ လင်းက ကူသယ်ပေးရုံပါ၊ လင်းအကျီကျွမှာစိုးတာနဲ့ သူ
ကိုင်ပေးတာ ... ဒါပဲ၊ ဘာမှမထူးဆန်းဘူး"

"ပန်းစည်းက ဘာလုပ်ဖို့လဲ"

"ဒီနေ့ Specialist တွေ ထပ်ရောက်မယ်ဆို ..."

"ဟယ်! ဟုတ်သားပဲ ... အစောကြီးကတည်းက ကြေ
ထားသားနဲ့ .. မေ့နေတယ်"

"ဒါနဲ့ နေပါဦး ... ပန်းစည်းကို သူက ပေးကိုင်နိုင်ထာ





လား။ လင်းက တောင်းကိုင်ပေးတာလား"

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိပါ၏။ ဒီတစ်ရက်လေးပဲ ဆေးရုံထဲ အတူဝင်မိတာ သူမအတွက် အမှားတစ်ခုဖြစ်နေပြီလား။ ဝင်လာကတည်းက အကြည့်တွေထဲမှာ မေးခွန်းတွေ တစ်သီကြီးပါနေမှန်း သိနေပါ၏။ အခုကတည်းက ကြိုမရှင်းနိုင်လျှင် နောက်ဆို ပိုပြီးရှုပ်လာတော့မှာလေ။

"သူက လင်းတို့အထက်က Senior ပဲဟာ ... ဒီလောက်တော့ ကူညီပေးရမှာပေါ့၊ မမိုးဆိုရင်ကော မကူဘူးလား။ ဒီအတိုင်း ရိုးသားစွာ ကူညီရုံပဲ"

"တကယ်ရိုးသားစွာပေါ့လေ"

"မရိုးသားဘဲ ဆန်းပြားတယ်ထင်နေလို့လား။ လင်းမှာက ဆိုင်သူရှိပြီးသားပါရှင်"

"ဟယ်! တကယ် ... ဘယ်သူလဲ၊ ဘယ်ကလဲ"

"မိဘတွေ စီစဉ်ပေးထားတာပါ၊ လင်းနဲ့လည်း ငယ်သူငယ်ချင်းပေါ့"

"ဟုတ်လား"

နင်တော့ ခလုတ်တိုက်မိပြီလား၊ လျှာကိုက်မိပြီလား။ ငါ မသိဘူး 'လွှမ်း' ရေ၊ လောလောဆယ်မှာ Cover ယူဖို့အတွက်

အနေဖြင့် ပြောလိုက်ရုံသာ ဖြစ်လေ၏။ တကယ်တမ်း ဖြစ်,မဖြစ်က ကိစ္စမရှိပါ။ လောလောလတ်လတ် နာမည်မထွက်ချင်၍ အကြောင်း ပြချက်ပေးလိုက်ရုံသာ။

တစ်သက်နဲ့တစ်ကိုယ်, ကိုယ့်အတွက်ပေးသည့်ပန်းစည်း။ ဒါမှမဟုတ် ပန်းတစ်ပွင့်ပဲဖြစ်ဖြစ် တစ်ကြိမ်တစ်ခါမှ လက်ခံခဲ့တာမျိုး မရှိခဲ့ပါဘဲ သူများအတွက် လက်ထဲရောက်လာရတယ်လို့၊ Unlucky ဖြစ်နေရင်တော့ ကျိန်ပါပဲ။ ပွဲလိုက်တာနော်။ ဒီအရွယ်မှာ သူများတွေက လက်ရုပ်လက်ကိုင်ပြစရာအတွဲတွေ ရှိထားပါလျက် 'လင်းလက်ကြယ်စင်' က တစ်ယောက်တည်း အတွဲမဲ့နေရတယ်လို့။

"အားလုံးပဲ meeting ရှိတယ်နော်"

သူ့ထံမှ သတိပေးသံကြားလိုက်ရသဖြင့် အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြရလေ၏။ ဆေးရုံအုပ်ကြီးထံရုံးခန်းဘေးရှိ Meeting room ထံ သွားရမည်မို့ duty မဝင်ရသေးပါသည့် ဆရာဝန်တွေအားလုံး အလျှိုလျှိုသွားကြရောပြီ။ အခန်းထဲမှ ထွက်ရန်ပြင်လိုက်ပြီး သတိရက အခန်းထဲပြန်ဝင်မိစဉ် နောက်ဆုံးမှ ထွက်လာသည့်သူနှင့် တိုးပြန်လေ၏။ ဒီနေ့တော့ သူနှင့် ပြဿဒါးပါပဲလား။

"ဘာကျန်ခဲ့လို့လဲ"

"ဟိုလေ ... ပန်းစည်း"





"ထားခဲ့လေ ... ဒီအခန်းမှာ လာမိတ်ဆက်မှ ပေးလည်း ဖြစ်တာပဲကို"

"ဒီတိုင်းထားရင် နွမ်းသွားမှာစိုးလို့ ရွှေ့ထားမလားလို့ပါ"

"သဘောလေ"

စားပွဲထက်မှ ပန်းစည်းကြီးကို သတ္တုပုံးထဲ အသာထည့်ကာ Aircon အနီးရှိ ဗီရိုထက် တင်ထားလိုက်ပါ၏။ ရေစိမ်ထားစရာ မလိုပါဘဲ ဒီအအေးလောက်နှင့် လန်းဆန်းလောက်ပါရဲ့။ အရိုးတစ်ဝက်ကျော်ကျော်သာ ပုံးထဲရှိနေစေဘို့ ပန်းပွင့်ပတ်ထားပါသည့် Plastic သဲမှ ပန်းတို့က အပြင်မှာ့ ဖွေးနေလေသည်။

"လင်းလက်ကြယ်စင်"

"ရှင်"

"ပန်းကြိုက်သလား"

"ဟင်! ဟင့်အင်း ... မကြိုက်ပါဘူး။ ဒီလိုပဲ ပန်းပွင့်တွေ လန်းအောင်လို့ပါ"

Meeting room ဆီ မသွားသေးပါဘဲ ရပ်စောင့်နေသည့် သူ့ကို ပြန်ဖြေလိုက်ရပါ၏။ ပန်းမကြိုက်သည့် မိန်းကလေးရယ်လို့ ဒီကမ္ဘာမှာ ရှိနိုင်ပါ့မလား။ သူမကိုယ်တိုင်လည်း ပန်းကို မပန်ဖြစ်ပေမယ့် အပင်မှာ ပွင့်တာမျိုးကိုတော့ သဘောကျနှစ်ခြိုက်တတ်တာလေ။

"ပန်းမကြိုက်တဲ့သူက ပန်းပွင့်တွေကို သဘောကျသလို ကြည့်နေလို့ မေးလိုက်တာပါ"

"ဩော်"

Meeting room ထဲ ဝင်လိုက်ပြီး သူက ရှေ့ဆုံးတန်းမှာ နေရာယူလိုက်သေမယ့် သူမက Junior တွေ ထိုင်သည့် နောက်တန်းမှာ ဝင်ထိုင်လိုက်ပါ၏။ ဆေးရုံအုပ်ကြီးဝင်လာပြီမို့ အားလုံး မတ်တတ်ရပ်ကာ ကြိုဆိုလိုက်ရပါသည်။ အစည်းအဝေးစပြီမို့ အာရုံစိုက်နားထောင်မိစဉ် သူမဘေးမှာ တစ်စုံတစ်ယောက် ဝင်ထိုင်လိုက်တာကိုဖြင့် သတိမထားမိခဲ့ပါချေ။

ဆေးရုံအုပ်ကြီးက ဆေးရုံထပ်မံချဲ့ထွင်ဖို့အတွက်နှင့် ဆရာဝန်တွေ ထပ်မံခေါ်ပြီး ခန့်မှာတို့ကို ဆွေးနွေးသွားပါသည်။ ပုဂ္ဂလိက ဆေးရုံမို့ ငွေရှိသလောက် လုပ်နိုင်တာ မဟုတ်ပါလား။ ဒက်ဒီက ဤမျှထိ ငွေရှိတာ မဟုတ်သဖြင့် သူမလုပ်နေသလို ပုဂ္ဂလိကဆေးရုံ သုံးခုမှာ အချိန်ပိုင်းသာ ထိုင်ပြီး တာဝန်ယူတတ်သူပါ။

နာမည်ရှိပြီး လုပ်ငန်းကျွမ်းကျင်သူမို့ ထိုက်သင့်သည့် အခိုးအခလေးကိုသာ ရရှိပါလေ၊ လက်ရှိမှာ အတော်အသင့် ဈေးသက်သာသည့် ကားနှစ်စီးဖြင့် အလုပ်လုပ်နေရပါ၏။ ဆရာဝန်ဟူသည် ဂုဏ်ပုဒ်ကလွဲပြီး သူမတို့သားအဖက သာမန်လူတန်းစားပါပဲ။





"ဒါဆိုရင်တော့ Meeting ကို ဒီမှာပဲ ရပ်လိုက်ပါမယ်၊ ဩော် ... ဒါနဲ့ အသစ်ခန့်ထားတဲ့ ဒေါက်တာက အင်္ဂလန်က ပြန်လာမှာမို့ နည်းနည်း နောက်ကျချင်ကျမယ်, ဒေါက်တာဇေရဲထက်"

"ဟုတ်ကဲ့ ... ရပါတယ် ဆရာကြီး"

ဆေးရုံအုပ်ကြီး ထွက်သွားပြီးမှ ခွဲစိတ်ပါရဂူတွေ လိုက်ထွက်သွားကြလေ၏။ ပြီးမှ သူတို့ Senior အုပ်စု လိုက်ထွက်သွားကြပါသည်။ 'နီလာ' နှင့် 'မိုးသူ' တို့ ထရပ်လိုက်ပြီမို့ သူမပါ ထရပ်လိုက်မိ၏။ ဘေးမှာထိုင်နေပါသည့် Suit အပြည့်အစုံဝတ်ထားပါသည့် ပုဂ္ဂိုလ်ကပါ ထရပ်လိုက်သဖြင့် ဘေးလမ်းမှထွက်ရန် ပြင်လိုက်သည့် ခြေလှမ်းကို ရပ်လိုက်ရလေသည်။

"မင်္ဂလာပါ"

"ရှင်! ... ဩော် ... ဟုတ်ကဲ့ ... မင်္ဂလာပါရှင်"

"ကျွန်တော်, ဓကျော်ဇေပါ ... တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့"

"နာမည် ဘယ်လိုခေါ်လဲဟင်"

"လင်းလက်ကြယ်စင်ပါ"

"လှလိုက်တာ"

လက်ကမ်းပေးလိုက်သဖြင့် ပြန်နှုတ်ဆက်လိုက်ရပါသည်

လက်ကို လွှတ်မပေးပါဘဲ ပြောလိုက်တာက 'လှလိုက်တာ' တဲ့လား။ အသားသိပ်မဖြူပါဘဲ ညိုချင်သလိုဖြစ်နေပါသည့် ပုဂ္ဂိုလ်ကြောင့် ရင်ထဲ ထိတ်ခနဲဖြစ်သွားရပါသည်။ ဘုရားရေ! ...ဒီမနက်ပဲ 'လွှမ်း' အကြောင်း ပြောခဲ့ပြီးကာမှ 'လွှမ်း'နှင့် ခပ်ဆင်ဆင်တူနေပါသည့် လူနှင့် ရုတ်တရက် တွေ့လိုက်ရတယ်လို့။

''ကျော်ဇ' တဲ့။ ခပ်ဆန်းဆန်းအမည်ပါပဲ။ 'လွှမ်း' မဟုတ်သဖြင့် သက်မကိုသာ နိုးရှိုက်လိုက်မိလေတော့၏။

❑ ❑ ❑



## အခန်း (၃)

'နေခြည်ဖြာ' က တဟားဟား အော်ရယ်နေလေ၏။ အသက် (၁၈) နှစ်သာ ရှိသေးသည့် ဝမ်းကွဲညီမလေးက တက္ကသိုလ်တက်နေဆဲဖြစ်သော်ငြား ကလေးဆန်နေတုန်းပါပဲ။ ယခုတလော အိမ်မှာ အပြောများနေသည့် သတင်းက သူမနှင့်ပတ်သက်သည့် အမျိုးသားတွေ၏အကြောင်းတဲ့လေ။

''ရယ်မနေနဲ့လေ ... ဒါ ရယ်စရာလား''

''ရယ်ရတာပေါ့ မမတာရာရဲ့ အဲဒါနဲ့ပဲ ယောက်ျားနှစ်ယောက်ကြား ဗျာများနေပြီဆိုပါတော့လေ''

''ကြိုကြိုဖန်ဖန် ဘယ်က, ဗျာများရမှာလဲ''

"သိဘူးလေ … မမပဲ ပြောနေပြီ"

"အဲဒါက ဖိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်နဲ့ ပြိုင်ဘက်ရောက်လာပြီလို့ ပြောတာလေ၊ နင်ပဲ Model boy တွေဆို သဘောကျတယ်ဆို"

"ဟုတ်တယ်လေ … ကောင်လေး ချောချောလေးတွေ ပြောတာပဲဟာ၊ မမလို ကိုကိုဒေါက်တာတွေကြား ခေါင်းမမူးရပါဘူး"

ကြည့်စမ်း! … "ကိုကိုဒေါက်တာတွေ" တဲ့။ လှကိုတွဲစနေပြန်ပါပြီ။ တိုးတိုးဖော်ဆိုရှု ဒီညီမလေးသာရှိတာမို့ 'နေခြည်' ရောက်လာတိုင်း ဆူညံစပြီ။ အရွယ်မတူပေမယ့် ဒီညီမကတော့ အစ်မဖြစ်သူကို အားကျလေးစားပြီး ခင်တွယ်တတ်လေသည်။

"လူနာတွေကြားလို့ ပြောစမ်းပါဟယ်"

"လူနာတွေက ဘာခေါင်းခဲစရာရှိလို့လဲ, မမရဲ့ နှလုံးသားကို မူးလဲစေမယ့် ကိုကိုဒေါက်တာတွေကမှ မမအတွက် ပြဿနာ၊ အဲဒီတစ်ယောက်လည်း ချောတယ်ပေါ့လေ"

"ကြည့်ကောင်းတာပါဟယ်၊ ဘယ့်နှယ် ယောက်ျားလေးကို ချောတယ်လဲ"

"ဘယ်သူက ဝိုသာလဲ၊ Date out သွားတဲ့ ဒေါက်တာကရော"





"နင်ပြောမှပဲ ငါ့ Senior တွေက ကုန်ပစ္စည်းဖြစ်နေပြီ၊ ဘယ်သူမှ မအောက်ဘူး။ တစ်ယောက်တစ်မျိုးစီ ကြည့်ကောင်းတာချည်းပဲ"

အဝိုပြောတာ မဟုတ်ရပါ။ အဲဒီနေ့က လက်ကမ်းပေးပြီး မိတ်ဆက်သည့်သူနှင့် ပထမဦးဆုံး သိခွင့်ရခဲ့တာက သူမပါပဲ။ ရုံးခန်းရှိရာဆီ ခေါ်လာခဲ့တာ, ပန်းစည်းပေးကမ်းလျက် ကြိုဆိုရတာတို့ကိုလည်း သူမပင် လုပ်ပေးခဲ့ရတာပါလေ။ အားလုံးနှင့် မိတ်ဆက်တာကို ဖော်ရွေစွာ ပြန်ပြောနှုတ်ဆက်နေပေမယ့် သူ့အကြည့်တွေက သူမထံသို့သာ မကြာခဏ ရောက်လာတတ်တာ မဟုတ်ပါလား။

'မမိုး' က မကျေမနပ်ဖြင့် သူမကို မျက်စောင်းခဲပြလိုက်သေးတာလေ။ မနာလိုတာမျိုး မဟုတ်ပေမယ့် အားလုံးသဘောကျနေပါသည့် ပုဂ္ဂိုလ်တို့နှင့်သူမက ရင်းနှီးခွင့်ရခဲ့တာကို။ ခင်ချင်ပါသည်ဆိုတာကို No ဆိုပြီး ငြင်းလို့ရပါ့မလား။ Senior တွေကို Junior တွေက လေးစားရမှာ သဘာဝပါနော်။

"မမ"

"ဘာလဲ"

"ဦးဦး ပေးစားချင်တဲ့ တစ်ယောက်ရှိတယ်ဆို …"

"ဘာ …"

"ကြည့်စမ်း! ... ပါပါတို့ ပြောတာ အမှန်ပဲပေါ့လေ၊ မမ မဘောင်နဲ့နော်၊ ညီအစ်မအချင်းချင်း လျှို့ဝှက်စရာလား"

"နင့်ကို ဘယ်သူပြောလို့ သိရတာလဲ၊ ဒက်ဒီနဲ့ ငါတောင်မှ ဘာမှအတည်ပြောတာမျိုး မရှိသေးပါဘူး"

"ဟာဟ ... ယုံအောင်လည်း ညာတတ်မှပေါ့ မမရာ၊ ဦးဦးနဲ့ ပါပါက ဘာမဆို အကုန်ဖွင့်ပြောတိုင်ပင်တတ်တဲ့ ညီအစ်ကိုရင်းတွေ ဆိုတာ မေ့မထားနဲ့"

ညီမဖြစ်သူကို မျက်စောင်းခဲလိုက်မိပါ၏။ ညဘက် အိပ်ပြန် ရောက်နေတာတောင်မှ ခုထိ အနားမရသေးတာလေ။ လေးလေးနှင့် ဒက်ဒီက အမြွှာညီအစ်ကိုပို့ ဘာမဆို တိုင်ပင်တတ်ကြသည့်အကျင့်မျိုး ရှိတာ အမှန်ပါပဲ။ သို့သော် လူကြီးတွေချင်း ပြောဖြစ်ကြသည့် စကားမျိုးကို ဒီချာတိတ်မ တစ်စွန်းတစ်စကြားပြီး အစ်မဖြစ်သူကို လာအစ်နေပါရောလား။

"ပြော ... ဘယ်သူတဲ့လဲ"

"လွှမ်းက သူငယ်ချင်းပါ နေနေရယ်"

"အံမယ် ... အံမယ် ... လွှမ်းဆိုပဲ၊ အဖျားဆွတ်ခေါ်တယ် ပေါ့"

"သူ့နာမည်က လွှမ်းလရောင်ပါဟယ်၊ ခေါ်လို့ကောင်းတဲ့





နာမည်မျိုးမှ မဟုတ်တာ"

"လွှမ်းလရောင်"

"ဟုတ်တယ်"

"ချောလား"

"အော် ... ဘယ်သိမှာလဲ၊ ငါတို့ မတွေ့ဖြစ်တာပဲ ကြာလှ ပြီ၊ ငယ်ငယ်တုန်းက မြင်ဖူးတာတော့ မည်းမည်းပိန်တာရိုးလေးပဲ"

"ဒါဖြင့် ရုပ်ဆိုးတယ်ပေါ့လေ"

"မပြောတတ်ဘူး"

ရုပ်ဆိုးပါသလား။ ဟင့်အင်း ... ညိုချောလေးတော့ ဖြစ် နိုင်တာလေ။ ငယ်ငယ်က တစ်ချက်မှ ကြည့်မရ၊ တစ်စက်မှ မတည့် သည့် ခပ်ဂျစ်ဂျစ်ကောင်လေးကို အာရုံထဲ ဖျတ်ခနဲ မြင်ယောင်လိုက် မိပါ၏။ လူကိုမြင်လျှင် ခါးထောက်ပြီး မျက်မှောင်ကုတ်ကာ စူးစိုက် ကြည့်တတ်တာလေ။

မိန်းကလေးဆိုပြီး ဦးစားပေးတာမျိုး လုံးဝမရှိ။ ဆော့ကြ တိုင်းလည်း သူနိုင်မှသာ ရယ်ပြီး သူရှုံးတာနှင့် ကစားပွဲကို ဖျက်တော့ တာပါ။ အဲဒီလောက် ကလိန်ကကျစ် ညစ်ကျယ်ကျယ် ဂျစ်ကန်ကန်နှင့် ကောင်လေးဟာ 'လွှမ်းလရောင်' အစစ်ပါပဲ။

"ဘာပဲဖြစ်ဖြစ် ငယ်က ချစ်တော့ အနှစ်တစ်ရာနိုင်ပြီသတဲ့"

“ကြုံကြိုးစည်ရာ၊ ဘယ်မှာချစ်ခဲ့လို့လဲ၊ နည်းနည်းမှ မတဲ့တဲ ရန်ဖြစ်ခဲ့တဲ့ အကြိမ်ကသာ သိန်းသောင်းကျော်မယ်”

“အချစ်တစ်ပွဲ စစ်ပွဲတစ်ရာတဲ့လေ, မမရဲ့ ဘယ်လောက်ပဲ ရန်သူဖြစ်ပါစေ ချစ်တယ်ဆိုတဲ့ စကားလေးတစ်ခွန်းနဲ့ peace ဖြစ်သွားရမှာပေါ့ ... မဟုတ်ဘူးလား”

“ဟယ်! ... ကလေးပါးစပ်က မပြောရဲတာလည်း မရှိပါလား ... အံ့သြရပါ့”

ရေချိုးပြီးပြီမို့ အဝတ်ဝတ်ရန် ဗီရိုကို ဖွင့်လိုက်ပါ၏။ ညဘက်ကြီးရောက်လာသည့် ညီမက ဒီညတော့ အိမ်ပြန်မည်မထင်ပါချေ။ တစ်ခါတစ်ရံ ရင်ဖွင့်စရာရှိသည့်အခါမျိုးမှာ သူမနှင့်အတူလာအိပ်တတ်လေ၏။ အစ်မဖြစ်သူ အရိပ်အကဲကိုကြည့်ပြီး အလိုက်သိတတ်တာမျိုးလည်း ‘နေနေ’ မှာ မရှိပါ။ အဲဒီအချက်ကတော့ ‘လွှမ်း’ နှင့် တူနေပါ၏။

“ညစာ မစားသေးဘူးလား”

“မစားတော့ဘူးလေ၊ မုန့်တစ်ခုခုနဲ့ Anlene တစ်ခွက်လောက် သောက်လိုက်ရင် ပြီးတာပဲ”

“အာ ... နေနေမှ မနေနိုင်တာ မမရဲ့၊ တစ်ညလုံး ဗိုက်ထဲမှာ တဂွီဂွီအော်နေတာနဲ့ အိပ်ပျော်မှာ မဟုတ်ဘူး”





“ကိုယ့်ဗိုက်နဲ့ကိုယ် စားချင်တာ သွားစားပါလား။ ငါက အစာမကြေမှာစိုးလို့ မစားတော့တာ၊ ဒါနဲ့ အိမ်ကလာတာ ညနေစာ စားခဲ့ဘူးလား”

“စားခဲ့တယ်”

“ဟယ် ... အဲဒါတောင်မှ ဆာတုန်းပဲလား။ ခုမှ ည (၈) နာရီ ရှိသေးတာ”

“စားမယ် မမရာ၊ နည်းနည်းပဲဖြစ်ဖြစ်လေ ... နော်”

“နေပါဦး ... အင်္ကျီပြီးအောင် ဝတ်ပါရစေဦး”

လက်ကို အတင်းလာဆွဲနေတာမို့ ရုန်းဖယ်လိုက်ရပါ၏။ ‘လွှမ်း’ ကိုသာ အရှုပ်ထုပ်ဟု ထင်နေပေမယ့် ညီမဖြစ်သူကပါ အရှုပ်ထုပ်ကလေးပါပဲလား။ အင်္ကျီအဝတ်အစား မြန်မြန်ဝတ်လိုက်ပြီး ဆံပင်ကို ဖြစ်သလို ခေါက်တင်ကာ မျက်နှာထက် ဘာမှမလိမ်းဖြစ်ဘဲ ‘နေနေ’ ဆွဲခေါ်ရာသို့ လိုက်ခဲ့ရလေ၏။

“ဖြည်းဖြည်းသွားစမ်းပါဟယ် ... ထမင်းစားခန်းက ထွက်မပြေးပါဘူး”

“မမကို မနာလိုဘူး”

“ဘာဖြစ်ရပြန်ပြီလဲ”

“ဘာမှမလိမ်းထားတာတောင်မှ မျက်နှာမှာ ပြောင်ရှင်းပြီး

ချောမွတ်နေတာပဲ၊ ဘာအဖုအပိန့် ဘာဝက်ခြံမှ မရှိတာကိုး''

''ဒါဆိုလည်း မျက်နှာကို သန့်ရှင်းအောင် ထားမှပေါ့၊ လက်က မသန့်တာတွေကို အမြဲတမ်း ကိုင်တတ်တာမို့ လက်သေချာဆေးပြီးမှ မျက်နှာကို ကိုင်ရတယ်၊ ညဘက်ကို သနပ်ခါးတုံး သွေးလိမ်းပြီး အိပ်၊ မိတ်ကပ်တွေ လူးပြီး မျက်နှာမဆေးဘဲ အပျင်းထူပြီး ဒီအတိုင်း မအိပ်နဲ့ပေါ့၊ တစ်နေကုန် နေပူထဲသွားရင်လည်း မျက်နှာကို နေရောင်ခြည်တိုက်ရိုက်မကျအောင် သတိထားရတယ်၊ အပူမှ မထွက်စေချင်ရင် အစပ်တွေ၊ အငန်တွေ သိပ်မစားနဲ့၊ ဝက်ခြံဆိုတာ ချွေးပေါက်ပိတ်ပြီး ဖြစ်တတ်တာ''

''မမကျ ဘာလို့မထွက်လဲ''

''ကျွပ်က ဘဲမှမငမ်းတာ''

''ကြည့်!''

ရယ်သံထွက်သွားတော့မို့ စာကြည့်ခန်းတံခါးဖွင့်ကာ ဒက်ဒီ လှမ်းကြည့်လိုက်လေ၏။ အောက်ထပ်စာကြည့်ခန်းက ဒက်ဒီသီးသန့် သုံးတာဖြစ်ပြီး ဘယ်သူ့ကိုမှ မသိစေချင်သည့် ကိစ္စမျိုး၊ ချွေးချွေး လျှင်လည်း ထိုအခန်းကိုသာ သုံးလေ့ရှိပါ၏။ အပေါ်ထပ်စာကြည့်ခန်း က ပိုကျယ်ပြီး လေလာလေရ၊ ဖတ်စရာစာအုပ်မှန်သမျှ ထည့်ထား တာပါ။ 'နေနေ' ဖတ်ချင်လည်း အချိန်မရွေး လာယူလို့ရလေသည်။





''ဟိုကလေးတွေ ညကြီးမင်းကြီး ဘယ်သွားဦးမလို့လဲ''

''ဒက်ဒီတူမ ဗိုက်ဆာလို့တဲ့လေ''

''အစာကြေမှာပဲစား။ ထမင်းမစားနဲ့တော့၊ မိုးချုပ်နေပြီ''

''ဦးဦးကလည်း ထမင်းမစားရင် ဗိုက်ဘယ်ပြည့်မှာလဲ''

''အေး . . . ညည်းအသက်က ခုမှ (၁၈) ကိုး (၃၀) ကျော် လောက်ရောက်လာရင် အဲဒီလို ဗိုက်ကို စည်းကမ်းမရှိ ဖြည့်လို့က တော့ ရွှဲပြီး ပူလာလိမ့်မယ်၊ ငါးရဲ့ကိုယ်လုံးမဟုတ်ဘဲ ပုစွန်ထုပ်ဘဝ ပြောင်းချင်သလား''

''ဟင့်အင်း''

''အဲဒါဆို ခုကတည်းက အကျင့်ကို ပြင်ထား''

''ဟုတ်!''

'နေနေ' နှာခေါင်းရှုံ့သွားလေ၏။ ဆရာဝန်သားအဖမို့ ကျန်းမာရေးကို အဓိကထား ဂရုစိုက်တတ်ကြတာလေ။ ဖေးဖေးက ကမ္ဘာ့ကီဝေထောင်ထားပြီး Dinner တွေ၊ ပါတီတွေ တက်ဖြစ်က ဒက်ဒီ သက် ပိုဒိုစာသလို ဘီယာဗိုက်ဖြစ်နေလေပြီ၊ အစ်ကိုဖြစ်သည့် ဒက်ဒီ က ပိန် ပိခန့်နေတာမို့ မနာလိုချင်စရာပင် မဟုတ်ပါလား။

''မမ''

''အေး . . . စားပြီးပြီလား၊ ရွှေဝါ''

"ဟုတ်ကဲ့ . . . ဘာလုပ်ပေးရမလဲဟင်"

"ရတယ် . . . အလုပ်ပြီးရင် စောစောနားတော့လေ၊ TV

ကြည့်ချိန် (၁၀) နာရီမကျော်စေနဲ့ မနက်လည်း စောစောထရအေ

တာ၊ မမတို့ဘာသာ ကြည့်လုပ်လိုက်မယ်"

မီးဖိုခန်းထဲမှ အမေတွေ ဆေးကြောသန့်စင်ရှင်းလင်းပြီးသည်

နှင့် 'ရွှေဝါ' နှင့် 'သက်သက်' တို့ ထွက်သွားကြလေ၏။ ရေခဲသေတ္တ

ကို ဖွင့်လိုက်စဉ် လတ်လတ်ဆတ်ဆတ် ဟင်းသီးဟင်းရွက်တို့

တွေ့ရပါသည်။ ကြည့်ရတာ ဒီနေ့ပဲ ဈေးသွားဝယ်ထားတာ ထင်ပါ

"ခေါက်ဆွဲပြုတ်စားမှာလားဟင်"

"မနက်ကျ မျက်နှာဖောင်းမှာချင်လို့လား။ ဗိုက်ပြည့်အော

ကျွေးရင် ပြီးရောပေါ့။ ဂရုဂရောင်ကျမနေနဲ့"

"မမတဲ့ဘဲကြီးဆို အဲဒီလိုပြောမှာပဲလား"

"စကားကိုကြည့်ပြော . . . ဘာဘဲဘဲကြီးလဲ"

"ကြီးတာမယူချင်ဘူးပေါ့လေ . . . ဒါဖြင့် size တူ ဂို

တူလား။ small လေးလား"

"လင်ယူသားမွေးကိစ္စတွေ မစဉ်းစားအားဘူးရှင့်ရေ"

ဆန်ကာတစ်ခုကို ယူလိုက်ပြီး ဟင်းသီးဟင်းရွက်ရည်မျ

စီ ရွှေးထည့်လိုက်ပါ၏။ ပြီးနောက် ရေစင်စင်ဆေးကာ လှီးဖြတ်





ဖြစ်လိုက်ပါသည်။ မုန်ညှင်းဖြူ၊ ပန်းဂေါ်ဖီစိမ်း၊ မုန်လာဥနီ၊ ဂေါ်ဖီထုပ်၊ ပဲတောင့်ရှည်တို့ကို သင့်တော်သလို အချောင်းရှည်ရှည် ဖြတ်တန်ဖြတ် လက်တစ်လုံးခန့် လှီးတန်လှီးလုပ်ကာ ရေထပ်ဆေးလိုက်၏။

ပြီးနောက် ကြက်သွန်နီဆီသပ်ကာ ဆီအနည်းငယ်ဖြင့် ကြော်၍ ကော်ရည်လောင်းထည့်လိုက်ပါ၏။ အရွက်ကြော်အိုးကျက်စဉ် ရေနွေးအနည်းငယ်တည်ကာ ကြက်သွန်ဖြူတ်ဟင်းချို အမြန်ချက်လိုက်ပါသည်။ ပန်းကန်ပြားပြန့်ပြန့်ထဲမှာ အစိမ်းကြော်ကို ပုံပုံလေးထည့်လိုက်ပြီး ဟင်းချိုကို ပန်းကန်လုံးထဲထည့်ကာ 'နေနေ' အတွက် ညစာပြင်ပေးလိုက်ပါ၏။

သူမအတွက်က ထုံးစံအတိုင်း Biscuits က အစိမ့် (၅) ချပ်နှင့် Anlene နို့မှုန့် (၄) ဇွန်းကို သကြား (၂) ဇွန်း ရောလျက် ဖျော်လိုက်ပါသည်။ သိပ်မကျဲ၊ သိပ်မပျစ်စေရန် ရေနွေးကို သတိထားထည့်ရလေ၏။

"ဘာအသားမှမပါဘူးလား"

"လှချင်လား။ ဝချင်လား"

"လှချင်တာပေါ့"

"အေး . . . လှချင်ရင် အသားရှောင်ပြီး စား"

"Good! . . . မမ Fiance တော့ မိန်းမရ ကံကောင်းပြီ"

"ဘာလို့လဲ"

"ကျန်းမာရေးရော၊ အစားအသောက်ပါ ဂရုစိုက်ပေးမယ့် မိန်းမရမှာမို့လေ၊ နေနေသာ ယောက်ျားလေးဆို မကိုယ့်မှာ"

"အရှူးမ"

'နေနေ'က တခစ်ခစ်ရယ်လျက် အစိမ်းကြော်က ဖွန်ခက်ရင်းဖြင့် မြိန်ယှက်စွာ စားနေလေ၏။ Fiance တဲ့။ စေ့စပ်မည့် ယောက်ျားက ရှိမှမရှိသေးတာလေ။

❑ ❑ ❑



## အခန်း (၄)

"ဂျီး ... ဂီး ... ဂီး ... ဖွတ်! ဖွတ်!"

သွားပါပြီ ... စောစောကသာ ကားကို စက်နှိုးမိရင် ဒက်ဒီ ဘားဖြင့် အတွေ့လိုက်နိုင်မှာလေ။ သေလိုက်ပါတော့ 'လင်းလက်ကြယ် င်' ရယ် ... ဘယ်တော့မဆို အချိန်လေးစားတဲ့ သူမက ဒီနေ့မှ ဒီနေ့ဖြစ်ရတယ်လို့။ ဆရာဝန်အသစ်တွေရောက်နေတဲ့နေ့မှ နောက်ကျသူ့ဖြင့် အပြောခံရတော့မှာလေ။

ဘယ်တတ်နိုင်ပါ့မလဲ။ Taxi ငှားရင်း ဝင်ရှော့ကို phone ဆက်ရတော့မှာပါ။ ကားပေါ်ပါလာသည့် ပစ္စည်းတွေ ယူလိုက်ပြီး ကားပေါ်မှထွက်လိုက်ပါ၏။ လမ်းထိပ်ကို အမြန်လျှောက်လိုက်ပေမယ့်

မိနစ် (၂၀) က ကုန်သွားလေပြီ။ ကားစောင့်ရမည့်အချိန်ပါ ထွက်…
လိုက်လျှင်ဖြင့် မိနစ် (၃၀) က ဖျတ်ခနဲ ကုန်တော့မှာပါပဲ။

"ကျစ်!"

တကယ်ပင် Taxi က တော်တော်နှင့် မရတာမို့ လမ်းထိ… မှာ ရပ်နေရတာ ကြာနေရလေပြီ။ လည်ဆန့်မျှော်နေပေမယ့် ကာ… အဆက်ပြတ်နေတာမို့ ပွိုင့်မိနေပြီမှန်း သိလိုက်ပါ၏။ အမြန်… အနေးတွေ့ ဆိုသည့်စကားက အတော်မှန်တာပါလား။

"ဟော!"

ကားတန်းကြီး တစ်ပြိုင်တည်း ရှေ့ဆင့်နောက်ဆင့် ပြိုင်တွ… လာသဖြင့် ဝမ်းသာသွားရပါ၏။ သို့သော် လက်ပြနေပါသော်လည်… Taxi တွေ တစ်စီးမှ မရပ်ပါချေ။ သူမ ရပ်နေပါသည့် platfor… ဘေးသို့ မီးပြရပ်သွားသည်က ကိုယ်ပိုင်ကားပါပဲ။ မျက်လုံးက Ta… ကိုသာ အဆက်မပြတ်မျှော်ကြည့်နေတာမို့ ရှေ့မှရပ်သွားပါသည့်ကာ… ကို ဂရုမပြုမိပါချေ။

"ကြယ်စင်"

"ရှင်!"

နာမည်ခေါ်လိုက်သဖြင့် ယောင်ယမ်း၍ ထူးလိုက်မိပါ… ခေါ်သူကို ငုံ့ကြည့်လိုက်မိစဉ် အံ့ဩသွားရပါသည်။ အလို! … သူမ…





တရင်းတနှီးခေါ်လိုက်သူက 'ဒေါက်တာကျော်ဇ' ဖြစ်နေပါလား။ ဘယ်လောက်မှ မရင်းနှီးသေးပါဘဲ နာမည်ကို အဖျားဆွတ်ခေါ်ရတယ်လို့။

"ကားမျက်နေလို့လား"

"ရှင်! ဪ … ဟုတ်ပါတယ်"

"ဒါဆိုလည်း တက်လေ"

"အို … မဟုတ်တာ … လင်း Taxi နဲ့ သွားလို့ဖြစ်ပါတယ် ဒေါက်တာ၊ နေပါစေ"

"တကူးတကခေါ်တာမှ မဟုတ်ဘဲ ကြယ်စင်ရယ်၊ အတူသွားဖို့ လမ်းကြုံတာပဲကို ဘာလဲ … နောက်ကျမှာ စိတ်မပူလို့လား"

"မဟုတ်ပါဘူး"

"ဒါဆိုတက်ပါ"

တစ်ဖက်ကားတံခါးကို လှမ်းဖွင့်ပေးနေပြီမို့ မျက်နှာပူစွာဖြင့် တက်စီးလိုက်ရလေတော့၏။ ဟိုရောက်လို့ဖြင့် မျက်လုံးတွေ အကြည့်တွေကို ဘယ်လိုများ ရှောင်ရမှာပါလိမ့်။ လောလောဆယ်မှာဖြင့် တစ်ခုအဆင်ပြေအောင် အရင်ဆုံးလုပ်ရမှာကိုး။

"အားနာလိုက်တာ"

"ပြောစရာလိုလို့လား … နေ့စဉ်တွေ့ရမည့်သူတွေပဲ မျက်…

မပူပါနဲ့''

ကားက အသစ်ဖြစ်ပြီး မြူသန့်နေတာပါ။ အတွင်းမှာ ခင်သင်းသင်းရဲ့အမွှေးအိတ်လေးရှိပြီး အသက်ရှူရတာ ကောင်းပေမယ့် စိတ်ထဲမှာ စိုးထိတ်နေမိတာမို့ ချွေးစို့နေတာ အမှန်ပါလေ။ လက်ကိုင်ပဝါဖြင့် နဖူးထက် ဖွဖွသုတ်မိစဉ် သူ့ထံမှ ရယ်သံသဲ့သဲ့မျှ ထွက်လာလေ၏။ ဘာလဲ ... သူမပုံစံက ရယ်စရာဖြစ်နေပြီလား။

''ဘာဖြစ်လို့ပါလဲ ဒေါက်တာ''

''သဘောကျလို့''

''ရှင်!''

''ကိုယ်နဲ့အတူစီးရလို့ စိတ်အိုက်နေပြီ မဟုတ်လား။ ကိုက်စားမှာ မဟုတ်ဘဲနဲ့ ပူတတ်ရတယ်လို့''

''မဟုတ်ပါဘူး။ စောစောက လမ်းထဲက အမြန်လျှောက်လာလို့ပါ''

''သေချာလို့လား''

''ဟုတ်!''

''မိုးပြာရောင်လေးနဲ့လည်း လိုက်တာပဲနော်''

မျက်နှာရဲသွားရပါ၏။ ပွင့်ပွင့်လင်းလင်း ပြောတတ်၍ပဲလား မသိပါ။ လူက အလိုလိုနေရင်း ဒူးကျုံ့ပြီး ထိုင်မိတော့လေသည်။





ဆေးဆရာဝန်ကလည်း 'လှလိုက်တာ' ဆိုပြီး ပြောခဲ့တာမဟုတ်လား။ ရဲတင်းဟန်မျိုး မရှိပေမယ့် အမှန်ကို ဤသို့ပြောဝံ့တာတော့ ကျောချမ်းစရာပါလေ။

''ကြယ်စင်''

''ရှင်''

''စိတ်ဆိုးတတ်လား''

''ဟင် ... ဘာကိုလဲ''

''နာမည်ကို ခွင့်မတောင်းဘဲ ခေါ်မိတာရယ်၊ ပြီးတော့ ... ကိုယ်က အရှိကိုအရှိအတိုင်း ပြောတတ်ကျင့်ရှိလို့ ကြိုပြောတာပါ၊ သူများတွေ ခေါ်သလိုလည်း လိုက်မခေါ်ချင်ဘူး။ ဒါကြောင့်ပါ ... စိတ်မဆိုးဘူး မဟုတ်လား''

''ဟုတ်ကဲ့ ... ရပါတယ် ဒေါက်တာ''

သူ ပြုံးလိုက်မိပြန်ပါ၏။ တကယ်ပါ။ ဆေးဆရာဝန်ကတည်းက ခင်သင်းသင်းလေးရန်ကြောင့် ဖျတ်ခနဲ ကြည့်မိခဲ့တာပါ။ နှာတံစင်းစင်းလေး ချွန်ပြီး မျက်တောင်ရှည်ကော့ကော့လေးက ဘာဆေးမှ ဆောင်ပါဘဲ သဘာဝအလှမှန်း သိနေသလို နှုတ်ခမ်းဖူးဖူးလေးမှာ နီးရောင်ဖျော့ဖျော့ Lip gloss ကြောင့် ရင်ဘတ်ထဲ ဒိန်းခနဲ ခုန်ခဲ့ရတာ မဟုတ်ပါလား။

ဒီခေတ်မှာ စက်ဆွဲဖြောင့်အရောင်စုံဆိုးကြပေမယ့် သဘာဝအတိုင်း ဖြောင့်စင်းနေသည့် ဆံနွယ်ပျော့ပျော့လေးက ပခုံးကျော်ကျော်နှင့် ကျောလယ်ခန့်သာထားပြီး ရောင်စုံကလစ်, ဖဲပြား, ကြိုးရောင်စုံတွေ အလှမတပ်ပါဘဲ သားရေကြိုးအနက်ဖြင့် ခပ်ရှင်းရှင်းစည်းနှောင်းထားတာကိုက သူမအတွက် ဆွဲဆောင်မှု အလိုလိုရှိစေလေတာပါ။ 'ချွေးမလိုချင်ပြီ' ဟူသည့် မေမေ့စကားကို ပြန်ကြားယောင်ပြီး နှုတ်ခမ်းက အလိုလိုပြုံးလိုက်မိတာလေ။

"Breakfast ဘာစားခဲ့သလဲ, ကြယ်စင်"

"ကော်ဖီနဲ့မုန့်ပါ"

"ကိုယ်နဲ့ တစ်ခုခုလိုက်စားပါလား .အိမ်က ဘာမှမစားဖြစ်ခဲ့လို့"

"ဒေါက်တာ သွားချင်သွားလေ၊ ဆေးရုံနားရောက်နေပြီပဲ ဟာ၊ ဒီမှာပဲ ဆင်းပြီး 'လင်း' သွားလို့ရပါပြီ"

လှပစွာရှောင်ထွက်သွားပုံက လိမ္မာပါးနပ်ပါပေ့။ သူက ဖော်ရွေတတ်သူမို့ ဘယ်မိန်းကလေးကိုမဆို သူ့ဘက်ရောက်အောင် စွမ်းဆောင်နိုင်ပါသည်။ ဒီမိန်းကလေးကဖြင့် သူတို့လိုယောက်ျားလေးတွေနှင့် ခပ်ကင်းကင်းရှင်းရှင်းနေတတ်မည့် မာနခဲလေးပင် မဟုတ်ပါလား။





"တစ်ယောက်တည်း မသွားချင်လို့ အဖော်ခေါ်တာလေ, ကြယ်စင်ရယ်"

"လင်းက ဒေါက်တာ့လို အချိန်မရှိလို့ပါရှင် ... Sorry ပါ"

"ဒါဖြင့် ... ဆေးရုံ Canteen ဆိုရင်ကော"

"အင်း ... (၁၀) မိနစ်လောက်တော့ အချိန်ရမှာပါ"

"Ok!"

ဒီလိုပဲဖြစ်ရမယ်လေ။ သိတယ်မဟုတ်လား။ အားနာတာပဲဖြစ်ဖြစ်, ခင်မင်မှုပဲဖြစ်ဖြစ် သူနှင့်အတူ ကော်ဖီသောက်ဖြစ်တော့မှာလေ။ Meeting Room ထဲမှာ တွေ့ကတည်းက အလှဆုံး, အချောဆုံးနဲ့ အလှပဂေးက 'လင်းလက်ကြယ်စင်' တစ်ဦးတည်းကိုသာ မျက်စိထဲမြင်ပြီး ရင်ဘတ်ထဲ တွယ်ငြိခဲ့တာ အမှန်ပါပဲ။

ဆေးရုံဝင်းဝင်ပေါက်မှ ဝင်လိုက်ပြီး ကားပါကင်ထဲ ခပ်ဖြည်းဖြည်းမောင်းကာ ရပ်လိုက်မိ၏။ Duty ဝင်ရန် အချိန်ကစောပြီး ရောက်လာတာမို့ တော်ပါသေးရဲ့။ ကားပေါ်မှ ဆင်းလိုက်စဉ် စိမ်းစိမ်းစိုသစ်ပင်တွေနှင့် ဆေးရုံဝင်းထဲမှာ ပိုးပြာရောင်မိန်းကလေးက အမည်နှင့်လိုက်ဖက်အောင်ပင် ရင်အေးစေသည့်အလင်းရောင်အလှဖြင့် ပြည့်စုံသွားသည့်နှယ်ပါ။

"ကိုယ့်ကိုပေးတဲ့ ပန်းစည်းက ကြယ်စင်ဝယ်လာတာလား"

"မဟုတ်ပါဘူး . . . ဒေါက်တာဇေရဲထက်ပေးတဲ့ ပန်းစည်းပါ ဒေါက်တာ"

သူ့မျက်နှာတည်သွားရပါ၏။ 'ဇေရဲထက်' တဲ့လား။ လူရွယ် တန်းမှာ အတော်လေးသန့်ပြီး ကြည့်ကောင်းသည့်ရုပ်မျိုးပါပဲ။ ဝိန်း ကလေးတွေသဘောကျတတ်သည့် Model boy လို ရုပ်မျိုးမို့ ဒီမှာ လည်း နာမည်ကြီးနေသလိုမျိုးပါ။ ဒါဆိုရင်ဖြင့် 'ကြယ်စင်' ကရော အဲဒီလူနှင့် အတော်လေးများ ရင်းနှီးနေပြီလား။ ရင်ထဲမှသွားရချေပြီ။

"သူနဲ့ တော်တော်ခင်နေပြီလား"

"ဒီလိုပါပဲ"

ဒီလိုပါပဲတဲ့လား။ Canteen ထဲကို ဝင်နေပြီမို့ ဘာမှဆက် မပြောဖြစ်ပါ။ ကော်ဖီမှာပြီး စောင့်နေချိန်၌ ဝင်းထဲသို့ နောက်ဆုံးပေါ် ကားသစ်တစ်စီးဝင်လာလေ၏။ ဆေးရုံ Canteen က မှန်ချပ်များဖြင့် ကာထားသဖြင့် အပြင်ကို မြင်နေရသလို လင်းလင်းထင်းထင်း ရှိပါ သည်။ ကားပေါ်မှဆင်းလိုက်သည့်လူကြောင့် စိတ်ထဲတစ်မျိုးဖြစ်သွား ရပါ၏။

တကယ်ပဲ ဤဆေးရုံ၏ Star ဖြစ်နေပါရောလား။ တွေ့သမျှ ဆရာဝန်တွေ၊ သူနာပြုတွေဝိုင်း၊ သူ့ကို နှုတ်ဆက်နေကြတာလေး ခေါင်းညိတ်ပြရုံကလွဲပြီး နှုတ်မှစကားတစ်ခွန်းမပြောသည့် တေ့မိမင်း





သားပါပဲ။ ဘဝင်မြင့်တာလား, မာနကြီးတာလားမသိ။ မျက်နှာက တည်လွန်းနေလေ၏။

ခန္ဓာကိုယ်ကို မတ်မတ်ထားပြီး ပခုံးတန်းကာလျှောက်ဟန် က Style ရှိလွန်းပါသည်။ ယောကျ်ားတန်မဲ့ အသားက ဖြူစွတ် လွန်းလေ၏။ သူတို့ယောကျ်ားချည်း အမြင်မှာဖြင့် ရုပ်ခြောင့်သူဟု မှတ်ချက်ချရမည်သာ။

"ဒေါက်တာ"

"ဟင်!"

"ကော်ဖီရောက်နေပြီလေ၊ ပြီးရင် သွားကြမယ်"

"အင်း"

Coffee ဆိုင်အနီးမှ ဖြတ်လျှောက်သွားပါသည့် 'ဒေါက်တာ ဇေရဲထက်'က စိတ်ဝေါ်နိုးဆော်မှုကြောင့် ဆိုင်ထဲသို့ အမှတ်မထင် မျှော် ခဲ့ ကြည့်လိုက်ပါသည်။ 'အလို! . . . မိုးပြာရောင်မိန်းကလေးက ဆရာဝန်အသစ်လေးနှင့်အတူ တွဲထိုင်လို့ပါလား။ ဘယ်ယောကျ်ား ဆရာဝန်နှင့်မှ တရင်းတနှီးမရှိသည့် 'လင်းလက်ကြယ်စင်'က အခုတော့ ဖြင့် ထူးခြားနေလေပြီ။

ဘေးဘီကို သတိမထားမိဘဲ နှစ်ယောက်သား မျက်နှာချင်း ဆိုင်ကာ စကားတီးတိုးပြောနေတာပါလေ။ မျက်နှာထက်မှာ အပြုံး

နေလေးထင်နေသလို ဟို 'ဒေါက်တာကျော်စ' ကဖြင့် မျက်နှာရှုံ့လို ရယ်မောနေတာ မဟုတ်ပါလား။ ဆေးရုံအုပ်ကြီး 'ဒေါက်တာတုန်မြတ်' ပြောထား၍သာ ကြိုဆိုမှုပြုခဲ့ရတာပါ။ စိတ်ထဲမှာဖြင့် ဒီလူကို သိပ် မကြည်လင်ချင်ပါ။

မနာလိုသည်ဟု မထင်ပါနှင့်။ သူက ဆိုခဲ့စေပြီး အနေ တည်သူ မဟုတ်လား။ ဒါကြောင့်လည်း အနေမှန်ပြီး အေးအေးနေ တတ်သည့် 'လင်လင်းကြွယ်စင်' ကို အမျိုးသမီးဆရာဝန်တွေထဲမှာ သဘောကျနှစ်ခြိုက်ခဲ့မိတာပါ။ သို့သော်, သူက လူသိအောင် အထင်ကရမပြုတတ်သည့်အကျင့်ရှိပါ၏။

Operation ဝင်ရတိုင်း အရံဆရာဝန်ရွေးလျှင် အမြဲတမ်း 'လင်းလက်ကြွယ်စင်' ကို မပါမဖြစ်ပါစေရန် Schedule ဆွဲခိုင်းပါ သည်။ ကိုယ်တိုင်ထူးချွန်သူဖြစ်အောင် ကြိုးစားနေသလို သူ သဘော ကျနှစ်သက်သည့် မိန်းကလေးကိုလည်း ထူးချွန်ထက်မြက်စေချင်ပါ ၏။ ထိုသို့ အနားမှာရှိစေချင်သည့် 'လင်းလက်ကြွယ်စင်' ကို လုပ်ဖော် ကိုင်ဖက် အမျိုးသမီးဆရာဝန်အချင်းချင်းက မနာလိုဖြစ်နေကြတာ မဟုတ်ပါလား။

"ဟင်!"

ဆတ်ခနဲ လှည့်ကြည့်လိုက်ပါသည့် မျက်ဝန်းလက်လက်





လေးတစ်စုံနှင့် အကြည့်ဆုံသွားရပါ၏။ သူက ဖျတ်ခနဲ အကြည့်ကို ခဲ့ကာ ဆေးရုံထဲသို့ ဦးတည်လျက် ဆက်လျှောက်လိုက်မိလေသည်။ မြင်တယ်မဟုတ်လား၊ 'လင်းလက်ကြွယ်စင်' ... ကိုယ်တွေ့လိုက်တာ ကို သိတယ်ဆိုရင် ကျေနပ်ပါပြီ။

ဒီလောက် (၈) လကျော် နေ့စဉ်နှင့်အမျှ မြင်တွေ့နေရတောင် ပြီးရင်းနှီးနေသလိုမဟုတ်ပါဘဲ ခပ်စိမ်းစိမ်းပုံစံနဲ့သာ ဆက်နေဖြစ် ကြတာပါ။ သူနှင့် စကားအများဆုံးပြောခွင့်ရခဲ့သည့် မိန်းကလေးက သူမဟုတ်သည့် တခြားလူနှင့် အခုလို ကော်ဖီဆိုင်အတူထိုင်ဖြစ်ရ ဘယ်လို။

မျက်နှာက ရှိရင်းစွဲပုံစံထက် ပိုပြီးတင်းမာသွားရပါ၏။ Lift ဖြင့် တက်ခဲ့စဉ် ခပ်တင်းတင်းဖြစ်နေသည့် သူ့ကို နားနေခန်းမှ ဆရာ ဝန်တွေပါ ထပ်ပြီး မန္တတ်ဆက်ဝံ့တော့ပါလေ။ ထိုင်နေကျခုံမှာ ဝင် ထိုင်လိုက်ပြီး ဒီတစ်ပတ် အစီအစဉ်ဇယားကို လှန်လှောကြည့်လိုက် မိပါ၏။

ကြည့်စမ်း! ... ဒါက ဘာသဘောပါလဲ။ သူ စီစဉ်ထားသည့် အတိုင်း မဟုတ်ပါဘဲ သူမက သူ့အဖွဲ့ထဲမှာ ရှိမနေသလို ဟိုဒေါက်တာ ဦးဆောင်သည့် အဖွဲ့ထဲမှာမှ အများဆုံးပါနေတာတဲ့လား။ ဘယ်လို ဖြစ်ပြီး Schedule က လွဲနေရပါသလဲ။

"တောက်!"

မကျေမနပ်ဖြင့် တက်ခေါက်မိကာ ထရပ်လိုက်မိပါ၏။ မန်နေ ဂျာနှင့် သွားတွေ့ဖို့လိုနေပြီမို့ နားနေခန်းမှ ထွက်လိုက်ရလေသည်။ ဘယ်လိုလဲ 'ဇေရဲထက်' ... ပြိုင်ဘက်မရှိအောင် ကြိုးစားခဲ့ပါလျက် 'ကျော်ဇ' ဆိုသည့် ပြိုင်ဘက်ကား ပေါ်လာလေပြီ။

❑ ❑ ❑



## အခန်း (၅)

/

မန်နေဂျာလူငယ်က သူ့ကို အံ့ဩစွာဖြင့် မော့ကြည့်နေလေ ... ဘာလဲ ... ဒါလေးပြင်ရုံမျှဖြင့် အစီအစဉ်ပျက်စရာမှ မရှိတာလေ။ ...ယ်လိုဖြစ်ပြီး လက်ပေါက်ကပ်သည့် အဖြစ်မျိုးနှင့် ရင်ဆိုင်ကြုံတွေ့ ...နေပါသလဲ။ စိတ်တိုလိုက်တာနော်။

"လင်းလက်က နဂိုကတည်းက ကိုယ့် Group ထဲမှာ ...နေတာလေ၊ ဘယ်လိုဖြစ်ပြီး အခု Group ပြောင်းသွားရတာလဲ၊ ...ပတ်မှာ နှစ်ရက်ထဲပါမှတော့ ဘာများသင်ပေးလို့ရမှာလဲ"

"ရှာ"

"ကိုယ့်ထဲကို အနည်းဆုံးလေးရက်တော့ ဖြည့်ပေးပါ၊

ကိုသန့်ဇင်၊ အဲဒါမှဖြစ်မယ်''

မန်နေဂျာလေးက ခေါင်းကို တချင်းချင်းကုတ်ရင်း ဦးနှောက်

ခြောက်နေပုံပါ။ လတစ်လ၏အစရက်မှာကတည်းက ဒီလိုကမောက်

ကမတွေ ဖြစ်နေရင် ရှေ့ဆက် ဘယ်လိုလုပ်ရပါ့မလဲ။ မကျေနပ်

တို့က ရင်တွင်းမှ အုံကြွလာလေ၏။ ဒေါသမဖြစ်ရဲ။ ဖြစ်နေတာ

ရင်ထဲမှာ ပူလောင်လာတာ အမှန်ပါလေ။

''အဲဒါက ကျွန်တော် ပြန်ပြင်ပေးလို့မရဘူး ဒေါက်တာရဲ့

''ဘာဖြစ်လို့ မရတာလဲ''

''ဆေးရုံအုပ်ကြီးကိုယ်တိုင် ဒီတိုင်းခွဲခိုင်းထားတာမို့ပါ''

''ကောင်းပြီလေ၊ ဆေးရုံအုပ်ကြီးကို တိုက်ရိုက်ပြောရုံပဲပေ

''ဒေါက်တာ ... ဟို''

မန်နေဂျာလေးပြောမှာကို နားမထောင်တော့ဘဲ ရုံးခန်းထဲ

ခြေလှမ်းကျဲကြီးဖြင့် ထွက်လိုက်ပါသည်။ Phone ထုတ်ကာ 'ဒေါ

တာဘုန်းမြတ်' ၏ PA 'သရဖီ' ထံ phone ခေါ်လိုက်ပါ၏။ အလု

ရှုပ်နေတတ်သူမို့ ရုံး phone ကို မခေါ်ဘဲ ကိုယ်ပိုင် phone

ခေါ်ပေးမယ့် တော်တော်နှင့် မကိုင်ပါလေ။ ဒီနေ့ အဆင်မပြေပါလာ

''ဟယ်လို!''

''ကိုယ်ပါ၊ ဖေရဲထက်''





''ပြောပါ ဒေါက်တာ''

''ဆေးရုံအုပ်ကြီးရောက်လာပြီလား''

''အခုပဲ ရောက်နေပါပြီ ဒေါက်တာ''

"Ok! Thanks!"

ဆေးရုံအုပ်ကြီး၏ရုံးခန်းကလည်း ဒီအလွှာမှာပဲမို့ Lift က

ဒ်အထပ်မှာ ရပ်မှာပါ။ Corridor မှာ ဆက်လျှောက်လိုက်ပြီး Lift

ရှိရာသို့ ဆက်ခဲ့ပါသည်။ သူ သွားနေစဉ်မှာပင် Lift က ရပ်သွားပြီး

အတွင်းမှ ဆေးရုံအုပ်ကြီးနှင့်အတူ ရယ်ရယ်မောမောဖြင့် ပါလာသည်

က 'ဒေါက်တာကျော်ဇ' ဖြစ်နေလေ၏။ သူမကိုတော့ မတွေ့ရပါချေ။

"Morning ဒေါက်တာဖေရဲထက်"

"Morning ပါ ဆရာကြီး"

''ဘာများပြောစရာရှိလို့လဲ''

''ရုံးခန်းမှာ ပြောပါ့မယ်''

"Ok! ... လေ"

ရုံးခန်းရှိရာသို့ ဆက်လျှောက်နေပြီမို့ ဟိုဒေါက်တာက ကျန်

ရစ်ခဲ့လေတော့၏။ လူကြီးက ရှေ့ပြီး နှုတ်ဆက်လိုက်တာမို့ သူက

အလိုက်မသိသလို ဖြစ်သွားပါသည်။ အမှတ်လျှော့ပြန်ပါရောလား။

ရုံးခန်းတံခါးကို သူဖွင့်ပေးလိုက်စဉ် အထဲမှာ ရှိနေသည့် 'သရဖီ' က

ဆေးရုံအုပ်ကြီးကို မတ်တတ်ရပ်၍ ကြိုလိုက်လေသည်။

“ကိစ္စက ဘာများလဲ”

“Schedule ကို နည်းနည်းလောက် ပြင်စေချင်လို့ပါ”

“ဘာပြဿနာရှိလို့လဲ”

“လင်းလက်ကြယ်စင်က ကျွန်တော့် Group ထဲမှာ အမြဲပါတဲ့သူပါ၊ အခုတစ်ပတ်ကို နှစ်ရက်ပဲပါတော့ အဆင်မပြေဘူး ... အဲဒါ”

‘ဒေါက်တာဘုန်းမြတ်’ မသိမသာ သက်ပြင်းချလိုက်မိတော့၏။ ဘာမှမဖြစ်လောက်ဘူးဟု ယူဆပြီး ‘မောင်သန့်ဇင်’ ကို ပြောလိုက်ကာမှ ပြဿနာက စဖြစ်လေပြီ။ ဘယ်လိုဖြစ်ပြီး specialist မဟုတ်တဲ့ ဆရာဝန်မလေးကို လူချင်နေရပါသလဲ။ သိပ်အရေးမပါသည့် ဆရာဝန်မလေးမို့ အရံအနေဖြင့်သာ ဒီမှာခန့်ထားတာ မဟုတ်ပါလား။ အထူးသဖြင့် သမီးဖြစ်သူ ‘မေမီဘုန်းမြတ်’ အတွက် ရည်စူးထားမိသည့် ‘ဒေါက်တာဇေရဲထက်’ က တည်ငြိမ်နေလျက်မှ အခုတော့ လှုပ်ရှားမှုပြလေပြီ။

“Specialist မဟုတ်တဲ့ ဒေါက်တာလေးတွေကို အရံအဖြစ်ပဲ သုံးတာ မဟုတ်လား၊ ဒေါက်တာ၊ ဘယ် group ပဲ သုံးသုံး အဆင်ပြေမှာပါ”





“ကျွန်တော့်အတွက် အဆင်မပြေလို့ပါ၊ အန်ကယ်၊ လင်းလက်က ထက်မြက်တယ်၊ တည်ငြိမ်တယ်၊ အမှားအယွင်းမဖြစ်အောင် ဂရုစိုက်တတ်တယ်။ အခြားအငယ်တွေလို စိုးရိမ်ပူပန်ပြီး မလျှာတတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်အပြည့်ရှိတယ်၊ အဲဒါကြောင့် သူနဲ့တွဲပြီး operation ခန်းဝင်ရတာမို့ အဆင်ပြေရတာပါ”

အလိုလေး! ... မိမိပင် မမြင်ထားသည့် အချက်အလက်တွေကို တစ်ခုစီ ပြောသွားတာပါလား။ ဤဆရာဝန်က ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားပုံမျိုးမပြပါဘဲ သိပ်တည်ငြိမ်လွန်းလို့ သဘောကျခဲ့တာ မှားချေပြီ။ ဘယ်တုန်းကများ ဒီဆရာဝန်မလေးကို မျက်စိကျသွားတာပါလိမ့်။

တော်ရုံကိစ္စဖြင့် လာမတိုင်ပင်တတ်သည့် မိမိကိုမှ အခုလို လာပြောရဲတာပါလဲ။ အမှန်ဆို နောက်ထပ်ရောက်လာပါသည့် ဟိုဆရာဝန်လေးက ‘လင်းလက်ကြယ်စင်’ ကို မြင်မြင်ချင်း နှစ်သက်ပြနေတာမို့ အခုလို စီစဉ်ဖော်ဆိုက်မိတာလေ။ ချစ်ခြင်းကြောင့် ခံတိုမှုတွေ ပြနေပါရောလား၊ ‘မောင်ဇေရဲထက်’။

“အန်ကယ့်အတွက် ပြင်ဖို့ အခက်အခဲဖြစ်နေလို့လား”

“No! No! မဟုတ်ပါဘူး။ အမြဲတမ်း တစ် group တည်း ထားတော့ အချင်းချင်း မနာလိုသလို တီးတိုးပြောကြတယ်ဆိုပြီး

အန်ကယ့် PA က ပြောတာနဲ့ စိဝဉ့်လိုက်ရတာပါ"

"ကျွန်တော်က လောဘတကြီး တောင်းဆိုတာမျိုးမှ မဟုတ် တာ အန်ကယ်၊ တစ်ပတ်မှာ လေးရက်တည်း မျှတစွာ တောင်း တာပါ၊ Patient တွေ နှုတ်မှာလည်း 'လင်းလက်' နာမည်သတင် မွှေးတာ အန်ကယ်လည်း သိနေမှာပါ"

"အတော်သဘောကျနေပုံပဲ"

"ဟုတ်ကဲ့ ... ထက်နိုင်မယ့်သံလေးနဲ့ တတ်နိုင်သလောက် သွေးပေးရုံပါ အန်ကယ်"

"ဒီထက်မပိုဘူးဆိုပါတော့"

သူ နှုတ်ဆိတ်သွားရလေ၏။ မိဘချင်းရင်းနှီးပြီး ရော လာရသည့်သူနှင့် အရည်အချင်းကြောင့် အရွေးခံရပါသည့် 'ဒေါက်တ ကျော်ဇ' နှင့်က မတူပါလေ။ အများရှေ့မှာ ရှိသေသမှုဖြင့် ခေါ်တတ် ပြီး နှစ်ယောက်တည်းရှိလျှင်ဖြင့် 'အန်ကယ်' ဟုသာ ရင်းနှီးစွာ ခေါ် တတ်ပါ၏။ အခုတော့ဖြင့် ရင်းနှီးတာထက် ဘောင်ကျော်သည့်မှ တောင်းဆိုခြင်းတွေ ဖြစ်နေလေပြီ။

စိုးရိမ်နေရပြီကော။ သူ့အပေါ် duty ချိန်မှလွဲ၍ ခပ်ရှော ရှောင်နေတတ်ပါသည့် 'လင်းလက်' က ဟိုလူအပေါ်မှာဖြင့် ပိုး နေသည့်နှယ်ပါ။ တွယ်တာမှုတွေ မပြမိလို့လား။ ချိုချိုသာသာ





ပြောဆိုမိလို့များလား။ ရင်ထဲရှိတာကို လူမြင်အောင်မပြတတ်သည့် မျိုးသိပ်ကျင့်က လူကို ကောင်းကောင်း Lesson ပေးနေလေပြီ။

"ရင်းရင်းနှီးနှီးမေးလို့ရလို့ မေးတာပါ၊ မောင်ရဲထက်၊ ပြောနိုင်ဘူးလား"

"ဟုတ်ကဲ့ ... ပြောလို့ဖြစ်ပါတယ် အန်ကယ်၊ တွဲဖက် Junior ထဲမှာ သူ အတော်ဆုံးမို့ အသိအမှတ်မပြုဘဲ မနေနိုင်လို့ပါ"

"ပြီးတော့"

သူ့မျက်နှာ နွေးခနဲဖြစ်သွားရလေ၏။ ပြီးတော့ဆိုပြီး ကားဆက်စေချင်နေသည်ကို အန်ကယ်နှင့် ဆက်နွယ်ပြီး 'ဝိ'နှင့် ရင်းနှီးသင့်သလောက်ရှိခဲ့တာမို့ မျက်နှာတော့ အနည်းငယ် ပူမိတာ အမှန်ပါ။ မိဘတွေကအစ 'ဗို' အပေါ် စိတ်ပုံထားကြတာမို့ ဒ ဘာတစ်ခုမှ မငြင်းဆန်ဖြစ်ဘဲ ငြိမ်နေခဲ့မိတာလေ။

ဒီမှာ အလုပ်စဝင်ဖြစ်မှပဲ နှလုံးသားက သူ့ကို မှတ်နှိုး ထွားစေခဲ့တာပါ။ 'ဗို' အပေါ်မှာ ညီမလေးတစ်ယောက်ထက်ပိုပြီ သံယောဇဉ်မဖြစ်မိတာကို 'လင်းလက်ကြယ်စင်' ကြောင့် သိခွင့်ရခဲ့တာ ဖြစ်လေ၏။ အပြင်အဆင် ဖိုးရှိုးရှင်းရှင်းဖြင့် ချစ်စဖွယ်ဆွဲဆောင်မှုရှိ သည့် မိန်းကလေးက သူ့ဘဝအမှောင်ယံမှာ အလင်းပြခဲ့သည့် ကြယ် လေးတစ်စင်းပါပဲ။

"ဆက်ပြောလေ, မောင်ရဲထက်ရဲ့"

"ကျွန်တော် ဝန်ခံပါတယ်"

ဘုရားရေ! . . . ဝန်ခံသတဲ့လား။ 'ဗိ'နဲ့ပြင့် တရင်းတနှီး ရှိခဲ့ပြီး ချစ်တဲ့အရိပ်အယောင်မျိုး တစ်ချက်လေးမှမပြဘဲ ဣန္ဒြေဆည် နိုင်ခဲ့သည့် 'ဇေရဲထက်' တစ်ယောက် ဒီလို လင်းလက်နေသည့် ကြယ်လေးကို ဂရုပြုမိခဲ့သတဲ့။ အချစ်ဆိုတဲ့အရာကို ဒီဆရာဝန်မလေး နဲ့မှ သိခဲ့ရတယ်တဲ့လား။

"ဒါပေမဲ့ . . . ဒီ Schedule နဲ့တော့ မဆိုင်ပါဘူး။ ကျွန်တော် အလုပ်နဲ့ personal ကို ခွဲခြားတတ်ပါတယ် အန်ကယ်"

"သူ့သဘောကရော"

"ဗျာ"

"ဒီမနက်ဘဲ 'ဒေါက်တာကျော်ဇ' နဲ့ တွဲလာတယ်ဆိုပြီး ငြိုသုံ့သုံ့ကြားမိသလားလို့"

မျက်နှာ ကွက်ခနဲပျက်လေ၏။ ဒီလောက်လေးတောင်မှ မကြားချင်ဘူးလား။ သမီးဖြစ်သူ ဘယ်လောက်ထိချစ်ရကောင်း ပေမယ့် ဒီဆရာမလေးက ရိုးသားဖြူစင်သည့်အပြုံးလေးနှင့် မျက်ဝန်း တောက်တောက်လေ ရွှန်းလဲ့နေတာကိုက ပိုပြီး စွဲဆောင်နိုင်စွမ်း ပို၍မှန်း သိသာနေပါ၏။





သမီးက ငယ်သွေးနုနယ်ပျိုမြစ်သည့် ချစ်စရာအလှ . . . လင်းလက်ကြယ်စင်' ကဖြင့် ရင့်ကျက်တည်ငြိမ်သည့် အေးဆေး သည့်အလှမို့ တူကိုမတူတာ အမှန်ပါ။ သို့သော် Background တောင့်တင်းသည့်အခြေအနေက 'ဇေရဲထက်' ၏နှလုံးသားကို မကိုင် လှုပ်စေနိုင်ခဲ့ပေ။

"ဒေါက်တာကျော်ဇက ပွင့်လင်းဖော်ရွေတဲ့ character နဲ့လို့ပါ"

"အဲဒါမျိုးကို တချို့မိန်းကလေးတွေက သဘောကျတယ် ဆိုရင်ရော"

"အခြေအနေနဲ့အချိန်အခါက နိုင်လုံတဲ့သက်သေမျိုး ပြနိုင် ပါလိမ့်မယ် အန်ကယ်"

"ဖွဲက မသေးပါလား"

"ကျွန်တော် duty ဝင်လို့ရပါပြီလား, အန်ကယ်"

"ရပါပြီ မောင်ရဲ ဒီနေ့ Schedule တော့ ကိုယ်တိုင်ပဲ ပြင်လိုက်ပါ၊ နောက်ရက်တွေအတွက် မောင်သန့်ဇင်ကို ပြင်ခိုင်း လိုက်ပါ့မယ်"

"ကျေးဇူးပါ, အန်ကယ်"

Schedule စာရွက်ကိုင်လိုက်ပြီး အပြုံးယဲ့ယဲ့ဖြင့် ရုံခန်းထဲ

သူ ထွက်လာခဲ့ပါ၏။ ဒီလိုပဲဖြစ်ရမယ်လေ။ အနီးမှ ခဏတာဝေးပြီး ဟိုလူ့အနားရောက်သွားပေမယ့် ကိုယ့်မျက်စိရှေ့မှာပဲ အမြဲတစေရှိ ရမှာပါ 'လင်းလက်ကြယ်စင်'။ မှုတတာတွေ, မှန်ကန်တာတွေကို လောလောဆယ် ခေါင်းထဲမထည့်ချင်ပါ။ ကိုယ့်ဘေးမှာ မင်းရှိနေဖို့ က အဓိကပါပဲ။

"အလို! ... ကြယ်စင်က ကိုယ်နဲ့အတူ operation ခန်း ဝင်ရမှာပါလား"

"ဟင်! ... ဟုတ်လို့လား"

"ဒီမှာကြည့်လေ ... မနက် (၁၁) နာရီ မျက်စိခွဲရမယ့် patient list"

သူပြလိုက်သည့် စာရွက်ကို ယူကြည့်လိုက်မိ၏။ တကယ် ပင် အဖွဲ့သစ်ထဲမှာ သူမအမည်ပါနေသဖြင့် အံ့ဩမိသွားတာပါ။ တွဲ နေကျလူတွေ မဟုတ်သည့် group ထဲ အတူလိုက်ရမည်မို့ ရင်ထဲ စိုးရိမ်သွားရလေ၏။ 'ဒေါက်တာကျော' က မျက်စိနှင့်သက်ဆိုင် သည့် Oculist ဖြစ်ပြီး 'ဒေါက်တာစေရဲထက်' က Heart Specialist ပါပဲ။

နှလုံးခွဲစိတ်ရသည့်လူနာက အများဆုံးမို့ သူနှင့်အတူ အမြဲ တမ်း ကူပေးခဲ့တာက ကျွမ်းကျင်နေသလိုပါလေ။ အခုလို Brain





သူမ သိပ်မကျွမ်းကျင်သေးလို့ စိုးထိတ်တာပါပဲ။ အကူဆရာဝန်က ဦးယောက်မို့ တော်ပါသေးရဲ့။

"ဘာလဲ ... လန့်နေပြီလား"

"အင်း ... နည်းနည်းပေါ့"

"စောစော စောသေးတယ်။ ခွဲစိတ်ရမယ့် patient တွေဆီ ဝ်ရောက်လောက် Round ပြီး အားပေးစကားပြောရင်ကောင်းမလား"

"ကောင်းတာပေါ့ ဒေါက်တာ"

"ဒါဆို ခဏစောင့်ရအောင်"

စာရွက်ကို နံရံကပ် Whiteboard မှာ မကပ်ရသေးတာမို့ ူပင်ယူကာ Clip ဖြင့် ညှပ်လိုက်ပါ၏။ တစ်ပတ်စာ List ထဲမှာ ူမက သူ့ group ထဲ (၅) ရက်တောင် ပါနေပါလား။ ကံကြမ္မာက ူ့အပေါ် မျက်နှာသာပေးလေပြီဟု တွေးရင်း ပြုံးလိုက်ပါသည်။

ချိတ်မှာချိတ်ထားပါသည့် duty coat ကို ဝတ်လိုက်ပြီး သူမ ကို လှမ်းကြည့်လိုက်မိ၏။ ဘေးမှဆရာဝန်မလေးတွေနှင့် စကားပြော နေရင်း မှတ်တမ်းစာအုပ်မှာ ဖြည့်ရေးနေတာမို့ ဝေးကောင်းကောင်း ဖြင့် ကြည့်နေမိလေသည်။ လက်မှနာရီက မနက် (၉) နာရီခွဲသာ ရှိသေးသဖြင့် Round လှည့်ရန်အတွက် သူမကိုခေါ်ရန် အနားသို့ လျှောက်သွားလိုက်ပါ၏။

"ကြယ်စင်"

"ရှင်, ဒေါက်တာ"

"Shall we ?"

"ဟုတ်ကဲ့"

"လင်းလက်ကြယ်စင် ... ကိုယ်နဲ့အခုပဲ ခွဲခန်းဝင်ရမယ် မြန်မြန်လုပ်"

"ဟင်!"

"ဟာ! မဖြစ်နိုင်တာ၊ ကြယ်စင်က ကျွန်တော်နဲ့ eleven ဝင်ရမှာ၊ Schedule ထွက်ပြီးသား"

"အဲဒီ Schedule က မှားနေတယ်၊ အမှန်က ဒီမှာ၊ Hurry up !... လင်းလက်"

သူ့ကို မကျေနပ်သည့်အကြည့်ဖြင့် ကြည့်ရင်း ရပ်ကျန် သည့် 'ဒေါက်တာကျော်ဇေ' ကို ကျော်ခိုင်းလိုက်ပါ၏။ သူမက ထုံး အတိုင်း သူ့နောက်မှ အပြေးပါလာလေတော့သည်။

❑ ❑ ❑



## အခန်း (၆)

Operation မှ ထွက်ခဲ့ပြီ နေ့လယ် (၂) နာရီနီးပါးရှိနေလေ ထမင်းစားချိန်မို့ ဗိုက်ထဲမှာ ဆန္ဒပြနေပေမယ့် သူမ ဘာမှမပြော အလုပ်အချိန်ဇယားဆွဲတာ တစ်ကြိမ်တစ်ခါမှ မမှားခဲ့ပါဘဲ ဒီ ခါမှ ဘာကြောင့်မှားတာပါလိမ့်။ သန့်စင်ခန်းထဲ လက်ဆေးနေစဉ် သူမဘေးမှာ လာရပ်ရင်း ရှမ်းအိတ်ချွတ်ကာ လက်ဆေးနေ သည်။

"ကား ဘာဖြစ်လို့လဲ"

"ရှင်!"

"မနက်က ကားရပ်တဲ့နေရာမှာ မတွေ့လို့ မေးတာ"

မျက်နှာခပ်အမ်းအမ်းဖြစ်သွားရပါ၏။ သတိထားမိသတဲ့လား
ဘေးဘီကို ဂရုစိုက်လေ့မရှိပါဘဲ တည့်တည့်မတ်မတ်လျှောက်တတ်
ပါသည့် 'ဒေါက်တာဇေရဲထက်' က သူမ၏ကားဝါလေးကို သတိ
ထားပြီး မှတ်မိနေသတဲ့လေ။ အံ့ဩသွားတာမို့ သူ့ကို လှည့်ကြည့်
မိပေမယ့် မျက်နှာချင်းမဆိုင်ပါဘဲ လက်ကို ဆပ်ပြာရည်ဖြင့် နာ
ပွတ်ဆေးတာကိုသာ အာရုံစိုက်ပြုလုပ်နေလေသည်။

"မနက်က ဆေးရုံလာကာနီး ပျက်နေတာနဲ့ ..."

"ဒါနဲ့ပဲ ကားကြုံလိုက်စီးခဲ့တယ်ဆိုပါတော့လေ"

"ဟင်!"

ဆူတာလား။ ခနဲ့တာလား သေချာမသိပါဘဲ ဇဝေဇဝါဖြ
သွားစဉ် သူက သူမဘက်ကို ကျောပေး၍ ရပ်လိုက်လေ၏။ ရုတ်
ရက်မို့ ကြောင်သွားမိပေမယ့် ခွဲခန်းဝတ်စုံကြိုးကို သူမ ဖြေကာ ခ
ပေးလိုက်ပါသည်။ အသာတင်ထားပါသည့် သူမ၏ဝတ်စုံနှင့်အ
တွဲကိုင်လိုက်ပါ၏။

"လင်းလက်"

"ရှင်"

"တစ်ဦးတည်းသောသမီး မဟုတ်လား"

"ဟုတ်!"





"ဒါဆို ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်
တည်နိုင်ရမှာပေါ့။ သူတစ်ပါးကို မှီခိုချင်စိတ်ရှိတဲ့လူဟာ တဖြည်း
ဖြည်းနဲ့ ကိုယ့်မှာရှိတဲ့ ကိုယ်ပိုင်အစွမ်းအစတွေ နည်းပါးလာတတ်
တယ်၊ ကိုယ်က လင်းလက်ကို ခပ်မာမာပုံစံလေးနဲ့ပဲ အမြဲမြင်ချင်
တယ်၊ ကိုယ်ဆိုလိုတာ နားလည်တယ်မဟုတ်လား"

"ဟုတ်ကဲ့"

"ဒီဆေးရုံမှာပဲဖြစ်ဖြစ်၊ အပြင်မှာပဲဖြစ်ဖြစ်၊ ဝင်ငွေရှာနိုင်တဲ့
နောက်ခံ background ကောင်းတင်းတဲ့သူ၊ ရုပ်ရည်ပြေပြစ်တဲ့
ကျစ်! ... Perfect Life ပဲ ဆိုပါတော့လေ၊ အဲဒီလိုလူမျိုးကို
ကျပြီး ယိုင်ချင်တဲ့မိန်းမမျိုးက (100) မှာ (99) persents
က် ရှိလိမ့်မယ်။ ကိုယ်က လင်းလက်ကို ကျန်တဲ့ (1) persent
မိန်းကလေးပဲ ဖြစ်စေချင်လို့ပါ"

သူမ ပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ ခက်ဒီပင်
ကို ဒီလို စိတ်ရှည်ရှည်ဖြင့် မှာကြားမခဲ့ဖူးပါလေ။ စကားသိပ်ပြော
ရှိသည့်သူက အခုလို တရှည်တလျား ပြောနေရတယ်လို့။ မာန
ထိခိုက်စေတာမျိုးမဟုတ်ဘဲ သူဖြစ်စေ,မြင်စေချင်သည့် sample
ပြောနေပုံက အံ့ဩစရာပါလေ။

"လင်းက"

"ကိုယ်သိပါတယ်"

"ဟင်! ... ဘာကိုလဲ"

"လင်းလက်က ဘယ်သူ့ကိုမဆို ရိုးသားဖြူစင်စိတ်နှင့် ပြောဆိုဆက်ဆံတယ်ဆိုတာလေ"

"ဟုတ်ပါတယ်၊ မနက်က နောက်ကျနေတာကလည်း တစ်ကြောင်း၊ ဒေါက်တာကျော်ဇ လမ်းကြုံခေါ်တာကို အားနာမိတာကြောင့်လည်း ပါတာမို့ပါ"

"တစ်မနက်လေးနဲ့ အဲဒီလောက် ရင်းနှီးမှုမျိုး မရှိစေချင်ဘူး"

"ရှင်"

"လင်းလက်တို့သတင်းက ဆေးရုံအုပ်ကြီးရဲ့နားအထိ ပေါက်သွားတာ သိရဲ့လား"

"အို! ... လင်းတို့က ရိုးရိုးသားသား"

"ဒါက လင်းစိတ်ထဲ မြင်တာလေ၊ သူစိမ်းတွေက အဲဒီလို ဘယ်မြင်ပါ့မလဲ၊ မနေ့တစ်နေ့က ရောက်လာတဲ့ ဒေါက်တာနဲ့ တွဲထိုင်တာ မြင်ရုံနဲ့ လင်းလက်ကိုပဲ အများဆုံး ပြောကြမှာ"

သူမမျက်နှာ ရဲခနဲဖြစ်သွားရပါသည်။ တကယ်ပဲ ဆေးရုံအုပ်ကြီးပါ မြင်သွားလို့လား။ တစ်ချက်ကလေး အနေအထိုင်မှားမိတာနဲ့





မျက်နှာပျက်စရာ ဖြစ်ရလေပြီ။ သူကတော့ မဟုတ်ဘဲ လိမ်ပြောမည့်သူ မဖြစ်နိုင်ပါ။ မနက်က ဆေးရုံအုပ်ကြီးနှင့် စကားပြောချိန် အတော်ကြာပြီးမှ သူ ပြန်ရောက်လာတာ မဟုတ်လား။

"လင်းက ... လင်းက ... ဒေါက်တာ့ကိုပဲ မိတ်ဆွေလိုပဲ သဘောထားတာပါ"

"ကိုယ့်ကို"

"ဟုတ်ကဲ့"

"ကိုယ်နဲ့သူက တူမှမတူဘဲ လင်းလက်ရဲ့"

"ရှင်! ... ဘာလို့လဲ"

"ကိုယ်တို့ ဆုံခဲ့တာ တစ်နှစ်နီးပါး ရှိနေပြီလေ၊ ဒီလိုခွဲခန်း ဝင်ခဲ့တာ ဘယ်နှကြိမ်ရှိနေပြီလဲ၊ စဉ်းစားကြည့်ပါဦး၊ တရင်းတနှီးရှိခဲ့တာ ကိုယ်နဲ့လား၊ သူနဲ့လား"

သူမေးတာကို မဖြေနိုင်ဘဲ ရပ်နေမိစဉ် တခြားဆရာဝန်တွေ နာ့စ်တွေပါ ဝင်လာပြီမို့ သန့်စင်ခန်းထဲမှ ထွက်လိုက်ကြပါ၏။ ဘယ်လိုကြီးပါလိမ့်။ အစကတော့ လူကို ခပ်ကင်းကင်းနေပြီး မာနကြီးတစ်ခွဲသားနှင့်သူက အခုတော့ လူကို သူပိုင်သည့်အရပ်နှယ် အပိုင်ပြောနေတာပါလေ။

အပြင်မှာရှိနေပါသည့် Laundry ပို့မည့် Trolley ထက်ရှိ

ပုံးထဲသည့် ခွဲခန်းဝတ်စုံနှစ်စုံကို ထည့်ကာ အဖုံးပြန်ပိတ်လိုက်ပါ
နားချိန်ရှိ အစားအသောက်ခန်းမရှိရာဆီ Lift ဖြင့် ပြန်ဆင်းရမှာ
Lunch Time လွန်နေပြီမို့ ထမင်းစားနေသူတွေ ရှင်းမည်မှန်း သိ
ပါသည်။

"ည (၈) နာရီမှ duty ပြီးမှာ ... ကိုယ် ပြန်လိုက်ပို့
မယ်"

ဟော! ... စောစောကတော့ ဟိုဒေါက်တာ့ကားနဲ့ လိုက်
လို့ဆိုပြီး ပြောခဲ့တာက မိနစ်ပိုင်းမျှသာ ကြာသေးတာပါ။ အခု သူ့က
ဖြင့် လိုက်ရန် ခေါ်နေတာက ဘာသဘောပါလဲ။ မေးမိလျှင်လည်း
ကိုယ်နဲ့သူ မတူဘူးဆိုပြီး ပြောဦးမှာလေ။

"Yes or No တစ်ခုခုပြောမှပေါ့"

"လင်း, Taxi နဲ့ပဲ ပြန်ပါ့မယ်၊ သိပ်မမှောင်သေးတာ"

"စိတ်မချလို့ ပြန်ပို့မှာ ငြင်းစရာလား"

ကဲ! ... ပြောကို မပြောချင်တော့ပါဘူး။ စောစောကပဲ
ဒေါက်တာနှင့် ကားကြုံစီးတာကို ဆူသလိုပြောခဲ့တာမဟုတ်လား
ဘယ်လိုပါလိမ့်။ ခပ်စိမ်းစိမ်းနေပြီး အချိန်ကြာခဲ့တာ မမှတ်မိတော့
ထင်ပါရဲ့။ ထမင်းစားဆောင်မှာက ကိုယ်တိုင်ယူစနစ်မို့ Steel ဗန်း
ခွက်, အရည်ထည့်ရန် ခွက်တစ်ခု အပါအဝင် ဖွန်းခက်ရင်းတစ်





ရုံသာ ဖြစ်လေ၏။

သူက ရေသန့်ဗူးကြီးတစ်ဗူးကို စင်ထက်မှ လှမ်းယူကာ
Steel မတ်ခွက်နှစ်ခွက်ကိုပါ ယူလာလေ၏။ ထမင်းပန်းကန်ဗန်းကို
ယူစဉ် စားပွဲသန့်နေသည့်နေရာမှာ ရေရှုသွားထားနေသည့်သူကို
လှမ်းမြင်လိုက်ပါသည်။

"ကြယ်စင်"

"အမေ့!"

"ကိုယ့်ကိုတောင် မစောင့်ဘူး ... အတော်ဆာနေပြီလား"

"ဟုတ်ကဲ့"

"ဘာဟင်းနဲ့ စားမလဲဟင်၊ ကြက်သားလား၊ ငါးကြော်နှပ်
လား, ပုစွန်ထုပ်လား"

အသားဟင်းတွေချည်း ရွေးပြောလိုက်သည့် 'ဒေါက်တာ
ကျော်ဇ' ကြောင့် ပြုံးလိုက်မိ၏။ ခွဲစိတ်ချိန်မတူတာတောင်မှ Lunch
ချိန်အမီ အပြေးအလွှားရောက်လာတာပါလား။ ဟင်းအရင် ရွေးပြီးမှ
ထမင်းကို နောက်ဆုံးမှ ထည့်ရမှာပါ။ ဒီနေ့မှ ထမင်းစားဆောင်ရောက်
သည့်လူက သူမကို စောင့်ခံချင်နေတာကိုး။

"လင်းလက်ကြယ်စင်"

"ရှင်"

"လာလေ ... ဘာရပ်လုပ်နေတာလဲ"

အသားဟင်းပုံစံဟင်းအိုးတွေနားမှာ 'ဒေါက်တာကျော်
နှင့်အတူ ရပ်နေရမှ သူ လှမ်းခေါ်သည့်နေရာသို့ ရွှေ့လိုက်ရပါ
မျက်နှာတင်းသွားပါသည့် တစ်ယောက်ကို အားနာမိတာ မှန်ပေမ
အတူရောက်လာသည့်သူကို ရှောင်လို့ ဘယ်ရပါ့မလဲ။ ထပ်ကိုင်
ပါသည့် ဇန်းကို သူက တစ်ချက်လှမ်းယူလိုက်လေ၏။

ပြီးနောက် ပန်းဂေါ်ဖီကြော်၊ ချဉ်ပေါင်နှင့် မှိုစကြော်၊ မု
ခြောက်ထောင်းကြော်တို့ကို အနည်းငယ်စီ သူမကိုရော သူ့ဇန်းကို
အတူထည့်နေလေ၏။ အလို! ... သူမ အသီးအရွက်ကြိုက်တာ
မည်သို့များ သိနေတာပါလိမ့်။ တစ်စားပွဲတည်း အတူမစားတာတော
မှ သူမအကြိုက်ကို သိနေတာပေါ့လေ။

"အသားတော့ နည်းနည်းစားမှဖြစ်မယ်နော်"

သူ့ဘာသာသူ ဆုံးဖြတ်ကာ ငါးကြော်နှပ် နှစ်ကွင်းစီနှင့်
ပုစွန်အနည်းငယ်မျှ ခပ်ထည့်ပေးပြန်လေ၏။ ဟင်းရည်က ပဲဟင်း
မို့ မွှေ၍ ခပ်ထည့်လိုက်လေသည်။ အချိုပွဲအတွက် သစ်သီးတွေ
ထည့်ထားသည့် ဇန်းထဲမှ သီးမွှေးငှက်ပျောသီး ခပ်လတ်လတ်နှစ်လုံး
ကိုပါ ယူလိုက်လေ၏။

"သွားစို့"





ရှေ့မှတင်ထားရာ စားပွဲဆီ လျှောက်လာခဲ့စဉ် 'ဒေါက်တာ
ကျော်ဇ' ပါ သူမတို့နောက်မှ ပါလာလေ၏။ ဘာလဲ ...၊ အတူတူ
စားဦးမှာလား။ မနက်ကပဲ အတူတူ ထိုင်စိလို့ ပြဿနာပူပူနွေးနွေး
ဖြစ်ခဲ့ရသေးတာ။ အခုတစ်ခါပါ လိုက်ထိုင်လျှင်ဖြင့် သူ မျက်စိနောက်
တော့မှာ မဟုတ်လား။ စားပွဲထက် လင်ဗန်းတင်လိုက်စဉ် သူက
သူမ ထိုင်ရန် ခုံကို ဆွဲထုတ်ပေးလေသည်။

"ကိုယ်ထိုင်မယ်နော်"

ထင်သည့်အတိုင်းပင် သူမ၏မျက်နှာချင်းဆိုင်နေရာမှ ခုံကို
ဆွဲယူထိုင်လိုက်သည်က 'ဒေါက်တာကျော်ဇ' ပါပဲ။ စားပွဲတွေ
ဒီလောက်လွတ်နေပါလျက် ဘာသဘောနဲ့များ ဒီစားပွဲကို ရွေးထိုင်ရ
ပါသလဲ။ ပြဿနာကို မီးရှာချင်လို့ပဲလား။ စိတ်ထဲမှာ စိုးထိတ်သွား
ရတာ အမှန်ပါ။

"ဒီမှာထိုင်လို့ ဒေါက်တာ့အတွက် အနှောင့်အယှက်မဖြစ်
လောက်ပါဘူးနော်"

"ရပါတယ်"

သူက သူမ၏ညာဘက်နေရာမှခုံကို ဆွဲ၍ ထိုင်လိုက်ပါ၏
ရေပူးထဲမှ ရေငွဲ့ထည့်ကာ သူမရှေ့ ရွှေ့ပေးတာကိုကအစ ဂရုတစိုက်
လုပ်ပေးလေသည်။ တစ်ကြိမ်တစ်ခါမှ မလုပ်ဖူးသည့် လုပ်ရပ်တွေကို

လုပ်ပေးနေတာပါလား။ သူမ ထမင်းစားနေပေမယ့် သူတို့နှစ်ယော
က တစ်ယောက်ကိုတစ်ယောက် သတိထားကာ ကြည့်နေလေ

"Schedule ကို ချက်ချင်းပြောင်းနိုင်တာကိုကြည့်
ဆေးရုံအုပ်နဲ့ဒေါက်တာက အတော်ရင်းနှီးနေပုံပဲ"

"ဒီမှာ ဒေါက်တာကျော်ဇ ... Lunch နောက်ကျလို့ အ
လုပြီး စားနေတာမို့ အလုပ်ကိစ္စ မပြောချင်ပါနဲ့ ... Please !"

"ဒါဆို Personal တော့ ပြောလို့ရတယ် မဟုတ်လား"

ကြည့်! ... သဘောကောင်းပါသည်ဟု မြင်နေရပါသ
ဆရာဝန်က ဘယ်လိုဖြစ်ပြီး သူ့ကို ရန်ရှာချင်ရတာပါလိမ့်။ နေ
ထိုင်ရင်း သူမတော့ specialist နှစ်ဦးကြားမှာ ညပ်နေလေပြီ။ အ
ပြဿနာဖြစ်စေတာက ဒီဆရာဝန်နှစ်ယောက်နှင့် ရင်းနှီးမိသည့် သူမ
အပြစ်ကြောင့်ပါပဲ။

"ကြယ်စင်"

"စားပြီးရင် သွားကြစို့ လင်းလက်၊ ညနေမှာ Patie
နှစ်ယောက်ခွဲဖို့ ရှိတယ်၊ တစ်ယောက်က စက်ထည့်ပေးရမှာ
အရေးကြီးတယ်"

"ခဏလေး၊ ကြယ်စင်"

စားသောက်ပြီးပြီမို့ ထရပ်မိစဉ် သူမလက်ကို လှမ်းဆွဲ





လိုက်ရပါ၏။ လူရှင်းနေတာမို့ ဘယ်သူမှ မတွေ့နိုင်ပေမယ့် ဘေးမှာ
ဒေါက်တာဇေရဲထက်' တစ်ယောက်လုံး ရှိနေတာကို သတိမထားပါ
ဘာရှင်။ သူက မျက်မှောင်တွန့်ချိုးလျက် 'ဒေါက်တာကျော်ဇ' ကို
ခုနဲ့ ကြည့်လိုက်လေ၏။

"ဒီမှာဒေါက်တာ ... လူမြင်ကွင်းကြီးမှာ သိက္ခာကျစေမယ့်
လုပ်ရပ်မျိုး မလုပ်သင့်ဘူးဆိုတာ သိထားသင့်ပါတယ်"

"ကျွန်တော်ပြောစရာရှိတာကို ဒေါက်တာက ဘာကြောင့်
ပိတ်ပင်ချင်ရတာလဲ"

"ပြောစရာရှိတာ ရုံးခန်းထဲမှာပဲဖြစ်ဖြစ် အချိန်မရွေးပြောလို့
ရတာပဲ၊ ဒီလိုလက်ဆွဲတာတော့ မသင့်တော်ပါဘူး"

"ရုံးခန်းရောက်ရင်လည်း ဒီလိုပဲ နှောင့်ယှက်နေဦးမှာမှန်း
သိလို့ပေါ့"

"ဒေါက်တာ"

"ညနေ ကိုယ်နဲ့အတူပြန်မှာ မဟုတ်လား၊ ကြယ်စင်၊ အဲဒီ
တော့မှ ပြောတော့မယ်"

"လင်းလက်ကြယ်စင် duty က ညနေနဲ့မပြီးနိုင်ဘူး၊ ဒေါက်
တာကျော်ဇ"

"ဒါဆိုလည်း ပြီးတဲ့အချိန်ထိ စောင့်မယ်ဗျာ"

"သဘောလေ"

တစ်ယောက်နှင့်တစ်ယောက် စူးစိုက်ကြည့်နေကြပါသ
သူတို့နှစ်ဦးကြောင့် သူမ အတော်စိတ်ရှုပ်ရပါ၏။ Senior ဟု သ
မှတ်ထားရပါက သူ့ကိုသာ ရှေ့မှာ နံပါတ်စဉ်တပ်ပေးရမှာပါ ... ဒီ
သူ့စကားကို နားထောင်ပြီး လိုက်နာရမှာ မဟုတ်ပါလား။ သူ
သူမကို တမင်ရစ်စောင့်နေသဖြင့် လိုက်ခဲ့ရပါသည်။

ဖန်အပေတို့ကို Cleaning လုပ်သည့် စားပွဲထက် အ
တင်ထားခဲ့ရပါ၏။ ရင်ထဲမှာ ပွလိုက်တာနော် ... ဆေးလာကုပေးသ
ဆရာဝန်မလေးက Specialist နှစ်ယောက်ကို လှည့်စားနေပါသ
ဟူသည့် သတင်းဆိုးသာ ထွက်လာလျှင်ဖြင့် 'လင်းလက်ကြယ်
တစ်ယောက် ခေါင်းမဖော်ဝံ့တော့ပါလေ။

❑❑❑



## အခန်း (၇)

ကားကို အိမ်ရှေ့ဆင်ဝင်အောက်မှာ ထိုးရပ်လိုက်မိပါ၏။
ိုနံပြင်းပြင်းဖြင့် ဝင်လာသံကြောင့် အိမ်ထဲမှ မာဃီ ထွက်လာလေ
ည်။ ကားတံခါးကို အသံမြည်အောင် ပိတ်လိုက်ပြီး လှည့်လိုက်စဉ်
က တံခါးအဆင်သင့်ဖွင့်လျက် စောင့်နေလေပြီ။

"မာနီသားရဲ့ရင်ဘတ်ကို ဘယ်သူ မီးရှို့လိုက်သလဲ၊ ကိုဇေ"

"ကျစ်! ... အဲဒီတစ်ယောက် အနေအထိုင်မတတ်တာနဲ့
လိုဖြစ်ရတာပဲ မာဃီ။ သူသာ အရင်လို ခပ်ကင်းကင်းအေးအေး
တတ်ခဲ့ရင် အသစ်ရောက်လာတဲ့ ဒေါက်တာနဲ့ ပြဿနာရှုပ်စရာ
ိပါဘူး"

"Relax !... ကိုဇေ ဖြည်းဖြည်းပြောမှ မာဇီ နားလည်မှာ အဲဒီတစ်ယောက်ဆိုတာက ဘယ်သူလဲ"

"ဘယ်သူရှိမလဲ ... လင်းလက်ကြယ်စင်ပဲပေါ့"

"အင်း ... Go on"

"အရင်က အမျိုးသားဆရာဝန်တွေနဲ့ ဘယ်တစ်ယောက်နဲ့မှ တွဲသွားတွဲလာမရှိဘဲ ခပ်ကင်းကင်းနေခဲ့တာ၊ အလုပ်ကိစ္စထက် အပိုဘာဆိုဘာမှကို မပြောတာ၊ အခုတော့ ဟိုတစ်ယောက်နဲ့ ကား အတူစီး၊ ကော်ဖီအတူသောက်မှတော့ အပြောခံရတော့တာပေါ့"

"အဲဒီတော့"

တရှူးရှူးဖြစ်နေရာမှ သူ ရပ်သွားရပါ၏။ မာဇီက သူ့ကို လက်ပိုက်ကြည့်နေတာ မဟုတ်လား။ ဘာဆက်ပြောရမည်မှန်း စဉ်း စားမရဘဲ ဒေါသဖြစ်နေသည်ကို ထိန်းချုပ်လိုက်ရတာပါ။ ကြည့်ပါဦး ... ဒီမိန်းကလေးနှင့် ပတ်သက်လာလျှင် သူ့စိတ်ကို ထိန်းရခက်ခဲ ခဲ့တာပါလား။

လူကို စမြင်သည်နှင့် မျက်နှာလွှဲပြီး နေတတ်တာ၊ ကား အတူရပ်တာတောင်မှ ရှေ့က အရင်ဆင်းပြီး နှုတ်ဆက်အရောဝင်တာ မျိုး မလုပ်ဘဲ နောက်မှာ ချန်ရစ်တာ။ သူရွေးထားတဲ့ group ထဲ အမြဲပါဝင်တာကို တစ်ကြိမ်တစ်ခါမှ complain မတက်ပါဘဲ အလိုက်





နာခံခဲ့တာတို့က အဘယ်မျှ လိမ္မာပါးနပ်သည့် မိန်းကလေးပါ

အခုတော့ အသစ်ရောက်လာသည့် ဟိုဒေါက်တာက သူမ အားလုံးရှေ့မှာ ပိုင်စိုးပိုင်နင်း အမူအရာတွေ လုပ်ပြနေတာလေ။ ကောက်ဝတ်နေရာကို ကိုင်ရဲတဲ့ အဆင့်ထိ ရဲတင်းရပါသလား။ တောင် မတို့မထိဘဲ အလှကြည့်ထားခဲ့ပါသည့် ယမင်းရုပ်လေးကို အားမနာပါလားနော်။

"မောင်ဇေရဲထက်"

"ရှာ ... မာဇီ"

"လင်းလက်ကြယ်စင်ဆိုတာ သားရဲ့ Junior ပေါ့လေ"

"ဟုတ်ပါတယ်"

"တော်တော်လေးမှ လှရဲ့လား"

"လှတာပေါ့။ လှတာထက် ရင်အေးစေတဲ့ ချစ်စရာရုပ်ရည် မျိုး ပိုင်ဆိုင်ထားတာ၊ သွက်လွှတ်တက်ကြွတယ်၊ ထက်မြက်မှန်ကန် တယ်၊ အပြင်အဆင်ရှိသားတယ်၊ အနေအထိုင် အေးဆေးတယ်"

"ဒါကြောင့် သဘောကျတယ်ပေါ့လေ"

သူ ပြုံးလိုက်မိပါ၏။ ဒီမေးခွန်းကို အနက်ကယ့်ရှေ့မှာ တစ် ကြိမ် ဖြေခဲ့ရပြီး အခုတစ်ခါ မာဇီက ထပ်မေးပြန်ချေပြီ။ မိန်းကလေး

တွေနဲ့ ခပ်ကင်းကင်းနေတတ်သည့် 'ဖေရဲထက်' ကို လှုပ်လှုပ်ရှားရှား ဖြစ်စေခဲ့ပါသည့် စွမ်းဆောင်ရှင်က မင်းပါပဲ 'လင်းလက်ကြယ်စင်'။

"အစက ရိုးသားပါတယ်"

"အခုတော့ မရိုးမသားနိုင်တော့ဘူးလား"

"မာဃီ"

"မိုဒက်ဒီသိရင်တော့ ရင်ဘတ်စီတော့မှာပဲ"

"အန်ကယ်သိပါတယ်"

"ဘာရယ်"

"အန်ကယ်ကိုယ်တိုင် သိပြီးမေးလို့ ပြောဖြစ်သွားတာပါ မာဃီ"

"အဲဒီကလေးမလေးကိုရော ပြောပြီးပြီလား"

"ဟင့်အင်း"

မာဃီ သက်ပြင်းရှိုက်သံကို ကြားလိုက်ရပါ၏။ သူ့လိုပင် ရင်မောနေပြီလား။ တစ်ဆေးရုံတည်း အတူလုပ်နေရသည့် လုပ်ဖော် ကိုင်ဖက်ချင်း ရန်ဖြစ်တာမျိုး မရှိသင့်ပါ။ ဘယ်လိုဖြစ်ပြီးများ အဲဒီလူ ကိုမှ ရွေးမြင်မြင်ချင်း အလိုက်သင့်လုပ်ရပ်တွေ လုပ်ခွင့်ပေးလိုက်ရပါ သလဲ 'လင်းလက်ကြယ်စင်'။

"ဒါနဲ့များ ဒီလောက်အထိ ပျာယာခတ်ပြနေရတာလဲ"





"ကျွန်တော်က ဖွင့်ပြောဖို့ အစီအစဉ်မရှိသေးဘဲ စောင့်နေ ... ဒီအချိန်မှာမှ တိုက်တိုက်ဆိုင်ဆိုင် ပြိုင်ဘက်က ရုတ်တရက် ... လို့"

"အဲဒီလောက်တောင်မှ ကောင်မလေးက ဆွဲဆောင်အား ... ယ်ပေါ့"

"ယောကျ်ားတိုင်း မျက်စိကျအောင် ဆွဲဆောင်တာမျိုး ... တ်ပါဘူး မာဃီ၊ အနေတည်လွန်းလို့ ဘယ်သူမှ ရဲရဲမကပ်ဝံ့ကြပါ ... သူက လိုတာထက် ပိုပြောချင့်မရှိတဲ့ မိန်းကလေးပါ"

"နှာမည်ကိုက ဆန်းဆန်းလေးဖြစ်နေတာကိုး။ မိဘတွေက ... လှုပ်တယ်တဲ့လဲ"

"အမေတော့ မရှိတော့ဘူးတဲ့၊ အဖေက ဒေါက်တာလင်း ... င်ပါ"

"ဒေါက်တာလင်းနောင်၊ ကြားဖူးသလိုလိုပဲ၊ နေဦး ... သား ... ဒီရဲ့မိတ်ဆွေ ရှိတယ်လေ၊ ဦးသန်းအောင်၊ ဟုတ်ပါပြီ ... ကိုလင်း ... အောင်ရဲ့အမြွှာအစ်ကိုပဲ ဖြစ်မယ်"

"အမြွှာ"

"ဘာလဲ ... အမြွှာဆိုတာနဲ့ ပိုင်ဆိုင်ချင်စိတ်တွေ ပိုတိုး ... ပြီလား"

မာဇီ မျက်စောင်းခဲပြလိုက်တာနဲ့ သူ ပြုံးလိုက်ပါတယ်။ တကယ်
အမြွာမျိုးရိုးက ဆင်းသက်လာတာပေါ့လေ။ 'လင်း' ရယ်။ အစ
သမာဓိပိုးနည်းမျိုးနဲ့ ဣန္ဒြေရရစောင့်ကြည့်မိခဲ့ရုံလေးပါ။ ဒီလိုအလေ
သုံးဆယ်နဲ့ ပြေးလမ်းထဲ ဝင်လာရမယ်လို့ ဘယ်ထင်ထားပါ့မလဲ
ဟိုလူ့ကားနဲ့တော့ ကားကြွေ့စီးပြီး ကိုယ့်ကားနဲ့ကျ မလိုက်ချင်ဘူး
လာ။ ဒီလောက် အတန်တန်ကြိုမှာထားလျက်နဲ့မှ Taxi ဖြင့်
ဖြစ်အောင် ပြန်သွားတာ ဘာသဘောနဲ့ပါလဲ။ ရင်မောရပဲ 'လင်းလ
ကြယ်စင်'။

"မီရေ"

"ရှင် ... အစ်ကို"

"သား ပြန်ရောက်လာပြီလား"

"ဟုတ်ကဲ့ ဒက်ဒီ"

"ဗိုက်ထဲ နည်းနည်းဆာလာလို့ ဆင်းလာတာ၊ သား
တွေ ဘာများကျိတ်တိုင်ပင်နေတာလဲ၊ ပြန်ရောက်ရင် ရေမိုးချိုးမှပေ

"ဒီမှာလေ ... အစ်ကို့သားရဲ့ရင်ဘတ်ထဲက ကြ
ပြောနေတာ"

"ဟုတ်လား။ ဘာလဲ ... ဒေါက်တာဘုန်းမြတ်ဆီမှာ
သွားတောင်းပေးရတော့မယ်ပေါ့လေ ... ဟုတ်လား၊ သား"





"အာ ... မီ မဟုတ်ပါဘူး ဒက်ဒီရဲ့"

"ဟော! ... မီမဟုတ်ရင် ဘယ်သူလဲ"

"လင်းလက်ကြယ်စင်တဲ့ရှင်၊ သူ့ Junior ကို ပြောနေတာ"

"လင်းလက်ဆိုတော့ ကိုလင်းအောင်ရဲ့တူမများလား"

"အစစ်ပါပဲရှင်"

"ဟော!"

ဒက်ဒီပါ အံ့သြလေပြီ။ အပေါ်တက်ရေချိုးရန်ပြင်နေကာမှ
အဖေဖြစ်သူ ဆင်းလာပြီမို့ ညနေခင်းဆက်တီမှာပင် ဆက်ထိုင်နေရလေ
ပါ။ ဒက်ဒီ့မိတ်ဆွေရဲ့တူမမို့ ဒက်ဒီ့အကူအညီတော့ ရကောင်းပါရဲ့။
ကိုယ်တော့ ကိုယ်ပိုင်အစွမ်းအစကိုရော လူကြီးတွေရဲ့ Power ကိုပါ
သုံးနေမိပြီ 'လင်း' ရေ။

"ငါ့သားကတော့လေ ရှေ့မှာရှိနေတဲ့ ဒံပေါက်ကို အဆင်
သင့်မစားချင်ဘဲ သူများစားပွဲက ကြက်ဆီထမင်းကိုမှ မျက်စိကျရ
တယ်လို့"

"ဗျာ!"

"ဘာဖြစ်လို့လဲ အစ်ကို"

"ကိုလင်းအောင်မှာလည်း (၁၇/၁၈) အရွယ်လောက် သမီး
ရှိပါတယ်၊ ဒါပေမဲ့ ... ကျောင်းမပြီးသေးတဲ့ ကလေးမို့ စကားထဲ

သိပ်ထည့်မပြောဘူး။ တူမဖြစ်သူက ဆွေမျိုးထဲမှာ star ဆိုတော့ သိပ်အမွန်းတင်တာ''

''ဟိုလေ . . . ဒက်ဒီ member တွေထဲက လင်းကိုများ''

''တောင်းတာပေါ့ သားရေ''

''ဗျာ''

''ကိုလင်းအောင်က နဂိုကတည်းက ဖော်ရွေပြီး ပျော်ပျော် နေတတ်တော့ ဓသလို၊ နောက်သလိုမျိုးနဲ့ တူမကို မြန်းကြလေရဲ့ သူ့အစ်ကိုက သူနဲ့ မတူဘဲ အနေအေးတယ်၊ အပေါင်းအသင်းမိတ် ဆွေလည်း သိပ်မထားဘူး''

ဒက်ဒီပြောနေသည့်စကားတို့က သူ့ရင်ကို မှလောင်လာစေ ပါ၏။ မြန်းကြသတဲ့လား။ မင်းကို ပိုင်ဆိုင်ချင်တဲ့ ပြိုင်ဘက်တွေက များသည့်ထက် များနေပါရောလား။ မျက်စိရှေ့မြင်နေရပါသည့် ယမင်း ရုပ်လေး၏ 'ကကြိုး' ဆွဲသူ ပိုင်ရှင်က ဘယ်သူများ ဖြစ်နိုင်မှာတဲ့လဲ

''ဒီတော့ ဘာတဲ့လဲ''

''အတိအကျတော့ မဟုတ်သေးဘူး ထင်တာပဲ၊ ငယ်သူငယ် ချင်းရဲ့သားနဲ့ စိစဉ်ထားတာတော့ ရှိတယ်တဲ့''

သူ မျက်နှာကွက်ခနဲပျက်ကာ ရင်ဘတ်ထဲပင် အောင့်သွား ပါ၏။ ငယ်ငယ်ကတည်းက မြန်းခဲ့တာဆိုရင် ကလေးချင်းက ရင်း





ပြီသားပေါ့။ (၁၅၀၀) ရောက်အောင် (၅၂၈) တွေနဲ့ ဘယ်နှကြိမ် ရဲပတ်လို့ လွယ်လိုက်ပါမည်နည်း။ ဘယ်နနှစ်လောက်ကြာပြီး တွယ် တာတဲ့ သံယောဇဉ်မျိုး ရှိခဲ့ပါသလဲ။

''ဘာလဲ . . . အားလျော့သွားပြီလား''

''မဟုတ်ပါဘူး''

''ဆေးရုံမှာတင် ပြိုင်ဘက်ရှိတာ မဟုတ်ပါလား''

''ဘယ်လို . . . ဆေးရုံမှာလည်း ရှိတယ်ပေါ့လေ''

''ပြောလိုက်လေ သားရဲ့၊ ဘယ်သူတဲ့လဲ''

''ဒေါက်တာကျော်ဇေပါ၊ နောက်မှရောက်လာတဲ့ special-

ist''

''အားပါးပါး . . . ဖိုးသားရဲ့ပြိုင်ဘက်က Super ပါပဲလား''

''ဒက်ဒီ သိလို့လား''

''မသိဘဲနေမလား၊ ဒေါက်တာကျော်ဇေရဲ့မိဘမျိုးရိုးက ဒီတ် ကြွေတွေချည်းပဲဟာ၊ ကိုယ်ပိုင်ဆေးရုံတောင်နိုင်တာတောင်မှ experience ရအောင် ခဏဝင်လုပ်တာပဲဖြစ်လိမ့်မယ်၊ ဒေါက်တာ နွန်းရဲ့သားသမီးသုံးယောက်စလုံးက ဆရာဝန်တွေချည်းပဲ''

သူ သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်မိလေ၏။ ဒါကြောင့် ဆရာဝန်က ဘာကိုမှ မမှုသလို ဟန်ပန်မျိုး လုပ်ပြနေတာကိုး။

ဘာပဲဖြစ်ဖြစ် ကာယကံရှင်အပေါ်မှာပဲ အများဆုံးမူတည်နေတာပါလေ
ကိုယ်ပြောခဲ့သလို နောက်ခံအင်အားကိုတော့ မင်း လှမ်းမကြည့်နို
လောက်ပါဘူးနော်။

"လင်းမေမေက အဲဒီလို မြင်တတ်မှာလား"

"ဒက်ဒီပြောပြီးပြီလေ . . . ကိုလင်းအောင်အစ်ကိုက အ
နိုးပါတယ်လို့"

"ဒါဖြင့် လင်းရဲ့ခေါင်းတညိတ်က အဓိကကျတာပေ
ဟုတ်လား ဒက်ဒီ"

"(၄၀%) တော့ ဖြစ်လိမ့်မယ်"

"(၆၀%) က"

"သူ့အဖေ သဘောတူတဲ့ ကောင်လေးက ရထားမှာ
သားရဲ့"

သေစမ်း! . . . ဖြိုင်ပွဲမှာ အဝါကတ်အပြခံထားရသလို ခံ
ချက်နဲ့ပါလား။ ဘယ်လိုလဲ, လင်း . . . မင်းရဲ့ခေါင်းတစ်ညိတ်
အမှတ်တစ်ဝက်တောင် မရှိဘူးတဲ့လား။ နှလုံးသားရဲ့အလိုကျမဟု
ဘဲ ဦးနှောက်ရဲ့စေခိုင်းချက်ကိုသာ အဓိကထားပြီး ဘဝလက်တွဲ
ကို ရွေးချယ်မှာများလား 'လင်းလက်ကြယ်စင်'။

"သားအခြေအနေကရော"





"ဒီလိုပါပဲ"

"ဒီလောက် အချိန်ကြာနေတာတောင်မှ နည်းနည်းပါးပါး
တိုးတက်သေးဘူးလား"

"Senior နဲ့ Junior ဆိုတော့ ချဉ်းကပ်ရခက်တာ အမှန်ပဲ
ဒီ"

"ညံ့ပါ့ သားရာ ဒါနဲ့များ ဒေါက်တာကျော်ဇေက ပိုနီးကပ်နေ
တဲ့လား"

"သူက ယောရောရှိ ဆုပ်တတ်တာကိုး ဒက်ဒီရဲ့"

ဒက်ဒီက တဟားဟား ရယ်လေတော့၏။ ဘာကိုသဘော
လို့ပါလဲ။ အမှန်ဆို သားဖြစ်သူဘက်ကသာ လိုက်ပြောပေးရမှာ
အင်အားက နည်းလိုက်တာနော်။ ကိုယ့်ကိုယ်ကိုယ် ရင့်ကျက်
ည်ငြိမ်လှပြီဆိုပြီး အထက်ကြီးနဲ့နေတတ်ကျင့်ရှိသည့်လူက အခုတော့
များနေရအောင် ဘယ်လိုများ စွမ်းဆောင်နိုင်ခဲ့ပါသလဲ 'လင်း'။

"မှတ်ထား သားရဲ့၊ အချစ်မှာ ခပ်တည်တည်ကြီးနဲ့ ဟန်
ဆောင်ပြနေလို့ ဘာမှဖြစ်မလာဘူး။ မျက်နှာရှူးသင့်ရင်လည်း ရှူးပြ
ရတယ်၊ သူ့အကြိုက်ကိုကြည့်ပြီး လိုက်လျောတတ်မှပေါ့၊ ပန်း
ကြိုက်သလား၊ ဘာကြိုက်သလဲ တွေးကြည့်ပြီး လှုပ်ရှားလေ"

"လင်းက ပန်းမှ မကြိုက်တာ"

"လောကမှာ ပန်းမကြိုက်တဲ့ မိန်းမရယ်လို့ မရှိပါဘူး သ
ရယ်၊ မပန်ပေမယ့် အလှကြည့်တာတော့ ရှိမှာပါ၊ ဒါမှမဟု
Cosmatic တို့ Perfume တို့ကစပြီး Jewellery အထိ အဆင့်
တိုးပြီး စဉ်းစားကြည့်"

သူ ခေါင်းကိုသာ ခါပြလိုက်မိပါ၏။ ဒက်ဒီ့အကြံပြုချက်
လည်း အရာမထင်ပါလေ။ ပန်းပန်လေ့မရှိတာ၊ အလှပြင်တတ်တာ
မရှိတာ၊ ရေမွှေးနှင့် အမွှေးနံ့သာ သုံးလေ့မရှိတာ၊ (ရွှေ ငွေ ပတ္တမြ
နီလာ) စသည့် လက်ဝတ်လက်စားတို့ကို မက်မက်မောမောဝတ်ဆ
လေ့မရှိသည့် မိန်းကလေးကို သူ မည်သို့ ချဉ်းကပ်ရလွယ်ပါ့မည်နည်

❑ ❑ ❑



## အခန်း (၈)

Coffee ဆိုင်းမှာ ထိုင်စဉ်မှာပင် Phone သံမြည်လာသည်မို့
က်ဒီက သူ့မကို ဖုတ်ခနဲ ကြည့်လိုက်လေ၏။ အစားစားချိန်မှာ phone
ိုင်တာ မကြိုက်မှန်း သိသဖြင့် ထမကိုင်ဖြစ်ပါ။ တအောင့်အကြာ
ထံမြည်နေပြန်သဖြင့် သက်ပြင်းကျိတ်ရှိုက်လိုက်မိတော့သည်။ သူ
ာက်နေမှန်း သိနေသဖြင့် စိတ်ညစ်ရပါပဲ။

"စောစောစီးစီး ဘယ်သူနှောင့်ယှက်နေတာလဲ"

"Senior ခေါ်တာပါ ဒက်ဒီ"

"ဘာအတွက်နဲ့လဲ"

"လင်းရဲ့ကား ဝပ်ရှော့ပို့ထားတာကို သိလို့"

"အဲဒါဆို Taxi စီးပေါ့၊ ဘာများဆက်ခဲလို့လဲ၊ သူတစ်ပါး က အကူအညီကို လွယ်လွယ်မယူတတ်ဖို့ ဒက်ဒီပြောထားတာ မေ့ နေပြီလား"

"မမေ့ပါဘူး ဒက်ဒီ၊ အခုလည်း Taxi ကို ကြိုခေါ်ထား တယ်၊ အိမ်အထိ ဝင်ခေါ်မှာပါ"

"ဒါဆိုလည်း ပြတ်ပြတ်သားသား ပြောထားစမ်း။ ဘယ်နှ သူများအလုပ်ချိန်မှာ နှောင့်ယှက်ချင်ကြတာလဲ"

ဘုရားရေ! ... နောက်ထပ်ရောက်လာပါသည့် ကားဖြူ စီးကြောင့် အလန့်တကြားဖြစ်ကာ ခြေလှမ်းကို နောက်ဆုတ်လိုက် ချိန်, တိုက်ထဲမှ ဒက်ဒီ ထွက်လာလေတော့၏။ တစ်ယောက် ဘယ်လိုပြောရမည် မသိချိန် နောက်ထပ်တစ်ယောက်ပါ ရောက်လာ ပြီကိုး။ နင်တော့သေပြီ 'လင်းလက်ကြယ်စင်'။

"Good Morning, Doctor"

"အေး ... Morning"

"ကျွန်တော် ဖေရဲထက်ပါ"

"Morning ပါ အန်ကယ်၊ ကျွန်တော်ဒေါက်တာနေခွန် သားငယ်, ကျော်ဇေပါ"

"အင်း ... ဟုတ်ပါပြီ ဒါနဲ့ ဘာကိစ္စနဲ့ ရောက်လာကြတာလဲ"





"လင်းလက်ကို လာကြိုတာပါ"

"ကြယ်စင်ကို ဝင်ခေါ်တာပါ"

နှစ်ယောက်သား ပြိုင်တူပြောဖြစ်သွားတာမို့ ဒေါက်တာလင်း ခေါင် မျက်မှောင်တွန့်သွားရပါ၏။ သမီးဖြစ်သူကြောင့် ငယ်စဉ်က ညီးက 'လွှမ်း' မှလွဲပြီး အိမ်ကို ယောကျ်ားလေးသူငယ်ချင်းတွေ င်ထွက်လည်ပတ်လေ့ မရှိခဲ့ပါဘဲ ဒီအရွယ်ကျမှ ဘယ်လိုဖြစ်ရပါသလဲ။ အသက် (၂၄) နှစ်ကျော်ပြီမို့ သတိပေးလိုက်မိကာမှ အခုတော့ သမီး ဖြစ်သူက အပြိုင်အဆိုင်ကိုခေါ်လာပါရောလား။

"သမီး"

"လင်း, Taxi နဲ့ပဲ သွားမှာပါ ဒက်ဒီ"

ဒီလိုပဲဖြစ်ရမှာပေါ့။ တစ်ယောက်ရဲ့ကားပေါ် အတူလိုက်စီး ဖြင့် ကျန်တစ်ယောက်က ဘယ်ကျေနပ်ပါ့မလဲ။ တစ်ဦးကိုတစ်ဦး ကြည်သည့်နှယ် ဖြစ်နေပါသည့် လူငယ်နှစ်ဦးကို ကြည့်လျက် နား လည်နိုင်ပါ။ မိမိ၏သမီးက ရှိုးပြီး အေးလွန်းတာမို့ ဤသို့သော PK မျိုးတွေ မရှိနိုင်ဘူး ယူဆပြီး 'လွှမ်း' နဲ့ စိစဉ်ထားတာကို ရှေ့ ဆက်တိုးဖြစ်ခဲ့တာလေ။

မမှားလောက်ပါဘူး။ 'လွှမ်း' သာ သမီး၏အကျင့်စရိုက်ကို အစအဆုံး သိထားပြီး သည်းခံနိုင်မှာလေ။ သမီးကို Control

သွင်မည့်သူသက် ဘာမဆိုတိုင်ပင်ပြီး အပေးအယူမျှတသည့် စိတ်
ကိုယ်တူ ရွယ်တူမျိုးနှင့်သာ သင့်လျော်မည်ဟု ဆုံးဖြတ်ခဲ့တာ မဟုတ်
ပါလား။

"သမီးက Taxi နဲ့သွားမှာမို့ ဒေါက်တာတို့ဘာသာ သွားနို
ပါပြီ"

နှစ်ဦးသား ဘာပြောရမည်မှန်း မသိပါဘဲ မျက်နှာခပ်အမ်
အမ်းဖြစ်သွားကြလေ၏။ နှင်သည့်သဘောမျိုး သက်ရောက်နေသေ
ပြား ဒက်ဒီက ဒီစကားသာ ပြောရုံသာ ရှိတော့တာလေ။ ညကျမ
ဖြင့် အရေခံထိတော့မှာ အသေအချာပါပဲ။ ဒီအရွယ်အထိ အပြော
ထိအောင် မနေခဲ့ပါဘဲ ကိစ္စက ရှိချေပြီ။

"ကြယ်စင် အဆင်ပြေအောင်လို့ အခုလို ကြိုပို့လုပ်ပေးရ
တာပါ အန်ကယ်"

"ဒေါက်တာတို့စေတနာကို အန်ကယ်လည်း နားလည်
တယ်၊ သမီးကို သူတစ်ပါးအပေါ် မှီခိုစေချင်တဲ့အကျင့်မျိုးမရှိအော
အန်ကယ်ကိုယ်တိုင် သင်ပေးခဲ့တာမို့ပါ"

ကဲ! ... ဒက်ဒီက သူများတွေအပေါ် တင်စီးတာမျိုးတွေ
မရှိသလို အားနာတတ်တာမျိုးလည်း မရှိပါချေ။ ဒီလောက်ထိ ပြော
နေတာတောင်မှ နေရာမရွေ့အောင် နှစ်ယောက်သား ရပ်နေတုန်းပါပဲ





ယ်လိုဖြစ်ပြီး အငြိုင်အဆိုင်သဘောမျိုးနဲ့ သူမအနီးသို့ ရောက်လာ
ကြတာပါလိမ့်။

ကြိုမှာထားသည့် Taxi က ခြံထဲဝင်လာပြီမို့ ထိတ်ခနဲ
သာသွားရတာ အမှန်ပါ။ ပြေးပေါက်ရှာတွေ့သွားပါသည့် ကလေး
ယ် မျက်နှာထက် ဝင်းခနဲဖြစ်သွားရလေ၏။ ဒက်ဒီကို အကြည့်ဖြင့်
သက်ကာ Taxi ပေါ် အမြန်တက်လိုက်မိတော့သည်။ အနောက်မှာ
တွေဖြစ်ကျန်ရစ်မှန်းမသိအောင် လှည့်မကြည့်ဖြစ်တော့ပါ။ သူတို့
ဦးနှင့် အဝေးဆုံးသို့သာ ထွက်ပြေးလိုက်ချင်တာပါပဲ။ 'လင်းလက်
ယ်စင်'ကို မျက်နှာများသူဟု အများက မမြင်စေချင်ပါလေ။

"ဘယ်လိုဖြစ်လာတာလဲ"

Lift ထဲ ဝင်လိုက်စဉ်မှာပဲ 'ဒေါက်တာနီလာမျိုး' က လေသံ
ပေးလိုက်တာမို့ ခေါင်းကိုသာ အသာခါပြလိုက်ရပါ၏။ ဝင်းထဲသို့
သင့်နောက်ဆင့် ကားတန်းစီပြီး ဝင်လာတာ ... Lift ရှိရာဆီ
နာသုန်မှုန်ပြီး နှစ်ယောက်သား အမြန်လျှောက်လာကြသည်ကို။
ft ထဲ ဝင်စဉ် သူမကို ကျောပေးလျက် ရှေ့မှာ ရပ်နေတာမို့ စိတ်
ရယ်ချင်ချင်ပင် ဖြစ်သွားရပါသည်။

Lift က ရပ်သွားပြီမို့ နီလာနှင့်အတူ ထွက်လိုက်ပါ၏။
ရှေ့မှာ လျှောက်နေပါသည့် သူတို့နှစ်ဦးက ရုတ်တရက် ခြေလှမ်းရပ်

လိုက်ပြီး သူမကို မျက်နှာချင်းဆိုင်လိုက်လေသည်။ နီလာနှင့်သူမ
အထိတ်တလန့်ဖြင့် အာမေဋိတ်သံ ပြိုင်တူထွက်သွားရတာပါလေ

"အမေ့!"

"လင်းလက်"

"ကြယ်စင်"

"ရှင်!"

"ကိုယ်နဲ့ အေးအေးဆေးဆေး စကားပြောဖို့လိုပြီ"

ဟော! ... နှစ်ဦးသားပြောသည့်စကားက ဘယ်လိုဖြစ်
တိုက်ဆိုင်နေရပါသလဲ၊ 'နီလာ' က အံ့ဩနေရာမှ ပြုံးစိစိဖြစ်သွား
သူမလက်မောင်းကို ဖျတ်ခနဲ ဆွဲခေါ်လိုက်လေ၏။ အကျဉ်းအကျပ်
ရောက်နေသလိုဖြစ်နေတာမို့ သူမကို ကယ်ပေးချင်သလိုပါပဲ။

"လင်း"

"ဟင်"

"ဒါက ဘယ်လိုဖြစ်ရတာလဲ"

"မသိတော့ပါဘူး နီလာရယ် စိတ်ထဲ ရှုပ်နေတာပဲ သိတယ်

"ကြည့်လုပ်ဦးနော် ... နေရင်းထိုင်ရင်း လေ့နန်နှစ်မ
နင်းမိသလိုဖြစ်နေဦးမယ်၊ ငယ်ချစ်ဦးသာ သိလို့ကတော့ အပြေးရော
ချလာမှာ မလွဲဘူး"





'ငယ်ချစ်ဦး' ဟူသည့် အသုံးအနှုန်းက သူမရင်ထဲမှာ ကလိ
လိဖြင့် ရယ်ချင်တော့တာပါ။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်သည့်အနေ
ဖြင့် အကြမ်းဖျဉ်း ပြောထားသမျှ ယုံထားတာ မဟုတ်လား။ ဒီလို
ကောင်းဖြန့်ထားတာတောင်မှ သူတို့နှစ်ယောက်က နေရာမှာ ရပ်ဖို့
မှိုပါဘဲ ရှေ့ဆက်တိုးချင်ရတယ်လို့။

"ဖွင့်ပြောထားလို့လား"

"ဘာကိုလဲ"

"ဒေါက်တာတွေကို ပြောတာလေ"

"ဘယ်ကသာ ... လင်းရဲ့ကားပျက်နေတာကို ကူညီချင်
တာနဲ့ လုပြောသလိုဖြစ်နေတာပါ"

"ဒါလည်း ရိုးရိုးသားသားလို့ ပြောချင်တာပဲလား"

"ဒါပေါ့ ... အဲဒီလို မပြောလို့ ဘယ်လိုပြောရမှာလဲ"

"နီလာတော့ မထင်ဘူးနော်၊ အမြင်က အရှင်းကြီးပဲ"

"ဘာကိုမြင်နေတာလဲ ... ဒီမနက် Round လှည့်ရင် ဘယ်
group မှာပါလဲ ကြည့်ပါဦး"

"မေးနေစရာလိုလို့လား။ မသိတာ ကျနေတာပဲ"

White board မှာ ကပ်ထားပါသည့် Schedule ကို
ကြည့်နေမိစဉ် သူတို့နှစ်ဦးဝင်လာပြီမို့ နေရာမှာ ပြန်ထိုင်ရန် ရွှေ့လိုက်

ပါ၏။ ရုံးခန်းထဲမှာရို နှစ်ယောက်သား ဘာမှမပြောပါဘဲ မနေ့က
ပြီးသွားပါသည့် ဆေးကုသ List ကို စစ်နေကြလေသည်။ ဒီနေ့
ခွဲလူနာ သိပ်မရှိတာမို့ ရင်အေးသွားတာ အမှန်ပါ။

"ခေါက်! ... ခေါက်!"

တံခါးခေါက်သံသဲ့သဲ့ကြောင့် အားလုံး၏ အာရုံက တံခါးဆီ
သို့ ရောက်သွားပါ၏။ ခပ်ဟဟပွင့်သွားပါသည့် တံခါးဝမှာ ချစ်စဖွယ်
အပြုံးလေးနှင့် လာရပ်လိုက်သည့် မိန်းကလေးကြောင့် အံ့ဩသွားကြ
တာပါလေ။ ကောင်မလေးက အပြုံးချိုချိုလေးဖြင့် ရုံးခန်းတွင်းသို့
ဝင်လာကာ သူရှိနေပါသည့် စားပွဲထက် လက်အသာထောက်လိုက်
လေ၏။

"ကိုကို"

"ဗီ"

"မှတ်မိလို့ တော်သေးတာပေါ့"

သူ့မျက်နှာ တစ်မျိုးလေးဖြစ်သွားလေ၏။ 'ဗီ' ဆိုတော့
ဆေးရုံကြီး၏တစ်ဦးတည်းသော သမီးမှန်း၊ သူမ သိလိုက်ပါသည်။
အဖေရှိနေပါသည့် ဒီဆေးရုံကို တော်တော်နှင့် မလာတတ်သည့်
သူဌေးသမီးက ဘာသတင်းတွေများရလို့ ရုတ်တရက်ရောက်လာတာ
ပါလိမ့်။



"အသစ်ရောက်လာတဲ့ Specialist ဆိုတာရော"

"ကိုယ်ပါ"

'ဒေါက်တာကျော်ဇ' ကတော့ ထုံးစံအတိုင်း မော်ရွှေစွာဖြင့်
...နှုတ်ဆက်လိုက်လေ၏။ ရယ်ရယ်မောမောဖြင့် ပြောဆိုရင်းမှ
...ရုံရာဘက်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်သည်က 'မေဓီတုန်းဖြတ်'
... Round လှည့်ချိန်ရောက်နေပြီမို့ 'နီလာ'နှင့်အတူ ထရပ်လိုက်
... သူပါ ဖျတ်ခနဲ ရပ်လိုက်လေသည်။

"Sorry, ဗီ ... ကိုယ် duty ရှိသေးလို့ပါ"

"Ok ! ...... ဗီ နားလည်ပါတယ်"

အထူးကုဆရာဝန်က ရှေ့မှ မထွက်ပါဘဲ သူမတို့ Junior
...ဝက ရယ်ရယ်မောမောဖြင့် အရင်ထွက်လိုက်သဖြင့် ခြေသံမြန်
...ည့် အသံက နောက်မှ လိုက်နေရလေ၏။ စိတ်ထဲ ဘယ်လိုမှ မရှိ
...မို့ ပေါ့ပေါ့ပါးပါးဖြင့် 'နီလာ'နှင့်အတူ ရယ်စရာတွေ ပြောပြီး
...ယ်နေမိတာ အမှန်ပါ။

ဒီလိုနဲ့ တစ်ရက်တာကို ကုန်ဆုံးရပြီးမှာပါပဲ။ Daddy ထံမှ
message ရောက်လာတာမို့ ရုံးခန်းထဲပြန်ရောက်စဉ် phone ဖွင့်
...ည့်ပြီး message ပြန်ပို့လိုက်ပါသည်။ ယနေ့ duty စောစော ပြီးမည်
...။ ညနေ (၅) နာရီခွဲတစ်ခေါက် Round ပြီးသည်နှင့် ပြန်ရန်

ပြင်လိုက်ပြီး သူတို့နှစ်ယောက်ရှေ့မှ သူမ ကြိုပြီးဆင်းခဲ့မိလေ၏

Lift ထဲမှ ထွက်လိုက်ပြီး Lobby ထဲမှ ပုံမှန်ခြေလှမ်း ထွက်ခဲ့စဉ် portico အောက်မှာ ရပ်လိုက်ပါသည့် နီးပြာရောင် ကားသစ်လေးကြောင့် ခြေလှမ်းက တုံ့ခနဲဖြစ်သွားရလေသည်။ က ပေါ်မှ အတော်ကြည့်ကောင်းနေပုံရနေပါသည့် လူရွယ်က ဆင်းလာ ကားတံခါးကို ဆွဲဖွင့်ပေးလိုက်လေ၏။

ဘုရားရေ! ... ဒါ ... ဒါ ... 'လွှမ်း' များလား။

"ဘယ်သူ"

"ဟောဗျာ! ... မင်းရဲ့ First Love ကိုတောင် မမှ မိတော့အောင် အတိတ်မေ့သွားပြီလား၊ Twinkle ...Twinkle Lit Star ရယ်"

"လွှမ်း"

"အမှန်ပါပဲ"

သူမ အံ့ဩမှင်တက်နေမိစဉ်မှာပင် 'လွှမ်း' က သူမလက် ကို ဆွဲလျက် ကားပေါ်တက်စေလေ၏။ နောက်မှာ ကျန်ရစ်ခဲ့သ ဆရာဝန်အုပ်စုထဲမှ ခပ်ရူးရူးအကြည့်နှင့် လူနှစ်ဦးကိုတော့ သူ လှည့်မကြည့်ဖြစ်ခဲ့ပါလေ။

❑ ❑ ❑



*

အမှန်တော့ "လ" ဆိုတာ ကိုယ်ပိုင်အလင်းရောင် မရှိတဲ့ ကြယ်တစ်ခုပါ။"

သို့သော် ...

"လင်းလက်ကြယ်စင်" ရဲ့ဘဝတစ်ခုလုံးကို တစ် သက်တာ ဖုံးလွှမ်းအုပ်မိုးထားသည့်သူက "လွှမ်း လရောင်" ဖြစ်နေတာ ဘာကြောင့်များပါလဲ။

## အခန်း (၉)

မျက်လုံးဖွင့်လိုက်စဉ် အမြင်မှာ မှိုးစင်စင်လင်းနေလေ၏ အခန်းကာဝ်လျက်မှာရှိနေတာမို့ ဟိုဘက်အခန်းမှာ သူမ ရှိနေမှန် သူ သိနေပါသည့် . . . ရင်တွေ အရမ်းခုန်နေပါရောလား။ အသာနား စွင့်နေမိပေမယ့် ဘာလှုပ်ရှားသံမှ မကြားရတာမို့ ဖက်လုံးခေါင်းအုံးကို ပိုက်ရင်း ခုတင်ထက်မှာ ဆတ်ခနဲထထိုင်လိုက်မိလေ၏။

ခုတင်ဘေးစားပွဲပေါ်တင်ထားသည့် phone ကိုယူကြည့်မိ စဉ် နံနက် (၆) နာရီကျော်နေလေပြီ။ ဆေးရုံသွားရမှာတောင် သူမ မနိုးသေးဘူးလား။ အိပ်ရာပြောင်းအိပ်လို့လား (ဒါမှမဟုတ်) သူမကို တွေ့ချင်စိတ်ဖြင့် အပြေးရောက်လာခဲ့လို့များလား။ သေချာမဝေခွဲနိုင်ဘဲ





စ်ညလုံး ကောင်းကောင်းအိပ်၍မပျော်ခဲ့ပါချေ။

အဘယ်မှူ ထူးဆန်းတဲ့ဖြစ်ရပ်ပါလဲ။ အမေချင်း ငယ်သူငယ် င်းတွေမို့ ကလေးတွေဖြစ်ကြသည့် သူနှင့်သူမကို ငယ်စဉ်ကတည်း က မြန်းခဲ့ကြတာလေ။ ကလေးဘဝကတည်းက သိခွင့်ရခဲ့သည့်ကိုစွမ့် ပြောင်အပျက်ဟူ၍ သဘောမထားဖြစ်ခဲ့။ ဒီမျက်လုံးဝိုင်းဝိုင်းတောက် တောက်လေး။ ဒီပါးဖောင်းဖောင်းလေး။ ဒီနှာတံချွန်ချွန်လေး။ ဒီနုတ် မ်းဖူးပန်းသွေးရောင်လေးနှင့် ဆံပင်စင်းစင်းလေးဖြင့် ချစ်စရာကောင် လေးကို 'ငါပိုင်သည်' ဟူသည့် ခံယူချက်ကို ယုံကြည်မွေ့ပိုက်ထား ခဲ့မိတာပါ။

အလယ်တန်းနှစ်လောက်မှာ ဖာတိကနေ သူမတို့မိသားစု ပြောင်းသွားစဉ်က သူ အဘယ်မျှ အထီးကျန်ခဲ့ရပါသလဲ။ သူ့ကို အသိမပေးပါဘဲ ရုတ်တရက် ပျောက်သွားတာမို့ လွမ်းနာကျပြီး အိပ်ရာ ထဲ လဲခဲ့ရတာ သူပါပဲ။ တစ်ပတ်ကျော် (၁၀) ရက်လောက် ဖျားခဲ့တာ ကြောင့် ဆွေမျိုးတွေကဖြင့် ဆေးမဲ့ကျော်သက် 'လွမ်းလရောင်' ကို သေနားကြဘဲ ရယ်ခဲ့ကြတာလေ။

''အဲဒီလောက်တောင်မှ 'လင်းလက်ကြယ်စင်' အပေါ် ချစ်ရသလားတဲ့'' လေ။ ရင်ခုန်ဖက်အဖြစ် ရှိခဲ့ပေမယ့် ငယ်တုန်းအရွယ် နဲ့ သူငယ်ချင်းအဖြစ် ပေါင်းခဲ့ရပြီး သူမအပေါ် မိုလ်ကျအနိုင်ယူကျင့်

သာ အများဆုံးရှိခဲ့တာပါ။ သူက နဂိုကတည်းက ခပ်ဂျစ်ဂျစ်ကော
လေးပင် မဟုတ်ပါလား။ ဒီတော့လည်း ဆိုးလက်စနှင့် မင်းအ
ဆက်ဆိုးမိခဲ့တာပါနော်။

အခန်းထဲမှမထွက်ခင် မျက်နှာသစ်, သွားတိုက်ပြီး ရေ
တစ်ခါတည်းချိုးကာ ခပ်လတ်လတ်ဝတ်စုံကို ဝတ်လိုက်ပါ၏။ အလု
မသွားဖြစ်သေးတာမို့ T-shirt နှင့် Quarter ဂျင်းဘောင်းဘီကို
မှုပ်မှုပ်လေး ရွေးဝတ်လိုက်တာပါ။ သူမရော အိမ်မှာနေလျှင် မည်
ဝတ်တတ်ပါသလဲဟု စိတ်ထဲမှ တွေးလိုက်မိလေ၏။

"ဒေါက်! ... ဒေါက်!"

ဘေးခန်းကို တံခါးခေါက်သံပေးပေးမယ့် ဘာသံမှ မကြာ
ပါချေ။ ဘာလဲ ... ခုထိမနိုးသေးတာများလား။ ဒါမှမဟုတ် နိုးပြီး
ပဲ အောက်ထပ်ကို ရောက်နေတာများလား။ စိတ်ထဲ မတင်မကျဖြ
နေသဖြင့် နောက်ထပ်တစ်ကြိမ် တံခါးထပ်ခေါက်ရန် ပြင်လိုက်
သူမ အခန်းတံခါးက ဖျတ်ခနဲ ပွင့်သွားသဖြင့် လန့်သွားရလေသည်

"ဘာလဲ"

"Morning!"

"မ Morning ဘူး။ လာမနှောင့်ယှက်နဲ့"

မျက်စိပွတ်ကာ အိပ်ချင်မူးတူးဖြင့် တံခါးလာဖွင့်သည့် သူ





ကြည့်၍ သူ ရယ်လိုက်မိပါ၏။ ဆံပင်ကို သေချာမဖြီးရသေးတာ
မှုပ်မှုပ်ဖြစ်နေသလို ညအိပ်ဝတ်စုံပန်းရောင်လေးက အဘယ်မျှ
လေးဆန်လွန်းသည့် အလှပါလဲ။ မျက်နှာမသစ်ရသေးတာတောင်
တော်ကြည့်ကောင်းနေပါသည့် အလှပိုင်ရှင်မလေးပါလား။

"ဟာ! ... ဆေးရုံမသွားရဘူးလား"

"ငါ့ဘာသာ သွားသွား, မသွားသွား နင့်အပူလား"

"ပူရတာပေါ့။ အိမ်ရှင်မဖြစ်လာမယ့် သူက ဒီလိုအပျင်းတွေ
ကြီး လုပ်နေလို့ ဘယ်ဖြစ်ပါ့မလဲ"

"ကျစ်! ... ဒီနေ့ Night dury ဆင်းရမှာဟဲ့! ...
လိုက်မသိကောင်းရဲ့၊ စောစောစီးစီး အရှုပ်ထုပ်ပဲကွာ"

သူမက တံခါးပြန်ပိတ်စဉ် သူက ပိတ်လို့မရအောင် ခြေထိုး
၍ ခံလိုက်ပါ၏။ သူမက အမှုမထားပါဘဲ ခုတင်ရှိရာဆီ ပြန်သွားကာ
အိပ်ရာထဲ ပြန်ပစ်လှဲချအိပ်လိုက်ပြန်လေသည်။ အဝါကြိုက်သည့်
မွေမင်းသမီး၏အခန်းက အဝါဖျော့ဖျော့တို့ဖြင့် မျက်စိကို အေးနေတာ
ပါလေ။

"လင်း"

"..."

"လင်း!"

"ဘာလဲဟာ ... ဘယ်လိုဖြစ်နေလဲ"

"Breakfast စားရအောင်လေ ... ငါ ဗိုက်ဆာနေပြီဟ

"အဲဒါ သွားစားပါလား၊ ကောင်မလေးတွေ ပြင်ပေးထ မယ်"

"ကောင်မလေးတွေ ပြင်ပေးတာ စားချင်မှတော့ နင့် လာနှိုးမှာလား၊ ထပါကွာ ... လင်းက လိမ္မာပါတယ်"

"မလိမ္မာချင်ဘူး၊ Night ဆင်းဖို့ အားမွေးရပါမယ်ဆို ... လာမရှုပ်နဲ့"

"တကယ်မထဘူးလား"

"မထဘူး"

"ငါ ပွေ့ခေါ်ရမလား"

မျက်လုံးတို့ ဖျတ်ခနဲပွင့်သွားလေ၏။ သူမ လှဲနေပါသည့် ခုတင်ထက်နေရာလွတ်မှာ တက်ထိုင်လျက် လှဲချလိုက်တာမို့ လန့်သွား သလိုပါပဲ၊ အပျိုစင်လေး၏အိပ်ရာထက်မှ ခပ်သင်းသင်းရနံ့ကို ရှူရှိုက် လိုက်ရသဖြင့် သူ့မျက်နှာထက်မှာ အပြုံးတို့ လှစ်ခနဲ ပေါ်လာလေ တော့သည်။

"လွှမ်း!"

"ပြော"





"ကျစ်! ... ဒါ ဘာလုပ်တာလဲ"

"ဘာလုပ်မိလို့လဲ"

ငုတ်တုတ်ထထိုင်ကာ အော်နေပြီမို့ သူမ မထမဖြစ် ထရပြီ နဲ့ သိလိုက်ပါ၏။ သိတယ်မဟုတ်လား။ 'လွှမ်းလရောင်' က လိုချင် ဘာကို မဖြစ်ဖြစ်အောင် လုပ်ပြီး ယူတတ်ကျင့် ရှိပါတယ်လို့၊ သူမက မကျေမနပ်သည့်အကြည့်ဖြင့် သူ့ကို စူးခနဲ ကြည့်လိုက်လေ၏။

"ဒီမှာ လာလှဲရောလား၊ ခုဖယ်ပေး"

"လှဲတော့ ဘာဖြစ်လဲ"

"သင့်,မသင့် ချင့်ချိန်မှပေါ့"

"အဲဒီတော့"

"နင်နော်"

"ရော်! ... ကိုယ် ဘာများလုပ်သေးလို့လဲ၊ စိုးရိမ်တတ်ငန်း ကော"

"တစ်ယောက်ယောက်မြင်သွားလို့ ဘယ်ကောင်းမှာလဲ"

"ဒက်ဒီလား"

"ဒက်ဒီဖြစ်ဖြစ်၊ ရွှေဝါနဲ့ သက်သက်ပဲဖြစ်ဖြစ်"

"မြင်တော့ ဘာဖြစ်လဲ"

"လွှမ်း!"

"အားပါး! ... ငါ့နားတော့ ကန်းတော့မှာပဲ၊ ဘယ်လိုဖြ
ပြီး အသကုန်အော်နေတာလဲ၊ အဲဒီလောက် ခေါ်ချင်နေတာလား"

"နင်နော် ... ငါ စိတ်တိုလာပြီ"

"တိုရင် ဆွဲဆန့်ပေးမယ်လေ"

"ကဲ!"

"ဟာ! မလုပ်နဲ့လေ ... လင်း!"

စိတ်တိုလာသဖြင့် သူ့ကို ခုတင်ထက်မှ တွန်းချလိုက်မိ
သူက သူမ ခြုံထားပါသည့်စောင်နှင့် သူမလက်ကိုပါ ဆွဲလိုက်တာ
အရှိန်မထိန်းနိုင်ဘဲ နှစ်ဦးသား စောင်ဖြင့် လုံးထွေးလျက် ခုတင်အော
သို့ ပြုတ်ကျလေတော့သည်။ သူက အောက်မှ အရင်ဆုံးကျတာ
သူမ မနာပေမယ့် ဆတ်ခနဲ လှဲနေရာမှ သူမကို ဘေးဘက်လှဲချ
တာမို့ အပေါ်မှ ဖိထားသည်က သူဖြစ်သွားလေ၏။

သေတော့မှာပဲ 'လင်းလက်ကြယ်စင်'။

"ဟိုကလေးတွေ နိုးရင်လည်း ဆင်းခဲ့တော့လေ၊ ဘယ်
ဖြစ်ပြီး ဝုန်းဒိုင်းကျဲနေတာလဲ ... မကြီးမငယ်နဲ့"

"ဒက်ဒီ ... ဒီမှာ ... အူး!"

"ရှူး"

ပါးစပ်ကို လက်ဝါးဖြင့် ပိတ်လိုက်သဖြင့် သူမ တိုင်မည်





ည်ရွယ်ချက်က ပျက်လေ၏။ စောင်ပတ်နေတာကြောင့် ခန္ဓာကိုယ်
င်ခုက အတော်လေး နီးကပ်စွာရှိနေချေပြီ။ ရုန်းလို့လည်းမရ၊
အော်လို့လည်း မရအောင်ဖြစ်ပါရောလား။ သူက ပြုံးလိုက်သလို သူမ
ပါးကို ဖျတ်ခနဲ နမ်းရှိုက်လိုက်လေ၏။ 'လွှမ်း' ကတော့ ပိုင်စိုးပိုင်နင်း
လုပ်တတ်နေလေပြီ။

"နင်"

"မွှေးလိုက်တာ ... ဘာမှ Cleaning မလုပ်ရသေးတာ
ဘောင် ဒီလောက်မွှေးရလား"

"လွှမ်း"

"Ok! Ok! ဖယ်ပေးပါ့မယ် ... စိတ်မဆိုးပါနဲ့၊ လင်းက
ကိုယ့်ရဲ့ Fiancee ပဲဟာနော်"

"ဘာ!"

ကြည့်စမ်း! ... ဒက်ဒီခေါ်လိုက်တာနဲ့ပဲ သူက 'လင်း'ကို
ပိုင်ဆိုင်ပြီဆိုပြီး ခံတွင်းပြနေပါရောလား။ စိတ်တိုပြီး ဒေါသဖြစ်နေ
တာကြောင့် နှလုံးခုန်သံက သာမန်ထက် ကျယ်လောင်လာလေတော့
၏။ ဒင်းကိုတော့ အရေခွံစုတ်လိုက်ချင်တော့တာပါပဲ။

"နင်နဲ့ ဘယ်တုန်းကများ စေ့စပ်ဖူးလို့လဲ ... ပြောစမ်းပါ
ဦး"

"Long Long ago, over ten ... တုန်းကလေ"

"သေလိုက် ... အဲဒီမှာ လဲသေလိုက်"

"ထပ်လဲပြရဦးမှာလား"

"နင်နော်"

ထိုင်လျက် ဖြစ်နေပြီမို့ သူ့ရင်ဘတ်ကို တွန်းထားပါသည်။ သူမမျက်နှာလေးက ပန်းသွေးဖြာနေလေ၏။ လူကြီးတွေ ပြောမှသာ မိန်းမတစ်ယောက်၏အလှဆုံးအချိန်မှာမှ သူက တွေ့နေရတာ မဟုတ် ပါလား။ ဘယ်လောက်များ ချစ်စရာကောင်းလိုက်တဲ့ မိန်းကလေး လဲ။ မျက်စောင်းခဲပြလိုက်တာ၊ နှုတ်ခမ်းကိုက်ထားတာတို့ကအ အလှပျက်မသွားပါဘဲ ပိုကြည့်ကောင်းနေတာပါလေ။

"နာဘူး"

"ဟာဟာ! ... ကျားဆို ဖူးနဲ့ခူးပဲ ရှိတာ၊ မင်းက ခူးနဲ့ လက်ထပ်ချင်လို့လား"

"ငါ့ဘာသာ ဘာပဲယူယူ၊ နင့်အပူမပါပါဘူး"

"ရော်! ... မင်းနဲ့ကိုယ့်ကို လူကြီးတွေကအစ သဘောတူ ထားတာကို ငြင်းလို့ရမလား"

"ငြင်းမှာပဲ ... နင် ဒီလို လက်ရဲဇက်ရဲပြုမူတတ်တာ ဘယ်က သင်လာတာလဲ"





"ဘာလဲ ... အန်ကယ်နောင့်ကို ပြန်တိုင်မလို့လား၊ ရတယ် လေ"

မျက်စောင်းက ဒိုင်းခနဲရောက်လာပြန်လေ၏။ ရင်ခုန်အောင် ားနိုင်တဲ့ ကော်ရှယ်လေးပါပဲလား။ မတ်တတ်ရပ်ရန် ကြိုးစားနေပြီ သူ အရင်ရပ်ကာ သူမကို ထူမတ်ပေးလိုက်ပါသည်။ အားကစား ည်း သေချာမလုပ်ပါဘဲ ဒီခန္ဓာကိုယ်လှလှလေးဖြစ်အောင် ဘယ် မျိုး လုပ်ထားပါလိမ့်။

"ထွက်!"

"ဘာရယ်"

"ဩော် ... ငါ ရေချိုးပြီးမှ ဆင်းလာလို့ ဖြစ်မှာပေါ့၊ ဒီပုံစံ ကြီးဖြစ်နေတာ မမြင်ဘူးလား"

"ဒီတိုင်းလေးလည်း လှတာပါပဲ"

တွေ့လား။ ဒီလောက်ပြောနေတာတောင်မှ ခင်းက 'လင်း' ကို ပြဿနာရှာနေတာပါလေ။ စိတ်ညစ်လိုက်တာနော်။ အနှစ် (၁၀) ကျော်ခွဲခဲ့တာတောင်မှပဲ ခုထိ 'လင်း' အပေါ် စိတ်ဝင်တစား ရှိနေ တုန်းတဲ့လား။ ငယ်စဉ်ကဖြင့် လူကို မငိုငိုအောင် စနောက်အနိုင်ယူ ခဲ့သည့် 'လွှမ်းလရောင်' က အဘယ်ကြောင့် ပြောင်းလဲသွား ပါသနည်း။

"ဟိုတုန်းကထက် ပိုချစ်ဖို့ကောင်းလာတာ ဘာကြောင့်လဲ

"သေဦးမယ်"

"တကယ်ပြောနေတာပါ လင်းရာ၊ မယုံဘူးလား"

"တော်ပြီ ... တော်ပြီ မြန်မြန်သွားပါတော့"

"ဒါဖြင့် ခဏနေဆုံကြမယ်။ ညနေ ကိုယ်လိုက်ပို့ပေးမ

နော်"

"အားအားလျားလျား ... ၁၀၉/၁၁၀ အလုပ် လျှောက်လု

မနေနဲ့"

"အထင် small လိုက်တာ၊ မင်းနဲ့အတူနေနိုင်ဖို့ ချစ်ဗိမ္ဗာ

လေးကို ကိုယ်တိုင်ဆောက်ပေးမယ့်လူပါကွ"

"ရှူး၊ပို"

"Moring kiss ပါ"

လက်ကို ဆတ်ခနဲဆွဲ၍ လက်ဖမိုးကို ငုံနမ်းလိုက်သည်

အလစ်အငိုက်ပါပဲ။ ဒင်းကတော့ ခွင့်မပြုသည့်လုပ်ရပ်တို့ကို ရဲရဲတ

တင်း လုပ်ရဲရတယ်လို့။ ဘယ်လိုလဲ 'လွှမ်း'။ နင့်ဘက်မှာ ဒက်ဒီရေ

အန်တီသက်တို့က ကျောက်ဆောင်တွေလို ရှိနေတာမို့ ဘာကို

မကြောက်မရွံ့ဖြင့် ရဲတင်းနေတာ မဟုတ်ပါလား။

ဒီပုံစံအတိုင်း ဆက်သွားနေလျှင်ဖြင့် 'လင်း' အတွက် န





ရာတွေချည်း ဖြစ်တော့မှာပါ။ ဘယ်လိုများ လုပ်ရပါ့မလဲ။ ဒက်ဒီ

ဲ သွေးရွေးခဲ့ပြီးတာတောင်မှ အဆင်မပြေပါဘဲ အခုလိုဖြစ်ရတယ်လို့

ဲဲ့ပ်ရှုပ်လိုက်တာနော်။

အလို! ... ဘုရားရေ! ဟိုနေ့က အိမ်ကိုရောက်ချလာသည့်

ရာဝန်နှစ်ဦးကြောင့်များလား။ အများကြီးဖြစ်နိုင်တာပေါ့။ သူတို့က

လင်း' အနီးကို လာကပ်ကြတာမို့ ဒက်ဒီက စိုးရိမ်ပြီး 'လွှမ်း' ကို

အမြန်ဆုံး ခေါ်လိုက်တာလေ။ ဘယ်တုန်းကများ အဆက်အသွယ်

ဖြင့်ရပြီး အချိတ်အဆက်မိသွားရတာပါလိမ့်။

ပြောတော့ဖြင့် သမီးဖြစ်သူကို အရွယ်မလွန်ခင် အိမ်ထောင်

ချစေချင်တယ်ဆိုပြီး အခုပုံစံက သားသမက်ကို 'လွှမ်း' မှ 'လွှမ်း' ပဲ

ဖြစ်စေချင်တာ ထင်ရှားနေချေပြီလေ။

❑ ❑ ❑

## အခန်း (၁၀)

ညနေစာစားရန်အတွက် ချက်ပြုတ်ပြင်ဆင်နေစဉ် ခြံထဲ ကားဝင်သံကို ကြားရလေ၏။ ဒက်ဒီ duty ပြီးပြီထင်ပါရဲ့။ ရွှေဝါနှင့် သက်သက်ပါ ဝိုင်းကူပေးကြတာမို့ မီးဖိုချောင်အလုပ်က အမြန်ပြီး လေသည်။ အိမ်မှာ ကောင်မလေးနှစ်ယောက်ခေါ်ဖြစ်တာက သန့်ရှင်း ရေးနှင့် လျှော်ဖွပ် မီးပူတိုက်တာ၊ ဈေးဝယ်ချက်ပြုတ်ဆေးကြောတာကို တာဝန်ခွဲလုပ်စေချင်လို့ပါပဲ။

အသက်မတိမ်းမယိမ်းဖြစ်ပေမယ့် ဘာမှသွေးသားမတော်စပ် ပါဘဲ သူ့အလုပ် ကိုယ့်အလုပ်ဆိုပြီး မခိုမကပ် လုပ်ကြတာမို့ 'လင်း' တို့ ကံကောင်းရပါ၏။ အပြင်ခဏထွက်သွားပါသည့် 'လွှမ်း'ကြောင့်





ရမှပဲ အသက်ရှူချောင်ပြီး အိမ်အလုပ်ကို ကောင်းကောင်းလုပ်ဖြစ် တယ်ပါ။ နို့နို့ အနီးမှာ တကပ်ကပ်ဖြင့် စိတ်အနှောင့်အယှက်ဖြစ်စေတာ ပျောက်ပါလား။

''တစ်အိမ်လုံး မွှေနေတာပဲဟေ့ ... ငါ့သမီး ဝင်ချက်နေတာ ဟုတ်ရဲ့လား''

''ပြီးပါပြီ ဒက်ဒီရယ် ... ဟင်းချိုအိုး ဒီတစ်ခေါက်ပွက်ရင် ချောင်ကောင်းမြှူးပြီး မီးပိတ်လိုက်နော်, ရွှေဝါ''

''ဟုတ်ကဲ့ပါ, မမ''

''လွှမ်းရော မမြင်ပါလား''

''ဒက်ဒီထွက်ပြီး သိပ်မကြာခင် ထွက်သွားတာပဲလေ''

''ဪ ... အေးအေး''

''ဒက်ဒီ့ duty ပြီးပြီလား''

''ညနေ (၆) နာရီ တစ် Section ရှိသေးတယ်လေ၊ (၉) နာရီမှ ပြီးမယ်၊ ဘာဖြစ်လို့လဲ၊ ညသမီး ကားယူသွားချင်လို့လား''

''မယူပါဘူး ဒက်ဒီ ... မေးကြည့်တာပါ''

''ကားအခြေအနေကရော''

''မသိတော့ပါဘူး ... မကြာခဏ သွားကြည့်မှပဲ ဖြစ်တော့ မယ်၊ မကြည့်ရင် သူတို့က ပစ်ထားရော ဒက်ဒီရဲ့''

"ဒက်ဒီ ရေချိုးပြီး ဆင်းခဲ့မယ်"

"ဟုတ်ကဲ့"

ဒက်ဒီ အရင်တက်နှင့်နေပြီမို့ 'လင်း' လည်း ရေချိုး
ပြင်ရလေ၏။ ညနေစာ စားပြီးရင် duty ဝင်ရတော့မှာမဟုတ်ပါလော
အပေါ်ထပ်သို့ တက်ပြီး အခန်းထဲဝင်ကာ အလုပ်ပြီးမြောက်အောင် သွ
သွက်လေးလုပ်ရလေ၏။ အချိန်အားတိုင်း ဒက်ဒီ စားကောင်းအော
ကိုယ်တိုင်ချက်ပေးတာက အမြဲပါပဲ။

သို့သော် . . . သူရောက်နေချိန်မှာ ယခုလို ချက်ဖြစ်တာ
ဦးဆုံးအကြိမ်ပါ။ သမီးစိတ်သာ အဓိကလို့ ပြောခဲ့ဖူးသည့် ဒက်
ဆုံးဖြတ်ချက်က အခုထိ အတည်ပဲမဟုတ်ဘူးလား။ တကယ်ပဲ လွှ
နိုင်သဘောတူတာဆိုလျှင်ဖြင့် 'လင်း'အတွက် စဉ်းစားဆုံးဖြတ်ရမ
မှာ အမှန်ပါ။ ဒီအရွယ်ရောက်မှ ချစ်တာတွေ, မေတ္တာတွေ, သစ္စာ
ကို အကုန်ဘေးဖယ်ထားပြီး ဦးနှောက်ကို အလုပ်ပေးရတော့မှာ
နမြောသလိုရှိသားပါလော။

ရေတစ်ဝကြီး ချိုးကာ ရေချိုးခန်းမှ ထွက်လိုက်ပါ၏။ မှ
တင်ခုံမှာ ခုံဆွဲပြီးထိုင်ရင်း မျက်နှာထက် Cream ပါးပါးလူး။ Pu
အသာလေးရိုက်၊ မျက်ခုံးမွှေးခဲတံနှင့် ခပ်မှိန်မှိန်ဆွဲ, နှုတ်ခမ်းထ
ပန်းနုရောင်ဖျော့ဖျော့လေးဆိုးကာ အမြန်ဆုံး အလှပြင်ပြီးလေသည်





Night duty မို့ နည်းနည်းမှောင်မည့် အဝတ်တစ်စုံကို ရွေးရန်
ဒိုကို ဖွင့်လိုက်ပါ၏။

ခဲရောင်ရွေးရမလား။ မဖြစ်သေးပါ။ 'ဒေါက်တာဖေရဲထက်'
ဲ့ ကားအရောင်ဖြစ်မှာကို။ ဒါဖြင့် အဖြူပဲ ရွေးရမှာလား။ ဒါလည်း
ဖြစ်သေးပါလော။ 'ဒေါက်တာကျော်ဇေ' ၏ ကားရောင် မဟုတ်ပါလား။
ြသနာပါပဲ။ ဒီလိုသာ ခေါင်းထဲရောက်သည့် အတွေးတွေသာ ရှိနေ
င်ဖြင့် ရှေ့ဆက်သွားရမည့်လမ်းမှာ မဖြောင့်ဖြူးပါဘဲ ခလုတ်ကန်
သင်းမျိုး ဖြစ်နေတော့မှာလော။

သက်ပြင်းရှိုက်မိပြန်ပါ၏။ ဒီလိုပုံစံမျိုးနဲ့ ဘယ်လိုရှောင်လို့
ရပါ့မလဲ။ အပြာဖျော့ဖျော့ဝတ်စုံကို ယူလိုက်မိတာမို့ ခေါင်းခါလိုက်
ပြန်ပါ၏။ နောက်ဆုံးတော့ အားလုံးအတွက် စိမ်းသက်သက် ဖက်မှုး
ရောင်ကိုသာ ရွေးဖြစ်လေတော့သည်။ တစ်ကြိမ်တစ်ခါမှ အဝတ်အစား
ရွေးတာ အချိန်မကြာခဲ့ပါဘဲ ဒီတစ်ခါမှ ကြာသွားရတယ်လို့။

"တီ!"

"ဟော!"

မြို့ဝမှ ကားဟွန်းသံကြောင့် သတိဝင်သွားရပါ၏။ ကြည့်ရ
တာ 'လွှမ်း' ပြန်ရောက်ပြီထင်ပါရဲ့။ ခေါင်းစည်းတာကို လက်စသတ်
ပြီး ယူစရာရှိတာတို့ကို အမြန်ကောက်ထည့်လိုက်ပါသည်။ အခန်းတံခါး

ဖွင့်၍ ထွက်လိုက်စဉ် အပေါ်ထပ်သို့ အပြေးအလွှားတက်လာသည့် လွှမ်းကို မြင်လိုက်ရလေ၏။

"ဟာ! ... အမေကို ပြောသွားတာပဲ"

"သေလိုက်"

"ကိုယ်လိုက်ပို့မယ်နော် ... စောင့်ဦး"

"မစောင့်နိုင်ပါဘူး။ ရှုပ်ရှုပ်ယှက်ယှက်နဲ့ ကိုယ့်ဘာသာကိုယ် သွားမှာပေါ့၊ မူကြိုကျောင်းသူမှ မဟုတ်တာကို"

"အဲဒါကြောင့် စိတ်မချတာပေါ့၊ မူကြိုကလေးဆို ဖယ်ရီ ပို့လည်း စိတ်ချရသေးတယ်၊ ဒီအရွယ်ကို ကြိုပို့ချင်တဲ့ ဖယ်ရီမျိုး ဘာများစိတ်ချရပါ့မလဲ၊ လစ်တာနဲ့ သုတ်ပြေးသွားမှာပေါ့"

"နင်နော်"

"တွေ့လား ... ကိုယ့်ဆို ဘယ်တော့မှ ကြင်ကြင်နာနာ ယုယုယယ, ညင်ညင်သာသာ လေသံမျိုးနဲ့ပြောမယ်မရှိဘူး။ ရန် ကြီးလို ဘုကောနေတာပဲ"

"နင်ကရော အဲဒီလိုစိတ်မျိုးဖြစ်အောင် နေတတ်လို့လား လူကို ထိကပါး ရိကပါးနဲ့၊ ငါ မပြောလိုက်ချင်ဘူး"

"ဘာလဲ ... ရှေ့က ပြောနေတဲ့လူနှစ်ယောက်ကြောင့်ပေါ့ လေ"





"ဘာပြောတယ်"

"မင်းရဲ့ကိုကိုဒေါက်တာတွေက ဘာများအားကိုးလို့ရမှာလဲ၊ ဗလကောင်းကောင်းနဲ့ ခပ်တောင့်တောင့် body မျိုးကို ရွေးမှပေါ့ ရဲ့၊ ဒါမှ မင်းကို ဆွေ့ခနဲ ပွေ့ချီနိုင်မှာ"

"ကြည့်စမ်း! ... နင်"

"ဟော! ... သားရောက်လာပြီလား။ ဒါဆိုလည်း ညနေစာ ကြိုစို့လေ၊ ဒက်ဒီရော သမီးပါ ဝင်ရတော့မှာ"

"Ok! ဒက်ဒီ ... ကျွန်တော် ရေအမြန်ချိုးပြီး ဆင်းလာ မယ်"

ကြည့်စမ်း! ... လင်းရဲ့ဒက်ဒီကိုပါ ဒက်ဒီဆိုပြီး အပိုင်ခေါ် နေတော့တာလေ။ ပြုံးစိစိမျက်နှာဖြင့် အိပ်ခန်းထဲ ဝင်သွားပြီးမှ ဒက်ဒီ အတူ အောက်ထပ်သို့ ဆင်းခဲ့ပါ၏။ ရွှေဝါနှင့် သက်သက်က မင်းပွဲအဆင်သင့်ပြင်နေပြီမို့ အချိန်ကုန်သက်သာသွားရပါသည်။ င်းတွေ အကုန်နီးပါး ခပ်ထားပြီးပြီမို့ ထမင်းပူပူကိုသာ ထမင်းအုပ် ခူးခပ်ထည့်လိုက်ပါ၏။

"မွှေးနေတာပဲ ... ဘာဟင်းတွေများလဲ"

"ထိုင်လေ သားရဲ့၊ ဒီညနေ ထမင်းပိုစားကောင်းလိမ့်မယ်၊ သမီးကိုယ်တိုင် ဝင်ချက်ထားတာ"

"တယ်ဟုတ်ပါလား"

"ရေချိုးတာကလည်း မြန်လိုက်တာ၊ ရေလောင်းခဲ့သလား ထင်ရတယ်"

"ရေလောင်းလည်း သန့်ပါတယ် 'လင်း' ရာ၊ မယုံရ မွှေးကြည့်ပါလား"

ရွှေဝါတို့ တခီခီရယ်ကုန်ပြီမို့ သူ့ကို မျက်လုံးပြူးပြလိုက် ပါ၏။ ကလေးတွေရှေ့မှာ ဣန္ဒြေရဖြင့် စကားမပြောတတ်တဲ့သူပါ။ ထမင်းပန်းကန်တွေထဲ ထမင်းထည့်ရန် ပြင်လိုက်ပြီး ဒက်ဒီမို့ ထ ပြီးစဉ် သူက ပန်းကန်ကိုကိုင်၍ ထိုးပေးနေပြန်လေသည်။ လုပ်လို ရင် ကလေးဆန်သည့် ဟန်ပန်တို့က မပျောက်သေးသည့်နယ်ပါ။

"သားအလုပ်အခြေအနေ ဘယ်လိုလဲ"

"Foundation တွေးနေပြီ ဒက်ဒီ၊ အချိန်က လေး ရလို့ မလောက်ဘူး။ အဲဒါ နောက်နှစ်လ ထပ်ညှိထားတယ်"

"အေးပေါ့ ... အသားကျအောင် စောင့်ဖို့ရက်လည်း ရှိ ဦးမှာ၊ ကွန်ဒိုက ဘယ်နှထပ်လဲ"

"(၆) လွှာပါ ဒက်ဒီ"

"ထည့်စားနော်၊ သား ... သမီးက ထည့်ပေးမှပေါ့"

"သူ့မှာ လက်ပါတာပဲ ဒက်ဒီရယ်"





"အဲဒီကြံမဆိုင်လေး နည်းနည်းလောက်"

"ကြည့်!"

"သမီးနော်"

မရရအောင်ကို ထည့်နိုင်းနေပြီ မဟုတ်ပါလား။ ထမင်းစား နေရန် မွှယ်မွှယ်ရာရာလေး ချက်ပေးကာမှ လွှာပြိန်ပြီး အတော် စားနေတာက 'လွှမ်း' ပါပဲ။ ကြံမဆိုင်ကို ဝက်သားသုံးထပ်သား လေးလို့ပြီး အစပ်ကြော်ထားတာ။ ကြက်သားဆီပြန် အာလူး ပုတ်တာလီတိ၊ ငါးကြော်နှပ်၊ ဂေါ်ဖီထုပ်နှင့် ကြက်ဥရောကြော် အရည်သောက်အဖြစ် ကြက်ရိုးနှင့်မုန်ညင်းဟင်းချိုပါ။

ငါးပေါ်ချက်နှင့်တွဲစားရန် တို့စရာတို့က ပဲတောင့်ရှည်သီး၊ သီး၊ ကန်စွန်းညွှန့်တို့ကို ရေနွေးပူပူဖြင့် ခပ်စိမ်းစိမ်းလေး ပြုတ် သားကာ အစိမ်းစားရသည့် သခွားသီး၊ ခရမ်းကျွတ်သီး၊ သရက်သီးနှင့် ရှောက်ရွက်တို့ကို ရောင်စင့်ဆေးလျက် ပန်းကန်ပြားထဲမှ သပ်သပ်ရပ် လေး စီထည့်ထားပါ၏။ သူက ဟင်းတွေထက် ထိုအတို့အမြှုပ်ကို စားနေတာမို့ ဒက်ဒီပင် ပြုံးနေလေပြီ။

အသီးအရွက်ကြိုက်သည့် 'လင်း' နှင့် လိုက်ဖက်ညီသည်ဟု တွေးနေပြီ ထင်ပါရဲ့။ မိဘတွေအိမ်မှာ ဒီလိုမွှယ်မွှယ်ရာရာ စားဖြစ်ပါ ခဲ့လား။ ဒီရောက်မှသာ အားပါးတရ စားနေပုံပါ။ ကိုယ်ချက်ကျွေး

သည့် အစားအစာကို မြိန်ယှက်စွာ စားကြတိုင်း ဝိတ်ဖြစ်တာက
မိုးမွှုတိုင်းပါပဲ။ သို့သော် ဤတစ်ယောက်အပေါ်ကိုဖြင့် အမြင်
မကြည်တာနဲ့ ထိုသို့ မဖြစ်ချင်ပါချေ။

"ကောင်းလိုက်တာ ဒက်ဒီရာ ... ကျွန်တော်တော့
ကောင်းပြီ"

"ဒါပေါ့ ... ဒါပေါ့"

"ဘာကိုက်ကောင်းတာလဲ"

"မိန်းမရ ကံကောင်းပြီလို့ ပြောတာလေ"

"အံမာ ... နင့်ကို ဘယ်သူက ယူမယ်လို့ ပြောနေလို့
စိတ်ကူးနဲ့ ရူးမနေနဲ့"

"Sweety !"

"ဒက်ဒီ အဲဒီလို သူ့ဘက်ပါလွန်းလို့ ခင်းက ရောင့်တက်
တာ"

"Sweety တဲ့ ... ဒါဖြင့် ကျွန်တော်က Honey လို့ခေါ်ရင်
ဖြစ်မှာပေါ့နော်, ဒက်ဒီ"

"ဖြစ်တာပေါ့ ... ဖြစ်တယ်"

"ဒက်ဒီ"

ထမင်းစားတာ လက်စသတ်ပြီး ထရပ်လိုက်ပါ၏။ ရွှေဝါက





ထမင်းပန်းကန်ကို လာသိမ်းနေပြီမို့ ဒက်ဒီစားရန် အချိုပွဲအတွက်
သစ်သီးတွေ ရေဆေး၍ လှီးတာကို ဆက်လုပ်လိုက်ပါသည်။ ညဘက်
လူနာတွေ အိပ်တာနဲ့ ဆရာဝန်တွေရော၊ သူနာပြုတွေပါ မပင်ပန်း
ပါ။ အရေးတကြီးလူနာမျိုး ရောက်လာမှသာ အလုပ်ရှုပ်ကြတာ
လေ။

"လင်း"

"ဘာလဲ"

"မျက်နှာကို အဲဒီလိုကြီး ရှုပ်မထားနဲ့လေ"

"နင်လုပ်ပုံကို မသိဘူးလား ... တကယ်ပဲ စိတ်တိုတယ်"

"တိုရင် ရှည်အောင် ဆွဲဆန့်ပေးမယ်လေ"

"နင်နော်"

"ရော် ... လိုက်ပို့ပါမယ်ဆိုမှ"

"မလိုဘူး"

"ဒီလိုမျိုး ဘယ်ရပါ့မလဲ ... ကိုယ်က မင်းရဲ့ bodyguard
ပဲကာ"

အိမ်ရှေ့ထွက်လာပြီး duty coat နှင့် slim bag ကို ယူ
လိုက်စဉ် 'လွှမ်း' က ဘေးမှကပ်ပါလာလေ၏။ ဒီပုံစံမျိုး ဆက်သွား
နေပါက မလွယ်တော့ပါချေ။ ဘယ်လိုများ လုပ်ရပါမလဲ။ စိတ်တို

တတ်သည့်အကျင့်မရှိတာနဲ့ 'လင်း' အတွက် အခက်အခဲဖြစ်တာ
အမှန်ပါပဲ။

"လွှမ်း"

"ပြော"

"အလုပ်က ပြန်လာလို့ ပင်ပန်းနေပြီ မဟုတ်လား"

"ဘာလဲ ... လိုက်မပို့စေချင်လို့လား"

"ဟုတ်တယ်"

"ဒါဖြင့် ဘယ်ရမလဲ၊ ကိုယ့်ကို ခေါက်ပြီး အဲဒီဒေါက်တာ
တွေနဲ့ Date လို့ရမလား လင်းရဲ့"

"နင်နော် ... ငါ့ကို ဘာထင်နေလဲ"

"လင်းသာ မှန်မှန်ကန်ကန်ဆို ကိုယ်က စိတ်မချ ဘယ်
ပါ့မလဲ၊ ကိုယ်ပိုင်တဲ့အရုပ်လေးကို သူစိမ်းတွေ စေ့စေ့ကြည့်ဖို့မ
ဖျတ်ခနဲ ငေးတာတောင် ခွင့်မပြုနိုင်ဘူး"

"ကြည့်စမ်း! ... အပြောက စီးဝိုးလိုက်တာ၊ ငါ့ကိုတော
မပိုင်ရသေးဘူး ... ဒီလိုပြောရလား"

"မပိုင်သေးတာ မှန်ပေမယ့် ဆိုင်တော့ ဆိုင်တယ်လေ ...
မဟုတ်လို့လား"

"လဲသေလိုက်"





"ကျစ်! ... တဆိတ်ရှိ သေနိုင်းနေတာပဲ၊ ကိုယ်သေရင်
း မျက်ရည်စက်လက်ဖြစ်မှာကို တွေးထားမှပေါ့"

"ဝေးသေးတယ်"

"ဟိုကလေးတွေ ခုထိမသွားဖြစ်သေးဘူးလား။ နောက်ကျ
နေဦးမယ်"

"ဒီမှာလေ ... လွှမ်းရစ်နေလို့ ဒက်ဒီ"

"ဒက်ဒီ့သမီးကြောင့်ပါ"

"ဘာ"

"Night က အမြဲဆင်းရတာမှ မဟုတ်ဘဲ သားရယ်၊
ရာဝန်တိုင်း တစ်လမှာ အနည်းဆုံး လေးငါးရက်တော့ duty
ပေးရတယ်၊ စိတ်မချဖြစ်စရာ မလိုပါဘူး"

"ဒက်ဒီ"

"တွေ့လား ... ဒက်ဒီက ကိုယ့်ဘက်မှာပဲ အပြည့်ရှိတာပါ
င်းရဲ့၊ အမြဲတမ်း No ဆိုပြီးငြင်းနေတာ ဘယ်အချိန်ထိ ရှိနိုင်မှာ
Yes ဆိုပြီး ခေါင်းညိတ်ဖို့ စဉ်းစားထားမှပေါ့"

"ကဲပါ ... လိုက်ပို့မယ်ဆိုလည်း အခုပို့ပေး၊ ငါ့ကား ပြန်ရ
ရင်တော့ ဒီအခွင့်အရေးမျိုး ရလိမ့်မယ်မထင်လေနဲ့ သွားမယ်"

"Ok!"

'လွှမ်း' က ရယ်ရယ်မောမောဖြင့် ရှေ့ခန်းကားတံခါး
အဆင်သင့် ဖွင့်ပေးလေ၏။ ထိုစဉ်က သူ ဤသို့ရယ်လိုက်တာ
ဘာမှန်းမသိခဲ့တာ အမှန်ပါ။ သို့သော် သိပ်မကြာခင်ကာလမှာ
ထိုရယ်သံ၏အဓိပ္ပာယ်ကို 'လင်း' ကောင်းကောင်းကြီး သိလိုက်ရ
၏။ အဲဒါကတော့ 'လင်း'၏ ကားဝါလေးကိုမြင်၍ အဆင်မပြေပါ
ပြီး ရောင်းလိုက်သည့် ကိစ္စပါပဲ။ 'လင်း'၏ကိုယ်ရေးကိုယ်တာကိစ္စ
သူ ဤမျှ ဝင်နှောင့်ယှက်လိမ့်မည်ဟု ထင်မထားမိပါချေ။

❑ ❑ ❑

## အခန်း (၁၁)

Night ဆင်းရသည့် ဆရာဝန်တွေက အနည်းအကျဉ်းမျှသာ
အထူးသဖြင့် 'လင်း' တို့လို သာမန်ဆရာဝန်လေးတွေနှင့်
တွေသာ ညတာဝန်ယူရတာပါ။ ခွဲရစိတ်ရသည့်အလုပ်မရှိတာ
Specialist တွေ ဆင်းစရာမလိုပါချေ။ အခုလည်း 'လင်း'
ထဲမှာ 'လင်း' သာ ရှိနေပြီး တခြားသူတွေ ရှိမနေပါ။
မနက်က ခွဲလူနာစာရင်းကို လှန်လှောရှာကြည့်လိုက်ပြီး
duty လဲချိန်မှာ တစ်ချက် round ရန် နားနေခန်းထဲမှ
သည်။ 'လင်း'အတွက် အကူအဖြစ် နာ့စ် 'နော်အက်စတာ'
ပါလာလေ၏။ နှစ်ဦးစလုံးက စကားသိပ်ပြောလေ့မရှိ

တာနဲ့ လိုအပ်မှသာ 'လင်း' ပြောတာကို နားစက ပြန်ပြောတာသော
လေသည်။

"ဒီနေ့ ဘယ်နှယောက် ခွဲသေးလဲ"

"မနက်က လေးဦးနဲ့ ညနေနှစ်ဦးပါ, မမ။ ညနေဘက် အတက်ခွဲတဲ့ ကလေးပါတယ်၊ (၁၂) နှစ်အရွယ်ပါ"

"ဪ"

ခေါင်းညိတ်ပြလိုက်ပြီး အောက်ထပ်ရှိ လူနာဆောင်ဆေ ဆင်းလာခဲ့ပါသည်။ Night ဆင်းမှပဲ သူတို့နှစ်ဦးနှင့်ဆုံဖို့အကြေ မရှိတာနဲ့ စိတ်က တစ်ဝက်သက်သာသွားရတာ အမှန်ပါ။ ဒီနှစ်ဦး ပတ်သက်ပြီး ဒီဆေးရုံမှာ 'လင်း' က ဘာမှမဟုတ်ပါဘဲ နာမည်ထွ နေရတာ မဟုတ်ပါလား။ အထူးသဖြင့် သူနှင့်ဆက်နွယ်ပြီး ဆေး အုပ်ကြီး၏သမီးဖြစ်သူ 'မေဗီတုန်းမြတ်'၏အကြည့်တို့က 'လင်း'အ တစ်မျိုးကြီး အဓိပ္ပာယ်သက်ရောက်စေတာ မဟုတ်ပါလား။

ညဘက် ဆေးထိုးရော လူနာစာရင်းကို လက်မှတ် စစ်ရင်း လျှောက်လာတာနဲ့ ဘေးဘီကို သတိမထားမိခဲ့ပါ။ ထိုးဆေ တွေ ထားရှိရာ အအေးခန်းဘက်သို့သာ ခပ်သွက်သွက်လျှောက် ၏။ တာဝန်ကျ စာရေးမလေးထံ ယူမည့် List ကို ပြလိုက်ပြီး ဆေ စတိုခန်းတွင်သို့ 'အက်စတာ' နှင့် အတူ ဝင်လိုက်ပါသည်။





"အိပ်ဆေး မမေ့နဲ့နော်"

"ဟုတ်ကဲ့ပါ, မမ"

ကင်ဆာလူနာတို့က ကိုက်ခဲလေ့ရှိသဖြင့် အိပ်ဆေးကို လို သလို ပေးရပါ၏။ ဗီရိုတွေထဲမှ ဆေးဗူးတို့ကို ထုတ်ကာ List တိုင်း အမှားအယွင်းမရှိစေရန် သေချာစစ်ပြီး တွန်းလှည်း Box စီထည့်လိုက်ပါသည်။ ထိုးဆေးရှာတာပြည့်မှ သောက်ဆေးဗီရို ဘက် တွန်းလှည်းကို ရွှေ့လိုက်၏။ ပြီးနောက် ဆေးအမျိုးအမည် နှင့်တိုက်ကာ ဗူးကြီးဗူးသေးတို့ကို ရွေးယူလိုက်ပါသည်။

"ပြီးပြီ, မမ"

"Ok !... သွားကြစို့"

"ဟုတ်ကဲ့"

စတိုခန်းရှေ့မှ စာရေးမလေးထံမှာ ဆေးစာရင်းကိုဖြည့်ပြီး တာဝန်ခံဆရာဝန်နေရာမှာ လက်မှတ်ထိုးလိုက်ရပါသည်။ 'အက်စတာ' နှင့်အတူ ဆေးလှည်းလေးကို တွန်းပြီး Corridor ဘက် ထွက်ခဲ့ရပါ ၏။ ညဘက် duty မို့ ဆေးရုံမှာ လူတွေမရှုပ်ပါ။ အရေးပေါ်လူနာ တွေက ပြင်ပဌာနမှ ဝင်ရတာမို့ ဒီအဆောင်မှာ လူမများတာ အမှန်ပါပဲ။

"ဟောတော်"

"ဘာဖြစ်လို့လဲ အက်စတာ"

"ဟင့်အင်း ... ဘာမှမဟုတ်ပါဘူး"

မှန်ချပ်များမှတစ်ဆင့် အောက်ထပ်အပြင်ကို ငုံ့ကြည့်ရေ
လိုက်ပါသည့် 'အက်စတာ'က ခေါင်းခါပြလိုက်လေ၏။ ရှိရှိအခ
ကျယ်ထဲမှ လူနာတွေကို မြူးမြူးရွှတ်ဆက်ကာ စကားအနည်းငယ်ပြေ
ပြီး လိုအပ်သည့်ဆေးတို့ကို ပြင်ဆင်ပေးရပါသည်။ အမှန်က
တွေသာ လုပ်ရတာဖြစ်ပေမယ့် ဒီအတိုင်း ထိုင်နားနေရတာကို
သက်၍ ယခုလိုပင် အမြဲကူပေးဖြစ်လေ၏။

"Specialist တွေ ဘယ်တုန်းက ဒီအချိန် 'duty ဝင်ကြ
လဲ"

"အေးလေ ... ဟုတ်ပါရဲ့"

Corridor မှ ဆက်လျှောက်ခဲ့စဉ် ဘေးမှဖြတ်လျှောက်သွ
ပါသည့် အကူနာ့စ်တွေ၏ တီးတိုးပြောသံကို ကြားလိုက်ရပါ၏။
ပေါ်ဆေးရုံတက်တာမျိုးက ရုတ်တရက် Accident ဖြစ်တာမျိုး
မွေးဖွားမည့် ကိုယ်ဝန်ဆောင်လူနာမျိုးရောက်လာမှသာ ဤသို့ Spe
cialist တွေ လာရတာပါ။ ဒါကလည်း ဒီလိုပုဂ္ဂလိကဆေးရုံမျိုးထ
ရန်ကုန်ဆေးရုံကြီးလို ဆေးရုံမျိုးကိုသာ သွားတက်ရတာလေ။

ဒီမှာက Special room ကိုသာ အခန်းခ ပိုယူတာဖြစ်
ရှိရှိ room ကိုတော့ ငွေကြေးသက်သာစွာဖြင့် ယူလို့ရပါ၏။ ဆေးရ





အလောက် ခန့်ထားပြီး မည်သို့သောရောဂါမျိုးကိုမဆို (ရောဂါ
သင် အချိန်မီပါက) ပျောက်ကင်းအောင် ခွဲစိတ်ကုသပေးနိုင်အောင်
ထားခြင်းပါပဲ။ ဒါဖြင့် ယခု ဘယ်လိုအထူးကုကများ ညဂျူတီ
ဆင်းတာပါလိမ့်။

"ကုန်ပြီလား"

"ကုန်ပြီ၊ မမ၊ ကင်ဆာဆောင် သွားရမယ်"

"အင်း"

အဆောင်ကူးရမှာမို့ Lift ဖြင့် အောက်ထပ်ဆင်းရန် တွန်း
ည်းကို ရွှေ့သယ်လိုက်ရလေ့၏။ Lift ရှိရာဆီ ခပ်ဖြည်းဖြည်း
န်းကာ အောက်ထပ်မှ Lift ကို အပေါ်ထပ်သို့ခေါ်ရန် ခလုတ်နှိပ်
ပါသည်။ ဒီမှာတော့ တစ်ချိန်လုံး ပြေးလွှားနေတာမို့ မအေးနိုင်ဘဲ
သက်မှ ချွေးပင်စို့နေလေ၏။ အပြင်မှာတော့ အေးနေမည်ထင်ပါ

ငြိမ့်ခနဲ ရပ်သွားပါသည်။ Lift မှတံခါးပွင့်သွားလေသည်။
ထဲမှထွက်မည့်လူကို စောင့်ရင်း ဘေးကပ်ရပ်လိုက်စဉ် အတွင်းမှ
သူက အပြင်မထွက်လာပါချေ။ လူရိပ်မြင်ပြီးမှ ဘာကြောင့်
မလာပါသလဲ။ ရူးစမ်းလိုစိတ်ဖြင့် တစ်ချက်လှမ်းကြည့်မိစဉ် အံ့ဩ
ရပါ၏။

အလို! ... ရောက်လာသည့်သူက 'ဒေါက်တာဇေရဲထ
တဲ့လား။

"လင်း"

"ဒေါက်တာ"

"ဘယ်သွားမလို့လဲ"

"ဟိုလေ"

"Cancer ဆောင်ပါ, ဒေါက်တာ"

"ဒါဆို ကိုယ်လည်း လိုက်ခဲ့မယ်လေ၊ ဝင်ပါ, အက်စတ

"ဟုတ်ကဲ့ပါ ဒေါက်တာ"

လိုက်မယ်တဲ့လေ။ မလိုက်နဲ့လို့ ဘယ်ပြောလို့ရပါ့မ
ဆေးတွန်းလှည်းဝင်လို့ရရန်ပင် ဘေးသို့ ကပ်ပေးလိုက်သဖြင့် န
နှင့်အတူ 'လင်း' ပါ Lift ထဲ ဝင်လိုက်ရပါ၏။ သူတို့နှစ်ဦးနှင့် ဒီ
အချိန် ဆုံစရာမရှိဟု ထင်ထားကာမှ ထင်မြင်ချက်က လွဲချော်

"ညနေစာ စားပြီးပြီလား"

"ဟုတ်!"

"ကိုယ်ဖြင့် ဘာမှမစားခဲ့ရဘူး"

"အဲဒါဆို (၈) နာရီမထိုးခင် ပြောထားရမှာပေါ့၊ ဒီထ
နောက်ကျရင် Canteeen မှာ ဘာမှမှာလို့ရမှာမဟုတ်ဘူး"





သူ လှစ်ခနဲ ပြုံးလိုက်လေ၏။ စိုးရိမ်တတ်ရန်ကောဟုများ
သွားလေသလား။ သတိထားနေပါလျက်မှ လွှတ်ခနဲပြောထွက်
ပါသည့် စကားလုံးတို့က မြန်ဆန်လေစွ။ အလိုလိုနေရင်း မျက်
သွားရသည့်နှယ်ပါ။ အခုမှပဲ 'လွှမ်း' ကို ပြောသည့် လေသံအတိုင်း
ကိုယ်ကိုယ် ပြောရတော့မှာလေ။ သေစမ်း! ... 'လင်းလက်
ယ်စင်'။

"မစိုးရိမ်ပါနဲ့ လင်းရဲ့ ... Coffee ဖြစ်ဖြစ်၊ Ovaltine
ဖြစ် အရည်တစ်ခုခု သောက်လည်း ဖြစ်ပါတယ်"

"ဆာနေမှာပေါ့" ဟူသည့်စကားကိုတော့ မပြောမိစေရန်
လိုက်ရပါ၏။ ပြောမိရင် မှားတော့မှာမို့ပါ။ ခက်ပါရောလား
င်းလက်ကြယ်စင်'။ ဘယ်တော့မဆို သူ့ရှေ့မှာပဲ ဣန္ဒြေရှိစွာဖြင့်
ကို ထိန်းချုပ်နေရတာ အကျင့်ဖြစ်နေပြီမဟုတ်ပါလား။ စိတ်ကျဉ်း
လိုက်တာနော်။

"ကိုယ် တွန်းပေးမယ် အက်စတာ"

"မဟုတ်တာ ဒေါက်တာရယ် ... နေပါစေ"

'အက်စတာ'က Lobby မှတစ်ဆင့် ဘေးပေါက်မှထွက်ကာ
ကြလမ်းအတိုင်း ဆေးလှည်းတွန်းလိုက်လေ၏။ ကူညီမယ်တဲ့လား။
င်း' နဲ့တုန်းကဖြင့် ဒီလိုကူညီဖို့နေနေသာသာ သူကသာ အကူအညီ

တောင်းလိုက်တာ မဟုတ်လား။ သူနာပြုနှင့်ဆရာဝန်ပေါက်စက ရ...
အဆင့်မတူပါဘဲ အခုလိုမျိုးခွဲခြားဆက်ဆံခံရတယ်လို့ မနာလို...
မဖြစ်တတ်ပါဘဲ ရင်ထဲမှ အောင့်သွားသည်နှယ်ပါလေ။

"လင်း"

"ရှင်"

"နားချိန်မှာ ကိုယ်နဲ့ အေးအေးဆေးဆေး ဆွေးနွေးရအေ...

"ဟုတ်ကဲ့"

"ဘာကိစ္စလို့လည်း မမေးတော့ဘူးလား"

"အလုပ်ထဲမှာရှိ အလုပ်ကိစ္စပဲ ပြောမှာမဟုတ်လား"

"Personal... ဆိုရင်ကော"

အသံတိတ်သွားရပါ၏။ ဒီလိုကိစ္စမျိုးက ပြောစရာမှ မ...
တာလေ။ သူ့ကိစ္စကိုလည်း 'လင်း' မစွက်ဖက်သလို 'လင်း'
'လွှမ်း' ကိစ္စကိုလည်း သူက ကြားဝင်စရာမှမလိုပါ။ ဒါကိုတော...
ဘာဖြစ်လို့များ ဆွေးနွေးချင်ရပါသလဲ။ နားမလည်သလို လှည့်...
မိစဉ် သူက နွေးထွေးစွာ ပြုံးပြလိုက်လေ၏။ အလိုလေး! ... ရ...
လိုက်ပါဘိ။

Cancer လူနာဆောင်မှ လိုအပ်သည့် ဆေးနှင့်အိပ်...
လိုသည့်လူနာတွေကို အားပေးစကားပြောပြီး စစ်ဆေးကာ ဆေး...





...ပါ၏။ သူနာပြုအကူတွေကို လိုအပ်သမျှ မှာကြားကာ လူနာ
...င်ထဲမှ ထွက်ခဲ့ပါသည်။ 'အုက်စတာ' နှင့်အတူ လျှောက်နေပေ
... သူပါ အနီးမှ ကပ်လျှောက်နေသဖြင့် နှာစ်ကသာ အလိုက်တသိ
... ရှေ့မှ ကြိုပြီးလျှောက်သွားလေ၏။

"အပြင်မှာ အတော်အေးနေပြီ၊ လင်း၊ အနွေးထည်ပါလာ
...လား"

ဘာမှပြန်မဖြေဖြစ်ပါ။ သူပြောမှပဲ သတိရသွားရတာ မဟုတ်
... 'လွှမ်း' နှောင့်ယှက်နေတာနဲ့ စိတ်တိုပြီး အပေါ်ဝတ်အနွေးထည်
...ထည့်မှ မယူခဲ့မိတာလေ။ အခုမှမေ့ အလျော့လျော့ဖြစ်ပြန်ပါရော
... စိတ်နဲ့ကိုယ် မကပ်သလို အဖြစ်က 'လင်း'ရဲ့အကျင့်မှ မဟုတ်
...လေ။

"မပါရင် ကိုယ့်ဂျာကင်ကို ယူလေ၊ ကိုယ်က အထဲမှာ
...သိတာလက်ရှည်ပါတယ်"

"ဟင့်အင်း ... နေပါစေ ဒေါက်တာ၊ အထဲမှာ သိပ်မအေး
...ဘူး"

"လောလောဆယ်တော့ နွေးနေဦးမှာပေါ့၊ (၁၂) နာရီကျော်
...ရင် အတော်အေးလာတော့မှာ၊ မနက် (၅) နာရီထိ Rest room
...ဆို မရှိဘူးမဟုတ်လား၊ 'လင်း' အကြောင်း ကိုယ်အသိဆုံးပဲကို"

စေတနာအပြည့်နှင့်များ ပြောနေရတယ်လို့။ အရင်က
'လင်း' ကို ဒီလိုစကားမျိုး မပြောပါဘဲ စိမ်းသက်သက်ဖြင့် ဆ
ခဲ့သည့် 'ဒေါက်တာဖေရဲထက်'က ဘယ်ကိုများ ပျောက်သွားပါသ
ဒီနေရာမှာ ပြုံးဘက်လိုရောက်လာသည့် 'ဒေါက်တာကျော်ဇ'
မိုးကျရွှေကိုယ်နှယ် ရုတ်တရက်ပေါ်လာပါသည့် 'လွှမ်းလရေ
ကြောင့် 'လင်း'ရဲ့အနိုးကို ကပ်လာသည့်နှယ်ပါ။

ဘယ်လိုလဲ ... ဘယ်အချိန်ရွှေး ငိုခြံထဲက သစ်သီးလို
'လင်း'အပေါ် သဘောထားလေသလား။ တန်ဖိုးထားတယ်၊ စေ
ထားတယ်ဆိုတာမျိုးက 'လင်း' ကို ကရုဏာသက်သည့် အကြ
မျက်ဝန်းတို့ဖြင့်သာ ကြည့်သင့်တာပါလေ။ မျိုးသိပ်ထားရုံနှင့် ချ
က ပီပြင်မှာတဲ့လား။

"လင်း"

"လိုအပ်တော့ ပြောပါ့မယ် ဒေါက်တာ"

"လင်းက ကိုယ့်အပေါ် ပိုစိမ်းသက်နေသလိုပဲ၊ ခုတ
ရှောင်ချင်ချင်ဖြစ်နေတယ်၊ ကိုယ်ပြောတာ မှန်ရဲ့လား"

ဝန်မခံဖြစ်ပါချေ။ ဟိုအရင်က အလုပ်စဝင်ကတည်း
ဒီလိုသာ စိမ်းခဲ့ရင် ဒီလောက်အထိ 'လင်း' စိတ်ရှုပ်စရာမဖြ
'ဒေါက်တာကျော်ဇ' ၏ဗီဇက နဂိုကတည်းက ရည်မွန်ဖော်ရွှေ





ပြီး အချိန်တိုတိုနှင့် ရင်းနှီးလွယ်သွားရတာ မဟုတ်ပါလား။ ဒီတော့
ဘေလိုဝန်တိုသည့်နှယ်ပင် သူက 'လင်း' အနားကို ရောက်ချင်လာ
တော့တာလေ။

"လင်းက ဒီလိုပဲ နေတတ်တာပါ ဒေါက်တာ"

သူ့မျက်နှာ ခပ်မှဲ့မှဲ့ဖြစ်သွားလေ၏။ အပြင်ဘက်မှ Lobby
ထဲ ဝင်နေပြီမို့ ဘာမှဆက်မပြောဖြစ်ကြတော့ပေ။ မှန်တံခါးကို
'အက်စတာ' တွန်းလှည့်ဖြင့် ဝင်ရမှာမို့ သူက အလိုက်တသိဖြင့်
ဘွန်းဖွင့်ပေးပြန်လေ၏။ အပေါ်ထပ်နားနေဆောင်သို့ Lift ဖြင့်တက်
ခန် ခပ်မှန်မှန်လျှောက်လိုက်ပါသည်။ ညဘက်မို့ 'လင်း' တို့ကို စိတ်
ဝင်တစား ကြည့်နေသည့်အကြည့်တို့ မရှိကြပါချေ။

"လင်းက ဒေါက်တာကျော်ဇအပေါ်ကို နည်းနည်းတော့
ဘဲ့မှာပါ"

မျက်နှုံးပင့်သွားရပါ၏။ တကယ်ပဲ ထင်ထားသလို ပြောနေ
ပြီ မဟုတ်ပါလား။ တည်ငြိမ်ပါသည်ဟု သတ်မှတ်ထားပါသည့် ဤ
လူတစ်ယောက်က အဘယ်ကြောင့် လှုပ်ခတ်လာရပါသနည်း။ Lift
ထဲ ဝင်ပြီမို့ 'အက်စတာ' ပါ ရှိနေသဖြင့် ဘာမှပြန်မပြောဖြစ်ဘဲ ငြိမ်
နေမိလေ၏။

"ပြောလေ"

"လင်းက ကိုယ့် Senior တိုင်းအပေါ် တန်းတူလေးစားတဲ့ စိတ်နဲ့ပဲ ရိုသေတာ အမှန်ပါ။ ဒီထက်ပိုတာ လျှော့တာမျိုး မရှိပါဘူး ဒေါက်တာ"

သူ့မျက်နှာ ခပ်မှုန်မှုန်ဖြစ်သွားလေ၏။ ကျေနပ်စရာကောင်း မည့်အဖြေမှ မဟုတ်တာကိုး။ နားနေခန်းမှ နောက်ထပ် Night duty လာဆင်းသည့် ဆရာဝန် အနည်းငယ်ရောက်နေသဖြင့် ဣန္ဒြေရှိစွာ နေလိုက်မိပါသည်။

□□□



## အခန်း (၁၂)

သားဖွားဆောင်မှ ပြန်ရောက်လာသည့် ဆရာဝန်နှစ်ဦးက ...းနေခန်းတံခါးကို အသာဖွင့်ဝင်လာလေ၏။ 'လင်း'တို့အုပ်စုနှင့် ...ဆင့်နောက်ဆင့် ဝင်ဖြစ်သည့် သူတွေမို့ ရင်းနှီးသင့်သလောက်တော့ ...သည်။ ငယ်ငယ်ချောချောလေးတွေမို့ လူလွတ် Senior တွေ ...တွက် ရွေးချယ်သင့်သည့် မိန်းကလေးတွေပါပဲ။

"မလင်းလက်"

"ရှင်"

"Dinner မစားသေးဘူးလား"

"လင်းက အိမ်မှာကတည်းက စားလာခဲ့ပြီးပြီ၊ ရည်မွန်ရဲ့၊

သွားစားဖို့ အဖော်မရှိရင် ဒေါက်တာကိုခေါ်လေ''

''ဒေါက်တာ မစားရသေးဘူးလား'' .

''မသိဘူး''

သံပြတ်ဖြင့် ပြောလိုက်တာမို့ 'ရည်မွန်' နှင့် 'သဲမာ' တ

ခနဲဖြစ်သွားရပါသည်။ အသစ်ရောက်လာသည့် 'ဒေါက်တာကျော်

က ဖော်ရွေသလောက် ဤဒေါက်တာက မာနကြီးလွန်းတာ မဟု

ပါလား။ 'လင်း' ကို အကူအညီတောင်းရန် ကြည့်လိုက်ကြတေ

ပြုံးရုံသာ ပြုံးပြလိုက်ရလေ၏။

''အဲဒါဆို 'မွန်' တို့ သွားတော့မယ်နော်''

''ကောင်းပြီ''

သူ့ကို ခွင့်တောင်းသလို ပြောပြီးသည်နှင့် အသာ

လစ်ကုန်ကြလေ၏။ ဒီရုံးခန်းဘေးမှာ နားနေခန်းရှိတာမို့ ခဏ

ဖြုတ် မှေးတာလှဲတာမျိုး ခွင့်ပြုထားပါသည်။ အထူးသဖြင့် N

ဆင်းသည့် တာဝန်က လုံးလုံးအိပ်မောကျအောင် အိပ်ခွင့်က ဘ

ပါ့မလဲ။ ရုံးခန်းတွင်း လူရှင်းသွားသည်နှင့် သူက 'လင်း' အနီ

လျှောက်လာလေ၏။

''အဲဒါက ဘာသဘောလဲ''

''ဟင် ... ဘာကိုလဲ''





''ကိုယ့်ကို ကလေးအုပ်စုထဲ ထိုးထည့်နေတာကို ပြောတာ

လေ''

''အို ... လင်းက သဘောရိုးနဲ့ ပြောလိုက်တာပါ၊ ဒေါက်တာ

ညစာ မစားရသေးလို့ အဖော်ရအောင်''

''မလိုပါဘူး ... လင်းလိုရာ ကြိုးဆွဲရအောင် ကိုယ်က

အရုပ်မှမဟုတ်တာ''

ဟော! ... မကျေနပ်သည့်အကြောင်းက ပေါ်လာပါရော

လား။ လူကြီးဆန်ရမည့်လူက ဘယ်လိုဖြစ်ပြီး ကလေးဆန်သည့်

လုပ်ရပ်မျိုး လုပ်ချင်ရတာပါလိမ့်။ ဒီအခန်းထဲမှာ တစ်ယောက်ယောက်

Stand by ရှိနေမှ အရေးပေါ်လူနာရောက်လာရင် ဆက်သွယ်နိုင်မှာ

လေ။ ဒီတော့ သူသွားရင်လည်း 'လင်း' ရှိနေရင် အဆင်ပြေမှာမို့

ပြောလိုက်မိတာက အပြစ်ဖြစ်နေချေပြီ။

''မရှိမသေပြောသလိုဖြစ်သွားရင် တောင်းပန်ပါတယ်.

ဒေါက်တာ''

''ကြည့်! ... အဲဒါ ကိုယ့်ကို ရွဲ့တာပေါ့လေ''

''လင်း ဘာလုပ်မိလို့လဲ''

''ခုနကပဲ ပြောလိုက်တယ်လေ၊ ကိုယ်က ထမင်းအတူစား

တိုင်း တစ်စားပွဲတည်း ထိုင်ရင် Senior အချင်းချင်းနဲ့ပဲ အမြဲထိုင်ခဲ့တာ၊

Junior ထဲမှာက တစ်ဦးတစ်ယောက်တည်းပဲ ရှိခဲ့တယ်။ အဲဒါ လင်းပဲ"

မျက်လုံးလေး ဝိုင်းသွားရပါ၏။ ဘာမဟုတ်တာလေးနဲ့ ဒေါသထွက်ပြတာမျိုးလည်း မဟုတ်ပါဘဲ စားပွဲပေါ်လက်ထောက်ပြီး ပြောနေတာကို။ တစ်ဦးတစ်ယောက်တည်း ဆိုတာက ဘာသဘောပါလဲ။ မေးလိုက်ချင်ပေမယ့် အခွင့်ခံထိဖို့က အမြန်ဆုံး မဟုတ်လား။

"လင်းက"

"ဟုတ်တယ်"

"ဘယ်လိုကြီးလဲ"

"ဒီလိုကြီးပဲ ပြောမိတော့မှာပေါ့။ လင်းလုပ်ပုံကိုက ဟုတ်မှ မဟုတ်တာ"

"ပြောပြနိုင်ပြီ"

"ပြောရမှာပေါ့ ... ပြောအောင် လုပ်ပြနေတာကိုး"

"လင်းက လုပ်ချိုးလုပ်စဉ်အတိုင်း"

"ဘာလုပ်ချိုးလုပ်စဉ်အတိုင်းလဲ ... ရှုံမပြောနဲ့ နောက်မှရောက်လာတဲ့တစ်ယောက်ကို ကြည့်မရဖြစ်နေတာတောင်မှ မလိုလောက်သေးဘဲ ငယ်ရည်းစားပါ တွဲပြနေတာကောင်းလား"

ခါးမတ်သွားရပါ၏။ ဘုရားရေ! ... လက်စသတ်တော့ 'လင်း'အပေါ် သူ စနစ်တိုပြနေတာပေါ့။ ငယ်ရည်းစားဟူသည့် အသုံး





အနှန်းက ပြုံးမြမြဖြစ်သွားစေတာပါ။ နင်တော့ အိပ်မက်ဆိုးတွေ ကျက်နေပြီ ထင်ပါရဲ့ 'လွှမ်း' ရေ။ ဘယ်လိုဖြစ်ပြီး 'လင်း'အနီးမှ လူ ရှယ်တွေကို ပတ်ရမ်းချင်ရတာလဲ 'ဒေါက်တာဇေရဲထက်' ရယ်။

"ဒါတော့ ဒေါက်တာ Foul ပြီ။ လင်းက ဘယ်သူ့ Personal မှ စွက်ဖက်တာမျိုး မရှိခဲ့ပါဘဲ"

"စွက်ဖက်ရအောင် ကိုယ်က ဖယားရှုပ်ထားတာမှ မရှိတာ"

ကြည့်စမ်း! ... ရှောင်ထွက်ပြတယ်ပေါ့။ ဒါဖြင့် ဖယားရှုပ်တာက 'လင်း'ပေါ့လေ။ အေးအေးလူလူနေတတ်သည့် 'လင်းလက်ကြယ်စင်'ကိုမှ ဒီလိုမျိုးဖြစ်ရတယ်လို့။ ရှုပ်တယ်လို့ထင်ရင်လည်း လာပတ်သက်စရာမှမလိုပါ။ ဒါဖြင့် ဘာကြောင့်များ အခုလို ပြောရပါသလဲ။

"ဒါဆို ဆေးရုံအုပ်ကြီးရဲ့သမီး မေဇီဘုန်းမြတ်က ဘာလဲ"

"ဘယ်လို ... မီက"

"ဒေါက်တာ့ကိုယ်ရေးကိုယ်တာကို လင်းက ဘာမှမစပ်စုပါဘူး။ ဒီတော့ လင်းကိစ္စကိုလည်း"

"လိုတယ်"

"ဘာရယ်"

"လင်းကိစ္စကိုတော့ ရှင်းရှင်းလင်းလင်းသိဖို့လိုတယ်လေ၊ မီက ကိုယ်နဲ့ ဘာမှမပတ်သက်တာ"

"ဒါပေမဲ့"

"လင်း"

"..."

"မီနဲ့ပတ်သက်ပြီး ကိုယ့်အပေါ် အူတိုတယ်ပေါ့လေ ... ဟုတ်လား"

"ဟင်!"

ဘာပြောရမှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်သွားရပါ အူတိုသတဲ့လား။ 'လင်း' ဖြင့် တစ်ခါမှ မတွေ့ခဲ့ဖူးပါချေ။ သူ့မျက်ဝန်း ထဲက ဖျတ်ခနဲ တောက်ပသွားတာမို့ အကြည့်ချင်းဆုံရာမှ မျက်တောင် ခတ်ကာ အကြည့်လွှဲလိုက်ပါသည်။ ဘုရားရေ! ... စကားများနေရာက ဘာတွေ ဘယ်လိုဖြစ်ကုန်ပါလိမ့်။

"လင်းတောင် ကိုယ့်ကို အဲဒီလိုဖြစ်ရင် ကိုယ်ကရော လင်း နဲ့ ပတ်သက်ပြီး Jealous မရှိရဘူးလား။ ကိုယ်ချင်းစာပေးမှပေါ့"

"အဲဒါ ... အဲဒါက"

"စေတနာကို မသိတာလား။ မမြင်တာလား။ ဒါမှမဟုတ် တမင်တကာ ဥပေက္ခာပြုထားတာများလား"

"ဟင်!"

အလို! စေတနာတဲ့လား။ ဘယ်လိုဖြစ်ပြီး ဒီလိုခေါင်းစဉ်





ရပါသလဲ။ သူပြောနေတာကို နားမလည်နိုင်ဘဲ ခပ်ငေးငေးဖြစ် သွားတာက 'လင်း' ရယ်ပါ။ ဝန်တိုမစ္ဆရိယဖြစ်ရလောက်အောင် 'လင်း' အသက်က ဆယ်ကျော်သက်အရွယ်မှ မဟုတ်တာပဲ။ ဘယ်လိုဖြစ် ပြီး သုတ်ပြောလိုက်တာပါလိမ့်။ အံ့ဩရပါ့နော်။

"လင်းကို သူများတွေနဲ့ မတူစေချင်တာ၊ ထက်မြက်စေချင် တာ၊ အတော်ဆုံးဖြစ်စေချင်တာ တစ်နေရာတည်းမှာပဲ တင်းတိမ်ရောင့် ရဲနေတာမျိုး မဖြစ်စေချင်ဘဲ အမြင့်လှေကားထစ်ပေါ် တစ်ဆင့်ပြီး တစ်ဆင့် လှမ်းတက်နိုင်ဖို့အတွက် ကိုယ်က အတူတူဆွဲခေါ်နေတာကို မမြင်တာလား လင်းရယ်"

"ဒေါက်တာ"

"ကိုယ်က ..."

ရှေ့မှာ ရှိနေရာမှ စားပွဲဘေးနေရာကို ရွှေ့ပြီး အနီးကို ကပ်လာတာမို့ အလန့်တကြားဖြင့် ခြေလှမ်းကို နောက်ဆုတ်လိုက် ပါ၏။ သို့သော် လင်းရဲ့နောက်ကျောမှာက အုတ်နံရံ ရှိတော့တာမို့ ခြေလှမ်းက ထပ်ပြီး ဆုတ်လို့မရတော့ပါချေ။

"ကိုယ်က လင်းအပေါ်မှာ သာမန်ထက်ပိုသာတဲ့ သံယောဇဉ် တွေ အကုန်စုပေါင်းပြီး ချစ်မိနေပြီဆိုတာကိုရော မရိပ်မိဘူးတဲ့လား"

"ရှင်!"

အံ့ဩမှုက အကြီးကြီးပါပဲ။ ချစ်မိနေပြီတဲ့။ သံယောဇဉ်

အများကြီးနဲ့တဲ့လား။ ဘုရားရေ! . . . ဘယ်လိုမှ ထင်မထားတဲ့

မထင်မှတ်တဲ့နေရာမှာ ရုတ်တရက်ကြားခဲ့ရတယ်လို့ မယုံနိုင်သည့်

အသက်ပင် မရှူမိသလို လူက မှင်တက်သွားရတာ အမှန်ပါ။ သူ

လင်း၏ခန္ဓာကိုယ် သွယ်သွယ်လေးကို ကျစ်ကျစ်ပါအောင် ထွေး

လိုက်သည်က အမှတ်တမဲ့မို့ ရုန်းမထွက်နိုင်ခဲ့ပါလေ။

"လင်း"

"ရှင်"

"မယုံဘူးလား"

"ဟို . . . ဟို"

"ဒေါက်တာကျော်ဇေအပေါ်မှာ ဘာမှမရှိဘူး မဟုတ်လ

ရိုးရိုးသားသားခင်တာမျိုးလို့ပဲ ကိုယ်ယူဆထားတယ်၊ ဟုတ်ရဲ့လား

"ဟုတ်!"

"ဒါဖြင့် . . . ဟိုတစ်ယောက်ကိုရော"

ဟော! . . . တစ်ယောက်မေးရုံနဲ့ မကျေနပ်နိုင်ဘဲ နောက်

ယောက်ကို ထပ်မေးနေလေပြီ။ 'လင်း' ၏ဦးခေါင်းထက်မှာ မေး

ထိထားလျက် မေးနေတာမို့ ရင်ထဲမှ တဒုတ်ဒုန်းမြည်သံက ပိုကျ

လာသည်နှယ်ပါ။ အလို! . . . ဘယ်လိုကြီးပါလဲ။ သာမန်ထက်





လေးက နှလုံးအထူးကုခွဲစိတ်ပါရဂူရှေ့မှာ Heart Beat တွေ

ခုန်တာမျိုးကို မည်သို့ဖုံးကွယ်ထားနိုင်ပါ့မည်နည်း။

"လင်း"

"လွှမ်းက . . . လွှမ်းက . . . လင်းရဲ့ငယ်သူငယ်ချင်းပါ"

"ဒါဖြင့် သူလည်း ရိုးရိုးသားသားပေါ့လေ"

ခေါင်းကို အသာညိတ်ပြလိုက်မိ၏။ ပခုံးကို သိုင်းဖက်ထွေး

ထားခြင်းက လျော့မသွားပါဘဲ ပိုရှိုက်တိုးသွားလေသည်။ အသက်

ကြောက်လာပေမယ့် နှုတ်မှ ထုတ်မပြောပုံပါ။ လူကို အမိန့်တွေပေး

တာ စည်းကမ်းတောင်တွေ ခတ်တာ၊ ဆုံးမပြောဆိုတာ မှန်သမျှကို

ကာဒ်ထက်ပင် သူက 'လင်း' အပေါ် ပိုပြီး ပြုမူစေညွှန်တတ်တာ

တတ်ပါလား။

"ဒါပေမဲ့"

"ဒါပေမဲ့ . . . ဘာလဲ . . . ဆက်ပြောလေ"

"လွှမ်းနဲ့လင်းကို လူကြီးတွေ သဘောတူထားတာတော့

မယ်ပဲ"

"ဘာရယ်"

ရင်ခွင်ထဲမှ အသာလွှတ်ပေးလိုက်လေ၏။ လက်မောင်းနှစ်

ဘက်ကို ဆုပ်ကိုင်ထားပါလျက် ငုံ့ကြည့်နေတာမို့ မျက်လွှာချထားမိပါ

သည်။ တော်ပါသေးရဲ့။ 'လင်း'ရဲ့ရင်ခုန်သံကို သူ မရိပ်မိလို့ ကံကော
သွားရတာပင်။ သူက အသံခပ်အုပ်အုပ်ဖြင့် မေးခွန်းထုတ်ပြန်သေ

"လင်းသဘောကရော"

"ဘာကိုလဲ"

"အဲဒီလွှမ်းအပေါ်မှာ ဘယ်လိုသဘောထားလို့လဲ"

"ဒီလိုပါပဲ"

"ဘာဒီလိုပါပဲလဲ၊ အဖြူအမည်းသဲကွဲအောင် ပြောမှ

"လင်းက ဘာပြောရမှာလဲ"

"လင်းနော် ... အခုကတည်းက မရှင်းမရှင်းလုပ်မယ်
လေနဲ့၊ မိဘတွေ သဘောတူတာနဲ့ပဲ ခေါင်းညိတ်နာခံရ
ကလေးမှ မဟုတ်တာကို"

တွေ့လာ။ ထင်ထားသည့်အတိုင်း အကုန်ပြောတော့
ပဲ။ ဒက်ဒီနှင့် ရင်ဆိုင်ဖြေရှင်းရမည့် တလင်းပြင်က ကျယ်လွန်း
မှန်ပေမယ့် လက်ရှိပစ္စုပ္ပန်အခြေအနေမှာ 'လင်း' ခေါင်းထဲ ဘာတ
ရှိမနေပါချေ။ ဖြေရှင်းဖို့တာတွေ, ရင်ဆိုင်ရတာတွေထက် ရင်တုန်
ရတာက လက်ရှိခံစားနေရတာ မဟုတ်ပါလား။

'လင်း'တော့ ကြာရင် နှလုံးရောဂါသည်ဖြစ်တော့မယ်
ပါရဲ့။





"အဲဒါ လင်းကိစ္စပါ"

"လင်းနော်"

"ဟုတ်တယ်လေ ... စဉ်းစားတာ, ဆုံးဖြတ်တာ လင်း
ပြဿနာပဲ မဟုတ်လား"

"ဘယ်ရမှာလဲ"

"လင်းနော် ... ကိုယ့်ကို စိတ်ပူအောင် မဆွချင်နဲ့"

"မှန်တာပြောတာပဲလေ၊ လင်းလက်ကြွယ်စင်က ဒေါက်တာ
းရာနေ, စေရာသွားခိုင်းနိုင်တဲ့ ရုပ်သေးရုပ်လေးမှ မဟုတ်တာ"

"ကြည့်စမ်း! ... ချက်ချင်းကို လက်တုံ့ပြန်တာပဲ ... ကဲ!"

"အို! ... ဘာလုပ်တာလဲ"

"ဆိုးလို့ ဒဏ်ပေးတာ"

သူ့ရင်ဘတ်ကို လက်သီးဆုပ်ဖြင့် ထုလိုက်မိစဉ် Intercon
အသံထွက်လာသဖြင့် ရုတ်တရက် လန့်သွားရပါသည်။ အရေးကြီး
မှာ ရောက်လာလို့တဲ့လေ။ နှမ်ယောက်သား မျက်နှာထက် ထူပူ
ကျ်အမ်းနေရာမှ တီးတိုးရယ်မောလိုက်မိပါသည်။ ပြီးနောက် ထိုင်ခုံ
ကျောမှီထက် အသာလွှမ်းထားပါသည့် duty coat ကို ယူဝတ်ရင်း
းနေခန်းတွင်မှ အမြန်ပြေးထွက်ခဲ့ရလေ၏။ ရင်မောလိုက်တာနော်။

❑ ❑ ❑

## အခန်း (၁၃)

တစ်ပွဲထက် လက်ရကာ မနေ့ခနဲ အိပ်ပျော်သွားရပါ၏။ ည
Accident ဖြစ်ပြီး ရောက်လာသည့် လူနာတွေ (၁၀) ဦးခန့် ရှိခဲ့တ
ဆရာဝန်တွေရော၊ သူနာပြုတွေပါ အကုန်ယင်ယန်းကုန်ကြတာပါ။ မန
(၄) နာရီခွဲကျော်မှာ အိပ်ချင်စိတ်က တိုးလာပြီး သတိထားနေလျက
ခေါင်းငိုက်စိုက်ကျသွားတော့တာလေ။

နံရံဘေးမှန်ချပ်များ ကာထားပါသည့် လိုက်ကာကို ဆွဲ
လိုက်လေသလားမသိပါ။ မှန်ချပ်များဘက် ခေါင်းစောင်းကာ မှေး
ထားမိသည့် မျက်လုံးထဲသို့ အလင်းရောင် ခပ်ရွှေရွှေရောက်လာသ
နယ် ခံစားလိုက်ရလေသည်။ နဖူးထက် နွေးခနဲဖြစ်သွားတာမို့ မျှ





သည့် မျက်လုံးတို့ကို အားယူ၍ ဖွင့်ကြည့်လိုက်မိ၏။ ဒီကိုယ်သင်း
ဒီကိုယ်ငွေ့နွေးနွေးနှင့် ဒီအထိအတွေ့ပိုင်ရှင်က 'ဒေါက်တာဇေရဲ
က်' ကိုယ်တိုင်ပါပဲ။

"Good morning! ... အိပ်ပုပ်လေး"

"ဟင်! ... မိုးလင်းနေပြီလား"

ဆတ်ခနဲ ခန္ဓာကိုယ်ကို မတ်လိုက်မိစဉ် ကျောထက်လွှမ်းခြုံ
ားပါသည့် ဂျာကင်က နံထက် လျှောကျသွားလေ၏။ သူက ဂျာ
င်ကိုယူလျက် လက်မှာကိုင်ထားလိုက်ပါသည်။ တကယ့်ကိုပင်
ပြင်မှာ လင်းထိန်နေပြီမဟုတ်ပါလား။ အလိုလေး! ... သတိလက်
တ်ဖြင့် သူ့ရှေ့မှာပင် အိပ်ပျော်သွားရတယ်လို့။

"(၆) နာရီပါ လင်းရဲ့၊ ထသင့်ပြီထင်လို့ နှိုးလိုက်တာ"

"ရည်မွန်တို့ ပြန်ကုန်ပြီလား"

"မထသေးပါဘူး... Rest Room ထဲမှာ သိုးနေအောင်
အိပ်နေကြတုန်း"

"မျက်နှာကြီး ဖောင်းနေပြီလားဟင်၊ မျက်ကွင်းတွေကုန်ပြီ
လား မသိပါဘူး"

"ဘာဖြစ်လဲ ... ကိုယ့်မျက်စိထဲ လှနေရင် ပြီးတာပဲလေ,
သင်းရဲ့"

မကျေမနပ်ဖြင့် သူ့ကို မျက်စောင်းခဲလိုက်ပြီး သန့်စင်ခန်း
ရှိရာ အပြေးဝင်လိုက်ပါ၏။ သူက နောက်မှ ခြေလှမ်းသွက်သွက်ဖြင့်
လိုက်ပါလာပြီး လင်း၏လက်ကို လှမ်းဆွဲထားကာ လက်ထဲ
သွားပွတ်တံအသစ်တစ်ချောင်းနှင့်အတူ သွားတိုက်ဆေး၊ ပလုတ်ကျင်း
ဆေး၊ မျက်နှာသစ် Cream ဗူးတို့ကို တစ်ခါတည်း ထည့်ပေး
လိုက်လေသည်။

ကြည့်စမ်း! ...ဒါမျိုးက မိန်းကလေးဖြစ်သည့် 'လင်း'
က ကြိုပြီး စီစဉ်ထားရမည့်အရာတို့ပါ။ အခုတော့ ဘာမှကြိုတင်
လာတာ မရှိပါဘဲ သူ လှမ်းပေးလိုက်တာတို့ကိုသာ အဆင်သင့်
သုံးမိတော့တာလေ။ အမှတ်တွေတော့ လျော့ကုန်ပြီ 'လင်း' ရေ

ကိုယ်လက်သန့်စင်တာအားလုံးကို (၁၀) မိနစ်အတွင်း
ပြီးပြတ်အောင် လုပ်လိုက်ရပါ၏။ စည်းကမ်းတကျလုပ်ဆောင်တတ်
သည့် အကျင့်က ရှိနေပြီးသားမို့ မခက်ခဲလှပါ။ ကိုယ့်ကိုယ်ကို
မှန်ထဲမှာ ပြန်ကြည့်လိုက်မိပြီး ခပ်ပြောင်ပြောင်ဖြစ်နေသည့်မျက်နှာ
ကြောင့် ရှုံ့မဲ့လိုက်မိလေ၏။

ပြီးနောက် ...တံခါးကို ဖွင့်၍ ထွက်လိုက်စဉ် သူက အဆင်
သင့်စောင့်နေပြန်လေသည်။

“Towel က အသစ်ဝယ်ထားတာ မရှိဘူး။ ကိုယ်သုံးပြီးသား





သန့်ရှင်းသုံးပါ”

ကမ်းပေးလိုက်သည့် Towel အလတ်လေးကို လှမ်းယူ
ရင်း ပြုံးမြမြဖြစ်သွားရပါ၏။ အနည်းငယ်မျှသာ စိုနေသည့်
Towel ကို ခပ်ဖွဖွသုတ်လိုက်မိလေသည်။ ရှူရှိုက်မိသည့် ရနံ့က
အထိ မွှေးမြအေးသွားတာ အမှန်ပါ။ ဘယ်လိုကြီးပါလိမ့်။
ချစ်ဆိုသည့်အရာက ရင်ဘတ်ထဲရောက်လာတာနှင့် မြင်မြင်သမျှ
ခံစားရသမျှအရာတို့က အကုန်လှပကုန်တာများလား၊ ထူးဆန်း
ပနေ၏။

“ဘာလို့ပြုံးတာလဲ”

“သဘောကျလို့ပါ”

“ကိုယ့်ကိုလား”

“အမယ် ...မဟုတ်ပါဘူးနော်၊ ဒီလို စကားလှလှတွေ
ပြောတတ်ဘူးလို့ ထင်ထားတာမို့ပါ”

“အချစ်က အရာရာကို သင်ပေးနိုင်စွမ်း ရှိတယ်လေ”

“ဒေါက်တာနော်”

“ခုထိ အဲဒီလိုပဲ ခေါ်နေဦးမှာပဲလား”

“သူများတွေ သိကုန်မှာပေါ့”

“သိသိလေ ...I don't care”

"ဘယ်ကောင်းမှာလဲ"

"စိုင်တီးဆိုင်သီချင်း ဆိုပြရတော့မယ်ထင်တယ်"

"ဘာသီချင်းလဲ"

"ကိုယ့်အချစ်နဲ့ အရာရာကို အကောင်းအတိုင်း ဖြစ်စေမယ် လို့လေ"

ရယ်သံထွက်လာတော့မှာမို့ ပါးစပ်ကို လက်ဝါးဖြင့် အုပ် လိုက်ရပါ၏။ ကြည့်စမ်း! ... ဒါမျိုးလည်း တတ်တာပါလား။ အစ ဖြင့် တည်တည်တံ့တံ့ ဣန္ဒြေကြီးနဲ့လူက 'လင်း' ရယ်ပြုံးလာအောင် ပြုလုပ်နိုင်စွမ်း ရှိနေရတယ်လို့ ... အပျော်တို့က ရင်ထဲမှာ ပြည့်လျှံ နေတာမို့ မျက်နှာထက် ပေါ်နေပါသည့် ပီတိအဟုန်ကို မထိန်းချုပ် နိုင်ခဲ့ပါချေ။ 'လင်း' တော့ အပျော်လွန်ပြီး ရူးတော့မည်ထင်ပါရဲ့။

"အိမ်အထိ လိုက်ပို့ပေးမယ်နော်"

"အိမ်အထိ ... မဖြစ်ဘူးထင်တယ်"

"ကော်ဖီလေး, ဘာလေး သောက်ဖို့တောင် မခေါ်ချင်ဘူး လား"

"အဖြင်ဆိုင်မှာ ဝယ်တိုက်မယ်လေ"

"ဘာလဲ ... အိမ်ကသိရင် ဆူမှာစိုးလို့လား။ ကိုယ်က ကလေးကို မုန့်ပေးကြိုက်ရအောင် 'လင်း' က အထက်တန်းကျောင်း





သူလေးမှ မဟုတ်တာကို၊ ဆွဲထိရင် ကိုယ်လည်း အတူတူ နာခံရ မှာပေါ့"

"မဟုတ်ပါဘူး"

"ဒါဆို ဘာကြောင့်လဲ"

စဥ်းစားလိုက်မိပါ၏။ ပြောလိုက်လို့ ဖြစ်ပါ့မလား။ 'လွှမ်း' နှင့် တစ်အိမ်တည်း တစ်မိုးအောက်တည်းမှာ အတူရှိနေတာကို သိမ်း ဆိတ်ခုစရာဖြစ်နေမှာလေ။ မဖြစ်သေးပါဘူး။ အချစ်မှာ ရိုးသားမှုနဲ့သစ် ္ စ္စာရှိရမှာ လိုအပ်ရှိမှုနှပ်ပါလျှင် သူသိသင့်သိထိုက်သည့်ကိစ္စတို့ကို မဖုံးမကွယ် ပြောပြထားသင့်တာ မဟုတ်လား။

"စိတ်မဆိုးရဘူးနော်"

"ပြောမှသာ ပြောပါ, လင်းရဲ့"

"လွှမ်းရှိနေလို့ပါ"

"ဘယ်လို ... သူက လင်းတို့အိမ်မှာလာနေတာပေါ့လေ မဟုတ်လား"

"ကြည့်! ... မနာလိုတူး မဟုတ်လား။ အဲဒါကြောင့် မပြော ချင်တာ"

"မနာလိုတာ မဟုတ်ဘူး ... စိတ်မချတာ လင်းရဲ့"

"စိတ်မချစရာလား ... လင်းက မသိနားမလည်တဲ့ကလေး

လည်း မဟုတ်ဘဲနဲ့''

''ကလေးမဟုတ်လို့ ပိုစိတ်ပူရတာပေါ့။ ကလေးဆိုရင် ဒီလို မပေါင်းရဘူးဆိုပြီး အမိန့်ပေးလို့ရဦးမှာ''

''အစ်ရော ... လင်းကို အမိန့်ပေးလို့လား ... ပြောပါဦး''

''အလုပ်နဲ့ Personal မရောပြပါနဲ့''

Lift ထဲ ဝင်ပြီမို့ သူက 'လင်း'၏လက်ဖျားကို ဆုပ်ကိုင်ထားရင်း ညှစ်လိုက်လေ၏။ ခဏတာမျှ နာသွားရပေမယ့် အပြစ် မမြင်မိပါ။ သူ့ စိတ်မရှည်သလိုမျိုးက ဖြစ်ချင်စရာပင် မဟုတ်လား။ 'လင်း'၏အနီးဆုံးမှာ ရှိနေသည့် 'လွှမ်း' က အနီးကပ်ရန်သူ အစစ် အမှန်ပါလေ။

''စိတ်မချတော့ဘူး''

''အိမ်ခေါ်သွားမယ်လို့တော့ မပြောပါနဲ့နော်၊ ကြိုအသိပေး ထားပါရဲ့''

''ကိုယ်က ကိုယ့်ချစ်သူကို တန်ဖိုးထားပြီး ချစ်တဲ့လူပါ၊ တန်ဖိုးမဲ့တဲ့ လုပ်ရပ်မျိုး ဘယ်တော့မှ မလုပ်ဘူး ... စိတ်ချ''

''ဒါဆို ... ပါတစ်ကမ်းလက်တစ်လှမ်းအကွာမှာ ရပ်နေမှ ပေါ့''

''ဒါတော့ ဘယ်ရမှာလဲ ... ကိုယ်က မပိုင်သေးတာ





ပေးမယ့် သက်ဆိုင်သူပဲကို''

မျက်စောင်းထိုးလိုက်မိပေမယ့် အပြုံးကဖြင့် မလျော့သွား ပေ။ အချစ်က ဤသို့ပင် ကာယကံရှင်နှစ်ဦးကို ပျော်ရွှင်သည့် ချက်မျိုးပဲ ပေးတတ်တာပဲလား။ မိုးမမြင် လေမမြင်ဆိုပြီး စားကြတာ ကြားမှုပေမယ့် တကယ်လည်း အပျော်တို့က ''တိမ် နှုန်းစားသည့် လကလေး'' နှယ်ပါလေ။

Lift ထဲမှ ထွက်လာပြီး Lobby မှ ဖြတ်ကာ ကားပါကင် ဆီသို့ ခပ်ဖြည်းဖြည်းလျှောက်ခဲ့ကြပါ၏။ အရက်ဦးနေမင်း၏ နွေးနွေးအပူရှိန်က ဆေးရုံဝင်းထဲမှာ ဖြာကျနေလေသည်။ ကြည် လေရာ၊ မြင်လေရာ မျက်စိပသာဒဖြစ်နေတာ မဟုတ်ပါလား။ ကြည် လိုက်ပါဘိ။

''ကော်ဖီဆိုင်မှာ ခဏနားပြီးမှ အိမ်ပြန်ပို့ပေးမယ်''

''ဟုတ်ကဲ့''

''နေ့လယ် (၁၁) နာရီမထိုးခင် လာကြိုမှာမို့ ready ဖြစ် သားဦး''

''ဟုတ်ကဲ့ပါ''

''အိမ်လိုမှာပြနေပါလား''

''လင်းက အစကတည်းက ဒေါက်တာ့စကားကို အမြဲနာခံ

ခဲ့တာပါနော်"

"လာပြန်ပြီလား ... ဒီဒေါက်တာကြီး"

"ဒါဆို ... ဘယ်လိုခေါ်ရမှာလဲ ... မေဓိဘုန်းမြတ်လိုတော့ မခေါ်နိုင်းနဲ့နော်"

သူက ကားတံခါးဖွင့်ပေးရင်း 'လင်း' ကို မျက်မှောင်ကြု ၍ ကြည့်လိုက်လေ၏။ မကျေနပ်ပြန်ဘူးလား။ မျက်စိရှေ့မှာ နာ ခပ်ဆတ်ဆတ်ကြားခဲ့ရတဲ့ "ကိုကို" ဟူသည့်အသံကို အခုအချိန် ကြားယောင်နေမိတုန်းပါ။ ထိုအသံထဲမှာ သူ့အပေါ် မည်မျှပျော်ဝ နေပါသလဲဆိုတာကို အသိသာကြီး မဟုတ်ပါလား။

"အခုတို့ပြတာလား၊ လင်း"

"မဟုတ်ရပေါင်ရှင်"

"မီနဲ့ကိုယ့်ကိုလည်း လင်းနဲ့ ဟိုတစ်ယောက်လို အိမ် သဘောတူထားကြတာမျိုးပါ။ ဒါပေမဲ့ ကိုယ့်သဘောထားကို အမေ ကြီးကတည်းက ပြောထားပြီးပြီနော်၊ မီ့ကို ညီမလေးလိုပဲ သဘော ထားတာလို့"

ညီမလေးတဲ့လား။ လောကမှာ ကိုယ်နဲ့ ဘာမှသွေးသား မတော်စပ်ပါဘဲ သူစိမ်းမိန်းကလေးတစ်ယောက်အပေါ် အဖြူရောင် သန့်သန့်နဲ့ ခင်မင်တွယ်တာနိုင်တာ ဖြစ်နိုင်ပါ့မလား။ သူ့ဘက်က





ပင်တာမှန်ပေမယ့် တစ်ဖက်သား မိန်းကလေး၏အကြည့်တို့က ခံပွားယ်ရှိနေတာပါလေ။

ဘုရားရေ! ... 'လင်း' တော့ အခုပဲ ချစ်သူရပြီး နောင်တ တာမျိုးတော့ မဖြစ်သင့်ပါချေ။

"လင်း"

"ဟင်"

"ငြိမ်သွားလိုက်တာ"

"မေးရင် ဖြေချင်ပါ့မလားလို့ တွေးနေတာ"

"ဘာများလဲ"

"အကယ်၍ လူကြီးတွေက အတင်းအကျပ်စီမံပေးမယ်ဆို င် ဘယ်လိုလုပ်မလဲ"

"ဘယ်လို ... လင်းကိစ္စလား။ ကိုယ့်ကိစ္စလား"

"နှစ်ခုစလုံးပဲ"

"ဟာ! ... ဒါတော့ ဘယ်ဖြစ်ပါ့မလဲ၊ ကိုယ့်ဘက်က မီ့ကို တ်ပြတ်သားသား ငြင်းထားပြီးရင် ဘာပြဿနာမှ ဆက်ဖြစ်စရာ ကြောင်း မရှိတော့ဘူး။ လင်းသာ သူ့ကို တံခါးမဖွင့်ပေးမိစေနဲ့"

"ဟယ်! ... လူကို အထင်တသေးနဲ့"

"တံခါးဆိုတာ အိမ်ခန်းတံခါးတင် ပြောတာမဟုတ်ဘူး။

ရင်ခွင်တံခါးကိုပါ ရည်ရွယ်ပြီး ပြောလိုက်တာ၊ လူကို ပိုစိတ်မချအော
ပြောပြန်ပါပြီ"

"စိုးရိမ်ပြန်ပြီလား"

"ဒါပေါ့"

ကော်ဖီဆိုင်မှာ ခဏမျှ ဝင်နားဖြစ်ပါ၏။ အိပ်ရေးပျက်ထ
တာနဲ့ Black Coffee သောက်ရတာက ခေါင်းကို ကြည်လင်စေ
သည်။ အရက်ဦးလေက အေးစက်နေတာနဲ့ 'လင်း' လက်ချော
ကြက်သီးမွေးညင်းလေးတွေ ထသွားတာကို သူ မြင်သွားလေ၏

"ကျွတ်! ... ဂျာကင်ယူဖို့ မေ့ခဲ့ပြီ၊ သွားယူဦးမှပါပဲ"

"မယူပါနဲ့"

"လင်း အေးနေပြီမဟုတ်လား"

"ရပါတယ် ... နေရောင်က နွေးနေတာပဲဟာ၊ အဲဒီလော
လင်းက မပျော့ပါဘူး။ နေပါစေ ... မယူနဲ့တော့"

"ကော်ဖီပူပူလေး သောက်လိုက်ရင် နွေးသွားမှာပါ"

'လင်း'က အချိုမကြိုက်ဘဲ အစိမ့်ကြိုက်သူမို့ သူ
အလိုက်တသိဖြင့် ပေါင်မုန့်စိမ့်စိမ့်လေးမှာပေးလေသည်။ မျက်နှာ
ဆိုင်မျိုးရှိတာက Operation ခန်းမှာသာ ရှိခဲ့ရတာပါ။ ဒီလိုအ
အထားဖြင့် စိုက်ကြည့်နေတာက 'လင်း' အတွက် နေရခက်စေပါ





"ဘာလို့အကြည့်ကို လွှဲရပြန်တာလဲ၊ ကိုယ်နဲ့ဆုံတိုင်း လင်း
ဒီလို အမြဲတမ်း အကြည့်ရှောင်တတ်တယ်နော်၊ မရိုးသားဘူး"

"မရိုးသားရအောင် လင်းက မဟုတ်တာ လုပ်နေတာမှ
ဟုတ်ဘဲ"

"ဝန်မခံချင်လည်း ဖွတ်အတင်းမမေးပါဘူး။ ဒီလောက်တော့
ကိုယ် နားလည်ပါတယ်"

စားပွဲထက်တင်ထားသည့် phone မှ ခေါ်သံထွက်လာစဉ်
သူယူကြည့်လိုက်လေ၏။ phone နံပါတ်ကို နာမည်နှင့်အတူ ထည့်
ထားတာမို့ မည်သူမည်ဝါခေါ်မှန်း သိနိုင်ပါသည်။ အပေါ်မှာပေါ်နေ
သည့် 'လွှမ်း' ဟူသည့်အမည်ကို ဖတ်ရင်း သူက 'လင်း'၏ phone
ကို မိုလ်ကျူစွာဖြင့် ဝိတ်လိုက်လေ၏။

'လင်း'၏ချစ်သူက 'လင်း'အပေါ် အတော်လေး သဝန်တို
တတ်ပါလားနော်။

## အခန်း (၁၄)

ကားကို ဆင်ဝင်အောက်မှာ ညင်သာစွာ ရပ်ပြီး ဆင်းလိုက်ပါ၏။ ငေးငိုင်နေသော မမ ၏ ညည့်ခန်းတံခါးဖွင့်ထားတာကို တွန်းဖွင့်လိုက်စဉ် မာဆီက သူကို လာသည့် ဂျာကင်ကို လှမ်းယူလိုက်လေသည်။ ဆွယ်တာလက်ရှည် အပါးကို ခုထိဝတ်ထားတာမို့ သူချွတ်လိုက်ရပါ၏။

"ထူးဆန်းလိုက်တာ"

"ဘာကိုလဲ မာဆီ"

"သားဂျာကင်မှာ မိန်းကလေးအနံ့မျိုး ရသလားလို့"

သူ ပြုံးလိုက်မိပါ၏။ တကယ်ပါပဲ။ မာဆီက ဘယ်လိုဖြစ်ပြီး 'လင်း'ရဲ့ကိုယ်သင်းရနံ့ကို ရသွားတာပါလိမ့်။ နှစ်နာရီခန့် အိပ်ပျော်





သွားသည့် 'လင်း' ကို အအေးမိမှာစိုးပြီး သူ့ဂျာကင်ကို 'လင်း'ရဲ့ ကျောဘက်မှာ ခပ်ဖွဖွအုပ်ပြီး ခြုံပေးခဲ့တာပါ။ 'ချစ်တယ်' ဟူသည့် စကားပြောကို တိုးတိုးပ မကြားဖြစ်ခဲ့သော်ငြား သူ့အမေ့အိုက် သူ့အနမ်း ...အောက်မှာ မျက်နှာရဲခဲ့သလို ရှက်သွေးဖြာပြီး သောက်ရှုကြယ် ...ခေါင်းနှယ် လက်ခနဲ တောက်ပသွားပါသည့် မျက်ဝန်းတောက်တောက်တို့မှ ...ဆင့် ရင်တွင်းရှိအဖြေကို သိခွင့်ရခဲ့တာပါ။

"အမယ်! ...ပြုံးနေတယ်ပေါ့လေ မာဆီမှန်းဆ...

...နေပြီလား"

"ကွက်တိဖြစ်နေလို့ပါ"

"Night ဆင်းပြီး ပြန်လာတာဆိုတော့"

"မှန်ပါတယ် မာဆီ ...'လင်း' ပါပဲ"

မာဆီ့မျက်နှာ တစ်မျိုးဖြစ်သွားလေ၏။ ခုထိ 'ဗီ' နဲ့ကိစ္စကို ...ပြေနိုင်သေးဘူးလား။ အစစအရာရာ ပြီးပြည့်စုံသည့် 'ဗီ' က ...အပေါ် မည်သို့သဘောထားမှန်း မသိပေမယ့် အကြိုးဖြစ်တဲ့ သူ့ကို ...ယ်လို ဆိုးနွဲ့မှန်း သိသာနေပါ၏။ မောင်နမသံယောဇဉ်မျိုးကို ...ရာတွေရောယှက်အောင် သူ မည်သို့ဆေးရောင်ဆိုးနိုင်ပါ့မည်နည်း။

"မာဆီ့သားက ဒီလောက်ကြိုက်ထားတာတောင်မှ ရွေးခ...
...ဲ့လာခဲ့တယ်ပေါ့လေ"

"နားလည်ပေးပါ, မာဓိ၊ ကျွန်တော့်ကိုယ်ကျွန်တော် မ
နိုင်လို့ ဖွင့်ပြောဖြစ်ခဲ့တာပါ"

"ချက်ချင်းကြီး ခေါင်းညိတ်လိုက်တယ်ပေါ့ ...ဟုတ်
လား"

သူ ငြိမ်သွားရပါ၏။ အထင်သေးလေသလား။ ချစ်ခြင်း
အသွားအပြန်ရှိသလို ဖြည်းဖြည်းမှန်မှန်ဆိုတာထက် လျှပ်ပြက်သ
ရုတ်တရက် ချက်ချင်းဖြစ်တတ်တာမျိုးပါလေ။ ဆယ်ကျော်သက်
ငယ်တွေနှယ် ဒိတ်ခနဲ ရင်ခုန်တာနဲ့ အချစ်ပဲဆိုပြီး ရူးရူးနှမ်း
ပျော်တာမှ မဟုတ်တာပဲ။

"အဲဒါက"

"လွယ်လှချည်လား ကိုဇေရယ် ... ဒီလောက်လေးနဲ့
မှန်းတွက်ချက်ကြည့်လို့ရနိုင်ပါတယ်၊ အဲဒီကောင်မလေးက အတွ
အချက် ပိုင်သားပါပဲလား"

"မာဓိ"

"မာဓိကတော့ မိုးကိုပဲ သဘောကျတယ် သား။ မိုးက ဝေ
တယ်၊ ဖျိုမြစ်နနယ်တယ်၊ လန်းဆန်းတက်ကြွမှုအပြည့်ရှိတ
အဖက်ဖက်ကလည်း ပြည့်စုံတယ်၊ အထူးသဖြင့် သားအပေါ်
ထွယ်တာသက်ဝင်ချစ်ရင်းစွဲ ရှိသလို မာဓိတို့ကိုလည်း မိဘတွေ





စ်ဘန်းတည်းထားပြီး ရှိသေးတယ်"

"မှန်ပါတယ် မာဓိ၊ 'လင်း'ကို အတွက်အချက်တော်တယ်
ပို မာဓိ အမြင်မှားတော့ပါ၊ အခု မာဓိပြောနေတဲ့ အချက်အလက်တွေ
ရော အဲဒီခေါင်းစဉ်အောက်မှာ မပါဝင်ဘူးလား"

"ကြည့်စမ်း! ... မာမို့သားက မာမို့ကို အဲဒီကောင်မလေးနဲ့
တ်သက်ပြီး အာခံတတ်နေပြီလား"

"ကျိုးကြောင်း ဆီလျော်အောင် ပြောပြတာပါ, မာဓိ၊
သင်မမှားလိုက်ပါနဲ့"

"မိုးမှာ ဘာအပြစ်များ ထောက်ပြစရာ ရှိသလဲ"

"အကြည့်ချင်း တူရင်တော့ အတွေးလည်း တူမှာအမှန်ပါ
ာဓိ၊ မိုးကိုချစ်တဲ့အချစ်ကို မမီရင်တောင် မလျော့တဲ့ ချစ်ခြင်းမျိုးနဲ့
ျွန်တော့်ရဲ့လင်းကို မကြိုဆိုပေးနိုင်ဘူးလား"

မာမို့မျက်နှာက ခပ်မှဲ့မှဲ့လေး ဖြစ်သွားလေ၏။ တစ်ညတာ
ပျော်ရွှင်ခြင်းက တစ်မနက်တည်းနဲ့ပင် ပျက်သုန်းရချေပြီ။ အပျော်
သက်သက်ချစ်တာမျိုးမှ မဟုတ်တာပဲ။ ရာသက်ပန် ရည်ရွယ်ပြီး လက်
ခမ်းပေးထားတာကို 'လင်း' က ပိုင်ပိုင်ဆုပ်ကိုင်ပေးတာမျိုးတောင်
ရှိသေးပါဘဲ တိုက်ပွဲက ဖြစ်လာရတယ်လို့။

"မာမို့သားက မြင့်တယ်ဆိုတဲ့ နေရာကနေ အောက်ကို

ပုံကြည့်ပြီး ခုန်ဆင်းချင်နေတာပါလား''

''မာဒီ''

''အတွင်းသိ၊ အစင်းသိ သဘောဖြူ အူစင်းတဲ့ ...
တန်ဖိုးထားရကောင်းမှန်း သိသင့်ပါတယ် ကိုဇေ''

''အချစ်ဆိုတာ ရင်ဘတ်ထဲက ဖြစ်တည်လာတာမျိုးပါ ...
နှလုံးသားနဲ့ ဆုံးဖြတ်ရတာကို မာဒီက ဦးနှောက်နဲ့ နှိုင်းစေချင် ...
လား''

''သားကို ပညာတွေ သင်ပေးထားတာ အလကားမဖြစ် ...
စေနဲ့လား, ကိုဇေ၊ အချစ်ဆိုပြီး နှလုံးသားကို ဖန်းပြလုပ်စားနေ ...
မျိုးက ကဗျာဆရာတွေ, သီချင်းရေးဆရာတွေ အလုပ်ပါ၊ လူသ ...
တွေရဲ့အသက်ကို ကယ်တင်ပေးနေတဲ့ သားအတွက် ပြကောင်း ...
Reason မျိုး မဟုတ်ဘူး''

''ဆရာဝန်လည်း နှလုံးသားနဲ့ လူသားပါပဲ မာဒီ၊ ခံစားတ ...
တယ်၊ ထိရှနာကျင်လွယ်တယ်၊ ချစ်တတ် နှောင်တွယ်တတ် ...
သာမန်လူပါပဲ''

''မာဒီ၏အကြည့်တို့က အတော်အေးစက်သွားလေ၏။ ...
ကတည်းက ဒက်ဒီထက်ပိုပြီး မာမီ့အပေါ်သာ အားကိုးခင်တွယ် ...
သည့် သံယောဇဉ်ထုထည်က ကြီးမားခဲ့တာ အမှန်ပါ။ သို့သော ...





... သူ၏နှလုံးသားရေးရာကိစ္စနှင့် ပတ်သက်ပြီး ယခုလို မာမီနှင့်
... နဲ့ကျင်ရတာက သူ့အတွက် နာကျင်စရာပါပဲ။

''Love is blind လို့များ အော်နေမှာလား, ဖေရဲ့ထက်''

''ဟာ! မာမီ''

''မာမို့သားကို မျက်စိကွယ်အောင် လုပ်တဲ့သူကို မာမီက
... ယ်လိုခံစားချက်မျိုးနဲ့ ရင်ဖွင့်ကြိုဆိုပေးရမှာလဲ''

''မာမီ ... ကျွန်တော် ...''

''တစ်ဦးတည်းသောသားဆိုပြီး သည်းသည်းလှုပ်ချစ်ပြတာ၊
... ယ်လိုချွေးမကိုမဆို ရင်ခွင်ထဲက ဆွဲထုတ်ပြီး မပေးနိုင်ဘူးဆိုပြီး
... းရှုးရှုးတဲ့ အမေစာရင်းထဲမှာ မာမီမပါဘူး ကိုဇေ၊ ဒါပေမဲ့ ...
... ခုလို မာမို့ကို ဆန့်ကျင်ပြီး ရွေးချယ်တာကိုတော့ ဝမ်းနည်းမိတာ
... မှန်ပဲ။

''မာမီ''

''တိရစ္ဆာန်တောင် အရွယ်ရောက် အတောင်စုံရင် မိခင်
... သိုက်ကို စွန့်ပြီး လောကသစ်ကို ရှာဖွေတတ်ကြတဲ့သဘာဝကို
... မီလည်း နားလည်ပါတယ်၊ မာမို့သားရွေးတဲ့လမ်းကို မသွားရဘူး
... ို့ အမိန့်လည်း မပေးချင်ဘူး။ မျက်ရည်ခံလည်း မထိုးပါဘူး''

''မာမီရယ်''

အလို . . . ပြဿနာက မသေးပါလား။ မာမီဆိုတာ မာ
ကြီးသည့် သူဌေးသမီးဘ၀ဖြင့် ရှင်သန်ကြီးပြင်းခဲ့တာ မဟုတ်ပါလား
လူကြီးတွေ ပေးစားခဲ့ပါသည့် ဒက်ဒီနှင့် လက်ထပ်ခဲ့ရတာမို့ သူ
လည်း ဒီလိုပုံစံအတိုင်း လမ်းကြောင်းပြပြီး လျှောက်စေချင်နေ
လေ။ ယခုလို အချေအတင်မျိုး တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးတာ
ပထမဦးဆုံးအကြိမ်မှာပင် သူ နာကျင်ရချေပြီ။

ဩော် . . . 'လင်း' ရယ်။

''ဒါပေမဲ့ . . . မိဘဆန္ဒမပါတဲ့ အိမ်ထောင်ရေးမျိုးက ဘယ်
တော့မှ အဆင်မပြေဘူးဆိုတာကိုတော့ သားသိထားပါ''

''မို့ကို လက်သင့်မခံနိုင်တာနဲ့ဘဲ မာမီက ကျွန်တော့်
ရန်သူကြီးတစ်ယောက်လို သတ်မှတ်လိုက်တော့မှာလားဗျာ''

''ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာကို ရွေးတတ်စေချင်လို့ပါ၊ သား
သူ့ဘက်မှာလည်း သဘောတူထားတဲ့သူ ရှိပြီးသားပါ၊ ဒီလိုပဲ သား
လည်း မိရှိနေတာကြောင့် သေချာစဉ်းစားကြည့်ရင် သားပဲ စိတ်ညစ်
ရမှာလေ၊ သူကရော အမေဖြစ်သူကို ဆန့်ကျင်ပြီး သားကို လက်ထ
ပ်ပို့မလား''

''အဲဒါက . . .''

''ရှုံးရှုံးမိုက်မိုက် ဆုံးဖြတ်တဲ့အရွယ်မှ မဟုတ်ဘဲ၊ ကိုအေ





ယ်လိုပဲ တွက်ဆပါစေ . . . မို့ကိုလက်ထပ်ရမှာ သားအတွက်
များနစ်နာမှာမို့လို့လဲ . . . ပြောပါဦး''

ပြောတတ်ပါပေ့ မာမီရယ် . . . ရင်ဘတ်ကြီးထဲမှ နှလုံးသား
တော့ နည်းနည်းမှ မငဲ့ကွက်ချင်ဘူးတဲ့လား။ ချစ်တတ်သည့်စိတ်
င်တည်လာမှပဲ ဒီလိုကိစ္စက ဖြစ်ရတယ်လို့။ နှလုံးသားကို ဦးစား
းတတ်သည့် အရွယ်မဟုတ်ဘူးတဲ့လား၊ မာမီ။ ဒီ 'နှလုံးသား'
င်သန်နေမှသာ 'အသက်' ဆိုတာ ခန္ဓာမှာ တည်မြဲနေတာပါ။ ဒီ
လုံးသား ပျက်ကွယ်ပြုသွားတာနဲ့ တစ်ပြိုင်နက်တည်းမှာ အသက်နဲ့
ခန္ဓာက ကျောခိုင်းလမ်းခွဲသွားရမှာကို မာမီ သိပါလေစ။

''မချစ်နိုင်လို့ပါ မာမီ''

''ဘာရယ်''

''ကျွန်တော် မချစ်နိုင်တဲ့ မိန်းကလေးကို လက်ထပ်ပြီး
ခေါင်မိုးပေါ်မှာ နေရတာ စိတ်ချမ်းသာနိုင်မှာတဲ့လား။ ဆေးရုပ်အုပ်ကြီးရဲ့
နေရာကို လုချင်တဲ့ သမက်ဆိုပြီး ကြည့်မယ့်အကြည့်တွေရဲ့အောက်
မှာ နိုင့်စွရှုပ်နေရတဲ့ ကျွန်တော့်နေရာမှာ ၀င်ကြည့်ပေးပါ မာမီ''

''ကိုအေ''

''မို့ကို အပြစ်တင်ထောက်ပြငြင်းဆန်နေတာ မဟုတ်ရပါ
ဘူး၊ ကျွန်တော့်အပေါ်မှာ မီ ဘယ်လိုသဘောထားတယ်ဆိုတာကို

လည်း ကျွန်တော် နားလည်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ကရုဏာသ
ရဲ့ အချစ်ဆိုတာ မဖြစ်တည်လာနိုင်ပါဘူး၊ မာဇီ၊ အဲဒါ အမှန်တ
ပါ''

''သားက သူ့ရှေ့မှာ သူရဲကောင်းတစ်ယောက်လို ရပ်တ
ပေးနိုင်တယ်ပေါ့လေ''

''...''

''အဲဒီလိုမျိုး သူကရော သားခေါ်ရာနောက်ကို လိုက်နိုင်
တဲ့လား''

''လင်းရဲ့ချစ်ခြင်းကို ကျွန်တော် ယုံတယ်''

''သားမှာ ဘာပိုင်ဆိုင်မှုမှ ရှိမနေရင် သူ ရွေးမယ်လို့
ထင်နေသလား''

''ကျေးဇူးပြု၍ လင်းအပေါ် အထင်သေးနေစိတ်ကို နည်
နည်းလေး လျှော့ပေးပါလား၊ မာဇီ''

''မာမီ့သားက သူ့ဘက်ကို လုံးလုံးလျားလျား ရောက်နေ
ရောလား။ မာဇီ ရင်နာတာကိုတော့ ကြည့်ရက်တယ်ဆိုပါတော့လေ''

''မာဇီ''

''အမြဲတစေ မာမီ့သဘောလို့ ပြောခဲ့တဲ့ သားက အခုတော့
မာဇီနဲ့ ဆန့်ကျင်တာတွေချည်း လုပ်တတ်လာတာ ဘာကြောင့်လဲ''





သူ သက်ပြင်းရှည်ကြီးကို ရှိုက်ထုတ်လိုက်မိပါတော့၏။
စ်ရေးလောက် အိပ်ပြီး ဆေးရုံကို ပြန်သွားရမှာမို့ အနားယူရမှာပါ။
ခုတော့ဖြင့် အိပ်မပျော်အောင် လုပ်နေသူက သူ၏မိခင်ဖြစ်နေရ
ယ်လို့။ လူကြီးနှင့်လူငယ်၏သံယောဇဉ်လွန်ဆွဲပွဲမှာ အနိုင်ရဖို့က
ခက်ခဲဆုံးပင် မဟုတ်ပါလား။

''လင်းက အပြစ်မဲ့တဲ့ မိန်းကလေးပါ၊ မာဇီ၊ နူးညံ့တယ်၊
အေးဆေးတယ်၊ တည်ငြိမ်တယ်၊ ဖျတ်လတ်တယ်။ အထူးသဖြင့်
ယ့်အထက်လူကြီးတွေအပေါ်၊ လေးစားရိုကျိုးတဲ့ ဂုဏ်ရှိယာပါ၊ အဲဒီ
မိန်းကလေးကို မာဇီ ရွေးမပေးတော်ချင်ရတာ ဘာကြောင့်များပါလဲ''

''မိုးကို ချစ်လို့ပေါ့''

''ဗျာ!''

''မိုးကိုပဲ သမီးလို ရွေးမလို သဘောထားနှစ်ပြီး ချစ်လို့ပေါ့
ခဲ့ရဲ့ထက်ရယ်၊ ဒါလေးတောင် မသိဘူးလား။ မိုးအပေါ် ချစ်ရင်းစွဲ
နေတဲ့ မာမီ့စိတ်က မိုးနေရာမှာ အခြားတစ်ဦးကို အစားထိုးနိုင်ဖို့
ယ်ကူမှာတဲ့လား''

''မိုးကို ချစ်တဲ့စိတ်တစ်ခုတည်းပါပဲလား၊ မာဇီ၊ တခြား ဘာမှ
ဘ်မပါဘူးဆိုပါတော့''

မာဇီ နှုတ်ဆိတ်သွားလေ၏၊ ထပ်ပြောစရာမရှိတော့ဘူး

တဲ့လား။ 'မေဓိဘုန်းမြတ်' ရဲ့အနောက်မှာ ကာဆီးထားပါသည့် တံတိုင်းကြီးက 'ဒေါက်တာဘုန်းမြတ်' နှင့် 'ဂန္ဓမာဆေးရုံကြီး' ပင် မဟုတ်ပါလား။ 'မီ' သာ ဘာ background မှ ရှိမနေသည့် သာမန် မိန်းကလေးသာဖြစ်နေရင် သူနှင့်သဘောတူပါသည်ဆိုသည့်စကားကို မာမီ ပြောမည်မထင်ပါချေ။

"လင်းက ဆေးရုံအပိုင်ရှိမနေတဲ့အတွက် အခုလို မာမီ အပြင်းအထန် ကန့်ကွက်နေတာများလား"

"ဖေရဲထက်! ... မင်း"

"တောင်းပန်ပါတယ် မာမီ၊ စော်ကားမိသလိုဖြစ်သွားရင် Sorry ပါ၊ ပိုင်ဆိုင်မှု အများကြီးရှိနေတဲ့သူထက် ကိုယ်ပိုင်အရည် အချင်းရှိတဲ့ သူကိုပဲ သဘောကျတဲ့ ကျွန်တော့်ကိုပဲ အပြစ်တင်ပါ မိဘအထောက်အပံ့နဲ့ စီးပွားလုပ်နိုင်တဲ့သူထက် ကိုယ့်အစွမ်းအစနဲ့ ရိုးရိုးသားသားလုပ်နေတဲ့သူကိုသာ ချစ်သွားမိတဲ့ ကျွန်တော့်ကိုပဲ အပြစ်ပုံချပါ။ ကျွန်တော်ပဲ ချစ်မိတဲ့အတွက် လူမိုက်လို့ မာမီ သတ် မှတ်ရင်လည်း ကျွန်တော် ခံယူမှာပါပဲ၊ အဲဒါ 'လင်းလက်ကြယ်စင်' ကို တစ်သက်တာအတွက် ရည်စူးပြီး ချစ်မိတဲ့ ဖေရဲထက်ရဲ့သစ္စာ တရားမို့ ဝန်ခံရတာပါ"

မာမို့လက်တစ်ဖက်မြောက်တက်လာတာမို့ သူ မျက်စိစုံ





မှိတ်ထားလိုက်မိပါ၏။ သို့သော် ... မာမီ မရိုက်ဖြစ်ပါချေ။ လက် နှစ်ဘောင် မရွယ်ဖူးခဲ့တဲ့ သားဖြစ်သူကို ရိုက်ဖို့အတွက် ရင်ထဲမှာ အဘယ်မျှ နာသွားရပါလိမ့်။ နလုံးသားကို ဦးစားပေးတဲ့ သားမိုက် အတွက် မနာကျင်ပါနဲ့လား၊ မာမီ။

အပေါ်ထပ်လှေကားထစ်တို့ကို လေးပင်သည့် ခြေလှမ်းတို့ ဖြင့် တက်ခဲ့ရပါ၏။ ယောကျ်ားမို့ မျက်ရည်မကျအောင် ထိန်းထား သော်ငြား မျက်ရည်တို့တော့ ဝဲလာသည်သာ။ ရင်ထဲမှာ ဆို့နင့်နာ ကျင်နေရတာ အမှန်ပါပဲ။

အချစ်သည် ... ပထမ ပျော်ရွှင်ခြင်း ...

အဲဒီနောက် နာကျင်ကြေကွဲခြင်း ...

ထို့မှတစ်ဆင့်

ကျော်နိုင်စွမ်းမှုခြင်းမျိုး

ဖြစ်နေလေပြီလား။

သြော် ... 'လင်း' ရှယ်။

❑ ❑ ❑

## အခန်း (၁၅)

"ဘာပြောလိုက်တယ်!"

နားထဲကြားလိုက်တာကို မယုံသလိုမို့ 'လွှမ်း' ကို လေး

မာဖြင့် အော်လိုက်မိပါ၏။ ကြည့်ပါဦး ... 'လင်း'ရဲ့ကားလေး ပြ

ထားတာကို ရောင်းစားလိုက်ပြီတဲ့လေ။ ဒေါသက ထောင်းခနဲ ထွ

လာပြီမို့ စိတ်ကို အတော်လေး ထိန်းထားရပါ၏။ ခင်းကတော့ ပို

ပိုင်နင်း ပြုမူခဲ့တာထက် အဆင့်တွေ ကျော်နေချေပြီ။

"လန့်လိုက်တာ 'လင်း'ရာ ... ရောင်းလိုက်ပြီလို့ ပြော

တာလေ၊ အဲဒီအစုတ်အပြတ်ကားကို ဘာလုပ်ရမှာလဲ၊ ဝဲလိုက်ရုံပေ့ါ"

"ကျစ်! ... အဲဒီကားကို နင် ဘယ်လိုထင်ပြီး လုပ်ချင်ရာ





လုပ်လိုက်ရတာလဲ 'လွှမ်း'ရဲ့"

"ဘာဖြစ်လို့လဲ"

"ငါဆေးကျောင်းစတက်ကတည်းက စီးခဲ့တဲ့ကားပါ၊ ဒက်ဒီ

ကိုက်ဆံနဲ့ ဝယ်ပေးခဲ့တာ မှန်ပေမယ့် ငါ့ဝင်ငွေ ငါ့မုန့်ဖိုးကို ထင်သလို

သုံးဘဲ ချွေတာပြီး အရစ်ကျငွေသွင်းပြီး ကိုယ်ပိုင်ဖြစ်အောင် လုပ်ခဲ့

တာပါ"

"အဲဒီလောက် သံယောဇဉ်ထားရလား၊ လင်းရာ ဘယ်စိတ်

ငိုင်းကျမယ့် ကားသစ်တစ်စီးရှိသာ ရွေးလိုက်ပါ၊ ကိုယ်ဝယ်ပေးမှာ

ပေါ့"

ကြည့်စမ်း! ... အဘယ်မျှ ဒေါသဖြစ်စရာပါလဲ။ စိတ်တို

လွန်းသဖြင့် သူ့ကို ထထုချင်သည့်လက်တို့ကို ကျစ်ကျစ်ဆုပ်ထားရ

ပါ၏၊ ခင်းကို ရှေတ်ဆုံထဲ ထည့်ပြီး ညက်အောင်ထုနှက်လိုက်ချင်

လိုက်တာနော်။ ဒက်ဒီခေါ်ထားတာနှင့် အိမ်ပေါ်ရောက်လာတာမို့

ဘာမဆို သူ့ခြေသူ့လက်နဲ့ လွှပ်ချင်ရာ လုပ်နေပြီ မဟုတ်ပါလား။

"မလိုပါဘူး"

"လင်း"

"နင် အတော်လွန်နေပြီ၊ လွှမ်း။ တကယ်ပါပဲ"

"ကိုယ်က လင်းကို ကားသစ်နဲ့ လှလှလေး စီးစေချင်လို့ပါ"

"နင်ဝယ်ပေးတာနဲ့ ငါက ပြုံးပြီး အလွယ်တကူ ယူမယ်
ထင်ထားတာပေါ့လေ၊ အဆီဝင်သေးလှချည်လား"

"ဟာ! ... လင်း"

"ငါက နင်ထင်နေသလို နင့်အပေါ်မှာ ပစ်ကျပျော်ဝ
ကြိုးကိုင်လှုပ်ရှားတတ်တဲ့ စက်ရုပ်မဟုတ်ဘူး၊ လွှမ်းလရောင်၊ အ
လက်ခံထားလို့ ငြိမ်နေတာကို အဟုတ်ထင်မနေနဲ့"

"လင်းကလည်းကွာ ... အဲဒါနဲ့ ဘာဆိုင်လို့လဲ၊ ကိုယ်
စေတနာနဲ့ လင်းအတွက် စီစဉ်ပေးချင်လို့ပါ"

"အဲဒါကိုပဲ ပြောနေတာလေ၊ နင်ဆေးတို့ရုံနဲ့ ပုံပေါ
ပန်းချီကားချပ်မျိုး ထင်နေတာ မဟုတ်လား။ အဲဒါ ငါ့ကို အထင်
တာ မဟုတ်လို့ ဘာလဲ"

"လင်း အထင်လွဲနေတာပါ ... ကိုယ်က"

"ဘာမှအထင်မလွဲဘူး ... လက်တွေ့ကျတာကိုပဲ ပြော
တာ၊ ငါက မိန်းကလေးဖြစ်ပေမယ့် မြူစိစိနဲ့ ဘာမဆို မျှသိပ်သို
ထားတတ်တာ ပျော့ညံ့ညံ့မိန်းမမျိုး မဟုတ်ဘူး၊ လွှမ်း မှန်တယ်
ယူဆသတ်မှတ်ထားရင် အဲဒီအမှန်တရားကို လက်ထဲမှာ မြဲမြဲဆု
ရဲရဲဝံ့ဝံ့ပြောတတ်တဲ့ မိန်းမပါ"

"လင်းရာ ... ဘာမဟုတ်တာလေးကို အကျယ်ချဲ့ပြီး ထို





ဲ့မပြောပါနဲ့လား"

"ဘာ! ... ဘာမဟုတ်တာလေး ... ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘာဟုတ်တာလဲ ... ဒီကိစ္စကို ငါ ရှေ့နောက်ပိတ်နေရင်
နောက်ဆို ဒီထက်ပိုပြီး ဆိုးလာလိမ့်မယ်"

"ဘာ! ... လင်း ဘယ်လိုပြောလိုက်တာလဲ"

"ငါ့ကိစ္စမှန်သမျှ နင် စွက်ဖက်နေတာကို ပြောတာလေ၊
ဟုတ်လို့လား"

"မဟုတ်ဘူး!"

"ပြောင်မငြင်းနဲ့ လွှမ်း"

"အဲဒီလောက်ထိ ပြောရလား။ မင်းနဲ့ကိုယ်က ငယ်သူငယ်
ချင်းစစ်စစ်နဲ့ အတွင်းသိအစင်းသိပါ လင်းရာ"

"သူငယ်ချင်းမို့ ဒီလောက်ထိ ပြောနေတာပေါ့၊ သူစိမ်းဆို
င် နင့်ကို တစ်ခုခုထလုပ်လိုက်မိနေပြီ"

"တောက်! ... ကိုယ့်နေရာမှာ မင်းဒေါက်တာတွေဆို
ီလိုပြောမှာမို့လို့လား"

"နင်နော် ... မဆိုင်တဲ့လူတွေကို ဆွဲမထည့်ချင်နဲ့၊ ဒါ နင်
နဲ့ ငါ့ပြဿနာ။ သူတို့နဲ့ ဘာမဆိုင်ဘူး"

ရွှေပဒေသာစာပေ

"မင်းရဲ့လူတွေကိုတော့ နာတာတ်တယ်ပေါ့လေ"

"လွှမ်း"

သူ အတော်ဒေါသထွက်မိပါ၏။ နိုက်ကာတည်းက စိတ်ဆင်

သူ့ဖို့ ဒေါသဖြစ်လွယ်တာ မဟုတ်လား။ ကြည့်ပါဦး ... သူ၏'လင်

က သူ့ဘက်မှာမရှိဘဲ အမြဲတစေ သူစိမ်းတွေဘက်မှာသာ ရပ်တည်

ပေးနေတာလေ၊ စေတနာကို မမြင်ဘူးတဲ့လား။ မကြာခဏ ဖြစ်နေ

ပါသည့် ချုံးချုံးကျ ကားလေးအပေါ် ဘာသံယောဇဉ်တွေတွယ်

လက်မလွှတ်နိုင်ရပါသလဲ။

သက်မဲ့ပစ္စည်းအပေါ်မှာတောင် ဤမျှတွယ်တာနေပါလျှ

သက်ရှိနှလုံးသားကိုဖြင့် အဘယ်မျှ မက်မောလိမ့်မည်နည်း။ ဒါကြ

လည်း ဖွဲ့ရှိရှိဖြင့် သူ ဤသို့စောင့်နေတာတောင် ချစ်သည့်အရိပ်

ကို ယောင်ယောင်လေးသော်မျှ မမြင်ရတာပါလေ။

"အခုတောင် ငါပိုင်တဲ့ပစ္စည်းကို နင် လုပ်ချင်ရာလုပ်နေတ

နောက်ဆို ဘာတွေဆက်လုပ်လာမလဲ တွေးကြည့်ရုံနဲ့ သိနိုင်တာ"

"ကိုယ်က ငွေလိုလို့ ရောင်းလိုက်တာမှမဟုတ်ဘဲ၊ ဒက်

ကိုယ်တိုင် ကြည်ကြည်ဖြူဖြူနဲ့ လက်မှတ်ထိုးပေးလို့"

"ဝှါဒက်ဒီကို နင် ဘယ်အချိန်အထိ cover ပေးထားမှာလ"

"ဘယ်လို"





"နင့်ဘက်မှာ ဒက်ဒီရှိတယ်ဆိုတဲ့ reason ကောင်းကောင်းနဲ့

းသင်ရာ စိုင်းနေတာကို ပြောတာလေ"

"ဟာ! ... လင်း"

မျက်ဝန်းတို့က ရှိရင်းစွဲ အရောင်ထက် ပို၍တောက်ပလာ

ည့်နယ်ပါ၏။ ဒီမျက်ဝန်းလဲ့လဲ့လေးတွေကြောင့် ငယ်စဉ်ကတည်းက

မ အဘယ်မျှ ချစ်စွဲယ်ဖြစ်ခဲ့ပါသလဲ။ "မီးမီးနာမည်တာလဲ" မေကြ

း အမည်နှင့်လိုက်ဖက်လွန်းပါသည့် မျက်ဝန်းတို့၏ပိုင်ရှင်လေးပါ။

အခုတော့ ထိုမျက်ဝန်းတွေထဲမှာ စိမ်းသက်တင်းမာသည့်

ိုင်တို့က ပြည့်နက်နေတာ မဟုတ်ပါလား။ ဘာများအမှားလုပ်မိ

ပါလဲ။ သူ ရည်ရွယ်ပြီး လုပ်ရံမျှ အရာအားလုံးတို့က 'လင်း' ဟူ

ည့် တစ်ဦးတည်းသောချစ်ရသူအတွက်သာ ဖြစ်နေတာလေ။

ပြောကြတာဖြင့် မေတ္တာမှာ အသွားအပြန်ရှိတယ်ဆိုပြီး သူက

းနေပါလျှက် သူပြန်ရနေတာကဖြင့် အစိမ်းရောင်တွေချည်း ဖြစ်နေ

ာ မဟုတ်လား။ အဘယ်သို့သောအင်အားက 'လင်း' ကို တွန်း

းပေးပြီး သူ့အပေါ် စိမ်းသက်ခြင်းလွှင်ပြင်ကြီး ဖန်တီးနေတာပါ

ိမ့်။ သံယောဇဉ်တရား၏နိုင်မြဲခြင်းက ဘယ်အရပ်မှာနည်း။

"အဲဒီလောက်ထိ ကိုယ့်အပေါ် ပစ်ပစ်ခါခါကြီး မပြောပါနဲ့"

"ပြောသင့်ပြောထိုက်လို့ ပြောတာပါ"

"မင်းအပေါ် ကိုယ်ဘယ်လောက်ထိ ချစ်သလဲဆိုတာ သိ[illegible]

ကြီးနဲ့"

"မချစ်နဲ့"

"ဘာရယ်"

"နင်ချစ်ဖို့ ငါလူဖြစ်လာတာ မဟုတ်ဘူး"

"လင်း!"

လက်မောင်းကို ဆုပ်ကိုင်ဆွဲလိုက်သဖြင့် ခန္ဓာကိုယ်ချင်း [illegible]

ကပ်သွားရပါ၏။ အဲဒါတွေကို မကြိုက်တာပေါ့။ ဘာမဆို သူ့စိတ်[illegible]

သူ ခုံးဖြတ်ပြီး ရဲရဲတင်းတင်း လုပ်လေ့ရှိသည့်အကျင့်ကို 'လင်[illegible]

မနှစ်သက်တာပါပဲ။ လက်ကို အတင်းရုန်းနေပေမယ့် ယောကျ်ား[illegible]

ကို အဘယ်မျှ ရုန်းထွက်နိုင်ပါ့မလဲ။

"နင်နော် ... လွှတ်!"

"အဲဒီစကား ထပ်ပြောရဲပြောကြည့်"

"ပြောမှာပဲ ... ငါ့ကို ချစ်စရာမလိုဘူး။ သူငယ်ချင်းလိုလည်[illegible]

မချစ်နဲ့ မောင်နှမလိုလည်း မချစ်နဲ့ အဲဒီလိုမဟုတ်ဘဲ ချစ်သူလိုလည်[illegible]

ဘယ်လိုမှ ချစ်စရာမလိုဘူး"

"ကဲ!"

"ဟင်! ... နင် ... နင်"





မျက်နှာတစ်ခုလုံး နေရာလပ်မကျန်အောင် သူ ကျူးကျော်

[illegible]ပြီးမှ လူက တုန်ယင်ပြီး မျက်နှာနီရဲကာ အရှက်ရလေ၏။ အရင်က

[illegible]ပြုမှုတာကို 'သူငယ်ချင်းပဲလေ' ဆိုပြီး ခပ်ပေါ့ပေါ့ သည်းခံပေး

[illegible]တာ အမှန်ပါ။ ယခုတော့ဖြင့် 'လင်း' ၏ရင်ထဲ၌ နည်းသားပလွှင်

[illegible]က်မှာ နေရာယူပြီး သူ ရှိနေပြီ မဟုတ်ပါလား။ ကျူးကျော် ဖောက်

[illegible]ဖောက်ပြန်လုပ်တာမျိုးကို သူ သိသွားလျှင်ဖြင့် မဟုမဟ အရှက်

[illegible]ကွဲရချေပြီလေ။

"ကဲ!"

"ဖြန်း!"

"လင်း! ... မင်း"

နောက်ထပ်ရိုက်ရန် ရွယ်လိုက်သည့် လက်ကို ဖမ်းဆုပ်လိုက်

[illegible]သို့ ကျန်လက်ကို ထပ်မြှောက်လိုက်ပါ၏။ မျက်နှာကို မရောက်ပေ

[illegible]ည့် ဘယ်လက်က သူ့ရင်ဘတ်ရှေ့သို့ အရှိန်ပြင်းပြင်းဖြင့် ရောက်

[illegible]သွားလေသည်။ သုံးလေးချက် အထုခံပြီးနောက် သူက 'လင်း'

[illegible]က်နှစ်ဖက်စလုံးကို ပူးလျက် ဖမ်းချုပ်ထားလေတော့၏။

"လွှယုတ်မာ"

"လင်း!"

"နင်စော်ကားချင်တိုင်း ခံရအောင် ငါ့ကို ဘာထင်နေလဲ"

''ချစ်လွန်းလို့ပါ လင်းရဲ့''

''မချစ်နဲ့!၊ ငါ့မှာ ချစ်သူရှိတယ် လွှမ်းလရောင်ရဲ့ နှင်းချစ်ရှု
တိုင်း ချစ်လို့မရအောင် ငါ့မှာ ပိုင်ရှင်ရှိတယ်''

''ဟာ!''

ရင်ဘတ်ဆီမှ စူးခနဲ နာကျင်ခြင်းတို့နှင့်အတူ အံ့ညြွမှုတို့
ငယ်ထိပ်သို့ တက်ဆောင့်လေ၏။ မှင်တက်စဉ်ခဏ အားလျော့သွား
စဉ် 'လင်း'က သူ့လက်ထဲမှ အလွယ်တကူ ရုန်းထွက်သွားနိုင်
သည်။ ဘုရားရေ! ... လင်းမှာ ... လင်းမှာ ချစ်သူရှိနေပြီတဲ့။ မ
နိုင်တာ။ မယုံနိုင်စရာပါပဲ။

'လင်းလက်ကြယ်စင်'တော့ 'လွှမ်းလရောင်'အပေါ် အ
စက်ကြီး ရက်စက်ပြလေပြီ။

''မဟုတ်ဘူး!''

''ဟုတ်တယ်! ... အဲဒါအမှန်ပဲ''

''မဖြစ်ရဘူး။ မင်းချစ်ရမယ့် ချစ်သူက ကိုယ်ပါ, လင်းရဲ့''

''မဟုတ်ဘူး လွှမ်း။ ငါ့ချစ်သူက တခြားတစ်ယောက်ပါ''

''ဘယ်သူ ... ဘယ်သူတဲ့လဲ''

''ဒေါက်တာဇေရဲ့ထက်ပါ''

''ဘာ''





''ဟုတ်တယ် ... ငါနဲ့သူ ချစ်သူတွေဖြစ်နေပြီ လွှမ်း။ အဲဒါ
အမှန်တရားပဲ''

''မဟုတ်ရဘူး ... မဖြစ်နိုင်ဘူး။ လုံးဝမဖြစ်နိုင်တာ''

''ငါ သူ့ကို အဖြေပေးပြီးပြီ, လွှမ်းလရောင်၊ အဲဒါကြောင့်
နောက်ကို ငါ့အပေါ် ဘယ်တော့မဆို စည်းစောင့်ပေးပါ။ ဒါပဲ ငါ
ပြောချင်တယ်''

ဆက်တိုက် လူက ပစ်ထိုင်ကျသွားရပါ၏။ အားအင်ပျက်
သုဉ်းသွားရသလိုပါလေ။ ချစ်ခြင်းက ဤသို့ပင် နာကျင်ခြင်းတို့ကိုသာ
ပေးတတ်ပါသလား။ နှလုံးသားက တဒုန်းဒုန်းခုန်, သွေးခုန်နှုန်းတွေ
တဒိတ်ဒိတ်တိုးပြီး ရင်ဘတ်ကြီး လှိုက်ဖိုခဲ့ရတာ အဘယ်မျှကြာခဲ့ပါ
သလဲ။ 'လင်း'၏မျက်စောင်းတဝင့်, 'လင်း'၏အပြုံးတစ်ပွင့်မှာ သူ့
နှလုံးသားတစ်ခုလုံး ဘုတ်ခနဲ ပြုတ်ကျပြိုလဲသွားရတာပါလေ။

နှစ်ဖက်မိဘတွေအကုန်လုံးက သူနှင့်လင်းကို ငယ်စဉ်က
တည်းက သဘောတူခဲ့တာ နှစ် (၂၀) ကျော်ခဲ့တာပါ။ အရွယ်စ
ရောက်ခဲ့တာတောင်မှ နောက်ထပ် မိန်းကလေးသူငယ်ချင်းတွေ ရှိခဲ့
သလို ဟိုမရောက်၊ ဒီမရောက် သူငယ်ချင်းက ရည်းစားမကျနှင့်
ဘာဘာညာညာအပျော်မျိုး တွဲဖြစ်ခဲ့တာ မှန်ပေမယ့် ဦးနှောက်နှင့်
နှလုံးသားက သူ၏မူစာဖက်ဆိုတာက တစ်ဦးတည်းသော 'လင်းလက်

ကြယ်စင်' သာ ရှိခဲ့တာ အမှန်ပါပဲ။

ဤသို့ တစိုက်မတ်မတ် ခံယူခဲ့ပါသည့် အမှန်တရား လက်တွေ့မှာ ပျက်ပြယ်သွားတာတော့ မဖြစ်သင့်ပါချေ။ စိတ်အား[illegible]ည်း တွန်းအားတွေ အားသွန်ခွန်စိုက်ဖြင့် လျောင်ချိုင့်ထဲ ထည့်ဖမ်းရသော 'ငှက်ကလေး' အဖြစ် မရှိစေချင်ပါ။ ချောင်ပိတ်ဖမ်းသည့် ကျား[illegible]ာ 'လ[illegible] လဲ သတ္တဝါအကောင်မျိုး မဖြစ်ချင်လို့ပါ 'လင်း' ရယ်။

တကယ်တော့ 'ကြယ်' ဆိုတာ 'လ' နှင့်သာ သက်ဆိုင်သ[illegible] အရာမဟုတ်လား။ 'လ' ကိုပဲမှီ၊ 'ကြယ်' ကိုပဲ မှီမှီ နှစ်ဦးနှစ်[illegible] အလင်းဖျော့တွေနဲ့ လောကကြီးကို အလှဆင်ပေးနေတာ သဘာ[illegible] ပါလေ။ ဒါကို သိထားပါလျက်နှင့် သူ၏'လင်း' က သူ့ကို ဥပေ[illegible] ပြုချုန်ရစ်ခဲ့ရတယ်လို့ သဘာဝတရားက စီမံဖန်ဆင်းထားပါလျှ[illegible] သွေ့ဖီခြင်းမျိုးက ရှိသင့်ပါသလား။

မတရားသဖြင့်ပါလား 'လင်းလက်ကြယ်စင်'။

မင်းကို လွယ်လွယ်နဲ့တော့ လက်လွှတ်မပေးနိုင်ဘူး။

မင်း မှီခိုရမည့် ရင်ခွင် ...

မင်း ဆုပ်ကိုင်ရမည့် လက် ...

မင်း ရှူရှိုက်ရမည့် ကိုယ်သင်းနံ့ ...

မင်း ရန်ခုန်ရမည့် နှလုံးသား ...





မင်း ပုံချစ်ရမည့် လူဆိုတာက ...

ကိုယ်ဆိုတဲ့ 'လွှမ်းလရောင်' တစ်ဦးတည်းသာ ဖြစ်စေရပါ

"အချစ်နဲ့စစ်" ဆိုတာ အမြဲတမ်း တရားမျှတမှုရှိတယ်ဆို 'လင်း' သိပါလေစ။

ဪ ... 'လင်း' ရယ်။

❑❑❑

## အခန်း (၁၆)

ကားကို ခြံထဲမှ မောင်းထွက်လိုက်ပြီး လမ်းမကြီးထက် တည်မောင်းနှင်လိုက်ပါ၏။ ချစ်သူကို သွားကြိုမည်ဟူသည့်အခါ သူ့ရင်ကို အလိုလိုအခုန်မြန်စေတာ အမှန်ပါ။ တကယ့်ကို တစ် တစ်ခါမှ မဖြစ်တည်ခဲ့ဖူးသည့် စိတ်လှုပ်ရှားခြင်းတို့က ဆယ်ကျော် လူငယ်လေးနှယ် ခံစားနေရတာ ဘာကြောင့်များပါလဲ။

Blue tooth နားကြပ်ကို နားမှာ အသာတပ်လိုက်ပြီး pho ကို နှိပ်လိုက်ပါ၏။ 'တူ' ခနဲ မြည်သံက အနည်းငယ်စီခြားပြီး ခေါ် သော်ငြား လက်ခံပြောဆိုခြင်း မရှိပါချေ။ 'လူကြီးမင်း' ဟူသည့် ကြောင့် phone ကို တစ်ချက်ပိတ်ကာ နောက်ထပ် ခေါ်လိုက်မိပါသည်





အချစ်မှာ စိတ်ရှည်ဖို့ မရှိမဖြစ်လိုအပ်သည်လေ။

"ဟယ်လို!"

"ဘာလုပ်နေလို့လဲ ... ကိုယ်ခေါ်နေတာ ကြာပြီ"

"Bathroom ထဲ ရောက်နေလို့ပါ ... ဘာပြောမလို့လဲ"

"ချစ်တယ်လို့"

"အာ ... နားရှက်စရာကြီး"

"ဟင်းဟင်း ... တကယ်ပြောတာပါ 'လင်း' ရဲ့ မယုံဘူး လား"

"ယုံပါတယ်ရှင်"

"ဒီလိုပဲ ဖြစ်ရမယ်လေ ... အခု ကိုယ်လာကြိုနေပြီ"

"စောစောက မပြောဘူး ... ဒီမှာ ဘာမှမပြင်ဆင်ရသေး ဘူးရှင့်"

"ဘာပြင်စရာလိုလို့လဲ ... ကိုယ့်ချစ်သူက နဂိုရှိအတိုင်း လှပြီးသားပါ ... မဟုတ်ဘူးလား"

"လျှောက်ပြောမနေနဲ့ ... ဒီမှာ ဘာမှမဝတ်ရသေးလို့ ပြော နေတာ"

"ဟာ! ... အဲဒါလည်း လှမှာပဲ"

"ကိုနေ"

"အားပါး! ... နားထဲကို ချိုစိမ့်သွားတာပဲ"

"လိုက်စမနေနဲ့ ... phone ချလိုက်တော့မယ်နော် ... မဟုတ်လား"

"ချစ်တယ်လို့ ပြောပြီးမှ"

"မသိဘူး ... ဒါပဲ"

တကယ်ပင် ဝိတ်သွားလေ၏။ သူ့ချစ်သူက ဤသို့ အရွှန်းကြီးပြီး နည်းနည်းတော့ သူ့အပေါ် ဆိုးချင်သည့်နယ်ပါ။ တိတ်တိတ်လေး ရယ်လိုက်ပြီး 'လင်း' တို့ လမ်းထဲဝင်ရန် ကားနောက်မီးရှေ့မီးလေးကို ဖွင့်ပြရင်း ကားဖြတ်နေတာကို စောင့်နေစဉ် သူ့ရှေ့ကားတစ်စီးက အရှိန်ခပ်ပြင်းပြင်းဖြင့် လှစ်၍ မောင်းဝင်သွားလေ၏။

"ကျွိ!"

ကားအပြာနုနုအရောင်ကြောင့် စိတ်ထဲမှာ ထင့်သွားရပါ၏။ အလို! ... ဒါ ဟိုကောင်လေးရဲ့ကားများလား။ ဖြစ်နိုင်ပါ၏။ လက်မှနာရီကို ဖျတ်ခနဲ ကြည့်လိုက်စဉ် duty ဝင်ရန် အချိန်ဖြစ်နေပြီ မဟုတ်လား။ ကြည့်စမ်း! ... သူလုပ်မည့်အလုပ်ကို ဝင်နှောင့်ယှက်ဦးမှာထင်ပါရဲ့။

"တီ! ... တီ!"

ကားကို လမ်းကြားထဲ ကွေ့ဝင်လိုက်ပြီး ရှေ့ကားကို ဟွန်း





...းအချက်ပြနေသော်ငြား မရပ်ပါလေ။ 'လင်း' တို့ အိမ်ရှိရာ ခြံထဲကို ...င်လိုက်တာနဲ့ သေချာသွားပါ၏။ အလုပ်ချိန်မှာ အလုပ်မလုပ်ပါဘဲ ...ဘယ့်ကြောင့် အိမ်ပြန်လာရပါသနည်း။ ကားကို ခြံထဲကွေ့ဝင်ရန် ...င်လိုက်စဉ် ခြံထဲမှာ ကန့်လန့်ရပ်ထားသည့် ကားအပြာကြောင့် ခြံ...သာ သူ့ကားကို ရပ်လိုက်ရလေသည်။

"ဘာကိစ္စလဲ"

ကားပေါ်မှ ဆင်းလိုက်သည်နှင့် လှမ်းမေးလိုက်သည့် လူငယ်...ကြောင့် သူ့မျက်နှာတည်သွားရပါ၏။ စိမ်းခေါ်နေသည့် အကြည့်တွေ...ကြောင့် ယောကျ်ားချင်း နားလည်နိုင်တာပါ။ တံခါးပိတ်နိုင်းထားတာ...က 'လင်း' ကို မဟုတ်လား။ အခုတော့ ဘယ်လိုဖြစ်ပြီး အိမ်ရှင်...မဟုတ်သည့် ဒီလူငယ်က သူ့ကို ရန်သူနယ် ဆက်ဆံရေးကျဲကျဲလေ...သံနှင့် ပြောနေရပါသနည်း။

"အဲဒါ မင်းကိစ္စမဟုတ်ပါဘူး ... ကိုယ်နဲ့လင်းရဲ့ကိစ္စပါ"

"ဘာ ... ခင်ဗျားက မစည်သည်ဖြစ်ပြီး ဒီလိုလေသံမျိုးနဲ့ ပြောရတယ်လို့"

"အတူတူပဲပေါ့ လွှမ်းလရောင် ... မင်းတောင်မှ မင်းထက် အသက်ကြီးသူကို လေးစားမှုမရှိတဲ့လေသံနဲ့ ပြောသေးတာပဲ ပြီးတော့ ... စည်သည်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ မင်းနာမည်လည်း ပါဝင်

တယ်ဆိုတာ မမေ့ပါနဲ့"

"ဘာဗျ! ... ခင်ဗျား ... ခင်ဗျား"

အနီးသို့ရောက်လာပြီး သူ့အင်္ကျီရင်ဘတ်ကို လှမ်းဆုပ် ရန် ရွယ်လိုက်ပါသည့်လက်ကို ခပ်မြန်မြန် ပုတ်ထုတ်လိုက်မိ ယောက်ျားမှန်လျှင် မိမိကိုယ်မိမိ ကာကွယ်နိုင်သည့် ကိုယ်လုံပည မျိုး မရှိမဖြစ် တတ်ထားသင့်တာမို့ သူက အမြဲသတိရှိသည့် လူ တစ်ဦး မဟုတ်ပါလား။

"ပညာတတ်ပီသအောင် ကျင့်ကြံသင့်တာပေါ့, လွှမ်း ရောင်၊ ထစ်ခနဲ့ရှိ လက်ပါရအောင် အထက်တန်းကျောင်းသားအရွ မှ မဟုတ်တော့တာပဲ"

"ခင်ဗျား ... ခုချက်ချင်း ထွက်သွားပါ"

"No! ... လင်းကို လာဝင်ခေါ်တာမို့ လင်းမပါဘဲ ကို မသွားနိုင်ဘူး"

'လွှမ်းလရောင်' က ညစ်ကျယ်ကျယ်ပြုံးလိုက်လေ၏။ အ များကလိမ်ကျချင်လို့လဲ။ 'လင်း' ကို phone ဆက်ရင်း ရောက် တာကို မရှိဘူးဆိုပြီး ညာချင်သေးလား။ လူကို ထိမထင်ဟန် အထင်တသေးကြည့်နေတာမို့ အတော်စိတ်ကသိကအောက် ဖြစ် တာပါလေ။





"လင်း, လိုက်မှာမဟုတ်ဘူး"

"မင်းဆီမှာ ခွင့်ပြုချက်တောင်းနေတာ မဟုတ်ဘူး။ လင်းနဲ့ one ပြောပြီးမှ ကိုယ် ဒီကိုရောက်လာတာပါ"

"ပြောပြီးပြီလေ ... မလိုက်ရဘူးလို့"

"မင်းက လင်းရဲ့အုပ်ထိန်းသူမို့လို့လား"

"ဟုတ်တယ် ... အတိအကျပဲ"

ကြည့်စမ်း! ... ဒီလိုအပြောမျိုး ပြောဖို့အတွက် သူ့ကို မင်တကာ လမ်းကြောင်းပေးနေတာကို။ အုပ်ထိန်းသူတဲ့လား။ ဘယ်မျှ လန့်စရာပါလဲ။ ဒီခေါင်းစဉ်တပ်ပြီး 'လင်း'ကို ပြုသွင်းမို့ တွက်များ plan ချနေပြီလား, 'လွှမ်းလရောင်'။ မင်း ထားရာနေ ရောက စေရအောင် 'လင်း' က ရုပ်သေးရုပ်မှ မဟုတ်တာလေး။

"ရှက်သင့်တာပေါ့, လွှမ်းလရောင်"

"ဘာ!"

"လင်းရဲ့အချစ်ကို မရသေးဘဲနဲ့များ အုပ်ထိန်းသူဆိုပြီး နံတက်ပြနေတာကို ပြောတာလေ၊ အချစ်ဆိုတာ နှစ်ဦးနှစ်ဖက် ပေးယူမှုတာမှ အုပ်ထိန်းသူဖြစ်ရတာပါ"

"လင်းက ကျုပ်ချစ်သူ၊ ကျုပ်နဲ့ လက်ထပ်မယ့်သူဗျ၊ ခင်ဗျား ဘာဆိုဘာမှ မပတ်သက်ဘူး။ နှစ်ဦးနှစ်ဖက်ဆိုတာလည်း ကျုပ်

ဝိတတွေနဲ့ လင်းရဲ့ဝိတတွေ ပြောဆိုပြီး သဘောတူထားတာကို ခင်ဗျာ
သိသင့်တယ်"

"လင်းကမှ မင်းကိုမချစ်တာ"

"ဘာ!"

"ကိုယ့်ကို မချစ်နိုင်တဲ့ မိန်းကလေးတစ်ယောက်ကို လင်
လွှတ်ပေးသင့်ပါတယ်, လွှမ်းလရောင်၊ မေတ္တာဆိုတာ တောင်းခံ
ရကောင်းတဲ့အရာမျိုး မဟုတ်ဘူး"

"တောက်!"

ဖိုးခနဲရောက်လာသည့် လက်သီးကို လှည့်ရှောင်လိုက်
မယ့် နောက်ထပ်ကျလာသည့် လက်ကိုတော့ မြန်လွန်းသဖြင့် ရှော
ချိန်မရလိုက်ပါ။ မေးစေ့နေရာမှ နာကျင်မှုနှင့်အတူ တပ်ထားသည့်
ပါဝါမျက်မှန်အကြည်ရောင်က ကွန်ကရစ်လမ်းထက် လွင့်ကျသွားလေ
၏။ 'လွှမ်းလရောင်"တော့ အနာပေါ်တုတ်ကျပြီး ရမ်းကားချေ
ငနိကျိုကျိုသွေးတွေကို လမ်းဘေးမြောင်းရှိရာသို့ သူ ထွေးချလိုက်
မိသည်။ နှုတ်ခမ်းကွဲပြီ ထင်ပါရဲ့။

"မှတ်ထား! ... လင်းနဲ့ ထပ်မပတ်သက်မယ်ဆိုရင် ဒီထက်
ပိုပြီးနာမယ်, ဒေါက်တာဖေရဲထက်"

"အသားပဲ နာရတာပါ လွှမ်းလရောင်၊ ရင်ဘတ်ထဲ မနာရ





သော အနိုင်ရတာပါ၊ မင်းရဲ့အရှုံးရနံ့ကို မရှူညစ်စေချင်လို့ သည်းခံ
ပေးလိုက်ပါ့မယ်"

"ခင်ဗျား ... ခင်ဗျား"

"လင်းကို အမိန့်ပေးစေခိုင်းလို့ရအောင် မသိနားမလည်တဲ့
ကလေးမှမဟုတ်တာပဲ၊ ချစ်တတ်တဲ့အရွယ်ရောက် မိန်းကလေးပါ၊
သိတ်! ... လင်းရဲ့စိတ်နဲ့နှလုံးသားကို မချုပ်ကိုင်ချင်ပါနဲ့"

"တောက်! ... ခင်ဗျား ပြောနေရင်းနဲ့ အဆင့်က တက်ပြန်

•

"လွှမ်း! ... အဲဒါ ဘာလုပ်တာလဲ"

နောက်တစ်ကြိမ် ထပ်ပြီး ကပ်လာသည့် 'လွှမ်းလရောင်'
ခြေလှမ်းတို့က တုံ့ခနဲရပ်သွားလေ၏။ အနီရဲရဲဝတ်စုံလေးနှင့်
ဘောက်ပသောက်ဝင်လွန်းပါသည့် သူ၏အလှနတ်သမီးက သူတို့အနီး
ရောက်လာလေပြီ။ စကားများနေရုံမှာ ထင်နေကာမှ နှုတ်ခမ်းထောင့်
နားမှာ ဒဏ်ရာဖြစ်နေသည့် သူ့မျက်နှာကို မြင်သွားလေသည်။

"ဟယ်! ... ကိုနှုတ်ခမ်း ကွဲနေပြီ"

"လင်း!"

"မခေါ်နဲ့! ... နင့်အသံရော, နင့်ကိုရော ငါမမြင်ချင်တော့
ဘူး, လွှမ်းလရောင်၊ နင် အတော်စည်းလွှတ်နေပြီ"

"မပြောနဲ့"

"ပြောမှာပဲ ... နင်လုပ်နေပုံက လမ်းသရဲလိုဖြစ်နေတာ မသိဘူးလား"

"အဲဒါ မင်းကြောင့်ဖြစ်ရတာ၊ မင်းအတွက်နဲ့ ကိုယ် စိ ကြမ်း လူကြမ်းဖြစ်ကုန်တာ လင်းရဲ့"

"တော်စမ်းပါ! ... နင့်ကို ငါ စကားအကုန်ပြောထားပြီးသ နော်၊ မဆီမဆိုင် ပြဿနာမရှာချင်နဲ့"

"ဘာလို့ မဆီမဆိုင်ရမှာလဲ၊ ဆိုင်လည်း ဆိုင်တယ်၊ ဖြ ပိုင်တောင်ပိုင်ရဦးမှာ၊ မင်း ကိုယ့်ကိုပဲ လက်ထပ်ရမယ်, လင်း"

ကြည့်စမ်း ... အခြေအတင်ပြောနေရင်း ပိုပြီးတင်းမာ လေပြီ၊ လင်းက လက်မှာကိုင်လာသည့် သစ္စာ့ဖူးပြားလေးနှင့် ပ တွေကို သူ့ထံပေးလိုက်သဖြင့် ယူလိုက်ရပါသည်။ ယောက်ျ ယောက်သား ဖြစ်နေသည့် ရန်ပွဲက ဘက်ပြောင်းလေပြီကော။

"အဲဒီစိတ်ကူးကို ဒီဘဝ လွှင့်သာပစ်လိုက်တော့, လွှမ် ရောင်"

"ဘာ!"

"ဒက်ဒီတို့လူကြီးတွေ စီစဉ်ပေးရုံနဲ့ ငါက နင့်ကို ခေါင်ညိ လက်ခံလိမ့်မယ်ဆိုတဲ့အတွေးတွေကို ပြောနေတာလေ"





"လင်း! ... ကိုယ်က ... ကိုယ်က"

"ငါချစ်တာ ကိုကိုပါ"

"လင်း!"

"ကိုကိုပဲ ငါလက်ထပ်မှာ"

"ရူးနေပြီ ... ဘာအရူးထပြီး"

"ရူးတာက ငါမဟုတ်ဘူး, လွှမ်း၊ နင်မှ ရူးနေတာ၊ ကိုယ့်ကို ုင်နိုင်ပါဘူးဆိုတဲ့ မိန်းမတစ်ယောက်ကို ဒီလောက်ပြောထားတော ာင်မှ တမ်းတမ်းစွဲဖြစ်နေတာ့ ရူးနေလို့ပေ့ါ"

"ဘာ!"

"ငါ့လူကို ကိုယ်ထိလက်ရောက် စော်ကားတာ ငါ့ကို ထိတာ ဘတူတူပဲ, လွှမ်းလရောင်၊ အထူးသဖြင့် ဒီထဲက ပိုပြီးနာတယ်၊ ်ငယ်ကတည်းက နှောင်တွယ်ခဲ့တဲ့ သံယောဇဉ်ကို ဒီလိုနည်းနဲ့ ြတ်ပါစေနဲ့လား"

"အဲဒါ မင်းကိုချစ်လို့ ... ချစ်လွန်းလို့ ဖြစ်ရတာ, လင်းရဲ့"

"မကြားချင်တော့ဘူး, လွှမ်း။ နားထဲမှာရော ရင်ထဲမှာပါ ာတယ်"

"ဘာရယ်"

"အချစ်ဆိုတာ လိုချင်သလိုတောင်း, လိုသလောက်ရောင်း

လို့ရတဲ့ ကုန်ပစ္စည်းမျိုး မဟုတ်ဘူး။ နင် နားလည်မှာပါ"

"လင်း"

"ဒါ နောက်ဆုံးအကြိမ်ဖြစ်ပါစေ၊ နင့်ကို ငါ မမုန်းချင်... အဲဒါထက် နာကြည်းမှုမျိုး မဖြစ်စေချင်တာ အနိတ်သက်တို့ မျက်... ရှိနေလို့ဆိုတာ မှတ်ထားပါ၊ သွားကြမယ်, ကို"

သူ ခေါင်းညိတ်ပြလိုက်ပြီး ကားရှေ့ခန်းတံခါးကို ဖွင့်... လိုက်ပါ၏။ စောစောက 'လင်း' ပေးထားသည့်မှုနှင့် ပစ္စည်းတွေ... dishboard မှာတင်ပြီးမှ ကားစက်ကို နှိုးလိုက်ပါသည်။ နှစ်ယော... သား စကားတစ်ခွန်းမှ မပြောဖြစ်တဲ့ တိတ်ဆိတ်စွာဖြင့် ငြိမ်နေမိ... ၏။

"လင်း"

"..."

"တစ်ခုခုပြောဦးမှပေါ့"

"ခဏလေးပါ"

"စိတ်မကောင်းလို့လား"

"အင်း"

"ဘာမှမဖြစ်ပါဘူး ... ရပါတယ် လင်းရယ်"

မျက်ရည်ဝဲလျက် လှည့်ကြည့်တာကို နှစ်သိမ့်သလို ပြုံ...





...က်ပါ၏။ စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းနေပြီလား။ သူ့ကိုထိလို့ ...းထဲမှာရော ရင်ထဲမှာပါ ခါးသတဲ့လေး 'ချစ်တယ်' ဆိုသည့် အဖြေ... တိတိကျကျပြန်မပြောသော်ငြား Yes! ... ဟူသည့် နိမိတ်ကို ...က်ဝန်းနက်နက်လေးထဲမှာ ရှာတွေ့ခဲ့ရတာပါ။

"လင်း"

နားညည်ကို ခပ်တိုးတိုးခေါ်ရင်း သစ်ပင်ရိပ်ရှိသည့် ...လေး ...နေရာမှာ ကားကို ခဏရပ်လိုက်ရပါ၏။ စိတ်မောသည့်ဆင်းသည့် ...းကလေး၏ရင်ထဲမှာဖြင့် ခပ်ဖျော့ဖျော့အတွင်းစိတ်ရှိနေရတယ်လို့ ...ပ်ရလေ, 'လင်း' ရယ်။

ကားရပ်သွားသည်နှင့် 'လင်း'၏လက်ဖျားလေးကို အသာ ...ပ်ကိုင်လိုက်မိစဉ် 'လင်း'က သူ့လက်မောင်းကို အလိုက်သင့်မှီလိုက် ...လေ၏။ မျက်ရည်မကျဖြစ်အောင် ထိန်းနေမှန်း သူရိပ်မိပါသည်။ ...ာလေးကော့ အချိန်ပေးရမှာပါပဲ။ တစ်အိမ်ထဲမှာ အတူရှိနေသည့် ...ွှမ်းလရောင်' ကြောင့် အဘွားလည်း စိတ်ဆင်းရဲနေပါမည်နည်း။

နဖူးပြင်လေးကို ခပ်ဖွဖွနမ်းရှိုက်လိုက်စဉ် မျက်ရည်ဝဲနေသည့် ...က်ဝန်းနှင့် အပြုံးချိုချိုလေးကို တွေ့ရလေ၏။ ချစ်လိုက်ရတာ ...င်း' ရယ်။

❑ ❑ ❑

## အခန်း (၁၇)

"ကိုယ့်အတွက် ဟုတ်လား"

"အင်း"

နံ့ခန်းထဲမဝင်ခင် သူ့လက်ထဲ ထည့်ပေးလိုက်သည့် ဖူ
လေးကို ယူလိုက်ရပါ၏။ အခန်းထဲဝင်လိုက်စဉ် အခြားဆရာဝန်တွေ
ရှိနေသဖြင့် မျက်နှာတည်ကာ ကိုယ့်စားပွဲခုံရှိရာဆီ သွားပြီး ထိုင်လို
ပါသည်။ 'လင်း' က အရက်အကြောက်ကြီးသူမို့ လူတွေသိအော
လူမြင်ကွင်းထဲမှာ ဘယ်သူမှ မရိပ်မိစေရန် သတိထားရမှာပါလေ

"ထမင်းစားပြီးလား ဒေါက်တာ"

"No!... မှန်ပူး"





"ဘာမုန့်တွေ ထည့်လာတာလဲ"

"ဒါ Secret ပါ"

"အိုး! sorry ပါ ဒေါက်တာ"

"ရပါတယ်"

စပ်စုလိုက်သည့် တွဲဖက်ဆရာဝန်ကို သင့်လျော်သလိုသာ
ပြောလိုက်ရပါ၏။ နေ့တစ်ပိုင်းမှ duty ဝင်ရတာမို့ နေ့လယ်စာကို
အိမ်မှာပဲ စားခဲ့ရမှာ ဖြစ်ပေမယ့် မာမီက သူ့ကို စကားမပြောဘဲ
ငြိတ်ဆိတ်နေနေတာမို့ ဘာမှမစားဖြစ်ဘဲ ဒီတိုင်းထွက်ခဲ့တာပါ။
ထစ်ဟာနေသည့် ဝမ်းဗိုက်ကို ချစ်သူလေးက အလိုက်တသိ ဖြည့်
ပေးတာ မဟုတ်ပါလား။

ခဏအကြာမှာ 'လင်း' က ရုံးခန်းအပြင်ထွက်သွားပြီး
ပြန်ရောက်လာစဉ် ဓာတ်ဗူးနှင့်အဖုံးပါသည့် ကြွေခွက်လေးပါလာလေ
၏။ ရုံးခန်းထဲ လူရှင်းသလောက်ရှိနေပြီမို့ သူ့ရှိရာဆီ တန်းရောက်လာ
ပြီး စားပွဲပေါ် လာတင်ပေးလိုက်လေသည်။ အမြဲတစေ ခပ်တည်တည်
လေးသာ နေတတ်သည့် မျက်နှာလေးမှာ အပြုံးနုနုလေးက ဖျတ်ခနဲ
ပေါ်လာပါ၏။

"ပူတုန်းစားလိုက်နော်"

"အခုလား"

"အင်းပေါ့ ... မဆာဘူးလား"

"စားမှာပါ ... လင်းရော"

"လင်းက အိမ်ကနေ စားလာခဲ့ပြီးပြီ"

ပြောပြီးသည်နှင့် သူ့အနီးမှ ခွာသွားလေ၏။ လူတွေမရှိ အောင် ကူချွေးဆည်ပြီးနေနေပေမယ့် မျက်စိတွေ ပါးစပ်တွေ နားတွေ ရှိသည့် လူတွေကြားထဲမှာ ဘယ်လောက်ကြာကြာ လျှို့ဝှက်ထား ရပါ့မည်နည်း။ ဓာတ်ဗူးထဲမှ ရေနွေးကို ကြွေခွက်ထဲထည့်ပြီး st ဗူးပြားကို ဖွင့်လိုက်မိစဉ် အထဲမှာ စီထည့်ထားတာက အားလူးကော် တလိတ်လေးတွေပါပဲ။ ဖွဲ့စား၍ လွယ်ကူစေရန် ဖွန်းအရှည်လေး ထည့်ပေးထားတာမို့ အဆင်ပြေသွားလေ၏။

အလိုက်သိလွန်းပါသည့် ချစ်သူကြောင့် ပြုံးလိုက်ရင်း လှမ်း ကြည့်လိုက်စဉ် 'လင်း' က 'နီလာ' နှင့် စကားပြောနေသဖြင့် သူ့ လှည့်မကြည့်ပါချေ။ သူတို့ချစ်သူနှစ်ဦးအတွက်ကဖြင့် ရှေ့မှာ ကန္တာ ဆူးပင်တောအုပ်တွေက တားဆီးနေသလိုပါလေ။ ကိစ္စမရှိပါ။ အရှင် ရောက်နေသူတွေအဖို့ ဘယ်လိုအတားအဆီးကိုမဆို ဖြတ်သန်းကျော် လွှားနိုင်မှာ မဟုတ်ပါလား။

"အချစ်စစ်တို့မည်သည် ဖြောင့်ဖြူးခြင်းမရှိ" ဟူသည့် စကားပုံက သူတို့နှစ်ဦးအတွက် မှန်ကန်နေလေပြီ။





"ကြယ်စင်"

ရုတ်တရက်ရောက်လာသည့် 'ဒေါက်တာကျော်ဇေ' ကို 'လင်း' လှည့်ကြည့်လိုက်မိပါ၏။ ဒီနေ့လယ် စင်ရသည့် Schedule က ဤဆရာဝန်နှင့် တွဲဖက်လုပ်ပေးရမှာမို့ ရှောင်လို့မရပါချေ။ 'နီလာ' ပါ အပါအဝင်မို့ 'ဒေါက်တာကျော်ဇေ' ခေါ်ဆောင်လိုက်ခဲ့ ပါ၏။

"Night ဆင်းထားတာမို့ operation ဝင်လို့ရပါ့မလား"

"ကျွန်မ အဲဒီလောက်မပျော့ပါဘူး ဒေါက်တာရယ်"

"စိုးရိမ်လို့ မေးမိတာပါဗျာ"

"မျက်နှာလိုက်လိုက်တာ၊ နီလာ့ကိုတော့ စိတ်မပူဘူးပေါ့ လေ"

"ဒေါက်တာနီလာက Night ဆင်းထားတာ မဟုတ်ဘူး လေ"

"အဲဒါလည်း အသိသွားကြီးပဲ"

"ဘာကိုလဲ"

"နီလာတို့ မိသူတို့ကိုကျ ရှေ့မှာ ဒေါက်တာလို့ခေါ်ပြီး လင်း ကိုတော့ ကြယ်စင်တဲ့လေ"

"မကျေနပ်ဘူးလား"

"ဟုတ်တယ်"

ခင်တိုးတိုးရေယ်ဖြစ်ကြ၏။ ပိုးသတ်ဝတ်စုံကိုယ်စီဝတ်ပြီး ခွဲ ထဲဝင်ရန် ထွက်လာစဥ် 'မေမီဘုန်းမြတ်' ရောက်လာတာကို မြင်လိုက်ရလေသည်။ ဆေးရုံအုပ်ကြီး ဒီနေ့မလာတာမို့ သမီးဖြစ်သူ အဘယ့်ကြောင့် ရောက်လာပါသလဲ။ 'ကို' တော့ စိတ်ရှုပ်ဦးမည် ထင်ပါ၏။

ရုံးခန်းတံခါးကို အသာဟလျက် အထဲသို့ လှမ်းကြည့်လိုက် မိသည်။ သူက ထမင်းဗူးကို ပြန်ပိတ်ပြီး ရေနွေးမော့သောက်လိုက် တာမို့ 'ဖီ' အကြည့်နှင့် ဆုံသွားရလေ၏။ Lunch မစားသေး ဘာ များ စားနေပါသလဲ။ အတွေးဖြင့် ရုံးခန်းထဲသို့ ဝင်လိုက်ပါ၏။

"ဖီ"

"ကိုကိုနဲ့ ပြောစရာရှိလို့"

"ဒီမှာပြောမှာလား"

"ဟင့်အင်း ... တစ်နေရာ သွားမယ်"

"ကိုယ် အချိန်အကြာကြီး မပေးနိုင်ဘူးနော်၊ (၂) နာရီခွဲမှာ Operation ရှိတယ်"

"နာရီဝက်လောက်ပဲ ယူမှာပါ"

"ဒါဆို 'Ok လေ"





'ဖီ' ခေါ်ရာနောက်သို့ လိုက်ခဲ့ရပါ၏။ လူသိပ်မရှိသည့် ရိုးရိုး ဘောင်ကားထောင့်ချိုးရှိ တံခါးကို ဖွင့်ကာ ထွက်သွားတာမို့ အံ့ဩသွား ပါသည်။ တကယ်ဆို ဆေးရုံအုပ်ကြီးထံရုံးခန်းထဲသွားပြောလျှင် ပါလျက် အဘယ်ကြောင့် ဤနေရာကို ရွေးလိုက်တာပါလိမ့်။

"ကိုကို"

"ပြောလေ"

"အန်တီမိပြောတာ တကယ်ပဲလား"

သူ သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိပါ၏။ အခြေအနေ လောက်မြန်မြန်ကြီး ဖြစ်လာမည် ထင်မထားပါလေ။ သူ့မာမီက ဖီ့ကို မြန်မြန်ကြီး အသိပေးလိုက်တယ်ပေါ့။ 'ဖီ့'မျက်ဝန်းတွေက အား ယ်တာ၊ ဝမ်းနည်းတာမျိုး ရှိမနေပါဘဲ ခါတိုင်းထက် ပိုပြီး တင်းမာ နေသည့်ပုံပါ။ ကိုယ်တော့ နောက်တစ်မွဲ နွံရပြန်ပြီ 'လင်း' ရယ်။

"ဘာကိုဆိုလိုတာလဲ၊ ဖီ"

"ကိုကိုနဲ့ လင်းလက်ကြယ်စင်ရဲ့ကိစ္စကို ပြောတာ"

"အမှန်ပါပဲ"

"ဘယ်လို ... အမှန်ပဲ ဟုတ်လား"

"ဒီမှာ၊ ဖီ"

"ကိုကို ဘယ်လိုလုပ်လိုက်တာလဲ ... ဖီတို့နှစ်ယောက်ကို

လူကြီးတွေ စီစဉ်ပေးထားပါလျက်နဲ့ ...''

''အဲဒါ လူကြီးတွေ အစီအစဉ်ပါ, မီ ... ကိုယ်တို့သဘော
မှ မပါတာ''

''မို့သဘောတော့ပါတယ် ကိုကို၊ 'မီ'လက်ထပ်မယ့်လူ
တာ ကိုကိုကလွဲလို့ ဘယ်သူမှမရှိဘူး''

''ဩ''

''ဒီလိုပဲ ကိုကိုလက်ထပ်ရမယ့် သူကလည်း မီပဲဖြစ်
မယ်, ကိုကို''

''မဟုတ်သေးပါဘူး''

''ဘာလို့မဟုတ်ရမှာလဲ ... ဟုတ်ကို ဟုတ်စေရမယ်၊
ဘုန်းမြတ်ဆိုတာ ဖြစ်ချင်တာ၊ လုပ်ချင်တာ မှန်သမျှ မဖြစ်ဖြစ်အောင်
လုပ်နိုင်စွမ်းရှိတာကို, ကိုကို မမေ့ပါနဲ့''

ခက်ပါလားနော်။ ဘယ်လိုပါလဲ။ လီမွာပြီး ခင်အေးအေး
တတ်သည်ဟု ထင်ထားသည့် 'မီ'က အခုတော့ဖြင့် သူ့အပေါ်
မာမာလေးသံဖြင့် အမိန့်ပေးချင်နေတာလေ။ ကိုယ့်ထက်အသက်ငယ်
သည့် မိန်းကလေးကို စာနာစိတ်ဖြင့် လိုက်လျောပေးတတ်ခဲ့တာ မှ
ပေးမယ့် နှလုံးသားကိုတော့ လွယ်လင့်တကူ မပေးနိုင်ပါချေ။

''မီ နားလည်အောင် ကိုယ် ဘယ်လိုရှင်းပြရမှာလဲ''





''ရှင်းရအောင် ရှုပ်နေတာမှ မဟုတ်ဘဲ ကိုကိုရဲ့ မိတ္တိကြား
ကို သူသာ ဝင်မနှောင့်ယှက်ရင် ဒီလိုတွေဖြစ်လာစရာ ဘာ
အကြောင်းမှမရှိဘူး''

''လင်းမှာ ဘာအပြစ်မှမရှိဘူး၊ မီ''

''ဘာလို့အပြစ်မရှိရမှာလဲ ... မီပိုင်တဲ့သူကို ချစ်တာ အပြစ်
ပဲ''

''ကျစ်! ... လင်းက ကိုယ့်ကိုချစ်တာ မဟုတ်ဘူး မီ
ကိုယ်ကသာ လင်းအပေါ် စွဲလမ်းပြီး ချစ်မိသွားတာပါ၊ အပြစ်ရှိခြင်းရှိ
ကိုယ့်မှာပဲ ရှိမယ်''

''ကိုကို၊ သူ့ဘက်က မကာကွယ်ပေးပါနဲ့''

''ချစ်တဲ့ဘက်က ရပ်တည်တာ သဘာဝပါ, မီ၊ နှလုံးသား
ဆိုတာ ဦးနှောက်က ခြယ်လှယ်နိုင်းစေလို့ရတဲ့အရာမျိုး မဟုတ်ဘူး။
ဒီတော့ မီလည်း ကိုယ့်ကို မထိန်းချုပ်ချင်ပါနဲ့''

''ကိုကို!''

''အချိန်စေ့နေပြီ, မီ ... Operation ဝင်ခါနီး စိတ်
အနှောင့်အယှက်ပေးတာ ဒါ နောက်ဆုံးအကြိမ်ဖြစ်ပါစေ''

သူ တံခါးကို ဆွဲဖွင့်၍ Corridor လမ်းထဲ ပြန်ဝင်ခဲ့ပါ၏။
ကိုယ်ရေးကိုယ်တာကိစ္စကို ဒီလိုမျိုး အလုပ်မှာ ပြောဆိုဖို့ မသင့်လျော်ပါ

. . . ဆေးရုံအုပ်ဒေါက်တာဘုန်းမြတ်က သူ့ကို ပြောချင်ရင်လည်း phone နဲ့ ဆက်သွယ်ပြီး တစ်နေရာမှာ ချိန်းပြီးမှ ပြောတတ်တာပေ သမီးဖြစ်သူက ထိုသို့မဟုတ်ပါဘဲ အခုလိုပြုမူရတယ်လို့။

မနက်ပိုင်းမှာ ခဏတာ ပျော်ခဲ့ရသည့်စိတ်၊ အိမ်ရောက်မှ စိတ်ညစ်ခဲ့ရသည့်အချိန်၊ နေ့လယ်မတိုင်မီ ချစ်သူကြောင့် ပျော်ရွှ ကြည်နူးခဲ့ရသည့်အပျော်။ အခုပဲ ပြန်ပြီး ညစ်နွမ်းရသည့် ဦးနှောက် တွေက ဘာကြောင့်များ ဖြစ်ရပါသလဲ။ ရွှေတော့မှာပါပဲလား 'ဆေ ထက်' ရယ်။

Operation ခန်းထဲမှထွက်ခဲ့စဉ် သက်ပြင်းကိုတိုက်ရှိုက်လိုက် မိပါ၏။ ရုံးခန်းရှိရာဆီ လှမ်းခဲ့စဉ် သူ့ကို မတွေ့ရတော့ပါချေ။ အဝေ ထပ်ခွဲခန်းဝင်သွားပြီထင်ပါရဲ့။ စံဆွဲထိုင်လိုက်ပြီး ဒီနေ့ Schedule ဇယားကွက်ကိုကြည့်ရင်း လက်မှတ်ထိုးနေစဉ် နာ့စ်မလေးတစ်ယောက် က တံခါးဖွင့်၍ 'လင်း' ကို ခေါ်လိုက်လေသည်။

"ဒေါက်တာလင်းလက်"

"ရှိပါတယ်"

"မမေဗီက အားရင် ခဏလောက် လာတွေ့ပါတဲ့၊ ဆေး အုပ်ကြီးရဲ့ရုံးခန်းမှာ စောင့်နေပါတယ်"

"ဪ . . . ဟုတ်ကဲ့"





ရေလက်စာရွက်ကို ကလစ်ဖြင့် ပြန်ညှပ်ကာ white board က် ပြန်ချိတ်ထားလိုက်ပါ၏။ ရုံးခန်းထဲမှ ထွက်လိုက်စဉ် စောစော ခန်းအတူဝင်ခဲ့ရပါသည့် 'ဒေါက်တာကျော်ဇေ' နှင့် အခန်းဝမှာ ဆုံ သေသည်။ ဒီတလောမှာ မျက်စိရွှဲသည့် အသက် (၃၀) ကျော် လူနာ တွေ အတော်များသဖြင့် မျက်စိဆေးရာဝန်တွေ အတော်အလုပ်ရှုပ်ရတာ ။

"ဘယ်ကိုလဲ, ကြယ်စင်"

"မမေဗီခေါ်လို့"

"ဘာကိစ္စလဲ"

"မသိဘူးလေ"

"ကိုယ်ပါ လိုက်ခဲ့မယ်"

"မဟုတ်တာ"

"ဘာဖြစ်လဲ ကြယ်စင်ရဲ့"

"လင်းနဲ့နှစ်ယောက်တွည်း တွေ့ချင်လို့ တမင်ခေါ်တာကို လိုက်လာလို့ ဘယ်ကောင်းပါ့မလဲ"

သူ ခြေလှမ်းရပ်၍ ကျန်ရစ်ခဲ့လေ၏။ စတွေ့ဖူးစဉ်ကတည်းက သူ့ကို ခပ်စူးစူးကြည့်လေ့ရှိသည့် 'မေဗီဘုန်းမြတ်' ၏အကြည့်တို့ကို သတိထားခဲ့မိတာပါ။ အထူးသဖြင့် သူတို့နှစ်ယောက်နှင့်ဆက်နွယ်ပြီး

'လင်း'အပေါ် အမြင်မကြည်လင်တာက သိသာလွန်းတာ မဟုတ်ထ
ဆေးရုံအုပ်ကြီးမရှိသည့်ရက်မှာ ပြဿနာမဖြစ်ပါစေနှင့်။

အခန်း၀မှာ ခဏရပ်ပြီးမှ တံခါးခပ်ဖွဖွခေါက်လိုက်ပါသည်

"ခေါက်! ခေါက်!"

"ဝင်ခဲ့ပါ"

တံခါးကို အသာတွန်းဖွင့်ဝင်လိုက်စဉ် ဆေးရုံအုပ်ကြီးဖော်
ခုံထက်မှာ ခြေချိတ်လျက် ထိုင်နေသည့် 'မေဓီဘုန်းမြတ်' ကို တွေ့
လိုက်ရလေ၏။ စားပွဲရှေ့ရောက်သည်အထိ 'လင်း' ကို ကြည့်နေ
သည့် မျက်လုံးတို့က မျက်တောင်ပင် တစ်ချက်မခတ်ပါလေ။

"ကျွန်မကို ခေါ်တယ်ဆိုလို့ပါ"

"ဟုတ်တယ်"

"ဘာကိစ္စရှိလို့ပါလဲ, မမေဓီ"

"Choice your chance ပါ, လင်းလက်ကြယ်စင်
နှစ်ခုထဲက တစ်ခုကို ရှင်, မဖြစ်မနေ ရွေးမှဖြစ်မယ်"

"ဟင်! ... ဘာ ... ဘာကိုလဲ"

'မေဓီဘုန်းမြတ်' ၏မျက်နှာထက် မှုံပြုံးထင်လေ၏။ ငွေကြ
ဥစ္စာတောင့်တင်းသူမို့ ဘာကိုမှ အမှုမထားလေသလော။ ကိုယ်ထ
အသက်အနည်းငယ်မျှကြီးပါသည့် ဆရာဝန်အပေါ် နိုသေလေးစာ





ပါဘဲ အမိန့်ဆန်ဆန် အာဏာမျိုးဖြင့် ပြုမူသုံးပြလေပြီ။

"ပထမက ရှင် bond ထိုးထားတဲ့ စာချုပ်ကို ဖျက်သိမ်းပြီး
ဆေးရုံက ထွက်ဖို့ပါ"

"ရှင်!"

"နောက်တစ်ခုက ဒေါက်တာဇေရဲထက်ကို လက်လွှတ်ဖို့ပဲ"

"အဲဒါက"

"ကျွန်မက တောင်းဆိုနေတာမဟုတ်ဘူးနော်၊ အခြေအနေ
ကို ပြောပြနေတာပါ"

"ကျွန်မကို အလုပ်ခန့်ပေးခဲ့တာ ဆေးရုံအုပ်ကြီးပါ"

"ဟင်း ဟင်း ... ဘာလဲ ... ဒက်ဒီဖြတ်မှ အလုပ်ပြုတ်
ယ်လို့ ထင်နေလား။ ရှင်သိထားဖို့က ဒက်ဒီ့အဆုံးအဖြတ်မှန်သမျှ
ျွန်မ စကားတစ်ခွန်းနဲ့ ပြီးတယ်ဆိုတာပါ, လင်းလက်ကြယ်စင်"

အကြည့်ကို လွှဲလိုက်မိပါ၏။ ရွေးရမယ်တဲ့ 'ကို'။ ဒီနေရာက
ဖြုတ်ခံရလျှင် ကျရမည့် ဂုဏ်သိက္ခာ။ ဒီရင်ထဲမှ ဖယ်ထုတ်လိုက်
လျှင် နာကျင်ရမည့် နှလုံးသား။ 'လင်း' ဘာကို ရွေးချယ်ရပါ့မလဲ။

❑ ❑ ❑

## အခန်း (၁၈)

ဆေးရုံထဲမှ ထွက်လာစဉ် ည (၉) နာရီကျော်နေပြီမို့ လူ
သလောက် ဖြစ်နေပါ၏။ Duty ချိန်မတူတော့သဖြင့် သူနှင့်လည်
တွေ့စရာမလိုတော့ပါလေ။ Taxi စီးပြီး ပြန်ရမှာမို့ ဆေးရုံဝင်း
ခပ်သွက်သွက်လျှောက်လိုက်ပါသည်။ အပြင်မှာ အတော်မှောင်
ကားတွေပင် အတော်ရှားပါးနေလေပြီ။

စိတ်ကို တင်းထားမိပေမယ့် ပါးစပ်မှ လေပူတို့ကို မှုတ်ထု
လိုက်မိ၏။ သို့သော်ငြား ရင်တွင်းရှိအပူတို့က မလျော့ပါးပါ
ခေါင်းထဲ မကြည်လင်နေသဖြင့် မျက်နှာလည်း ခါတိုင်းထက် ပို
မှုန်ကုတ်နေပေမည်။ ပျော်ရွှင်စိတ်တို့က တစ်စစနည်းပါးလာ





ဟုတ်ပါလား။

"တီ! ... တီ!"

ဟွန်းတီးကာ ရပ်ပေးလိုက်ပါသည့် ကားဝါလေးကြောင့်
တ်ထားကြည့်လိုက်မိ၏။ နောက်ပိုင်းဝင်လာသည့် Model နို
က်ခနဲကြည့်လိုက်ရုံပါ။ အဝါရောင်နှစ်သက်သူမို့ ညမီးမှိန်မှိန်အောက်
လင်းလင်းလေး ဖြစ်နေပါသည့် အဝါရောင်ကားလေးကို မြင်လိုက်
ခြင်းပါပဲ။

"လင်း"

"ဟင်!"

"ဒက်ဒီ ကြိုနိုင်းလိုက်လို့ပါ"

တံခါးဖွင့်ဆင်းပြီး နောက်ခန်းတံခါးကို ဆွဲဖွင့်ပေးလိုက်သည်
'လွှမ်းလရောင်' ဖြစ်နေပါ၏။ အိမ်မှာ မဆုံဖြစ်အောင် သူရှောင်
ယ်ရှောင်ဖြစ်နေခဲ့တာ အဘယ်မျှ ကြာခဲ့ပြီလဲ။ ဘာအပိုစကားမှ
ပြောပါဘဲ ကားတံခါးကို ဖွင့်မျှော်နေပြီမို့ တက်လိုက်ရပါ၏။ ကား
သစ်ရနံ့ကို ရှူရှိုက်မိသည်မို့ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရလေသည်။
လို! ... ဒါ 'လင်း' အတွက် ရည်ရွယ်ပြီး ဝယ်လာသည့်ကားများ
သား၊ ဖြစ်နိုင်ချေ အများကြီးပါပဲ။

သူက ကားကိုသာ ဂရုစိုက်မောင်းခဲ့ပြီး လမ်းထဲချိုးကွေ့

ဝင်ကာ ခြံထဲသို့ ခပ်မှန်မှန်နှုန်းဖြင့် ဝင်ရင်း ကားကို ရပ်လိုက်လေ
ကားတံခါးကို ဖွင့်ဆင်းလိုက်စဉ် သူက လင်း၏လက်ကောက်ဝတ်
ဆွဲထားလိုက်သဖြင့် အုတ်လှေကားထစ်ကို ဆက်ပြီးတက်လို့မရ
ခြေလှမ်း ရပ်လိုက်ရပါသည်။

"ဘာလုပ်တာလဲ"

"အထင်မလွဲပါနဲ့ . . . ပေးစရာရှိလို့"

လက်ဝါးဖြန့်ကာ ထည့်ပေးလိုက်ပါသည့် ကားသော့
ထင်သည့်အတိုင်းပါပဲ။ အရင်လို မာနတွေ မကျေနပ်တွေဖြင့် မှ
နေတတ်ပါမျက်နှာက ယခုတော့ဖြင့် မှဲ့တေတေ အေးစက်စက်
တာလေ။ ငြိမ်သက်တိတ်ဆိတ်ခြင်းက စိတ်ကို ချောက်ချားစေ
မုန်တိုင်းမလာခင် လေပြည်က ငြိမ်စမြဲပင် မဟုတ်ပါလား။

"လွှမ်း"

ခေါ်လိုက်ပေမယ့် မကြားယောင်ဆောင်ကာ အိမ်ထဲသို့
အရင်ဝင်သွားလေ၏။ နောက်ကို တစ်ချက်မှ လှည့်မကြည့်
တံခါးကို အသာတွန်း၍ သူ နောက်မှ လိုက်ဝင်ခဲ့စဉ် ခြေလှ
ရပ်သွားရလေသည်။ 'လင်း' ထင်ထားသလို သူက အပေါ်ထ
တန်းပြီး တက်သွားခြင်းမရှိပါဘဲ ဧည့်ခန်းမှာ ရပ်နေစဲဖြစ်သလို
တီမှာထိုင်နေသည်က ဒက်ဒီဖြစ်နေပါ၏။





"ဒက်ဒီ"

"နှစ်ယောက်စလုံး ထိုင်ဦး"

"မအိပ်သေးဘူးလား ဒက်ဒီ"

"ပြောစရာရှိလို့ တမင်စောင့်နေတာ"

ပြောစရာရှိလို့တဲ့။ ရင်မောရပြန်ပါရောလား။ သက်မကို
တ်ရှိုက်လျက် တစ်ယောက်ထိုင်ခုံမှာ ထိုင်လိုက်စဉ် 'လွှမ်း'က 'လင်း'
မျက်နှာချင်းဆိုင်ခုံမှာ သွားထိုင်လိုက်လေ၏။ ဘေးခုံမှာတော
ထိုင်ချင်ဘူးပေါ့လေ။ ခပ်စိမ်းစိမ်းနေမည်ဆိုသည့်သဘောနှင့်များ
။ မုန့်ဝေစားသလိုမရှုမှန်းသိပါလျက် ချစ်ခြင်းတွေ ပုံမပေးနိုင်တာ
'လင်း' ကို စိတ်ကောက်ပြီရတယ်လို့။

"သမီး ဘာတွေလျှောက်လုပ်နေတာလဲ"

"ဒက်ဒီ"

ထင်သည့်အတိုင်း စပါလေပြီ။ ဒီနေ့ပဲ 'မေမီဘုန်းမြတ်' ၏
ခေါ်အမိန့်ပေးလိုက်တာလေ။ ဆုံးဖြတ်ဖို့ ခွန်အားတွေ လျော့ပါး
နေဦး ဒက်ဒီကပါ ဖိအားပေးလေပြီလား။ စိတ်တွေရှုပ်နေတာမို့
ျက်နှာငယ်စွာဖြင့် ဒက်ဒီ့ကို ကြည့်လိုက်မိပါ၏။ ည (၁၀) နာရီထိုး
ားနီး မအိပ်ဘဲစောင့်နေတာက အကြောင်းရှိနေပြီလေ။

"လူကြီးက လမ်းကြောင်းချပေးရင် အလိုက်သင့်လျှောက်

မြရှမှာပေါ့, Sweety … အခု သမီးလုပ်ပုံတွေက မဟုတ်သေးဘူး

ခင်းတိုင်ထားပြီ မဟုတ်ပါလား။ ဖျတ်ခနဲ လှမ်းကြည့်လိုက်
ပေမယ့် 'လွှမ်း'က အကြည့်မဆုံစေဘဲ မျက်လွှာချထားလေ
ဘာတွေတွေးထားပါသလဲ။ ဒက်ဒီပြောပြီးတာနှင့် 'လင်း'က သူ
သာ ခေါင်းညိတ်လက်ခံရုံသာ ရှိတော့မှာဆိုပြီး တွေးထားတာ
လေ။ အကြံက ပိုင်ပါ့ 'လွှမ်းလရောင်'။

"လင်းက ကလေးမှမဟုတ်တော့တာ, ဒက်ဒီ၊ ကိုယ်ပိုင်
ကိုယ်ပိုင်အတွေးနဲ့ပဲ ဆုံးဖြတ်တတ်တာပါ … အဲဒါ အပြစ်လား"

"သမီးအပေါ် ဒက်ဒီ အပြစ်တင်နေတာ မဟုတ်
Sweety၊ အဖေဆိုတာ ကိုယ့်သားသမီးရွေးတဲ့လမ်းကြောင်း
လိုသလို ထိန်းမတ်ပေးရတဲ့ ပဲ့ကိုင်ရှင်တွေမှန်း သမီးလည်း သိ
ဒါပေမဲ့ ဒက်ဒီ့သမီး အခုလို ဆုံးဖြတ်ရဲတာကိုတော့ အံ့ဩတယ်"

"ကိုက ဒက်ဒီ လက်သင့်မခံနိုင်တဲ့ အဆင့်အတန်း
လား"

"ဘာ"

ဒက်ဒီ့အကြည့်က ဒေါသမျက်ဝန်းမျိုး ဖြစ်သွားပါ၏။ သ
နိုက်လို့များ ထင်နေပြီလား။ မိဘသဘောမတူသည့်လူ၏နောက်
လိုက်မည့် ဆယ်ကျော်သက်အရွယ်အတွေးမျိုးက 'လင်း' ထံမှာ





ချေ၊ စောင့်နိုင်ပါသည်။ နောက်ထပ် ဘယ်နှနှစ်ပဲစောင့်စောင့်
ည်းခံနိုင်တာ မဟုတ်ပါလား။ နှစ်ဖက်မိဘတွေ သဘောတူမှသာ
က်ထပ်ဖို့အတွက် နှစ်ဦးစလုံးရဲ့စိတ်ထဲမှာ ရှိနေတာပါလေ။

"သမီး"

"ပြောပါ ဒက်ဒီ"

"ဖေ့ရဲ့ထက်မှာ စေ့စပ်မယ့် မိန်းကလေးရှိနေတာ မသိဘူး
း တမင်ပဲ မသိသလို နေနေတာလား"

"အဲဒါက …"

"သိပ်မကြာခင်မှာပဲ နေရာရုံးထုပ်နေရာကိုရတော့မယ့် Spe-
ist တစ်ယောက်ရဲ့ အနာဂတ်လမ်းကို ပိတ်မယ့်သူက ဒက်ဒီ့သမီး
နေပါလား, လင်းလက်ကြယ်စင်"

ရင်ထဲမှာ စူးခနဲ အောင့်သွားရပါ၏။ ဒီအတိုင်းပဲ ပြောပြန်
လား။ 'မေဓီဘုန်းမြတ်' ရဲ့စကားကို ကြားခဲ့ရတာတောင်မှ
င်း'ရဲ့ဖခင်ဖြစ်သူကပါ ပြောရဦးမည်လို့။ စိတ်ကို တင်းထားပေမယ့်
က်ရည်က အလိုလိုဝဲလာချေပြီ။ မဖြစ်ဘူး 'လင်းလက်ကြယ်စင်'။
ဘက်မှာ ဘယ်သူမှ မရှိတာမှန်ပေမယ့် 'ကို' တစ်ယောက်လုံး
နေတာကို မမေ့လိုက်ပါနဲ့လား။

"သူက မေ့ကို လက်ထပ်ဖို့အတွက် စိတ်ကူးထဲမှာတောင်

မရှိခဲ့ပါဘူး, ဒက်ဒီ''

''လူဆိုတာ ကိုယ့်အတွက် တစ်ဘို့တည်း တွေးတတ်တ
မှန်ပေမယ့် အဲဒီလူတွေထဲမှာ ဒက်ဒီ့သမီး မပါဝင်ချင်ဘူး Swee
. . . မွေးလာကတည်းက ဒီအရွယ်အထိ သမီးကို ဆုံးမပဲ့ပြင်ခဲ့သ
သဲထဲရေသွန်သလိုမျိုး အလဟဿ ဖြစ်သင့်သလား။ ပညာရေ
သင်ပေးခဲ့တာ၊ ရှိသင့်ရှိထိုက်တဲ့ အတတ်ပညာ၊ အသိပညာရေ
မှန်သမျှ တန်ဖိုးရှိပါစေလား''

ပါးပြင်ထက် မျက်ရည်က ပေါက်ခနဲ စီးကျသွားရပါ
မငိုအောင် တင်းထားပေမယ့် တားဆီး၍မရပါချေ။ အချစ်ဆိုတာ
တစ်ကြိမ်တစ်ခါလေး တွေ့ခဲ့ရတာတောင်မှပဲ နှလုံးလမ်းကြောင်း
မပြောင်းဖြူးတဲ့လား။ ဖခင်ဖြစ်သူကို ဆန့်ကျင်ဖို့အတွက် အင်အား
ယုတ်လျော့လာချေပြီ။ ကယ်ပါဦး 'ကို' ရယ်။

''လင်းဘက်ကိုလည်း ငဲ့ပေးပါဦး ဒက်ဒီ''

''ငဲ့ကွက်တယ်ဆိုတာ အားနည်းတဲ့ဘက်ကမှဖြစ်မှာပေ
သမီး။ ဒက်ဒီ့သမီးကို ခပ်ပျော့ပျော့လေးအဖြစ် ဒက်ဒီပြုစုခဲ့တာ
မဟုတ်ဘဲ၊ နာမည်ပေးခဲ့တာတောင်မှ ဘဝမှာ လင်းလက်တောက်
မယ့် ကြယ်စင်လေး ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒက်ဒီကိုယ်တိုင်
ပေးခဲ့တာပါ, Sweety''





နားဝင်အောင် ပျောင်းပျနေပါရောလား။ သုဝိုးလိမ္မာဖြစ်ခဲ့
သည့် အနှစ် (၂၀) ကျော်ကာလကို ဖြတ်သန်းလာခဲ့ပြီးမှ ဆန့်ကျင်
ဘက်သာ ရွေးနေမိလျှင် ဆုံးမပဲ့ပြင်မှုမဲ့သည့် သမီးမိုက်အဖြစ်သာ
ဖြင့်တော့မှာလေ။ 'လင်း'တော့ ဒက်ဒီ့အမိန့်အောက်မှာ ခေါင်းကပ်
ပ်မိတော့မယ်ထင်ပါရဲ့ 'ကို' ရယ်။

''အခုရော သူလည်း အိမ်မှာ ဒီလိုမျိုး သမီးလို မိဘကို
ဆန့်ကျင်နေမယ်ဆိုတာ သိရဲ့လား''

''လင်း . . . လင်းတို့လူငယ်တွေအတွက်လည်း ဆုံးဖြတ်
သင့်ပါတယ်, ဒက်ဒီ၊ မြီးကောင်ပေါက်စိတ်နဲ့ မှုးမှုးမိုက်မိုက် ဆုံးဖြတ်
တာမျိုး မဟုတ်ပါဘူး''

''ဒါ မှုးမိုက်တာမဟုတ်လို့ ဘာများလဲ''

''ဒက်ဒီ''

''ခက်လိုက်တာ . သမီးရယ်၊ နားဝင်အောင် ပြောရတာ
သက်ဝင်လိုက်ပါဘိ၊ ခေါင်းမာတွယ်ဆိုတာမျိုးက နေရာတကာ
ကောင်းတာမဟုတ်မှန်း သမီး သိသင့်တယ်၊ ဆရာဝန်ဖြစ်တဲ့အချိန်
မှာ အမှားအယွင်းမရှိအောင် နာမည်မှာ အမည်းစက်မစွန်းထင်ရလေ
အောင် အများကြီး သတိထား ဂရုစိုက်မှပေါ့၊ Personal ကိစ္စနဲ့
အလုပ်မှာ ထိခိုက်နစ်နာမှုရှိလာရင် ဘယ်လိုလုပ်မလဲ''

လူကြီးပီသပါပေ့။ ရှေ့ကို ကြိုပြီး မြင်နေသလိုပြောတာက ဒက်ထိ မှန်ကန်နေပြီ မဟုတ်ပါလား။ အခုလည်း အလုပ်မှာ ရွှေချယ်နိုင်းတဲ့ 'မေမီဘုန်းမြတ်' ကြောင့် စိတ်ညစ်နေရပြီလေ။ ကိုယ့်အပေါ် မချစ်နိုင်တဲ့လူကိုမှ ဘာကြောင့်များ လက်မလွှတ်ချင်ရတာပါလိမ့်။ ဒါဖြင့် 'လွှမ်း' ကရော။ 'လင်း' မချစ်နိုင်မှန်းသိပါလျက် နောက်မဆုတ်သေးတာလေ။

''ဒေါက်တာဘုန်းမြတ်သာ ဒက်ဒီ့ကို ခေါ်တွေ့ရင် ဘာများ ပြောလို့ရပါ့မလဲ''

အဖေဖြစ်သူထက်အရင် သမီးဖြစ်သူက တွေးပြီးနေလေပြီ ချစ်သူနှင့် ဖြတ်မှာလား။ သို့တည်းမဟုတ် bond ထိုးထားတဲ့ (၅) နှစ် စာချုပ်ကို ဖျက်ပြီး အလုပ်ထွက်ရမှာလား။ လုပ်သက် (၂) နှစ်သာ ရှိသေးပဲ့ဘာမို့ လျော်ကြေးပေးပြီး ထွက်ရမှာ အမှန်ပါ။ တစ်ဖက်သတ် နစ်နာစရာတွေချည်းပါပဲလား 'လင်းလက်ကြယ်စင်' ရယ်။

''လင်းပြဿနာကို လင်းဘာသာ ရှင်းပါ့မယ်, ဒက်ဒီ''

''အပြောက လွယ်တာပေါ့ သမီး။ လက်တွေ့က ခက်ခဲမှာပဲ ဘယ်လိုများ လပ်မှာလဲ၊ ရှင်းထားတဲ့လမ်းကို အလိုက်သင့်လျှောက်ဖို့က အလွယ်လေးပါ၊ အခု သမီးက ချုံတွေ၊ ဆူးတွေ ရှုပ်နေတဲ့ လမ်းကြမ်းကို ခုတ်ထွင်လျှောက်ဖို့ ပြင်နေတာလေ၊ ဒီလောက် ခက်ခဲတဲ့





လမ်းကို ရွေးမယ့်သမီးအတွက် ဒက်ဒီက လက်ပိုက်ပြီး ကြည့်နေရမှာလား''

''ဒက်ဒီက လွှမ်းဘက်မှာပဲ တစ်သက်လုံး ရပ်တည်ပေးနေမှာပဲလား''

''ကျစ် ... မဆိုင်တဲ့လူကို ဆွဲထည့်ရှင်ပြမနေပြီ''

''မဆိုင်ဘဲနေပါ့မလား ... ဒက်ဒီပြောနေတာက လွှမ်းကိုပဲ လက်ထပ်ဖို့အတွက် လမ်းကြောင်းပြနေတာပါ''

''စကားကို ကြည့်ပြောပါ, လင်း''

တစ်ချိန်လုံး ဘာမှမပြောဘဲ ငြိမ်နေပါသည့် သူ့ထံမှ အသံထွက်လာလေ၏။ အင်အားများတဲ့လူက အင်တိုက်အားတိုက် တွန်းအားပေးတတ်တာ သဘာဝမဟုတ်ပါလား။ တစ်ဖက်မှာ တစ်ယောက်တည်း ရှိနေသည့် 'လင်း' ကိုဖြင့် ဝိုင်းကွက်ဖို့ နည်းနည်းလေးတောင်မှ ချိုကြပါချေ။ အားနည်းသူကို အားပေးဖို့ လဲနေသူကို ထူမတ်ပေးဖို့ ရေထဲကျသူကို ဆယ်ယူဖို့ ဆိုသည့် ဗာဝန်ရှိူးက လူတိုင်းနှင့် မသက်ဆိုင်သလိုပါလေ။

''မဟုတ်လို့လား''

''ဒက်ဒီ့ကို မေးကြည့်ပါ။ ကိုယ်က လင်းအပေါ် မေတ္တာတွေ ပေးထားတာ မှန်ပေမယ့် လင်းဆီက တုံ့ပြန်မှုမရှိရင် လက်ထပ်ဖို့

ကိစ္စကို ရှေ့မဆက်ပါနဲ့လို့ စကားအကုန်ပြောပြီးသားပါ, လင်း
မပေးချင်တဲ့အရာကို တစာစာတောင်းရအောင် ကိုယ်က မသိနား
လည်သေးတဲ့ကလေးမှ မဟုတ်တာ။ ကျွန်တော် သွားနားတော့မယ်
ဒက်ဒီ . . . ခွင့်ပြုပါ''

သူက ရှေ့ဆက်မပြောချင်တော့သည့်နှယ် ဒက်ဒီ့ကို ခွင့်
တောင်းကာ အပေါ်ထပ်သို့ တက်သွားလေတော့၏။ ကျောခိုင်းပြီး
လာ။ တစ်ချိန်လုံး ဘေးနားမှာကပ်ပြီး နှောင့်ယှက်နေတဲ့ 'လွှမ်း'က
'လင်း' အပေါ် စိတ်ပျက်လက်လျှော့လေပြီ ထင်ပါရဲ့။ ငယ်သံပေး
ဖဲ့ဖြင့် အခုအချိန်ထိ အသဲအသန်ချစ်ခဲ့သည့် 'လွှမ်းလရောင်' က
ဒီလိုမျိုး နောက်ဆုတ်ချင်လျှင် အခုမှ စချစ်သည့် 'ကို' ကရော . . .
စိတ်ပျက်စရာတွေချည်း ဖြစ်နေသည့် 'လင်း'ရဲ့ကိစ္စတွေကြောင့်
ရှေ့ဆက်မတိုးဖြစ်လျှင်ဖြင့် . . . ရင်မောစရာပါပဲလား 'ကို' ရယ်။

''ဒက်ဒီက သမီးအတွက် ပြောနေတာ . . . ဒီအရွယ်အထိ
စိတ်ကို လွတ်လပ်ပေါ့ပါးစွာထားပြီး ဘဝလမ်းကို ဖြောင့်ဖြူးစွာ
လျှောက်နေခဲ့ရတဲ့ သမီးက အနာဂတ်မပြောနဲ့ ပစ္စုပ္ပန်အခြေအနေ
ဓိအားတွေများပြီး အတားအဆီးတွေရှိနေစုံ ကြုံခဲ့ရင် သမီးဘက်ကနေ
ဘယ်သူက ကူပေးမှာလဲ။ ယှဉ်ပြိုင်တယ်ဆိုတာ အင်အားချင်းမျှတမှ
သာ သင့်တော်ပါတယ် သမီး။ ဒီလိုမဟုတ်ဘဲ နံရံကို ခေါင်းနဲ့ဆောင့်





ဘောင့်ချင်တဲ့အလုပ်က စိတ်မနှံ့တဲ့လူသာ ဖြစ်သင့်မှန်း သမီး နား
လည်မှာပါ။ ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ ရွေးချယ်တတ်ပါစေ။
ဒက်ဒီ ဒါပဲ ပြောချင်တယ်''

ပြော၍ ပြီးချေပြီ။ အိမ်ပေါ်ထပ်သို့ တက်လာသည့် ခြေလှမ်း
တို့က လေးလံလွန်းလှလေစွ။ အိပ်ရာထက် ပစ်လှဲချပြီး ခေါင်းအုံးကို
ဖက်နှာအပ်မိစဉ် မျက်ရည်တို့က စီးကျလာတော့လေသည်။

❑❑❑

## အခန်း (၁၉)

လှေကားမှ ဆင်းလာစဉ် ဒက်ဒီက ဧည့်ခန်းမှာ သတင်းစာ ဖတ်နေလေ၏။ မာမီ့ကို မမြင်တာမို့ ဒီတိုင်း အသာလေးလစ်ဖို့ စိတ်က မြန်နေတာပါ။ Duty coat ကို လက်ပေါ်မှာပဲ တင်ထားတာမို့ အိတ် ထဲမှ phone သံမြည်သွားသဖြင့် coat အိတ်ထဲမှ phone ကို မှ ကြည့်လိုက်မိပါသည်။

| |
|---|
| ကားအသစ်ရပြီ ...<br>လာမကြိုနဲ့တော့နော် ...<br>လင်း |





Message ကြောင့် ဝမ်းသာသွားရပေမယ့် ကြိုပို့ခွင့်မရှိ တော့တာမို့ ဝမ်းနည်းရပြန်ပါ၏။ သူ့ချစ်သူကဖြင့် လူကို စောစောစီးစီး ချက်အေးတိုက်ချေပြီ။ အပူအအေးမျှတစေသည့် သတင်းပို့ချက် လေးကို။ အပြုံးဖြင့် ဧည့်ခန်းကိုရောက်စဉ် ဒက်ဒီက သူ့ကို ကြည့် လိုက်လေ၏။

"ဇိရိယကြီးလှချည်လား ... Duty က (၁၀) နာရီဆို"

"ဟုတ်ကဲ့ ဒက်ဒီ"

"စကားပြောချိန်ရတယ်ဆို မဟုတ်လား"

ဘာမှမစားဖြစ်ဘဲ အသာလစ်ဖို့ ပြင်ထားသည့်ကိစ္စက ပျက်ချေပြီ။ ဧည့်ခန်းဆက်တီထက် သူ ဝင်ထိုင်လိုက်စဉ် ဒက်ဒီက သတင်းစာကို ပြန်ခေါက်ထားလိုက်လေ၏။ မာမီတိုင်လိုက်ပြီ ထင်ပါ ရဲ့၊ ဒက်ဒီကတော့ ယောက်ျားချင်းမို့ သူ့ကို နားလည်ပေးနိုင်မှာပါလေ။

"ပြောပါဦး ... ဘယ်လိုဖြစ်တာလဲ၊ သားမာမီ အခုထိ စိတ်မပြေသေးဘူး"

စိတ်လှုပ်ရှားလာတိုင်း လုပ်နေကျ အကျင့်ဖြင့် မျက်ခုံးကို အသာလက်ဖြင့် ကုတ်လိုက်မိပါ၏။ အချစ်ဆိုတာကို ပထမဆုံးအကြိမ် တစ်ကြိမ်တစ်ခါတည်းသာ တွေ့မိသည့် သူ့အတွက် အတားအဆီး တွေက ဆက်တိုက်ရှည်သော ဖြစ်လာတော့တာပါလေ 'ဝီ'လည်း သိနေ

ပြီးမှ ဆေးရုံအုပ်ကြီးပါ သိတော့မှာ မဟုတ်ပါလား။ ရင်ဆိုင်ဖြတ်သန်း
ကြစို့ 'လင်း' ရေ။

"ဒက်ဒီ့ကို မာမီ ပြောပြီးပြီ မဟုတ်လား"

"အင်း . . . ဆိုပါတော့"

"မာမီကတော့ ခါးခါးသီးသီး ကန့်ကွက်နေပြီ ဒက်ဒီ့သဘော
ကရော"

"ချင့်ချိန်နေရုံပါ၊ ကောင်မလေးက သားကို တစ်ခါတည်း
ခေါင်းညိတ်လိုက်တာပေါ့လေ"

"ဟုတ်ကဲ့ . . . ငြင်းလို့မရတဲ့နည်းမျိုးသုံးလိုက်မိလို့ပါ ဒက်ဒီ"

"တယ်ဟုတ်ပါလား . . . မီ, သိသွားပြီလား"

"ဟုတ်!"

"ပြဿနာရှာရောလား"

"ကျွန်တော်နဲ့တော့ ပြောပြီးပြီ"

"ဒါဆိုရင် ဒေါက်တာဘုန်းမြတ်တော့ အနေနဲ့အမြန်
တော့မှာပေါ့၊ မီ တော်တော်မှ ပေါက်ကွဲရဲ့လား"

သူ ငြိမ်နေမိပါ၏။ ပေါက်ကွဲခဲ့တာ မှန်ပေမယ့် နောက်ဆုံး
၌လည်းက မမြင်ရတာ အမှန်ပါ။ မဖြစ်မနေ လက်ထပ်ရအောင် သူ
'မီ့'အပေါ် ကိုယ်ရောစိတ်ပါ လွှမ်းကျူးထားတာမှ မဟုတ်တာ





ပုံးသားကို စေနင်တိုင်း ရနိုင်ပါ့မလား 'မီ' ရယ်။

"ရင်ဆိုင်ရုံပေါ့ ဒက်ဒီ"

"သားအတွက်က ဟုတ်တာပေါ့၊ အကယ်၍ မျက်နှာချင်း
ဆိုင်ချစ်တော့ရင်လည်း Tranfar လုပ်ရုံပဲလေ၊ သားကောင်မလေးက
ရော၊ ပြဿနာတက်တော့မှာပေါ့။ (၅) နှစ် bond ထိုးထားရင်
လျော်ကြေးပေးပြီးမှ ထွက်လို့ရမှာ၊ ဒီလိုမှမဟုတ်ဘဲ အလုပ်ထုတ်လိုက်
ရင် နာမည်က ပျက်ပြီ"

ရင်ထဲအောင့်သွားရပါ၏။ သူ့အတွက်သာ ကြည့်မိသည့်
စိတ်က ထင့်ရချေပြီ။ ဟုတ်သားပါပဲလား။ 'လင်း' အတွက်ကဖြင့်
ရင်ဆိုင်စရာတွေ အများကြီးပါလေ။ ဆေးရုံမှာ, အိမ်မှာ အမျိုးမျိုး
ရင်ဆိုင်ရမည့် အခက်အခဲတွေက တစ်ပုံကြီးပါပဲ။ ဝမ်းနည်းအားငယ်
နေပြီလား။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်နဲ့အတူတူ ရင်ဆိုင်ဖို့အတွက်
သက်တွဲပြီး နှစ်ကိုယ့်တစ်စိတ်ဖြစ်သင့်ပြီလေ။

"အလုပ်မှာ အမှုအယွင်းလုပ်မိတာမှ မဟုတ်တာ ဒက်ဒီ၊
ကိုယ်ရေးကိုယ်တာနဲ့ အလုပ်ကို ခွဲခြားပြီး ဆုံးဖြတ်သင့်တာပါ"

"မီက သားတို့ထက် အသက်ပိုငယ်တဲ့ မိန်းကလေးဆိုတာ
ကို သိရမှာပေါ့"

ရင်ထဲမှာ ထိတ်သွားရပါ၏။ ဒီအချက်ကို သူ ဘာလို့မေ့ထား

ရပါသလဲ။ အေးဆေးတည်ငြိမ်သည့် 'လင်း' က ဘာတစ်ခုမှ မပြော
ဖြစ်ပေမယ့် နှိုက်ကတည်းက စိတ်မြန်လက်မြန်ရှိသည့် 'မီ' က အန္တရာယ်
ရှိနိုင်တာပါလေ။ ဘယ်လိုပါလဲ။ 'လင်း' ကို ပြဿနာရှာနေပြီလား
ရေငုံနှုတ်ပိတ်နေတတ်သည့် 'လင်း'က သူ့ကို မှင်မှင်လင်းလင်း
မပြောဘဲ နှုတ်ဆိတ်နေပြီလား 'လင်း' ရယ်။

"ကျွန်တော် လင်းကိုပဲ အရမ်းချစ်ပါတယ် ဒက်ဒီ၊ လင်း
လွဲလို့ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့ဘူး"

"အဲဒါကို ဒက်ဒီလည်း သိပါတယ် သားရယ်"

"ကို"

မာမီက အလယ်ခန်းမှ ထွက်လာလေ၏။ သူ့ကို စကား
မပြောချင်လို့ ရှောင်နေတာက အတော်ကြာနေပြီ မဟုတ်ပါလား
ဒက်ဒီနဲ့ ဆွေးနွေးနေတာကို ဖျက်တော့မှာ ထင်ပါရဲ့။ သားဖြစ်သူအပေါ်
အလိုလိုက်ခဲ့သည့် မာမီက ဆန့်ကျင်ဘက်မှာ ရပ်တည်နေရတယ်ဆို
ကိုယ်တော့မိဘတွေနဲ့ ရင်ဆိုင်နေရပြီ 'လင်း'။

"မီကတော့ လုံးဝသဘောမတူနိုင်ဘူးနော်၊ ဒီလောက်တာ
နေတဲ့ကြားက ရှေ့ဆက်တိုးမယ်မကြံနဲ့, ကိုဖေ၊ မာမို့စိတ်ကို, မ
အသိဆုံးပါ"

"ဗျာ"





"မိတို့အိမ်ကို ခေါ်လာရမယ့် ချွေးမက မေမီဘုန်းမြတ်
စ်ယောက်တည်းပဲ ဖြစ်ရမယ်, ကို့ မီမဟုတ်တဲ့ တခြားမိန်းကလေး
ဘယ်နည်းနဲ့မှ ချွေးမ မတော်နိုင်ဘူး"

"မာမီ ဒီတိုင်းပဲ ပြောတော့မှာလား။ ကျွန်တော်တို့ လူငယ်
တွေဘက်ကို ငဲ့ကြည့်ပေးပါဦး"

"ဒါ စကားအကုန်ပဲ, ဖေရဲထက်၊ မာမီက အချစ်ကြီးသ
ောက် အမျက်ကြီးတတ်တာ အမှန်ပဲ"

"လင်းက အဲဒီလောက်တောင်မှ ကျွန်တော်နဲ့ မတန်ဘူး
လား"

"ဟုတ်တယ်"

"လင်းနဲ့ သဘောမတူတာ အဲဒီဆေးရုံကို အပိုင်မရမှာစိုး
လို့လား, မာမီ"

"ဖေရဲထက်!"

"မင်္ဂလာကိစ္စကို မင်္ဂလာရှိရှိနဲ့ပဲ ပြောပါရစေလား။ ငွေကြေး
တွေ နောက်ခံ back ground တွေနဲ့ လဲလှယ်ရအောင် ကျွန်တော်က
က်မှုကုန်ပစ္စည်းမှ မဟုတ်ဘဲ မာမီ"

"ဘာပြောတယ်!"

"ကဲ ကဲ ... တော်ကြပါတော့ ... မိလည်း ဆက်မပြောနဲ့

တော့ . . . သားအလုပ်သွားကာနီး စိတ်ရှုပ်ရပြီ"

"ကိုသားပြောပုံက ကောင်းသလား။ အမေဖြစ်သူ ဒီလော…
တားနေတာတောင်မှ အမှုမထားတား၊ ငါက မွေးထားတဲ့ သား…
မျက်ရည်ခံထိုးတတ်တဲ့ ခပ်ပျော့ပျော့ အမေမျိုးမဟုတ်ဘူး"

"ကျွန်တော်ကလည်း လင်းနဲ့ကိစ္စကို မာမီတို့နဲ့ ပြေလည်…
ချင်ပါတယ်, မာမီ။ လူကြီးတွေသဘောမပါဘဲနဲ့ ကျွန်တော့်အိမ်ထော…
ရေးကို ဦးစလွှယ် မပြုချင်ပါဘူး။ လင်းကိုလည်း အဲဒီလို တန်ဖိုး…
စေချင်လို့ပါ"

"ကြည့်စမ်း! . . . အဲဒါ ဘာသဘောလဲ၊ မင်းက မိဘ…
ရှုကို ဒီနည်းနဲ့ ဆပ်ပြချင်တယ်ပေါ့လေ၊ ဟုတ်လား! မေရဲ့…
ဘယ်လိုမိန်းမရဲ့ မှိုင်းမိနေလို့ မိဘကို အာခံနေရတာလဲ"

"မဟုတ်ရပါဘူး မာမီ"

"ဘာမဟုတ်ရမှာလဲ၊ အခုကတည်းက 'မ' ဘက်လိုက်…
နိုက်ဖက်ပါနေပြီ"

"တော်ပါတော့ မီရာ . . . သားလည်း တော်တော့ . . ."

"ကိုယ်မွေးထားတဲ့သားက ဒီလိုတန်ပြန်ပြောဆိုနေ…
ရင်နာလို့ပါ ကိုရယ်"

ပါးပြင်ထက် မျက်ရည်ပူက စီးကျသွားပါလေ၏။ ရက်…





…င်းလိုက်တာ၊ နောက်ဆုံးတော့ ဒီ'ကျေးရူး' ဆိုသည့်နောက်ဆုံး
…က်နက်နှင့် သူ့ကို အပြင်းထုပြီး မဟုတ်ပါလား။ ပြေလည်အောင်
…ှိနေပါလျက်နှင့် အဆိုးဝါးဆုံးအခြေအနေတို့က ဖြစ်လာချေပြီ။ ခွန်
…းတွေ လျှော့ပါးကုန်ပြီ 'လင်း' ရယ်။ ကိုယ်ဘာလုပ်ရပါ့မလဲ။

"ကျွန်တော် ဆေးရုံသွားတော့မယ်, ဒက်ဒီ"

"အေးအေး, သား။ ကားကို ဂရုစိုက်ပြီး မောင်းဦး"

"ဟုတ်ကဲ့"

ညှိခန်းထဲမှာ ထလာခဲ့ပါ၏။ ခေါင်းထဲမှာ နောက်ကျိုပြီး
…ိုက်ခဲလာသည့်နှယ်ပါ။ အိပ်ရေးပျက်ရသည့် ညတွေချည်း ဆက်
…ိုက်ဖြစ်နေတာ မကောင်းတော့ပါလေ။ ဒါဖြင့် 'လင်း' ရော သူ့လို
…င် အိမ်တွင်းစစ် ဆင်နွှဲနေမှာ မလွဲပါချေ။ ကိုယ်တို့ချစ်ခြင်းတွေက
ကန္တာရနှယ် ရင်ဆိုင်နေရတာ ပူလောင်လိုက်တာ 'လင်း' ရယ်။

ကားစက်နှိုးကာ ခြံထဲမှ ထွက်လိုက်ပါ၏။ ရင်ဆိုင်ရတော့
…ှာပါလား။ မာမီနှင့် ဒီလိုသာ စကားများသည့် ရက်တွေက ဆက်နေ
…လျှင်ဖြင့် အိမ်မှာ မနေချင်တော့ပါလေ။ လူငယ်ဟူသည် မိဘလောင်း
…ိပ်အောက်မှ အချိန်တန်လျှင် လွတ်လပ်စွာ ပျံသန်းထွက်ခွာသွားကြ
သည့် သဘာဝမို့ မာမီနားလည်နိုင်မည် ထင်ပါ၏။

နှလုံးသားကို အကျဉ်းချပြီး ကိုယ်မချစ်သည့် မိန်းကလေး

နှင့် အိမ်ထောင်ပြုဖို့က စိတ်ရောက်ပါယ်ပါ ဘယ်လိုမှ မေ့နိုင်ဖို့မ
တစ်သက်လုံး မမေ့နိုင်လို့ကတော့ ဒီလူ့ဘဝမှာ ရှင်သန်ဖို့အတွ
မနေနိုင်တော့ပါလေ။ 'လင်း' ရယ် ... ကိုယ်တို့ရဲ့အနာဂတ်လင်း
ဘယ်မှာလဲ။ လက်ရှိပစ္စုပ္ပန်ကာလမှာတောင်မှ လမ်းပိတ်နေရတယ်
'ဇေရဲထက်' ရယ်။

ဆေးရုံဝင်းထဲကို ဝင်လိုက်ပြီး ကားပါကင်ရှိရာဆီ ခပ်မှန်မှ
မောင်းခဲ့စဉ် ကားရပ်ရာနေရာမှာ ကားအဖြူရောင် ကားသစ်လေး
ဖျတ်ခနဲ မြင်လိုက်ရပါ၏။ ကြည့်စမ်း ... 'လင်း' က သူ့ရှေ့မှ
အရင်ရောက်နေပြီပေါ့လေ။ ဒီနေ့ရော ဘယ်အရောင် blouse လေး
ဝတ်လာပါသလဲ။ ချစ်သူမဖြစ်ခင်က အရောင်ဖျော့တို့ကိုသာ ရွေးဝတ်
ခဲ့ပါလျက် သူနှင့်ချစ်သူဖြစ်တော့မှ ရဲရဲသည့်စိတ်ဖြင့် အရောင်ရင့်ရင့်
လေးတွေချည်း ဆက်တိုက်ဝတ်တော့တာပါလေ။

"ဟင်!"

ကားကို နေရာမှာ ဝင်ရပ်လိုက်စဉ် သူ အံ့ဩသွားရပါ၏
'လင်း' နှင့်အတူ ရပ်နေပြီး စကားပြောနေသည့်လူက 'ဒေါက်တာ
ကျော်ဇ' ဖြစ်နေလေသည်။ နံနက် (၉) နာရီ နေနွေးနွေးအောက်မှာ
ဖက်ဖူးရောင် Oneset လေးဖြင့် အလှနတ်သမီးလေးက အပြုံးလေး
ဖြင့် စကားချိုချိုတွေ ပြောနေတာ မဟုတ်ပါလား။





"ကျစ်!"

ကားသော့ကို ခတ်လိုက်ပြီး ခြေလှမ်းကို ခပ်သွက်သွက်
ပြင်းလိုက်မိပါ၏။ ရှေ့ဆီမှ ခပ်ပြည်ပြည်းလျှောက်နေကြသည့် 'လင်း'
နှင့်နှစ်ဦးစလုံးရဲ့ခြေလှမ်းကို ခဏလေးဖြင့် သူ မှီလာပါလေသည်။
က ဘာသဘောလဲ။ မိုးမမြင် လေမမြင်ဖြင့် ဘေးဘီကိုတောင်
သတိမထားမိတဲ့ အပြုံးတွေ ဖလှယ်နေရတယ်လို့။ စိတ်တိုလိုက်တာ
နော်။

"မဟုတ်တာ ဒေါက်တာရယ်"

"တကယ်ပြောတာပါ ကြယ်စင်ရဲ့ အသားဖြူတဲ့သူနဲ့ ဘယ်
colour ရွေးရွေး တစ်နေ့တစ်မျိုးကို မရိုးအောင် လှတာပါ"

"ကျေးဇူးတင်ပါတယ်၊ အခုလို ချီးမွမ်းပေးတဲ့အတွက်"

"ဒါဖြင့် ကိုယ်နဲ့အတူတူ Morning Coffee တစ်ခွက်တော့
သောက်မယ် မဟုတ်လား"

"ရှင်! ... အဲဒါကရောတော့"

"ဘာလဲ ... အိမ်က သောက်လာတယ်ဆိုပြီး ငြင်းဦးမှာ
လား"

"လင်း တကယ်မဆာလို့ပါ"

"တစ်ခွက်လောက်တော့ အသာလေး ဆုံမှာပါဗျာ"

ကြည့်စမ်း! ... သူ့ချစ်သူက သူ မရှိစဉ်မှာ သူမဟုတ်တဲ့ လူနှင့်အတူ ကော်ဖီသောက်ဖို့ plan ဆွဲနေပါလား။ ဟိုလူကို အပြစ် ပြင်းလျှင် ဘာဖြစ်မှာမို့လို့လဲ။ ဟိုလိုဒီလိုလုပ်တတ်ကျင့်မျိုးကိုတော့ သူ မနှစ်သက်လှပါ။ အထူးသဖြင့် ပိုင်ရှင်ရှိပါလျက် သူ့ချစ်သူကို အီစီကလီလာလုပ်နေပါသည့် ခင်းကို ပိုမကျေနပ်မိတာပါပဲ။

ဒီထက် ပိုစောင့်နေမိရင် ခင်းနှင့်အတူ ကော်ဖီဆိုင်ထဲကို ရောက်တော့မှာလေ။ ခြေလှမ်းကို ရှေ့သို့ အမြန်လျှောက်ပြီး ခေါင်း ဘက်ဝင်ရန် တစ်ချက်ကြည့်ရင်း အနောက်ဘက်မှ 'လင်း'၏လက် မောင်းလေးကို လှမ်းဆွဲလိုက်ရပါ၏။ ရုတ်တရက်မို့ လန့်သွားမှာ ဖြစ် ပေမယ့် 'လင်း' စိတ်မဆိုးပါစေနှင့်။

"အမေ့! ကြော် ... လန့်လိုက်တာ ကိုရယ်၊ ရောက်နေ လည်း လှမ်းခေါ်လိုက်မှပေါ့"

"မကြားမှာစိုးလို့ပါ"

"Breakast စားလာရဲ့လား"

"ဟင့်အင်း"

တမင်တကာယင် ဆုပ်ကိုင်ထားမိသည့် လက်များလေးကို ပြန်မလွှတ်ပေးဖြစ်ပါချေ။ ဘေးမှာရှိနေသည့် 'ဒေါက်တာကျော်' က သူနှင့် 'လင်း' ကို တအံ့တဩဖြင့် ငေးကြည့်ကျန်ရစ်ခဲ့လေတော့





သည်။ ခုမသိလည်း တစ်ရက်ရက်တော့ သိကုန်မှာပါလေ။ ဘာဖြစ် သေးလဲ။ 'လင်းလက်ကြယ်စင်' မှာ 'ဇေရဲထက်' ဆိုသည့် ပိုင်ရှင် တစ်အမှန်ရှိနေပြီဆိုသည့် အမှန်တရားကို အားလုံးသိအောင် သူ ပြောလိုက်ချင်တာ မဟုတ်ပါလား။

❑ ❑ ❑

# အခန်း (၂၀)

ဆရာဝန်တွေရဲ့ရုံးခန်းထဲ ဝင်လိုက်စဉ် လူအတော်စုံလင်နေ လေ၏။ 'နီလာ' နှင့် 'မိုးသူ' က 'လင်း' ကို မျက်စပစ်ကာ အနားသို့ ခေါ်လိုက်ပါသည်။ ဘယ်လိုပါလိမ့်၊ ဒီလအတွက် နေရာအပြောင်း အရွှေ့တွေ စတင်လေပြီလား။ အထူးသဖြင့် 'လင်း' ကို ခေါ်အသိပေး ထားသည့် 'မေဓိဘုန်းမြတ်' ကြောင့် စဉ်းစားဆုံးဖြတ်ဖို့ အချိန်ယူနေ သည့် ကာလကြောင့်ပါပဲ။

"လင်း"

"ရှင်! ... ဘာလဲ, နီလာ"

"သတင်းပျံ့နေတာ ဟုတ်,မဟုတ် မသေချာလို့"





"ဘာသတင်းရှိလို့လဲ"

ရင်ထဲမှာ ဒိန်းခနဲမြည်လေ၏။ ဘာလဲ ... Lobby က White board မှာ စာကပ်ထားနိုင်ပြီလား။ ဝင်လာစဉ်က သေချာဂရုစိုက် ကြည့်မိတာမှ ဘာမှမသိသေးပါလေ။ ဘယ်လိုဖြစ်ဖြစ် 'လင်း' ရဲ့ကိစ္စ က အကျယ်အကျယ်နှင့် သတင်းတွေ ပျံ့ကုန်တာပါလိမ့်။ တွဲဖက် ဆရာဝန်အုပ်စုတွေ ခေါင်းချင်းဆိုင်ပြီး တီးတိုးပြောနေကြပြီ မဟုတ် ပါလား။

"ဒေါက်တာဇေရဲ့ထက်နဲ့လင်းက ..."

မျက်နှာရဲခနဲဖြစ်သွားရပါ၏။ ဒီလိုကြီးမေးမည်ဟု ဘယ်ထင် ထားပါ့မလဲ။ ကိုက 'လင်း'ကို အမြဲတမ်း အတူလျှောက်တတ်သလို အနားမှာ ကပ်ပြီး တီးတိုးပြောတတ်ကျင့်က အခုလို ရှိနေပြီ မဟုတ် ပါလား။ ဘယ်လိုပြောရမှာပါလိမ့်။ ဖုံးကွယ်ထားလို့မရသည့် ကိုယ်ရေး ကိုယ်တာ သတင်းကိုမှ သိချင်ရတယ်လို့။

"ပြောလေ လင်းရဲ့ ... ဟုတ်တယ် မဟုတ်လား"

"အင်း"

"ထင်သားပဲ"

"ဘာဖြစ်လို့လဲ, နီလာ"

"ဘာဖြစ်ရမှာလဲ ... ဆေးရုံအုပ်ရဲ့သမီးနဲ့ ဒေါက်တာဇေရဲ့

ထက်က ဧရာဝတီ စိတ်စဉ်ထားတာကို 'လင်း' မသိလို့လား"

"အဲဒါက ..."

"ဘာလဲ ... Personal ကိစ္စဆိုပြီး မသိစေချင်လို့လား 'လင်း'ရယ်၊ ပြဿနာအကြီးကြီးဖြစ်မှာစိုးလို့ သတိပေးတာပါ၊ နီလာတို့က လုပ်ဖော်ကိုင်ဖက်ချင်းဖြစ်သလို အရင်းနှီးဆုံး သူငယ်ချင်းတွေဆိုလည်း မှန်တာပဲလေ"

"ဟုတ်ပါတယ်"

"နီလာတို့က သာမန်ဆရာဝန်ဆို ဒီဆေးရုံက ထွက်ပဲထွက်၊ ပြောင်းပဲပြောင်းပြောင်း ကိစ္စမရှိဘူးလေ၊ Specialist ဖြစ်တဲ့ ဒေါက်တာတွေပြောင်းရရင် ဆေးရုံအတွက်ရော၊ လူနာအတွက်ပါ နစ်နာတာမျိုးဖြစ်တော့မှာပေါ့"

"အခု ... အခု ဘယ်သူက ထွက်မယ်ပြောနေလို့လဲ"

"ခက်လိုက်တာ 'လင်း'ရယ် ... ဖြစ်လာမှာစိုး ကြိုတွေးထားရမှာပေါ့၊ အခုတောင် သတင်းတွေပျံ့နေပြီ ... မသိဘူးလား"

"တော်ပါပြီ၊ နီလာရယ် ... ပြဿနာရှိရင် လင်းကိုယ်တိုင်ပဲ ဖြေရှင်းပါ့မယ်၊ မဆိုင်တဲ့လူတွေကို ဆွဲခေါ်မှာမဟုတ်တာ"

"လင်းရယ် ... တို့က စေတနာနဲ့ ပြောနေတာပါ"

"လင်းသိပါတယ် ... နားလည်းလည်ပါတယ်၊ နီလာ၊ အခု





ဘောင်မှ ဒေါက်တာဖေရဲထက်ရော၊ လင်းပါ ပျော်ရွှင်ရတာထက် စိတ်ညစ်ရတာတွေပဲ ရှိနေလို့ပါ။ ကာယကံရှင်တွေထက် ဘယ်သူတွေက ပိုပြီး တာနာစိတ်ရှိနိုင်မှာလဲ၊ လင်းတို့ကိစ္စက ကိုယ်တိုင်ဆုံးဖြတ်ပြီး ရှေ့ဆက်ဖို့ စဉ်းစားနေရတာပါ၊ နောက်က တွန်းပို့ပေးတဲ့သူနဲ့ ရှေ့က ကာဆီးမယ့်သူဆိုတာတွေ အများကြီးရှိနေမှန်း လင်းသိ သူပါ သိပါတယ်"

အားလုံးက 'လင်း' ကို တအံ့တသြဖြင့် ကြည့်လိုက်ကြလေ၏။ စိတ်ကို ထိန်းထားသော်ငြား အခုလိုစကားတွေ ပေးနေကြတာနဲ့ သက်ပြင်းကို ကျိတ်မှိုက်လိုက်ရတော့သည်။ ရှေ့ကို ဘယ်လိုများ ဆက်လျှောက်ရပါ့မလဲ။ အပြစ်ကျူးလွန်းမိသည့် တရားခံနယ် ထွက် မြင်နေကြတော့ ခက်သားလား။

ဘယ်သူက ပြောင်းမှာလဲ။ ဘယ်သူက နုတ်ထွက်မှာလဲ သေချာတာကဖြင့် ဒီတစ်လအတွင်း 'လင်း' က 'မေးခွန်းပြ' ကို ပြတ်သားသည့် ဆုံးဖြတ်ချက် အဖြေကို ပေးရမှာပါ။ 'နီလာ' ပြောတာ မှန်ပါ၏။ Specialist ဝတွေထက် 'လင်း' လို စိတ်ဓာတ်ရှိသူ နုတ်ထွက်မှသာ အဆင်ပြေမှာလေ။

"သွားကြမယ်၊ ကြယ်စင်"

"ဪ ... ဟုတ်ကဲ့ပါ ဒေါက်တာ"

Round လှည့်မည့် List ထဲမှာ 'လင်း' အမည်ပါနေသည်မို့ 'ဒေါက်တာကျော်ဇ' ဦးဆောင်ရာ အုပ်စုနောက်သို့ လိုက်ခဲ့ရပါ၏။ ဒီရက်ပိုင်းမှာ မျက်စိခွဲစိတ်သည့် လူနာတွေ များနေတာမို့ အရံဆရာဝန်တွေပါ ပိုပြီး ပင်ပန်းကြတာ အမှန်ပါ။ မနက်က ကြည်လင်နေပါသည့် 'ဒေါက်တာကျော်ဇ' ၏မျက်နှာက ယခုတော့ တည်ကြည်နေလေ၏။

ဖော်ရွေသည့် ဟန်ပန်တို့က ဘယ်ပျောက်ကုန်ပါသလဲ။ တကယ်ပဲ 'လင်း'က အလုပ်အတွဲတွဲပြီးလုပ်နေသည့် လူတွေကို နှောင့်ယှက်နေသလို စိတ်ပျက်အောင်များ လုပ်မိနေပြီလား။ မဆိုင်တဲ့ သူတွေကို ဆွဲခေါ်သလို မဟုတ်ပါဟု ထင်နေသည့် စိတ်က ပျက်ပြယ်ချေပြီ။

လူနာတွေကို စစ်ဆေးကြည့်ရှုပြီး အဆောင်အသစ်မှ ထွက်ကာ Corridor လမ်းမှ ဆက်လျှောက်ခဲ့ပါ၏။ Lunch စားချိန်နီး အားလုံးလိုလို ထမင်းစားရန်နေရာကို ဦးတည်နေကြလေသည်။ စိတ်ထဲ မကြည်လင်သဖြင့် ဗိုက်မဆာတာမို့ နားနေဆောင်ရှိရာကို သွားရန် ဦးတည်စဉ် 'လင်း' နှင့်အတူ လျှောက်လာသည့်သူက 'ဒေါက်တာကျော်ဇ' တစ်ဦးတည်းသာ ကျန်ရစ်ခဲ့လေ၏။

နှစ်ယောက်သား ဘာစကားမှမပြောဘဲ လျှောက်နေတာမို့ ဘာအနှောင့်အယှက်မှ မရှိပါချေ။ ဆေးရုံဘေးပေါက်မှဝင်ရန် ပြင်





လိုက်စဉ် သူက 'လင်း' ရှေ့မှ ရုတ်တရက်ရပ်လိုက်တာမို့ လန့်သွားရလေသည်။ ဒီဘက်ခြမ်းမှာ လူသွားလာမှုနည်းပြီး လူရှင်းနေသဖြင့် အတော်တိတ်ဆိတ်သည့်နေရာဖြစ်ပါ၏။

"ကြယ်စင်"

"ရှင်! ... ဒေါက်တာ"

"မေးစရာရှိလို့ပါ"

"ဟုတ်ကဲ့"

"သူနဲ့ကြယ်စင်တို့ ချစ်သူဖြစ်နေကြပြီပေါ့လေ ... ဟုတ်လား"

ခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ မေးပြန်ပြီလား။ နီးသမျှ လူတွေကို အကုန်ပြောရတယ်လို့။ 'လင်း'တို့ရဲ့ကိစ္စက အချိန်ကြာလာတာနှင့်အမျှ ပြဿနာပိုတိုးနေပြီ 'ကို'။ သူက အတော်ကြာသည်အထိ ဘာမှဆက်မပြောနိုင်ပါဘဲ 'လင်း' ကို ငုံ့ကြည့်ရင်း ငေးနေလေ၏။ စိတ်ရှုပ်လာစဉ် Duty coat အိတ်အတွင်းရှိ phone မှ message အသံမြည်လာလေတော့သည်။

"ဘယ်လောက် ... ဘယ်လောက်ကြာနေပြီလဲ"

"နှစ်လကျော်ပါပြီ ဒေါက်တာ"

"သူ ဖွင့်ပြောတာနဲ့ ကြယ်စင်က အချိန်မြန်မြန်နဲ့ အဖြေ

ပေးလိုက်တာပေါ့လေ''

''ဟိုလေ''

''ဘာပဲဖြစ်ဖြစ် ကိုယ်နောက်မကျသေးဘူးလို့ပဲ ယူဆ
မယ်''

''ရှင်''

''ကြယ်စင်က အခုချိန်ထိ လက်ထပ်ရသေးတာမှ မဟုတ်
တာ၊ ကိုယ့်မှာ မျှော်လင့်ချက်တော့ ရှိနိုင်သေးတယ်လေ ... မဟုတ်
ဘူးလား''

အလိုလေး! ... ဘယ်လိုဖြစ်ပြီး ဒီအတွေးမျိုး တွေးလိုက်
ရပါသလဲ။ 'လင်း' ပင် တအံ့တသြဖြင့် မယုံနိုင်သည့်နှယ် ဖြစ်သွား
တာပါ။ လက်ထပ်ရသေးတာမဟုတ်လို့ မျှော်လင့်ခွင့်ရှိသတဲ့။ ဒါဆို
'လွှမ်း' ကရော။ ဒီလိုအတွေးမျိုး မတွေးဘူး ပြောနိုင်မှာတဲ့လား။
'လင်း'ရဲ့ အမုန်းတွေကို မလိုချင်လို့ ခံထားတာနဲ့ ရပ်ပြီး စောင့်နေ
များ ဖြစ်နေပြီလား။

ဘုရားရေ! ... ဒါကို ဘာလို့မတွေးမိပါလိမ့်။ အချိုသပ်ပြီး
ငြိမ်နေတာက မကြာသေးခင် အနိတ်သက်တို့သာ ရောက်လာလို့
ဖြင့် ... သေစမ်း 'လင်းလက်ကြယ်စင်' ခေါင်းတစ်ညိတ်အပြော
ခြင်းက ကိစ္စအကြီးကြီးတွေ ဆက်ဖြစ်နိုင်တာကို မေ့နေရတယ်တို့





''လင်းက ... လင်းက''

''ကြယ်စင့်ကို ကိုယ်က မြင်မြင်ချင်း စိတ်ဝင်စားခဲ့တာ
အမှန်ပါ၊ တစ်နှစ်တောင် မပြည့်သေးတဲ့အချိန်မှာ ဖွင့်ပြောမိရင်
ကိုယ့်ချစ်ခြင်းတွေကို ကြယ်စင်က ဘယ်ယုံနိုင်ပါ့မလဲ၊ ပေါ့ပေါ့လေး
ပြောတယ်လို့ မြင်သွားမှာပေါ့''

နားရွက်တွေပါ ထူပူလာတော့တာပါ။ အမယ်လေးနော် ...
ချစ်သူရှိနေပါပြီလို့ အသိပေးနေတာတောင်မှ 'နောက်ထပ် ရင်လာ
ဖွင့်ပြနေပြန်ပါရောလား။ ဒီမြင်ကွင်းကိုသာ တစ်ယောက်ယောက်မြင်
သွားပါက 'လင်း' တော့ အတင်းပြောခံထိတော့မှာ အမှန်ပါ။ ဘယ်
လိုဖြစ်ပြီး ဒီလပိုင်းအတွင်းမှ စိတ်ပျက်ရသလို ကံကြမ္မာက ပြောင်းလဲ
ကုန်ရပါသလဲ။

''ဒေါက်တာ''

''ချက်ချင်းကြီး မငြင်းလိုက်ပါနဲ့လား၊ ကြယ်စင်၊ ကိုယ်တို့
အရွယ်က အချစ်ဆိုတာကို ဦးစားပေးရွေးချယ်ရတဲ့ အရွယ်မှ မဟုတ်
တော့တာ၊ ဒီတော့ ဘဝရပ်တည်ဖို့အတွက် အချက်အလက်နံပါတ်
တွေ စီပြီး ရွေးချယ်မယ်ဆိုရင် ကိုယ့်နာမည်ကိုလည်း Senior အတိုင်း
စီထားပေးစေချင်ပါတယ်''

ကဲ! ... ကောင်းပါလေရော။ အပြတ်ငြင်းမယ်ဆိုတာကို

ဘယ်လိုများ ကြိုသိနေရပါသလဲ။ Phone သံမြည်နေပြီမို့ duty coat အိတ်ထဲမှ နှိုက်ယူပြီး ကြည့်လိုက်ပါ၏။ အလို! ... ခေါ်နေတာ က 'မေဓီဘုန်းမြတ်' ဖြစ်ပြီး message ပို့ထားတာက 'ကို' ဖြစ်နေ ပါလား။

"ဘယ်သူလဲ, ကြယ်စင်"

"မမေဓီပါ"

"ဘယ်လို"

"လင်း သွားတော့မယ်, ဒေါက်တာ"

"နေဦးလေ ... ကိုယ်ပါလိုက်မယ်"

ဘေးပေါက်မှတစ်ဆင့် Lobby ထဲ ပြန်ဝင်ကာ Lift ထဲ ဝင်လိုက်ပါ၏။ ခေါ်တွေ့နေကျနေရာက ဆေးရုံအုပ်ကြီး၏ရုံးခန်းဆီသို့ ထိုရုံးခန်းကိုသာ ဦးတည်ပြီး အမြန်လျှောက်လိုက်ပါသည်။ ဘာများ ပြောဦးမှာလဲ။ ဆုံးဖြတ်ချက်ပြေဖို့က အခုအချိန်ထိ လင်းရဲ့ဦးနှောက် ထဲမှာ မရှိသေးပါ။ စိတ်ရှုပ်နေရသည့်ကာလမို့ ဒီကိစ္စကို မဖြေရှင်းနိုင် သေးပါချေ။

"ဒေါက်! ... ဒေါက်!"

"ဝင်ခဲ့ပါ"

ရုံးခန်းတံခါးကို တွန်းဖွင့်၍ ဝင်လိုက်ပါ၏။ 'မေဓီဘုန်းမြတ်'





ခုံမှာထိုင်နေတာ မဟုတ်ပါဘဲ စားပွဲကိုမှီပြီး လက်ပိုက်ကာ မတ် တ်ရပ်နေလေသည်။ မျက်နှာပြင်မှာ တင်းနေပြီး 'လင်း' အပေါ် သမပြေသေးပုံပါပဲလား။ ရင်ဆိုင်ဖို့အတွက် ပြင်ရတော့မယ် 'ကို'။ ချစ်ဆိုတာက ရင်ထဲမှာရှိနေရင် သတ္တိဆိုတာက အလိုလိုဖြစ်တည် တ်တာလေ။

"မမေဓီ"

"ခုထိ အဖြေမပေးသေးပါလား, မလင်းလက်ကြယ်စင်၊ ကို စဉ်းစားဖို့ အချိန်ပေးထားတာ သုံးလပြည့်တော့မယ် ... ယ်လိုလဲ"

"ကျွန်မ ပြောမှာပါ"

"ကောင်းပြီ"

ခန္ဓာကိုယ်ကို ပြန်မတ်လိုက်တာမို့ ဒေါက်ချွန်စီးထားသည့် ခုပ်က အတော်လေးမြင့်သွားသလိုပါပဲလား။ တကယ်တမ်းမှာ င်း'က လက်ရှိတွဲဖက်ဆရာဝန်မလေးတွေထက် အရပ်ပိုမြင့်သည့် မ်းကလေးပါ။ (၅) ပေ (၆) လက်မဟူသည့် အရပ်အမောင်းကို ပိုင် ိုင်ထားတာ မဟုတ်ပါလား။ အားတင်းထားပေတော့ 'လင်းလက် ကြယ်စင်'။

"အလုပ်နဲ့ ကိုယ်ရေးကိုယ်တာကို ခွဲခြားပေးစေချင်ပါတယ်,

မမေမီ၊ Patient တွေကို ကုသပေးနေတဲ့ ဆရာဝန်တစ်ယော
အနေနဲ့ ကျွန်မကြောင့် ဒီဆေးရုံမှာ ဘယ်သူမှ ထိခိုက်မှုမရှိတာနဲ

"ရှိပါသော်ကော၊ မလင်းလက်ကြယ်စင်၊ ရှင် တမင်မျ
ယောင်ဆောင်နေတာနဲ့ မတွေ့တာပဲ ဖြစ်မှာပါ"

"အဲဒါ ဘယ်သူလဲ"

"တို့ပဲ"

"မမေမီ"

"ရှင့်မျက်နှာကို မတွေ့ချင်တော့လို့ ဆုံးဖြတ်ဖို့ အချိန်
ထားတာပါ။ ပညာတတ်တဲ့သူက ဒါလေးတောင်မှ နားမလည်ရတယ
လို့"

"တစ်ဆိတ်! ... ကျေးဇူးပြု၍ ကျွန်မပိုင်ဆိုင်တဲ့အရာ
ကို မထိခိုက်ပါစေနဲ့လား၊ မမေမီ မေတ္တာရပ်ခံတာပါ"

"ဟင်းဟင်း! ဒါတော့ နားတတ်သားပါပဲလား။ ရှင့်ကို ရွ
ချယ်ဖို့ နှစ်နည်းပေးထားတယ်၊ ရှင်ရွေးမှာ One လား၊ Two လား"

"ကျွန်မ ဘယ်နည်းကိုမှ မရွေးပါဘူး"

"ဘာ!"

"အလုပ်နဲ့ပတ်သက်လို့ အမှားအယွင်းအထိအခိုက်ရှိခဲ့
အဲဒီပြဿနာကို ကျွန်မ ခံယူဖို့ အသင့်ပါပဲ။ ဒီလိုမှမဟုတ်ဘဲ ကျွန်





ထူးသဖြင့် ဒေါက်တာဇေရဲထက်ကို စွန့်လွှတ်ဖို့ ဆိုတာကို
ယ်တုန်းကမှ မစဉ်းစားခဲ့ ..."

"ဖြန်း!"

"အဲဒါ မစွန့်လွှတ်နိုင်ဦး။ ရှင့်ဖို့ အရှက်မရှိ သူများပိုင်တဲ့
ကို လုချင်ရတယ်လို့"

ရုတ်တရက်မို့ ရှောင်ချိန်မရလိုက်ပါ။ ဘယ်ဘက်ပါးပြင်ထက်
နဲ့ဖြစ်သွားရသလို ရင်ဘတ်ထဲမှာ စူးခနဲအောင့်သွားရပါ၏။ နှုတ်နဲ့
တ်ကားတာတောင်မှ ဘောင်ကျော်ပြီး လက်ပါကျော်ရတယ်လို့။
က်စိတ်ကြောင့် တစ်ကိုယ်လုံး ထူပူတုန်ယင်လာရလေတော့သည်။

"ဘယ်လိုလုပ်လိုက်တာလဲ၊ မေမီ ကြယ်စင်က မင်းထက်
အသက်ကြီးသလို ဆရာဝန်တစ်ယောက်ဆိုတာကို မေ့ထားပြီလား"

"ရှင်နဲ့ ဘာဆိုင်လို့လဲ ဒေါက်တာ"

"ကိုယ်လည်း ဆရာဝန်မို့ ဆိုင်တာပေါ့ မေမီ ပြောစရာရှိခဲ့
ရင် ဆေးရုံအုပ်ကြီးနဲ့ board အဖွဲ့တစ်ခုလုံး ရှိနေတာတောင် ဒီလို
စော်ကားရတယ်လို့ ကိုယ်ချစ်တဲ့လူ နာကျင်ရတာ ကိုယ်လည်း ထပ်တူ
နာကျင်ခံစားရတာကို မင်း မမေ့ပါနဲ့"

❑❑❑

## အခန်း (၂၁)

'လင်း'၏လက်မောင်းကို ခပ်ဖွဖွကိုင်ပြီး ဆေးရုံအုပ်ကြီးရုံ့ ခန်းထဲမှ သူ ဆွဲခေါ်ခဲ့လေ၏။ မျက်ရည်မကျအောင် ထိန်းထားသော မယ့် ပါးပြင်ထက် မျက်ရည်မှတို့က စီးကျသွားပါသည်။ မွေးပေးခဲ့ သည့် မိဘတွေကတောင် လက်ဖြင့် ရွယ်ဖို့ မရှိခဲ့သလို ဆုပ်မကြိုင်း မောင်းပြီး ထုံးမပဲ့ပြင်ရသည့် သားသမီးအဖြစ် 'လင်း' မဟုတ်ခဲ့ပါလေ။ ဒီလိုလူကိုမှ သူစိမ်းတစ်ယောက်က အငြိုးဖွဲ့ရိုက်ရက်သတဲ့လား။

"ကြယ်စင်"

"ခဏ ... ခဏလေးပါ ဒေါက်တာ"

"ဘာလဲ ... မသိအောင် ဖုံးထားချင်လို့လား။ ဘယ်ဖြစ်ပို





လဲ ကြယ်စင်ရဲ့၊ ဒီနေရာနဲ့ မသက်ဆိုင်တဲ့လူက မဆိုင်သလိုမနေဘဲ င်စွက်ဖက်တာ အတော်လွန်နေပြီ၊ လုံးဝမကျေနပ်ဘူး။ အန်ကယ် ဦးဘုန်းမြတ်ကိုရော board အဖွဲ့ကိုပါ ကိုယ်ကိုယ်တိုင် ပြောမှာ"

"လင်းကို နောက်ထပ်အရှက်ရစေချင်လို့လား"

"မဟုတ်ပါဘူး၊ အမှန်တရားဆိုတာ ဘယ်နေရာမှာမဆို ပါတယ်၊ ကြယ်စင်၊ ဒီလိုလက်လွတ်စပယ်လုပ်တာ သိမ်ငယ်စိတ်ဘယ် သာတတ်ဖြစ်ပြီး ကိုယ့်ထက် အသက်ကြီးတဲ့သူကို လက်ပါရတယ် ဗျ"

"ဘယ်လိုပြောလိုက်တာယ်"

"ဟင်!"

ရုတ်တရက် အနားသို့ရောက်လာသည့် သူ့ကြောင့် 'လင်း' ့နှစ်ယောက်စလုံး လန့်သွားရလေ၏။ တစ်ချွန်းတစ်စ ကြားခဲ့ပြီး အခြေအနေကို သုံးသပ်မိသလို 'လင်း'၏မေးရိုးကိုကိုင်ပြီး ကြည့် ိုက်လေသည်။ ပြဿနာက ကြီးတော့မှာပါပဲလား။ ဒီသတင်းသာ ့သွားရင်ဖြင့် ဖက်ဒီနားထဲရောက်တော့မှာလေ။

"လင်းကို ဓိ ရိုက်လိုက်တယ်ပေါ့လေ၊ ကြည့်စမ်း! ... ခုထိ ညိုနေတုန်းပဲ"

"ခဏနေ သက်သာသွားမှာပါ၊ ဘာမှသွားမပြောပါနဲ့ ကို

ကိုရော၊ ဒေါက်တာ့ကိုပါ တောင်းပန်ပါတယ်''

''ဒါတောင်းပန်စရာမှမဟုတ်တာ၊ လင်းက ဘာအမှားလု

ထားတာမှလို့လဲ''

''ဘာပဲဖြစ်ဖြစ်လေ ... လင်းပြောတာကို လက်ခံပေး

''ဘယ်ဖြစ်ပါ့မလဲ၊ ကြယ်စင် ဒီကိစ္စကို ကြယ်စင်တို့ မ

ချင်လည်း ကိုယ်ကတော့ ပြောရမှာပဲ၊ ဘယ်အလုပ်မှာမဆို သူ့

ကိုယ့်စည်း သတ်မှတ်ချက် ရှိကြတာပဲကို၊ ဒီလိုဘောင်ကျော်တာ

ကိုယ်လက်မခံဘူး။ ဒီတစ်ကြိမ် ငြိမ်နေမိရင် နောက်ထပ် သူ ဘယ်

အမှားမျိုး ထပ်လုပ်ဦးမယ်ဆိုတာ မသိနိုင်ဘူးလေ''

''ကိုယ်တို့ကိစ္စ ကိုယ်တို့ပဲ ဖြေရှင်းပါ့မယ် ဒေါက်တာ''

''ဒါပေမဲ့ ... ကြယ်စင့်ကို ကိုယ်ထိလက်ရောက်ပြုမှု

တာ ကျွန်တော်က မျက်မြင်သက်သေဆိုတာ မမေ့ပါနဲ့''

'ဒေါက်တာကျော်ဇံ' က 'လင်း' တို့အနီးမှ ထွက်သွား

တော့၏။ သူ့ဆွဲခေါ်လာရာဆီသို့ 'လင်း' လိုက်ခဲ့ရပါသည်။ လ

နေသည့် ရိုးရိုးလေ့ကားထစ်အကွယ်နေရာထောင့်မို့ 'လင်း' တို့

ဘယ်သူမှ မမြင်ရတော့ချေ။ ပါးပြင်ထက် စပ်ဖျဉ်းဖျဉ်းဖြစ်နေ

နာကျင်မှုက ယခုတိုင် ခံစားနေရစဲပါပဲ။

''လင်း''





တင်းတင်းကျပ်ကျပ်ထွေးပွေ့လိုက်ခြင်းကြောင့် 'လင်း' တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲမှာ နစ်မြုပ်သွားရပါ၏။ လှိုက်ဖိုနေပါသည့် ရင်ခွင်ကျယ်ကြောင့် ရင်ထဲမှာ အတော်လေး ထိခိုက်နေမှန်း သိနေရလေသည်။ ဒီခပ်ဇွေးဇွေးရင်ငွေ့နှင့် ဝေးကွာရတော့မှာလား။ ကံကြမ္မာက သူနှင့် ဆုံစည်းစဉ်ကတည်းက 'လင်း' အပေါ် မျက်လှည့်ပြသည့်နယ် အဆန်းတကြယ်တွေချည်း ဆက်တိုက်လုပ်ပြနေတာလေ။

''ကိုယ့်ကြောင့်ပါ ... ကိုယ့်ကြောင့်ဖြစ်ရတာပါ၊ လင်းရယ်''

''လင်းကြောင့် ကို့ရဲ့အနာဂတ်လမ်းကို မပိတ်စေချင်ပါဘူး ကို''

''မဟုတ်တာ''

''ဒီပုံစံနဲ့ ရှေ့ဆက်ဖို့ အားရှိပါတော့မလဲ''

''လင်း''

''လင်းက အဖေ့တစ်ရ သမီးတစ်ခုမို့ ဒက်ဒီနဲ့ပဲ တိုက်ဆိုင်ရတာပါ၊ ကို၊ ကို ... ကို့မှာက မိဘအစုံအလင်ရှိသလို စေ့စပ်ပေးချင်တဲ့ မိသားစုပါရှိတာကြောင့် လင်းထက် ပိုပြီး ဝိအားတွေ များနေပြီ မဟုတ်လား''

''အင်း ... မာမီကတော့ အပြင်းအထန်ကန့်ကွက်တာပဲ၊ ဒက်ဒီကတော့ ကိုယ့်ဘက်မှာ ရှိပါတယ်''

ခုချိန်ထိ သူ့ကို မာဇီ စကားကောင်းကောင်းမပြောဖြစ်တာ တော့ 'လင်း' ကို မသိစေချင်ပါ။ စိတ်အားတွေမျှားနေရတာက သူ့ယောက်တည်းမှ မဟုတ်တာလေ။ မိန်းမသားဖြစ်သည့် 'လင်း' က ပိုခံစားရမှာမဟုတ်ပါလား။ မိဘကို အာခံသည့် သားမိုက်အဖြစ် မ ချင်သလို 'လင်း' အပေါ်မှာလည်း ရှေ့က မားမားရပ်တည်ပေး သူရဲကောင်းနှယ် ဖြစ်ချင်တာပါလေ။

''လင်းတို့ . . . လင်းတို့ ရှေ့ဆက်ဖို့ မဖြစ်နိုင်တော့ဘူး ထင် ပါရဲ့''

''ဟာ! . . . လင်း . . . ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ် ချစ်သူသက်တမ်းက နည်းနည်းလေးပဲ ရှိသေးတာပါ၊ စိတ်ပျက်အာ လျော့တဲ့ စကားမျိုး မပြောလိုက်ပါနဲ့''

''လင်း သိပါတယ် . . . ခဏလေးပဲဖြစ်ဖြစ်''

''ခဏလည်း မရဘူး။ ကိုယ်က လင်းကို အပျော်ကြံ ချစ်ခဲ့တဲ့ကောင်ဆိုပြီး အပြောမခံနိုင်ဘူး၊ လင်း၊ အစစတာဝန် ချင်တာ၊ အရာရာ အကုန်လုံးပုံပေးချင်တာ၊ တစ်သက်လုံးအတွက် အနီးကပ်ဆုံးမှာပဲ ရှိချင်တာပါ၊ လမ်းခွဲမယ်ဆိုတဲ့စကားကို အိပ်မက် ထဲမှာတောင် လာမပြောနဲ့၊ မကြားချင်ဘူး''

မျက်ရည်ဝဲရပြန်လေ၏။ ယောက်ျားဖို့ ယောက်ျားပီသသည့်





လုပ်ရပ်မျိုးသာ လုပ်ချင်မှန်း 'လင်း' နားလည်ပါသည်။ ခက်တာက သူနှင့်အတူ ဒီဆေးရုံမှာ 'လင်း' ဆက်လုပ်လို့မရတော့တာ မဟုတ်ပါ လား။ 'မေမီဘုန်းမြတ်' နှင့် ပြဿနာတက်ပါက နှစ်ဖက်မိဘတွေ မျက်နှာပျက်ကြရမှာ အမှန်ပါ။ အထူးသဖြင့် ဒီဆေးရုံမှာ ဆေးရုံအုပ် နေရာ၊ ဒုဆေးရုံအုပ်ရာထူးကို လျာထားခြင်း ခံထားရပါသည့် သူ့ အတွက် နာမည်ပျက်စရာသာ ဖြစ်လာမှာလေ။

'သက်ကြီးစကား သက်ငယ်ကြား' ဟူသည့် စကားပုံအတိုင်း ဖြစ်လာတာပါပဲ။ ဒက်ဒီ ကြိုမြင်ထားသည့်ကိစ္စမျိုးက ဆက်ပြီးဖြစ် လာတော့တာ မဟုတ်ပါလား။ 'လင်း' ချစ်ရသူ၏အနာဂတ်အတွက် 'လင်း' က လူပို၊ ခလုတ်ကန်သင်း အတားအဆီးတစ်ခု ဖြစ်နေလိမ့် မည်ဟု ထင်မထားမိခဲ့ပါ။ ''အချစ်သည် အမှောင်ကို အလင်းဆောင် စေ၏'' တဲ့။ သို့သော် . . . လက်တွေ့မြင်နေရသည့် ချစ်ခြင်းကဖြင့် 'လင်း'၏ဘဝကို အမှောင်ကျစေတာ မဟုတ်ပါလား။

''ကိုမာဇီက လင်းနဲ့ သူစောာမတူဘူး မဟုတ်လား''

''လောလောဆယ်တော့ မာဇီသဘောတူပေးမယ့်အချိန်ထိ စောင့်ရုံပေါ့၊ ဘာလဲ . . . လင်းက မစောင့်နိုင်ဘူးလား''

''စောင့်နိုင်ပါတယ်''

''လင်းဒက်ဒီကရော . . . ဘာတဲ့လဲ''

"အတူတူပဲလေ . . . တားတာပေါ့"

"ဟင်း . . . ရင်မောရပါလား။ ကိုယ့်ချစ်သူလေးကို သနား

လိုက်တာ"

ယုံယုံမှု ပြုံးမိလေ၏။ အမှန်ဆို 'လင်း'က ကို့အတွက်

ပါရမီဖြည့်ဖက်သာ ဖြစ်ရမှာလေ။ ကို အမြင့်ကိုတက်ဖို့ လှေကား

သဖွယ်, ကို ရှေ့ကိုဆက်လျှောက်နိုင်ဖို့ လမ်းသဖွယ်, ကို အခေါ

ကျော်ဖြတ်နိုင်မယ့် တံတားသဖွယ် အမာခံလေးအဖြစ် တည်ရှိနေရ

ပါ။ အခုတော့ ကို့ကို ရင်မောစေတဲ့ အရှုပ်ထုပ်အဖြစ်နဲ့ လှုဖြစ်လာ

တယ်လို့။ 'လင်း'က ကို့ချစ်ခြင်းနဲ့ မထိုက်တန်တဲ့ မိန်းကလေး

ဖြစ်နေပါသလားကွယ်။

"ကို"

"အင်း . . . ပြော"

"အိမ်ကိုရော၊ ဆေးရုံအုပ်ကြီးကိုပါ ဒီကိစ္စ မပြောပါနဲ့"

"ဘယ်လို"

"ပြီးတာတွေ ပြီးပါစေတော့ကွယ်"

"မေ့နိုင်စရာ အဖြစ်အပျက်မျိုးမှ မဟုတ်တာ လင်းရဲ့"

"ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်ဆိုတာ ဘုရားသေ

ကိုရယ်၊ အကျယ်အကျယ်နဲ့ လူသိရှင်ကြား ဖြစ်လာရင် ကို့အတွ





ထိခိုက်စရာတွေ ရှိလာနိုင်လို့ပါ။ လင်းပြောတာကို နားလည်တယ်

မဟုတ်လား"

"ဒို့ကို တကယ်မကျေနပ်တာ အမှန်ပဲ"

"မုန်းစကို တိုစေတဲ့၊ အဲဒီအမုန်းကို ရင်ထဲထည့်ထားရင်

ကိုပဲ ရင်ပူရမှာနော်"

"ကိုယ့်ချစ်သူကို ကိုယ်ထိလက်ရောက် ကျူးလွန်သွားတာကို

လက်ပိုက်ကြည့်ပြီး ငြိမ်နေရမှာလား၊ လင်းရဲ့ . . . မဖြစ်နိုင်ဘူး"

ဘယ်လိုများ လုပ်ရပါ့မလဲ။ အဆက်ဖြတ်ဖို့လည်း ပြောလို့

မရ။ အလုပ်ထုတ်ခံရမှာမို့လည်း တားလို့မရ၊ စိတ်ရှုပ်ရပါလားနော်။

'လင်း' လည်း ဒီဆေးရုံမှာ ဘယ်လိုမှ ဆက်ပြီးလုပ်လို့မရတော့မှာပါ

လေ။ အလုပ်ထွက်ဖို့သာ ပြင်ရတော့မှာ မဟုတ်ပါလား။

"ကိုယ် ကွန်ဒိုတိုက်ခန်း ဝယ်ထားပြီးပြီ"

"ဟင်"

"အဲဒီမှာပဲ သွားနေဖြစ်မယ်၊ ပြီးတော့ မနက်ဖြန် ဆေးရုံ

အုပ်ကြီးလာတာနဲ့ လင်းရော ကိုယ်ပါ Resign တင်ကြစို့"

"ဘယ်လို"

"ဒီမှာဆက်လုပ်ဖို့ မဖြစ်တော့ဘူးလေ"

"လင်းက"

"Bond ထိုးထားတာကို လျော့ပေးဆိုလည်း ကိုယ် လျော့ပေးမှာပေါ့ လင်းရဲ့ ... စိတ်မပူပါနဲ့ ကိုယ် အားလုံးအကုန် စီစဉ်ပေးမှာပါ၊ လင်းအတွက် ဘာမဆို အားကိုးဖို့ ကိုယ်တစ်ယောက် လုံး ရှိပါတယ် ... မယုံဘူးလား"

အလို! ... အိမ်ကနေတောင် ဆင်းတော့မှာတဲ့လေ။ ဘယ် လိုပါလဲ။ 'လင်း' ကြောင့် သားအမိနှစ်ယောက် စိတ်ဝမ်းကွဲပြီး လမ်း ခွဲကြတာမျိုး ဖြစ်သင့်ပါ့မလား။ အထူးသဖြင့် ဝမ်းနည်းလွယ်မှုခဲ့သည့် မိခင်အပေါ် စိတ်ခုနေတာမျိုးက လုံးဝမရှိသင့်ပါလေ။ ဒက်ဒီသာ သိလျှင်ဖြင့် 'လင်း' အပေါ် အပြစ်ပုံချရုံသာ ရှိတော့လေ၏။

"ကိုက ... ကိုက ... တကယ်ပဲ အိမ်ကနေ ထွက်လာတော့ မှာလား"

"ဒါပေါ့ ... အိမ်မှာနေရတာ အဆင်မပြေတော့တာ။ မာမီက ခုထိ ကိုယ့်ကို စကားကောင်းကောင်းမပြောတာပဲကြည့်"

"မဖြစ်ဘူး"

"ဘာကိုမဖြစ်တာလဲ"

"ကိုမာမီစိတ်ပြေအောင် ချော့ရမှာ ကိုတာဝန်လေ၊ ဘယ် လိုလုပ်ပြီး အိမ်ကထွက်လို့ ရပါ့မလဲ၊ လင်းကို သမီးဆိုးမဖြစ်စေချင် ရင် ဒီလိုမျိုး မစီစဉ်ချင်ပါနဲ့၊ မိသားစုဝင်ဖြစ်ဖို့အတွက် စောင့်ဖို့ ဘယ်





...နစ်ပဲကြာကြာ လင်း စောင့်နိုင်ပါတယ်၊ ဒါပေမဲ့ ကိုကိုတော့ မိဘကို ...နှင့်ကျင်တဲ့သားလို့တော့ အပြောမခံစေချင်လို့ပါ"

"လင်းရယ် ... ကိုယ်က လင်းအတွက် ကြည့်ပြီး plan ...ထားတာပါ"

"လင်း သိပါတယ်၊ ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာကို ရွေးချယ် ...တတ်ရမယ်လေ၊ နှစ်ယောက်တစ်ကမ္ဘာ တည်ရုံနဲ့ ဘဝကနေ ပျော် ...ကြီးပဲဖြစ်မယ်ဆိုပြီး မျက်စိစုံမှိတ်လို့မှမရတာ"

"လင်းက ကိုယ့်နောက် မလိုက်ချင်ဘူးပေါ့လေ၊ ကိုယ်က ...ဘလောဆယ်မှာ လင်းနဲ့လက်မထပ်နိုင်သေးပေမယ့် ကြိုပြီး စီစဉ် ...ထားချင်လို့ပါ"

"ပြောပြီးပြီလေ၊ လင်းတို့မိဘတွေသဘောတူတဲ့အချိန်ထိ ...စောင့်ကြရအောင်လို့"

နှစ်ယောက်သား အသံတိတ်သွားရပါ၏။ ရှေ့ဆက်ဖို့အတွက် ...က် အလုပ်ထွက်စာတင်ဖို့က အရှုပ်ဆုံး အရေးကြီးနေတာ မဟုတ် ...သော။ သူက 'လင်း'၏လက်ဖျားလေးကို အားပေးသည့်နှယ် ခပ်နာ ... ညှစ်ပြီး ဆုပ်ကိုင်လိုက်လေ၏။ 'လင်း' တို့အတွက် အနာဂတ်လမ်း ... မှုန်ဝါးဝါးပါပဲလား ကိုရယ်။

"Resign တော့ တင်လိုက်မယ်နော်၊ တခြားဆေးရုံမှာ

ပြောင်းလုပ်ဖို့အတွက် ကိုယ်ပဲ စီစဉ်ပေးပါ့မယ်''

ခေါင်းညိတ်ပြလိုက်ပါ၏။ ကိုယ့်ကိုယ်ကိုယ် မတ်မတ်ရပ်နိုင်အောင် အားတင်းထားသည့် 'လင်းလက်ကြယ်စင်' က အခုတော့ဖြင့် ချစ်သူအပေါ် အားကိုးမှီခိုတတ်နေပြီတဲ့လား။ မာနလေးနဲ့အပြုံးယဲ့ယဲ့လေးသော ပြုံးတတ်တဲ့ 'လင်း'က ဘယ်ဆီကို ပျောက်သွားခဲ့ပါပြီလဲ။ တစ်ယောက်တည်း အားခဲပြီး လျှောက်လှမ်းရဲသည့် ခြေလှမ်းတို့က ရှေ့ဆက်ဖို့ အားမရှိတော့ပါလေ။

''လင်းပြောတာကို နားလည်ပါတယ်နော်''

''ဘာကိုလဲ ... မိုက်ကိုစွလား''

''ဟုတ်တယ်''

''အင်းလေ ... အတတ်နိုင်ဆုံး ဘာမှမပြောဘဲ ကိုယ် Resign တင်မှာပါ၊ ဒါပေမဲ့ အန်ကယ်က လက်မခံဘဲ မေးလာရင်တော့ အကုန်ပြောပြရမှာပဲ၊ အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့မရတာ''

''ကို Operation ဝင်ရတော့မယ် မဟုတ်လား''

''ဟုတ်သားပဲ ... သွားကြမယ်လေ''

Duty ပြန်ဝင်ရန် ရုံးခန်းရှိရာဆီ ပြန်လျှောက်လာခဲ့ပါ၏။ Lunch လွတ်သွားပြီမို့ ဘာမှမစားဖြစ်တော့ပါ။ အလုပ်စားပွဲ





လျှောက်ခဲ့စဉ် စားပွဲထက် တင်ထားပါသည့် ပေါင်မုန့်နှင့်ကော်ဖီဘတ်ဗူးကို တွေ့လိုက်ရလေ၏။ သူ့နှင့်အတူ ရှိနေတာမို့ သူ စီစဉ်ပေးတာတော့ မဖြစ်နိုင်ပါ။ အားလုံးက လုပ်ငန်းခွင်ဝင်ရန် ခပ်သွက်သွက်လှုပ်ရှားနေကြလေသည်။

ရုတ်တရက် သတိရသွားသဖြင့် 'ဒေါက်တာကျော်ဇ' ရှိရာထိုင်ခုံဆီ ကြည့်လိုက်မိ၏။ ထင်လိုက်သည့်အတိုင်းပါပဲ။ နေ့လယ်စာစားဖြစ်သည့် 'လင်း' ကို အားတင်းထားရန် ဟန်လုပ်ပြကာ မှိန်းနေတော့တာလေ။

❑❑❑

# အခန်း (၂၂)

တစ်ညလုံး ကောင်းကောင်းအိပ်မပျော်ပေမယ့် ခပ်စောစော တော့ ထဖြစ်ပါ၏။ အိပ်ရာမှ ထကာ ရေချိုးခန်းထဲဝင်ပြီး ကိုယ်သန့် ရှင်းရေးလုပ်ကာ ရေချိုးလိုက်ပါသည်။ တစ်ကိုယ်လုံး ပေါ့ပါးအောင် ခေါင်းပေါ်မှ ရေပန်းဖွင့်ကာ ရွှဲနစ်အောင် ချိုးလိုက်တာပါ။ ရေပန်းခလုတ် ကို ခဏပိတ်ပြီး မျက်နှာသစ်ဆေးဖြင့် ဆေးကာ ခန္ဓာကိုယ် စွပ် ဆပ်ပြာရည်ဖြင့် တိုက်ကာ ရေပန်းပြန်ဖွင့်ပြီး ချိုးလိုက်ပါ၏။

ရေစစ်အောင် ခဏလေးစောင့်ကာ Towel အကြီးကို ဆီး မှာပတ်ပြီး Towel အလတ်ဖြင့် ရေသုတ်ကာ ရေချိုးခန်းထဲမှ ထွက် လိုက်ပါသည်။ ပြတင်းပေါက်ရှိရာဆီ လျှောက်လိုက်ပြီး ခြံထဲကိုကြည့်





နေမိပါ၏။ ဒီအိမ်မှာ မနေချင်တော့တာကို 'လင်း' က ကန့်ကွက်ရ ာယ်လို့။ သားအမိစိတ်ဝမ်းကွဲမှာကို မလိုလားဘူးတဲ့လား။

အဘယ်မျှစိတ်ထားဖြူစင်သည့် မိန်းကလေးပါလဲ။ သူတစ် ိးအပေါ် အမြင်မကြည်တာ၊ အပြစ်ပုံချတာမျိုး မရှိသလို မနာလို နဲ့တိုစိတ်မျိုးလည်း မထားတတ်သည့် ဆရာဝန်မလေးပါပဲ။ ကိုယ်ထိ ာက်ရောက် ထိခိုက်စေသည့် 'မို' ကိုပင် အပြစ်မတင်ဘဲသတင်းကို ိုင်းတာ မဟုတ်ပါလား။

ဤသို့သော မိန်းမချောလေးကိုမှ မာမီက အဘယ်ကြောင့် ူးမတော်ချင်ရတာပါလိမ့်။ သားဖြစ်သူ တစ်သက်လုံး စိတ်ချမ်းသာ အတွက် အိမ်ထောင်ဖက်ကို ကိုယ်တိုင်ရွေးချယ်ရန် ဘာလို့များ ခွင့်မပေးချင်တာပါလဲ။ 'လင်း' ပြောသလို သူ့ဘက် ကိုယ့်ဘက် ပြီး မှုတစေရန် ချိန်ဆဖို့က ဟိုဘက်ရော ဒီဘက်ပါ တင်းကျပ်သည့် ်က လျှော့ပေးရမှာ အမှန်ပါလေ။

ရင်မောရပါလား မာမီရယ်။

အဝတ်အစားရွေးရန် ဗီရိုကို ဖွင့်လိုက်မိ၏။ ကွန်ဖိုတိုက်ခန်း ပြောင်းရန်အတွက် ခရီးဆောင်အိတ်ထဲ စီထည့်ရန် ပုံထားသည့် ဝတ်ထပ်က ဗီရိုထောင့်မှာ အဆင်သင့်ရှိနေပါသည်။ မပြောင်းပါနဲ့ ့လေ။ မာမီစိတ်တင်းနေတာကို လျှော့ဖို့အတွက် သူ့ဘက်က

လိုက်လျှောပေးစေချင်သလိုပါပဲ။

ဖြစ်နိုင်မှာတဲ့လား။ ဒီလိုမျိုး လက်ပါတတ်သည့် စိတ်ပြ တတ်သည့်၊ သူတစ်ပါးအပေါ် ဝန်တိုတတ်သည့် 'မှီ'လိုမိန်းကလေး ကို သူ ဘယ်လိုမှ ချစ်လို့မှမရတာလေ။ ညီမလေးလိုမျိုး အလိုလိုက် ပြီး ချစ်ခင်သည့် စိတ်က တစ်ကြိမ်တစ်ခါတည်းနှင့် ပျက်ခဲ့ရပြီ မဟုတ် ပါလား။

ရှပ်အင်္ကျီအဖြူနှင့် Style pants အနက်ရောင်ကိုဝတ်ပြီး ခါးပတ်တစ်ကာ မှန်ရှေ့မှာ ရပ်လိုက်မိ၏။ မျက်နှာကို Cre ပါးပါးလေး လိမ်းလိုက်ပြီး ဆံပင်ကို Hair coat လိမ်းကာ ဘီးဖြီး ဖြီးလိုက်ပါသည်။ ခုတင်ထက် တင်ထားပါသည့် ပစ္စည်းတွေ လက်ဆွဲအိတ်လေးထောင့်ထဲ ထည့်ကာ phone ကို ကိုင်ထား အိပ်ခန်းထဲမှ ထွက်ခဲ့ပါ၏။

လှေကားထစ်တွေကို ဆင်းခဲ့စဉ် ဧည့်ခန်းထဲမှာ ဒက်ဒီ အိမ် phone ဖြင့် ပြောနေလေသည်။ စောစောစီးစီး ဘယ်က သည့် phone ပါလိမ့်။ အပြင်ထွက်ရန် ပြင်လိုက်မိစဉ် ဒက်ဒီ သူ့ကို မသွားသေးရန် လက်ပြတားလိုက်တာမို့ ခြေလှမ်းကို ရပ်လိုက် လေ၏။ တလေးတစားပြောနေသံမို့ အရေးပါသည့် လူနှင့် ပြော တာထင်ပါရဲ့။





"ဟုတ်ကဲ့ ... ကျွန်တော် ပြောလိုက်ပါ့မယ် ဒေါက်တာ၊ ဒါဆို ဒါပဲနော်"

အလို! ဒေါက်တာတဲ့လား။ ဆေးရုံအုပ်ကြီးနှင့်ပြောတာ ထင်ပါ၏။ ဆက်တီမှာ ထိုင်ရန် လက်ပြလိုက်သဖြင့် သူ လက်ဆွဲ အိတ်ကို စားပွဲထက်တင်ကာ ခုံမှာ ဝင်ထိုင်လိုက်ရလေသည်။ ဒီနေ့ စောစောသွားဖို့ ပြင်ထားကာမှ နောက်ကျဦးမည်ထင်ပါသည်။ ခက် လိုက်တာနော်။

"ဒေါက်တာဘုန်းမြတ် လှမ်းဆက်တာပဲ"

"ဟုတ်ကဲ့"

"သားတို့ကိစ္စကို စီစဉ်ချင်လို့တဲ့လေ၊ မိန်းကလေးရှင်ဘက် က မျက်နှာပူပူနဲ့ ပြောရတာတဲ့"

သူ သက်ပြင်းရှိုက်မိပြန်ပါ၏။ ထင်သည့်အတိုင်း ဖြစ်လာ တာပါပဲလား။ 'မီ' နှင့် တရားဝင်တော့တော့ဆိုင်ဆိုင် ပြောထားပါလျက် တစ်ဖက်က ရှေ့ဆက်တိုးလာ့ရှတော့တာလေ။ ငြင်းထားပြီးပါပြီ 'မီ'၊ မင်းကို ကိုယ်ဘယ်တော့မှ လက်မထပ်ချင်ပါ။ ဘယ်လိုနည်းမျိုးမှ လည်း မချစ်နိုင်မှန်း သိသိကြီးဖြစ်ပါလျက် အရဲကိုးလာရပါသလား။

"သားကို ဒက်ဒီက အတင်းမတိုက်တွန်းပါဘူး။ ဘာပဲဖြစ် ဖြစ် မီ့ဘက်ကို နည်းနည်းလေးတော့ စဉ်းစားပေးစေချင်ပါတယ်"

ကဲ! ... မပြောဘူးဟု စဉ်းစားထားသော်ငြား ပြောရတော့မှာပါ။ 'မို'အကျင့်စရိုက်၊ 'မီ'၏စိတ်ဓာတ်ကို စောစောစီးစီးကြိုသိထားကသူ့အတွက် ကံကောင်းသည့်အချက်ပါပဲ။ မီတာတွေကိုတော့ မဖုံးကွယ်ဘဲ ပွင့်ပွင့်လင်းလင်း ပြောရတော့မှာပါလေ။

"ကျွန်တော်ကတော့ ဆုံးဖြတ်ချက်ကို မပြင်နိုင်ပါဘူး ဒက်ဒီ"

"ဘယ်လို"

"ဟုတ်ပါတယ်၊ ကျွန်တော် လက်ထပ်မယ့်သတို့သမီးက လင်းလက်ကြယ်စင်တစ်ယောက်တည်းပါပဲ၊ သူ့နေရာမှာ ဘယ်မိန်းကလေးကိုမှ အစားထိုးနိုင်မှာ မဟုတ်ပါဘူး"

"သား"

"မို့အကြောင်းကို ကျွန်တော်ပဲ သိတာပါ ဒက်ဒီ"

"မီက ဘာဖြစ်လို့လဲ ... ပြောပါဦး"

မာမီပါ ဝင်ထိုင်လိုက်ပြီမို့ သူစိတ်မောသွားရလေ၏။ 'မီ'နှ 'မီ' ဆိုပြီး ဤမျှချွေးမတော်ဖို့ တမ်းတမ်းစွဲဖြစ်နေသည့် မာမီ့ကို စိတ်ပျက်အောင် မပြောချင်ပါ။ သို့သော်လည်း ရင်ထဲမှာ နှစ်နှစ်ကာကာချစ်နေသည့် 'လင်း' အတွက် သူက ရှေ့မှာ မားမားမတ်မတ် ရပ်ဖို့ တာဝန်ယူရမှာပါလေ။

"မာမီ ချွေးမတော်ချင်နေတဲ့ မီရဲ့ Character အစစ်အမှန်ကို





မာမီ သိပါရဲ့လား"

"ကြည့်စမ်း! ... မင်းလက်မထပ်ချင်တာနဲ့ တစ်ဖက်သားကို အပြစ်တင်ချင်တာလား၊ ကိုဇေ"

"အမှန်တရားကို သိစေရုံပါ မာမီ"

"အမှန်တရားဆိုတာထက် မာမီတို့ စေတနာကို မြင်သင့်တာပေါ့ သား။ ကိုယ် မကြင်နာချင်တာနဲ့ မို့ကို အပြစ်မရှာချင်ပါနဲ့"

ကြိုတွေးထားသည့်အတိုင်းပါပဲ။ ဒါကြောင့်မို့ 'လင်း'က သူ့ကို နှုတ်ဆိတ်စေချင်တာကိုး။ မိဘနှင့် ကတောက်ကဆ မဖြစ်စေချင်တာကြောင့် ဆင်ဆင်ခြင်ခြင်ရှိနေပါလျက် ပြဿနာကအစ ထွက်ခဲ့ပြီ မဟုတ်ပါလား။ အခုကတည်းက အရှုပ်ကို ရှင်းနိုင်မှသာ နောင်တစ်ချိန် မရှုပ်တော့မှာပါလေ။

"ယေလွှန်းတယ်ဆိုပေမယ့် သင့်လျော်တဲ့ အသက်အရွယ်မှာ ရှိသင့်ရှိထိုက်တဲ့ ဆင်ခြင်တုံတရားမျိုးနဲ့ ဂါရဝတရားတော့ ရှိသင့်ပါတယ် မာမီ"

"ဘာ! ... မီက ဘယ်နေရာများ မှားယွင်းရိုင်းပျနေလို့လဲ"

"မာမီ့ရဲ့မီက ဆရာဝန်တစ်ယောက်ဖြစ်တဲ့ လင်းလက်ကြယ်စင်ကို ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့တာပါ မာမီ"

"ဘယ်လို"

"အထူးသဖြင့် personal နဲ့အလုပ်ကို မခွဲခြားတတ်တာပဲ ပြီးတော့ ဆေးရုံဆိုတာ ဘုတ်အဖွဲ့အစည်းနဲ့ ရွေးချယ်ပြီးမှ ဆေး အုပ်နေရာကို ပေးထားတာပါ။ သူနဲ့မသက်ဆိုင်တဲ့နေရာမှာ ဘာမှမဆိုင် တဲ့ လင်းအပေါ် ဒီလိုပြုမူလိုက်တာကို ကျွန်တော် ခွင့်မလွှတ်ဘူး"

"သား"

"ကျွန်တော် ဆုံးဖြတ်ပြီးပြီ ဒက်ဒီ၊ ဒီနေ့ပဲ ကျွန်တော်တို့ နှစ်ယောက်စလုံး Resign တင်ကြမှာပါ"

"မင်း မျက်စိနဲ့ တပ်အပ်မြင်လိုက်လို့လား။ အဲဒီမိန်းကလေး လီဆယ်ပြီး ပြောတာနဲ့ပဲ မိုက်ကို ပုံမချချင်ပါနဲ့"

"မျက်မြင်သက်သေရှိပါတယ် မာမီ"

"ဘာရယ်"

"ဒေါက်တာကျော်ဇေရှေ့မှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ပါ၊ ဘာမှ မသက်ဆိုင်တဲ့ သူစိမ်းယောက်ျားကတောင် ကြားထဲက နာတတ်ရေ ရင် ကာယကံရှင်ဖြစ်တဲ့ လင်းနဲ့ ကျွန်တော့်ရင်ထဲမှာ ဘယ်လောက် နာကျင်မလဲဆိုတာ မာမီတွေးကြည့်ပေးပါ"

"ဒေါက်တာကျော်ဇေက ဘာတဲ့လဲ"

"တိုင်မယ်တဲ့"

"ဘာ!"





"ဒုက္ခပါပဲ၊ သားက မတားဘူးလား။ လူကြီးတွေ မျက်နှာ ပျက်ကုန်မှာမို့ မဖြစ်သင့်ဘူး"

"မတားဘဲနေမလား ဒက်ဒီရဲ့၊ လင်းက လုံးဝမပြောပါနဲ့လို့ ပြောတာ"

ဒက်ဒီရော မာမီပါ ငြိမ်သွားကြလေ၏။ ဘာဆက်လုပ်ရ မလဲဆိုတာကို တွေးနေကြပုံပါပဲ။ တစ်ညလုံး အိပ်မပျော်ခဲ့ရတာကြောင့် ခေါင်းထဲမှာ နောက်ကျိနေလေ၏။ Black coffee တစ်ခွက်လောက် သောက်ပြီး ခေါင်းရှင်းပေဦးမှပါပဲ။

"ဒေါက်တာဘုန်းမြတ် မသိသေးဘူး ထင်တယ်"

"သားက မဖြစ်အောင် သားကောင်မလေးကို ကြည့်ပြောမှ ပေါ့"

"ပြောပါတယ် မာမီ၊ လင်းက ကျွန်တော်ပြောသမျှ ခေါင်းခါ ဘားဆီးနေတော့ နားမဝင်ဘူး"

"သားက ဘာတွေပြောနေတာလို့လဲ"

ကဲ! ...လွှတ်ခနဲ ထွက်သွားတာနဲ့ အကုန်ပေါ်ရပြီ။ ဘယ်တတ်နိုင်ပါ့မလဲ။ ပြောဖြစ်မှတော့ အိတ်သွန်ဖာမှောက် ပြောရ တော့မှာပါ။ ကိုယ့်ကို နားလည်ပေးပါ 'လင်း' ရယ်။ 'လင်း'နဲ့ကိုယ့် အတွက်မို့ ဒီလိုတွေ ပြောဖြစ်တော့မှာမို့ပါ။ ယုံကြည်အားကိုးစိတ်နဲ့

'လင်း' နိုင်နိုင်မယ့် ရင်ခွင်နွေးပိုင်ရှင်ကို ဒီထက်ပိုချစ်တတ်ပါစေနော်

"အမှန်က မာမီနဲ့ အခုလိုဖြစ်နေတာနဲ့ အိမ်မှာနေချင်စိတ် မရှိတာကြောင့် ကွန်ဒိုမှာ သွားနေဖို့ ကျွန်တော် ဆုံးဖြတ်ထားတာပါ"

"ဘာ"

"လင်းက မသွားရဘူးတဲ့လေ။ လူကြီးတွေ သဘောတူတဲ့ အချိန်ထိ ဘယ်လောက်ပဲကြာကြာ စောင့်ကြမယ်တဲ့"

"သားက သူ့ကိုပါ ခေါ်သွားဖို့ ရည်ရွယ်ထားတာပေါ့လေ"

"မခေါ်ပါဘူး ဒက်ဒီ၊ ကျွန်တော် ခေါ်လည်း သူက လိုက်မှာမဟုတ်တာ၊ ကျွန်တော် မြတ်နိုးတဲ့မိန်းကလေးကို တန်ဖိုးမဲ့စေမယ့် အပြုအမူ လုပ်ရပ်မျိုး ဘယ်တော့မှ မလုပ်ပါဘူး။ အဲဒါ ကျွန်တော့် သစ္စာတရားပါ"

ဒက်ဒီက သူ့ပခုံးကို အသာပုတ်လိုက်လေ၏။ ယောက်ျား ချင်းမို့ နားလည်မှု ပိုလွယ်တယ်ဆိုတာ အမှန်ပါပဲလား။ ဒီကိစ္စ ဒီမှာတင် ပြတ်ပါစေတော့။ ရင်မောရသည့်နေ့တို့ ကုန်ဆုံးစေချင်ပါတယ် ချစ်သူနှင့် လက်တွဲဖို့၊ ချစ်သူကို ရင်ခွင်ထဲမှာ ထွေးပက်ဖို့၊ တစ်သက် တာ ပိုင်ဆိုင်နိုင်ဖို့ အခွင့်အလမ်းကို သူ့ထံ မျက်နှာသာပေးလှည့်စေ ချင်ပါရဲ့။

"တကယ့်ကို အဖေတူသမီးပါပဲ၊ ကိုလင်းအောင်ပြော





...ည်းက ဒက်ဒီ သိခဲ့တာပါ၊ အဖေကို ဂရုစိုက်ပေးတာ၊ ပြုစုပေးတာ ...နိုနိုရှင်ရှိသလို ချက်ပြုတ်ပြင်ဆင်ကျွေးမွေးတဲ့ ကလေးမက ဒီအဖေ ...ကို ကျောခိုင်းပြီး သားနောက်ကို ဘယ်လိုက်ပါ့မလဲ"

"ဒက်ဒီက လင်းရဲ့လေးလေးနဲ့ တွေ့ပြီးပြီလား"

"ဒါပေါ့ ... သားတို့ကိစ္စ ဖြစ်တာနဲ့ ဒီလိုပဲ တွေ့လို့ ...ည်းနည်းပါးပါးမေးပြီး ပြောဖြစ်တာလေ"

"ဒီ ဘာပြောဦးမလဲ"

"မပြောချင်တော့ပါဘူး၊ သားအဖနှစ်ယောက်စလုံး တစ် ...ဘောတည်းဖြစ်နေတာနဲ့ မာမီပဲ စိတ်လျှော့ရတော့မှာပေါ့"

"ဟာ! ... မာမီ"

"အေးပါ ... လင်းလက်ကြယ်စင်နဲ့ မာမ့်သားကို သဘော ...တူပေးပါ့မယ်"

"ဝမ်းသာလိုက်တာ မာမီရယ်"

သူက ဝမ်းသာအားရဖြင့် မာမီ့ရှိရာခုံကို ထပြီးဖက်ကာ မာမီ့ ...ပါးပြင်ကိုပါ မွှေးလိုက်မိပါ၏။ မာမီက သူ့လက်မောင်းကို တဖတ် ...ဖတ်ဖြင့် ရိုက်လိုက်လေသည်။ ဒက်ဒီကဖြင့် သူတို့သားအမိကိုကြည့် ...ပြီး ခပ်တိုးတိုးရယ်လေတော့၏။ ဝမ်းသာလိုက်တာနော်။ 'လင်း' ...သာ သိလျှင်ဖြင့် အဘယ်မျှ ဝမ်းသာလိမ့်မည်နည်း။

သူတို့နှစ်ယောက်အတွက် အနာဂတ်လမ်းက လှပခြင်း ပန်းခင်းကြီးက နေခြည်ရောင်အောက်မှာ အလင်းဖြာပြီး မွှေးပျံ့တော့မှာလေ။ 'လင်း' ရယ် ... ကိုယ်တော့ ပျော်လွန်းလို့ ဘယ်လိုနေရမှန်း မသိတော့ပါဘူး။ ရှုတော့မယ် ထင်ပါရဲ့။

"ဒက်ဒီတို့က Ok ပေမယ့် ဒေါက်တာလင်းနောင်ကသာ သဘောတူဖို့ ပိုအရေးကြီးတယ်နော်"

"ကြိုးစားပါ့မယ် ဒက်ဒီ"

"ဘာကြိုးစားမှာလဲ၊ အခုပဲ Resign တင်မယ်ဆိုပြီး"

"ဒေါက်တာဘုန်းမြတ်ကို အေးအေးဆေးဆေး အကျိုးအကြောင်း၊ သေချာရှင်းပြပါ၊ နားလည်မှုရှိရင် အဆင်ပြေသွားမှာပါ"

"ဟုတ်ကဲ့ပါ ဒက်ဒီ။ ကျွန်တော် သွားတော့မယ်နော် မာမီ"

"ဟုတ်ကဲ့ပါရှင်"

တိုက်ထဲမှ ထွက်ကာ ကားစက်နှိုးပြီး မောင်းထွက်လိုက်ပါ၏။ အပျော်တို့ကြောင့် အိပ်ရေးပျက်တာရော ခေါင်းကိုက်တာပါ ကြက်ပျောက် ငှက်ပျောက် ပြေးကုန်ချေပြီ။ ကိုယ်တို့တွေကြိုလင်းလက်ကြယ်စင်။

❑❑❑



# အခန်း (၂၃)

ကားဝါလေးနောက်မှ ကပ်လိုက်ရင်း ပြုံးလိုက်မိပါ၏။ သူပါ Resign တင်တော့မှာမို့ ဒီနေ့မှပဲ တက်ကြွနေပါရောလား 'ကြယ်စင်' ရယ်။ 'ဒေါက်တာဇေရဲထက်' ကိုမှ တကယ်ချစ်ရတာယ်လို့။ တကယ် ဆို သူ့ကိုသာ အဖြေပေးခဲ့ပါလျှင် သူ့ဖေဖေပိုင်သည့် ကိုယ်ပိုင်ဆေးရုံ သို့ ခေါ်ပြီး ခန့်လို့ရမှာမဟုတ်ပါလား။

ဖေဖေရော၊ မေမေပါ မျှော်လင့်စောင့်စားနေသည့် ချွေးမ နေရာကို ရာထူးခန့်ပေးဖို့ မျှော်လင့်ချက်ကမြင့် ခပ်ဝါးဝါးလေးသာ မြင်နေရတာပါ။ အချစ်ဆိုတာ သူချစ်ကိုယ်ချစ်ဆိုပြီး နှစ်ကိုယ်တူ ချစ်ခြင်းမှသာ ချစ်ခြင်း၏အဓိပ္ပာယ် မဟုတ်ပါလား။ သူကပဲ ချစ်ချစ်

ကိုယ်ကပဲ ချစ်ချစ် လူမသိအောင် တစ်ဖက်သတ်ချစ်သည့်ချစ်ခြင်းက လည်း အဓိပ္ပာယ်ပြည့်ဝတာလေ။

ပိုင်ဆိုင်ခွင့်ရမှတဲ့လား။ လောကမှာ မဆုံနိုင်သည့် ဖူးစာရှင် တွေလည်း အများကြီး ရှိနိုင်ပါ၏။ အတိတ်ဘဝက ရေစက်ဆိုးခဲ့တာ မို့ ဒီဘဝမှာ ရေစက်မဆုံခဲ့တာများလား 'ကြယ်စင်'။ အရိပ်ကလေးဆဲ ဖြစ်ချင်ခဲ့တာပါ။ အရိပ်တကြည့်ကြည့်နဲ့ ရွှဲရွှဲလမ်းလမ်း ချစ်မိခဲ့တာ ပါလေ။ ဘာသံယောဇဉ် အရိပ်အယောင်မှ ပြန်မပြနိုင်ဘူးလား။ နောက်ကျခဲ့တာပေါ့နော်။

ကိုယ့်ကို ပြန်မချစ်နိုင်လည်း ကိုယ့်ဘက်က မပျက်ပြယ်သည့် ချစ်ခြင်းတို့ဖြင့် ဆက်ချစ်သွားနိုင်ပါတယ် 'ကြယ်စင်'။ မနာလိုစိတ် ရှိပေမယ့် 'ဒေါက်တာဇေရဲထက်' ကို ရန်သူလို့မျိုး မမြင်ချင်ပါ။ ကိုယ်က ကသိုလ်နည်းခဲ့လို့ ဒီဘဝမှာ အပြည့်အစုံ မပျော်ရွှင်ရတာကို ကိုယ်တိုင်သိနေတာလေ။

"တီ! တီ!"

ဆေးရုံဝင်းထဲကွေ့စဉ် နောက်ကားမှဟွန်းတီးသံကြောင့် နောက်မှန်ထဲ ကြည့်လိုက်မိပါ၏။ အလို!'... ဘယ်လိုဖြစ်ပြီး ဒေါက်တာဇေရဲထက်၏ကားက်ပါ သူ့ကားနောက်မှ ဆက်တိုက်ပါလာရပါ သလဲ။ ကားပါကင်ဆီ ဆက်သွားရင်း နေရာယူလိုက်ပါ၏။ ကားပေါ်မှ





ဆင်းလိုက်စဉ် ဒေါက်တာဇေရဲထက် က သူ့ကို ပြုံးပြလိုက်လေသည်။

"Ok ရဲ့လား"

"ဘာကိုလဲ"

"Resign တင်ဖို့လေ"

"ပါပါတယ်၊ နှစ်ယောက်စလုံးအတွက်"

"အန်ကယ်ဦးဘုန်းမြတ် စောစောရောက်လာလိမ့်မယ်"

ခေါင်းညိတ်ပြလေ၏။ သူတို့ Specialist တွေက စာချုပ်နှင့် လုပ်တာမို့ အလုပ်ထွက်စာတင်လျှင် (၃) လ ကြိုတင်ရတာပါ။ သို့သော် ရိုးရိုးဆရာဝန်တွေကိုဖြင့် စာချုပ်နှင့် ထိန်းထားတာမို့ နှစ် မပြည့်ပါက လျော်ကြေးငွေပေးရလေသည်။ ရင်းနှီးသည့်မိတ်ဆွေတွေ ခံသားတွေမို့ ငွေကြေးဖြင့် မချုပ်ထားမှန်း သူသိနေပါ၏။

ဆေးရုံထဲမဝင်ခင် ဆေးရုံ Canteen ရှိရာဆီသို့ သုံးယောက် သား မတိုင်ပင်ပါဘဲ ဝင်ခဲ့ကြလေသည်။ ဘာပြဿနာမှ မရှိသည့် နယ် တစ်စားပွဲတည်း ထိုင်ဖြစ်သော်ငြား ဒေါက်တာဇေရဲထက်က သူ့ကို ဘာမှမပြောပါချေ။ အခြေအနေက အေးစက်စက်ကြီးမို့ စိတ်ထဲ ၌းထိတ်မိတာ အမှန်ပါ။ Resign တင်လျှင်ဖြင့် အကြီးအကျယ် သတင်းပျံ့တော့မှာ မဟုတ်လား။

ဝီးနိုးဖျော့ဖျော့ဝတ်စုံကြောင့် ကြယ်စင်က နွမ်းနယ်နေပုံပါ။

အိမ်မှာလည်း ပြဿနာက ရှိသေးတာကိုး။ သူက အပြင်လူမို့ ချ
နှစ်ဦးကို နှောင့်ယှက်နေသလို ဖြစ်မှာကိုလည်း စိုးရိမ်ရသေးတာ
မတိုင်ပင်ပါဘဲ Black Coffee သုံးခွက်မှာဖြစ်ကြပါ၏။ မုန့်က
ကြယ်စင့်အကြိုက် Cream မပါသည့် ပေါင်မုန့်အစိမ့်သာ မှာဖြစ်
သည်။

"ချက်ချင်းတော့ ထွက်ခွင့်ပေးမှာ မဟုတ်ဘူး။ ဒီ (၃)
စောင့်နေရတဲ့အတွင်း တခြားဆေးရုံမှာ လျှောက်လွှာတင်ထား
ကြယ်စင် ရွေးထားပြီးပြီလား"

"ဟင့်အင်း"

"လင်းအတွက် ပူစရာမလိုပါဘူး"

"အင်းလေ ... ဒေါက်တာ့မှာ ချပြီးသား plan ရှိရင် ပြီး
ပါပဲ"

တိတ်ဆိတ်သွားပြန်ပါ၏။ စားသောက်တာပြီးပြီမို့
Lobby ထဲ ပြန်လျှောက်ဝင်ခဲ့ရပါသည်။ Lift ရှိရာဆီမှာ လူပြည့်နေ
မို့ ခဏအေးအေးပင် ရပ်ဖြစ်ကြလေ၏။ စောလည်း စောသေးသ
ဆေးရုံအုပ်ကြီး မလာသေးပါချေ။ သုံးယောက်သား ခါတိုင်း
ပိုစကားနည်းနေတာမို့ ငြိမ်နေသော်ငြား ကြယ်စင့်လက်များကို
တာဖေရဲ့ထက်က အသားလေး ညှစ်ရင်း အားတင်းထားပေတော့





သူ မြင်ဖြစ်အောင် မြင်လိုက်ရလေ၏။

"ဒီနေ့ တယ်စောပါလား"

"ဟုတ်တယ် ... အိမ်မှာ လုပ်စရာသိပ်မရှိတာနဲ့ စောစောပဲ
ထွက်လာတာ နီလာရဲ့"

"မျက်နှာက နွမ်းလိုက်တာ၊ ယူ့လူပုံစံကတော့ လန်းလန်း
ဆန်းဆန်းပါပဲ"

ကိုယ့်နေရာ ကိုယ်ထိုင်ကြစဉ် 'နီလာ' က တီးတိုးပြောလေ
၏။ Lift ဖြင့် တက်လာကြစဉ်က 'ဝမ်းသာစရာသတင်းပြောဖို့ ရှိတယ်'
ဟု သူနားနားကပ်ပြီး ပြောခဲ့တာလေ။ ဘာများဝမ်းသာစရာရှိလို့လဲ။
အလုပ်ထွက်ကြပါက သူ့လို Specialist တွေက ဘယ်မှာ အလုပ်ဝင်
ဝင် အဆင်ပြေမှာလေ။ 'လင်း' ကသာ ဟိုမရောက် ဒီမရောက်ဖြင့်
ကြာနေမှာ မဟုတ်လား။

"လင်း"

"ဟင်! ... ဘာလဲ"

"နေမကောင်းဘူးလား"

"ကောင်းပါတယ်၊ စိတ်ထဲပဲ သိပ်မလန်းတာ"

Round လှည့်ရတော့မှာမို့ ပါရဂူတွေအုပ်စုနောက်မှ အမြန်
လိုက်ခဲ့ရပါ၏။ လူနာတွေတစ်ယောက်ချင်း စစ်ဆေးမေးမြန်းနေတာမို့

အခေါက်လေး အချိန်ကြာသွားလေသည်။ ဒီနေ့က အရိုးကြောဌာနရှိ ရာ ဆရာဝန်တွေနှင့် လိုက်ခဲ့ရတာမို့ သူတို့နှစ်ဦးစလုံးက 'လင်း' တို့နှင့်အတူ ပါမလာပါချေ။

"ဒေါက်! ... ဒေါက်!"

"Come in!"

ဆေးရုံအုပ်ကြီးဆေးရုံခန်းတံခါးကို အသာတွန်းဖွင့်ဝင်လိုက်သ ၏။ 'သရဇီ' က သူ့ကို နှာခေါင်းရှုံ့ပြလျက် စိတ်ရှုပ်ဟန်ပြလေသည်။ ဘယ်သူများ ရှိနေလို့ပါလဲ။ ဆေးရုံအုပ်ကြီးထိုင်နေရာဆီ လျှောက် စဉ် တကယ်ပဲ ဧည့်သည်ရှိနေလေ၏။ ကျောပေးထိုင်နေသည့် ဒေါက် တာကျော်ဇေက သူ့ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်လေသည်။

"ဘာကိစ္စလဲ မောင်ဇေရဲ့ထက်"

သူက စားပွဲထက်သို့ နုတ်ထွက်စာနှစ်စောင်ကို အသာထ ပေးလိုက်ပါ၏။ ဒေါက်တာဘုန်းမြတ်၏မျက်နှာက ကွက်ခနဲပျက်သ ပြီ။ မနက်စောစောကတင်ပဲ ဒက်ဒီနဲ့ phone ပြောခဲ့သေးတာမို့ ဒီကိစ္စ ကို မျှော်လင့်မထားမိပုံပါ။ ခက်တာက သူချထားပြီးပြီဖြစ်သည့် ဆုံးဖြတ်ချက်ကို သူ မပြင်နိုင်တော့တာပါပဲ။

"ဘယ်လိုဖြစ်ကြတာလဲ ... အခုပဲ မောင်ကျော်ဇေက နုတ် ထွက်ခွင့်တောင်းနေတာ မောင်ဇေက ဘယ်သူ့နဲ့မို့ နှစ်စောင်ဖြစ်နေ





ဘာလဲ"

"လင်းလက်ကြယ်စင်ပါ၊ အန်ကယ်"

"လင်းလက်ကြယ်စင်က bond ထိုးထားတာမို့ လွယ်လွယ်နဲ့ ထွက်ခွင့် ဘယ်ရပ့်မလဲ"

"ကျွန်တော် ကြိုးစီစဉ်ခဲ့ပါတယ်"

နှစ်ယောက်သား ပြိုင်တူ ပြောဆိုသလို စားပွဲထက် တင်လိုက် သည်က လျော်ကြေးငွေ Cheque နှစ်စောင်စလုံး ဖြစ်နေလေ၏။ ဒေါက်တာဘုန်းမြတ် အံ့ဩသွားသလို သူလည်း ထင်မထားသဖြင့် ရင်ထိတ်သွားရပါသည်။ ဘယ်လိုဖြစ်ပြီး ဒေါက်တာကျော်ဇေကပါ လင်းအတွက် လျော်ကြေးငွေ လျော်ပေးရပါသလဲ။

"ဘာသဘောတွေလဲ ... အန်ကယ်တော့ နားကိုမလည် တော့ဘူး။ မောင်ဇေတို့ မောင်ကျော်ဇေတို့ နုတ်ထွက်ချင်တာကို သဘောပေါက်ပါတယ်။ ဘယ်လိုဖြစ်ပြီး လင်းလက်ကြယ်စင်က အစပါနေရတာလဲ"

"တကယ်အလုပ်ထွက်ချင်တာက ကြယ်စင်ပါ အန်ကယ်"

"အဲဒါကို ... ကျစ်! ... မဟုတ်သေးပါဘူး။ ဒီမှာ အန်ကယ် သိသေးတဲ့ပြဿနာများ ရှိနေပြီလား"

နှစ်ယောက်သား အသံတိတ်သွားရပါ၏။ မပြောချင်သည့်

ကိုစွမို့ ရှေ့နှုတ်ပိတ်ချင်ပေမယ့် ဖုံးထားလို့မှ မရတာလေ။ ဘယ် များ လုပ်ရပ့်မလဲ။ သူ ဘာမှမပြောသေးခင် ဒေါက်တာကျော် သာ ဦးဆောင်ပြီး ပြဿနာကိစ္စကို ခပ်တိုတိုရှင်းပြလိုက်လေ အန်ကယ်ဦးဘုန်းမြတ်၏မျက်နှာက နီရဲလာတော့တာပါ။ မပြောချ လို့ ပြောလိုက်ရတာကို နားလည်ပေးစေချင်ပါတယ် မီး။

“အဲဒီတော့ အန်ကယ့်သမီး အမှားပဲ ဖြစ်နေတာပေါ့”

“အဲဒီလို မဆိုလိုပါဘူး အန်ကယ်”

“ဘာပဲဖြစ်ဖြစ် မိဘက်က လွန်နေတာ အန်ကယ်သဘော ပေါက်ပါတယ်၊ ဒါမျိုးက လုံးဝမဖြစ်သင့်တာပဲ၊ သမီးက ဒီနေရာ မဆိုင်ဘဲ ဝင်ရှုပ်ရတယ်လို့ကွယ်”

Phone သံ မြည်လာသဖြင့် ရုံးခန်းရှိရာဆီ ပြန်လာ duty coat ထဲမှ ယူပြီး ဖွင့်လိုက်ပါ၏။ မြင်နေကျ phone မဟုတ် ဆေးရုံအုပ်ကြီး၏ PA pnone နံပါတ်ဖြစ်နေသဖြင့် ရင်ထိတ်သွား လေသည်။ ကိစ္စတော့ ကြီးပြီထင်ပါရဲ့။ လင်းတို့ Resign တင် အဆင်မပြေဖြစ်နေပြီလား။

“ဟယ်လို”

“ဆေးရုံအုပ်ကြီးရဲ့ရုံးခန်းကို လာခဲ့ဖို့ လှမ်းအကြောင်းကြား ရတာပါ, ဒေါက်တာ”





“အခုလား”

“ဟုတ်ပါတယ်”

ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလိုက်ပြီး ဆေးရုံအုပ်ကြီး၏ ရုံးခန်းရှေ့မှာ ခေတ္တမျှရပ်နေမိပါ၏။ ခြေဖျားလက်ဖျားတွေ အလိုလို အေးစက်တောင့်တင်းလာသည့်နှယ်ပါ။ ဘယ်တတ်နိုင်ပ့ါမလဲ။ ဖြစ်လာမှတော့ ရင်ဆိုင်ရုံပေ့ါလေ။ ရုံးခန်းတံခါးကို အသာခေါက်လိုက်ပါသည်။

“ဝင်ခဲ့ပါ”

ခွင့်ပြုချက်ရပြီမို့ Doorlock ကို အသာလှည့်ဖွင့်လိုက်ပါသည်။ ခပ်ဟဟဖြစ်သွားပါသည့် တံခါးမှတစ်ဆင့် ရုံးခန်းထဲသို့ ဝင်လိုက်မိစဉ် ခြေလှမ်းတုံ့ခနဲ ရပ်သွားရလေ၏။ အလိုလေး! ... လူစုံ တက်စုံ ရှိနေပါရောလား။ မေမီဘုန်းမြတ်၏ခပ်စူးစူးအကြည့်က လင်းကို အသည်းအေးခဲသွားစေတော့တာပါလေ။

“လာလာ သမီး”

တရင်းတနှီးပင် ခေါ်လိုက်သဖြင့် ခေါင်းတစ်ချက် ညိတ်ပြကာ ဆက်တီခုံတွေရှိရာဆီ လျှောက်လိုက်ရပါသည်။ မေမီဘုန်းမြတ်၏ ဘေးခုံမှာသာ နံလွတ်နေတာမို့ အသာထိုင်လိုက်ရပါ၏။ သူတို့နှစ် ယောက်စလုံး၏အကြည့်နွေးနွေးက လင်းကို အားပေးနေသည့်နှယ်ပါ။

"ကဲ! ...ဒေါက်တာလင်းလက်ကြယ်စင်ကို တောင်း...
လိုက်ပါ၊ ဦ"

"ဒက်ဒီ"

"ဒီကိစ္စ အပြင်ကို ပေါက်ကြားလို့မဖြစ်မှန်း သမီးသိထား...
မယ် ဦ၊ ဒက်ဒီ အလုပ်လုပ်နေတာ တစ်ဦးတစ်ယောက်အတွက်...
မဟုတ်ဘူး။ အများနဲ့လုပ်နေရတာ၊ ဘာမဆို အများရဲ့ဆုံးဖြတ်ချ...
အတိုင်း ရပ်တည်ရတာပဲ ဦ၊ သမီးရဲ့ကိုယ်ပိုင်ခံစားချက်နဲ့ အများ...
တားခံရတဲ့ ဆရာဝန်တစ်ယောက်ကို ကိုယ်ထိလက်ရောက်စော်ကား...
ခဲ့တာ တော်တော်လွန်တယ်"

"အဲဒါက ..."

"ဆက်မပြောနဲ့!"

မေဗိဘုန်းမြတ် တွန့်ခနဲ တုံ့သွားလေ၏။ အဖေဖြစ်သူ...
အတော်ဒေါသဖြစ်နေတာနဲ့ ငြိမ်ပြရတော့မှာလေ။ လူမသိ မမြင်အောင်
လုပ်ခဲ့မိသည့် ဂယက်က သိပ်မကြာခင်မှာပင် ရောက်လာပါရောလား...
မိန်းမချင်းမို့ လွယ်လွယ်နှင့် ရှင်းနိုင်မည်ထင်တာ မှားလေပြီကော...

"ဒေါက်တာလင်းလက်သာ မိုက်ကို တရားစွဲခဲ့ရင် ဒီဆေးရုံ...
ဒက်ဒီ ဘယ်လိုမျက်နှာနဲ့ ဆက်ပြီးရပ်တည်နေနိုင်တော့မှာလဲ။ သာ...
သမီးမကောင်း။ မိဘခေါင်းဆိုပေမယ့် ကိုယ့်သားသမီး မလိမ္မာထ...





...က်ဒီ အသုံးမကျလို့ပဲ ဖြစ်နေပြီ၊ မေဗိဘုန်းမြတ်"

"ဒက်ဒီ"

"ဗြီးတာတွေ ပြီးပါစေလား။ ဒေါက်တာ၊ လင်း အမှတ်မထား...
...ဘူး။ မိန်းမချင်းမို့ မမေဗိရဲ့စိတ်ကို နားလည်ပေးနိုင်ပါတယ်"

"ဒေါက်တာလင်းလက်ကို ခုချက်ချင်း တောင်းပန်လိုက်ပါ၊
... နောက်နောင် မိန့်မဆိုင်တဲ့ ဆေးရုံကို အဝင်အထွက်လုပ်ခွင့် အပြီး
...တ်မယ်၊ ဒေါက်တာတို့သုံးယောက် Resign တင်တာကိုလည်း
...က်မခံပါရစေနဲ့ ဒီကိစ္စကို ဒီနေရာ ဒီအချိန်မှာပဲ အပြီးပိတ်လိုက်ပါ
...စေ"

ရုံးခန်းတွင်း ငြိမ်သက်တိတ်ဆိတ်သွားရလေ၏။ အသက်
...ျှုထုတ်ရန်ပင် မေ့နေသိုပါလေ။ ဆွေးနွေးတိုင်ပင်ခြင်း၊ ပြီးပြီမို့
...ုပ်ငန်းခွင်ဝင်ရတော့မှာပါ။ အလုပ်ထွက်ခွင့်မပြုပါတဲ့။ စိတ်ထဲမှာ
...လေးလံနေသည့် ဝန်ထုပ်က အတော်လေးပေါ့သွားရတာ အမှန်ပါ။
...စ်ခုရှင်းသွားတော့ မှန်ပေမယ့် နောက်တစ်ခု ဆက်ရှင်းဖို့က လင်းထံ
... ကျန်နေသေးတာပါလေ။

❑ ❑ ❑

# အခန်း (၂၄)

Night duty ဝင်ပြီး ပြန်ခဲ့ရတာမို့ မျက်လုံးတွေက ကျိန်းစပ်နေပါ၏။ မြဲထဲသို့ ကားကို ကွေ့လိုက်စဉ် ဆင်ဝင်အောက်မှာ ရပ်ထားပါသည့် ကားတွေကြောင့် လန့်သွားရလေသည်။ စောစောစီးစီး ဘယ်က ဧည့်သည်များ ရောက်နေပါသလဲ။

"ဟော! ... ရောက်လာပါပြီ"

ကားပေါ်မှ ဆင်းလိုက်စဉ် ဒက်ဒီက လင်းကို တိုက်ရှေ့ထွက်ပြီး စောင့်နေလေ၏။ ဘယ်လိုဧည့်သည်တွေများ ရောက်နေပြီပါလဲ။ အိမ်ထဲမှ အပြေးထွက်လာသည့် နေခြည်ဖြာက လင်း၏ လက်ဆွဲပြီး ခေါ်နေလေသည်။ ဪ လေးလေးတို့ရောက်နေတာကိုး။

"မမ"

"မြည်းမြည်းပါဟယ် ... ငါ ထွက်မပြေးပါဘူး"

"ပင်ပန်းနေပြီလား! လင်းလင်း"





"ဒီလိုပါပဲ အန်တီလေးရယ်"

"မမသော်တို့ ရောက်နေတယ်"

"ရှင်!"

မျက်လုံးအစုံ ပြူးကျယ်သွားရပါ၏။ အန်တီသော်တို့ ရောက်နေသတဲ့လား။ ဘုရားရေ! ... ဘာတွေများ ဖြစ်ကုန်ပြီလဲ။ လွှမ်းနှင့် ဒီလောက် အငြိုးအပြတ် စကားပြောထားပြီးတာတောင်မှ အန်တီသော်တို့ ရောက်လာတာက အဆန်းတကြယ်ပါလေ။

"လွှမ်းရော"

"ရှိပါ ... ရှိပါ။ မမသော်တို့နဲ့ တွတ်ထိုးနေလေရဲ့"

"လင်း ရေချိုးပြီးမှပဲ ဆင်းလာပါ့မယ် ဒက်ဒီ"

အပေါ်ထပ်သို့ အမြန်ပြေးတက်ခဲ့ပါ၏။ လင်း၏ဘေးခန်းမှာ အသံတိတ်နေသဖြင့် ဧည့်သည်အခန်းမှာပဲ အန်တီသော်နဲ့လွှမ်း ရှိနေသည်ထင်ပါ၏။ ရေချိုးပြီး တရေးတမောအိပ်လိုက်ချင်သည့် စိတ်က အတော်များနေလေသည်။

"မမ"

"ကျစ်! ... ငါ ရေချိုးဦးပါမယ်ဆိုနေမှ"

"ချိုးလေ ... ဒီမှာပဲ စောင့်မယ်"

"နေနေ"

"အင်း"

"အန်တီသော်တို့က ဘယ်လိုဖြစ်ပြီးတော့ ရောက်လာတာလဲ"

"သိဘူးလေ"

"ခါတိုင်းတော့ စပ်စပ်စုစုနဲ့ အကုန်သိနေပြီး ဒါလေးတော့ မသိဘူးလား"

"ဟင်းဟင်း . . . သိသလောက် ပြောရမှာလား"

"ပြော"

"မမကို ချွေးမ မတော်ရလည်း နေနေ့ကို တော်မယ်တဲ့လေ . . . ဟီဟိ!"

"အရှုးမ"

"မေကြီးတို့နဲ့ ပြောတာ ကြားလိုက်လို့ပါ"

ရေချိုးခန်းတံခါးကို ဖွင့်ဝင်ကာ ပိတ်လိုက်တော့၏။ ရေအေးအေးလေးစိမ်ပြီး ဖိန်နှင့် ချိုးချင်ပေမယ့် အချိန်မကြာအောင် အမြန်လုပ်ရတော့တာပါ။ အလိုလေးနော်! . . . ကိုဘက်က အဆင်ပြေနေပြီဆိုကာမှ လင်းရဲ့ဘက်မှာ ပြဿနာရှိလာရင်ဖြင့် ခေါင်းခဲရပါပြီ။ ရေချိုးအဝတ်အစားလဲပြီး ဆင်းခဲ့စဉ် ဧည့်ခန်းမှာ တစ်ယောက်မှ ရှိမနေတော့ဘဲ မီးဖိုခန်းတွင်းမှသာ ဆူညံသံတွေ ကြားနေရလေ၏။





"အန်တီသော်"

"ဟယ်! . . . သမီး ရောက်လာပြီလား။ လှလာလိုက်တာ သင်းလင်းရယ်"

အန်တီသော်တာက လင်းကို တရင်းတနှီးယင် ပွေ့ဖက်ကြိုဆိုလေ၏။ မနက် (၁၀) နာရီကျော်ကျော်လေးမှာတင် ထမင်းစားဖို့ပြင်ဆင်နေတာပါလေး။ အရင်ကတည်းက ဆွေမျိုးတွေလိုပင် ချစ်ချစ်ခင်ခင်ရှိခဲ့သဖြင့် ဘာအနိုင်အယောင်မှ မပြပါဘဲ မနက်စာ စားဖို့သာ ဝိုင်းဝဲနေလေ၏။

"လွှမ်း မလာသေးဘူးလား"

"လာပြီ မေမေ"

"ကိုလေး!"

"ဟာ! . . . လုပ်ပြန်ပြီ . . . ကျွတ်!"

"ဘာဖြစ်လို့လဲ . . . နေနေက ခင်လို့ပဲဟာ"

"ခင်တာပါးစပ်ကပဲ ခမ်း လက်က လိုက်မထိနဲ့"

"ကြီးကျယ်လိုက်တာ"

"ကြီးရင် ကျယ်မှာပဲဟာ၊ ပါးစပ်ကို ပြောတာ"

တခစ်ခစ်ရယ်သံ ထွက်လာလေ၏။ ဘာမှအချိန်မကြာသေးသဲ 'လွှမ်း'နှင့် 'နေနေ' ဤမျှ ရင်းနှီးနေပါသလား။ ခုံဆွဲဝင်ထိုင်လိုက်

စဉ် 'လွှမ်း'က အလယ်မှာဖြစ်ပြီး 'နေနေ'နှင့် 'လင်း'က ဘေးကိုယ်စီမှာ ဖြစ်နေသဖြင့် လွှမ်းကိုကြည့်ရင်း ဒက်ဒီ ပြုံးလိုက်သည်ကို မြင်လိုက်ရလေ၏။ စနောက်တာမျိုး ဖြစ်ပေမယ့် 'နေနေ'နှင့် 'လွှမ်း'ကို စီစဉ်ပေးတာက တကယ်ပဲ ဖြစ်စေချင်တာ အမှန်ပါ။

"အန်တီသော်တို့ ကြာမှာမဟုတ်လား"

"မကြာဘူး သမီးရဲ့။ မနက်ဖြန်ဆို လွှမ်းရဲ့ကွန်ဖို့ကို ပြောင်းဖြစ်မှာ၊ အခုက ကိုလင်းနောင် တားနေတာနဲ့ သုံးလေးရက်လောက် နေဖြစ်လိမ့်မယ်"

"ဪ"

"သမီးရော အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့"

ဘာကိုဆိုလိုမှန်း မသိပေမယ့် ခေါင်းသာညိတ်ပြလိုက်ရ၏။ ဒက်ဒီ ဘာမှမပြောသေးသဖြင့် သက်ပြင်းကိုတိတ်ရှိုက်ကာ ထမင်း သိပ်မဆာပါဘဲ အနည်းငယ်သာ စားဖြစ်လေသည်။ ရင်တွေပူလိုက်တာနော်။ သားရေး သမီးရေး တိုင်ပင်ဖို့ ရောက်လာလျှင်ဖြင့် ပြဿနာ တက်တော့မှာ မဟုတ်ပါလား။

"တော်ပြီလား သမီး"

"ဟုတ်ကဲ့"





ခုံမှ ဦးဆုံးထဖြစ်တာက 'လင်း' ပါပဲ။ နောက်မှ 'လွှမ်း' နှင့် 'နေနေ'ပါ လိုက်ထပြီး ပန်းကန်အပေကို 'လင်း'ဆီ လာပေးတာနဲ့ ဘာမှမပြောပါဘဲ ဘေစင်မှာ ဆေးကြောနေလိုက်ပါသည်။ 'လွှမ်း'၏မျက်နှာက ခါတိုင်းလို မကြည်လင်မှန်း သိသာနေပါ၏။

"မမရေ!"

"ဪ... ဘယ်လိုဖြစ်နေတာလဲ၊ အလန့်တကြားနဲ့ ခေါ်ခေါ်နေပြန်ပါပြီ။ အဲဒီ နေနေကတော့"

လက်သုတ်ပဝါဖြင့် လက်သုတ်နေရင်း ဧည့်ခန်းရှိရာသို့ ထွက်လိုက်ခဲ့ပါသည်။ ကားပေါ်မှ ဆင်းလာသည့် မိသားစုကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ အလို! ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဘယ်လိုဖြစ်ပြီး သူ့မိဘတွေနှင့်အတူ ရောက်လာရပါသလဲ။

"လင်း"

"ဟော်တော်! ...ဘယ်လိုဖြစ်ပြီး"

"ဧည့်သည်တွေ ရှိနေလို့လား"

ဧည့်သည်အဖြစ် ရောက်လာသည့် လူက ပြောနေတာမို့ ရယ်ရပါပဲ။ သို့သော် လင်း မရယ်ခဲ့တာ အမှန်ပါ။ အန်တီလေးနှင့် လေးလေးက အရင်ထွက်လာပြီး ကြိုဆိုလိုက်တာမို့ သူ့မိဘတွေနှင့် ရင်းနှီးပြီးသားမှန်း သိလိုက်ရပါသည်။ ဆွေမျိုးအစုံ ဆုံသည့်နေ့များ

ဖြစ်နေပြီလား။

"ကြိုအကြောင်းမကြားတဲ့ ရောက်လာတာပေါ့လေ"

"ဟုတ်တယ် ထားရေ ... Sunday မို့ လွတ်မယ်ဆိုပြီးတော့ ရောက်လာတာပါ။ ဒေါက်တာလင်းနောင်ရော"

"ရှိပါတယ်ရှင် ... ထိုင်ကြပါဦး"

"ဒါက သမီးငယ်လေးလား"

"ဟုတ်!"

'နေနေ'က အသွက်လေးပီပီ သူ့မိတ်ဆွေတွေနှင့် စကားပြောရဲလေ၏။ မတ်တတ်ရပ်ပြီး ကြည့်နေသည့် 'လင်း' ၏လက်ကို သူလာကိုင်လိုက်သဖြင့် ရှန်းလိုက်မိပါသည်။ ဒက်ဒီမြင်သွားမှဖြင့်နော်။ ဧည့်ခန်းသို့ လူကြီးတွေ ထွက်လာသဖြင့် သူ့မိတ်ဆွေပါ အုံညြသွားကြလေ၏။

"ဪ ... ဒါက ထားတို့မိတ်ဆွေတွေပါ မမတင်တင်ရဲ့ လွှမ်းဆောက်တဲ့ ကွန်ဒိုပြီးပြီမို့ တစ်မိသားစုလုံး ပြောင်းကြတော့မှာလေ၊ လောလောဆယ် ကိုလေးတားနေလို့ ဒီမှာ သုံးလေးရက်နေဖြစ်တာပါ"

"ဧည့်သည်တွေပါလား"

"ကိုကြီးနဲ့ မိတ်ဆက်ပေးမယ် ... ဦးရဲထက်နဲ့ဒေါ်တင်တင်မ်ပါ။ ဒေါက်တာဇေရဲထက်ရဲ့မိဘတွေလေ"

"ဪ"

တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်ကာ လက်ဆွဲနှုတ်ဆက်နေကြပြီမို့ လူကြီးတွေအနီးမှ 'လင်း' တို့ ညီအစ်မတွေ အသာလေး ထွက်ခဲ့ကြပါ၏။ ခြံထဲက မြက်ခင်းစပ်ရှိ ခုံတန်းမှာ ထိုင်ချလိုက်မိသည်။ စိတ်တွေ ရှုပ်လိုက်ပါဘိ။

"မေဒင်က မှန်နေပြီ"

"ဘာကိုလဲ"

"မိသားစုအတွင်း မဲ့လာကိစ္စရှိမည်တဲ့လေ၊ အခုပဲ မမယောက်ျားရတော့မှာ မဟုတ်လား"

"တိုးတိုးပြောစမ်းပါ နေနေရယ်၊ မဟုတ်တာတွေ"

"တကယ်လို့ ဟုတ်နေရင်ကော"

အနားသို့ ရောက်လာသည့် သူ့ကြောင့် ရင်ထိတ်သွားရပါ၏။ နေနေက အလိုက်တသိဖြင့် ခေါ်ကျာထိုင်နေရာမှ ထရပ်လိုက်တာမို့ လက်ကို အမြန်ဖမ်းဆွဲထားလိုက်မိသည်။ ဒီလိုပေါ်တင်ကြီး ရှောင်တာက ရုက်စရာကြီး မဟုတ်ပါလား။

"လွှတ်ပါ မမရဲ့၊ နေနေ ဆေးရိုးသည်မဖြစ်ချင်ဘူး။ ဝင်ရည်မှာ ကြောက်လို့ပါ"

"နင်နော်"

တားနေလျက်မှ ရအောင်ထွက်သွားသည်က 'နေနေ'ပါ

သူက လွတ်သွားသည့် နေရာမှာ ဝင်ထိုင်လိုက်လေ၏။ ယုဇနပန်း

ပန်းနုံ့က လွင့်ပျံ့လာသလို ပန်းပွင့်လေးတွေပါ မြက်ခင်းထက်

ကျာတာကို ခပ်ငေးငေးကြည့်နေမိပါသည်။ နှလုံးသားမှာဖြင့်

ကျယ်ပြီး ရင်ခုန်သံက အခုန်မြန်နေတာပါလေ။

"လင်း"

"ရှင်"

"လင်းအက်ဒီသာ Ok ဆိုရင် ကိုယ်တို့ ဒီနှစ်ပဲ လက်

ကြရအောင်နော်"

"အို! မဟုတ်တာ၊ စေ့စပ်တာက အရင်မဟုတ်ဘူးလား"

"စိတ်မချလို့ တစ်ခါတည်း လက်ထပ်ဖို့ ပြောတာပေါ့

ရဲ့ . . . ဘာလဲ ငြင်းချင်လို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် လက်ခံတယ်ပေါ့လေ"

"ကိုနော် . . . သူများတွေ မြင်လိမ့်မယ်"

"လင်းညီမလေးက အလိုက်သိပါတယ်ကွာ"

"ကြည့်!"





ပန်းရုံအကွယ်မှ ခပ်သဲ့သဲ့ရယ်သံတို့ ထွက်လာသဖြင့် ခြေ

လှမ်းကို ရပ်လိုက်ရပါ၏။ ဘယ်သူ့နှုတ်မှ စကားမပြောချင်သဖြင့် ရှောင်

ထွက်လာမိကာမှ မြက်ခင်းစပ်မှာ 'လင်း'တို့နှစ်ဦးက ရှိနေတာလေ။

အတော်လေးပျော်နေရှာပါလား။

ပြောကြတာက 'ကြယ်' ဆိုတာ 'လ'ရဲ့ရောင်ပြန်ဟပ်မှု

ကြောင့် အလင်းရောင်တောက်ပရတာပါဆို။ လက်တွေ့မှာဖြင့် 'လ'

နဲ့ 'ကြယ်' က မိုင်ပေါင်းများစွာ ဝေးကွာနေတာ မဟုတ်ပါလား။

အဲဒီ လင်းလက်တောက်ပလွန်းပါသည့် 'ကြယ်ကလေး' ကို ငေးကြည့်


နေမိသည့် 'လမင်း' ၏ရင်တွင်းမှ ကြေကွဲခြင်းတွေကိုဖြင့် 'ကြယ်က

လေး' က မမြင်နိုင်တာလေ။

ပြော် . . . ကိုယ်မြတ်နိုးရပါသည့် ကြယ်ကလေး 'လင်း'

ရယ်။

လေးစားလျက် . . .



6th Feb: 2016

PM 1:35